
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

F - 1 (A)

www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။


★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မောင်ကျော်လှိုင်

စေတနာစာပေ
မှ စီစဉ်ထုတ်လုပ်ပါသည်



စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

သူမြတ်ကို စတင်ပတ်သက်ခဲ့ခြင်းဟာ တကယ့်ကို နောက်ပြောင်ချင်မှုကလေး သက်သက်နှင့်ဖြစ်ပြီး မြတ်က သူ့ကို တောက်လျှောက်လိုက်လံ ပတ်သက်ခဲ့ရမှုကတော့ အံ့သြစရာ ကောင်းလောက်အောင် ပြင်းထန်ကြီးမား သည့် '**ချစ်ခြင်းတစ်ခု**' အတွက်ဖြစ်လေသည်။ သူ့အတွက် ကြောင့် မြတ်မှာ ပုံစံအမျိုးမျိုး ပြောင်းလဲကာ "ဗီလိန်သရုပ်ဆောင်" တစ်ယောက် ဘဝလည်း ရောက်မှန်း မသိ ရောက်ခဲ့ရလေသည်။

စောကျာဝေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တကယ်တမ်းကဒီလောကထဲ လူများရှုပ်ကျပ်သည့်နေရာမျိုးကို... ဝင်နိုးကိုသာအားနာငွဲညာမနေရဘူးဆိုရင် မြတ်က ဘယ်နည်းနဲ့မှ လာမိမှာမဟုတ်ပါ။ သူဌေးသမီး တစ်ယောက်မဟုတ်သည့် ဟန်ကြီးပန်ကြီး မနိုင်တတ်သည့် မြတ်မှာ.. ဟန်ကြီးပန်ကြီး သူဌေးသမီးကလေးလိုလို... လူများများနှင့်နေ၍ မဖြစ်ဘဲ တသီးတသန့်လေးမှဖြစ်မည့် ရောဂါတစ်ခုရှိနေလေသည်။

ရုပ်ရှင်လို... ပွဲလမ်းသဘင်လိုနေရာမျိုး... အထူးသဖြင့် လူထူထူဖုံဖုံတထောင်းထောင်းနေရာမျိုးကို မြတ် သွား၍မရပါ။ ဒီနေ့ သွားလျှင် နက်ဖြန်ပင် မကူးသေး ဒီနေ့ညနေပင် လည်ချောင်းတွေ စနာလာမည်။ နောက်တစ်နေ့ကူးပြီဆိုရင်တော့ လည်ချောင်းတစ်ဝိုက်က ရှိရှိသမျှ အဖုအကျိတ်အားလုံး ယောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း ကြီးထွားကာ လည်ချောင်းတလျှောက် ရေပင် ကောင်းကောင်း မမြိုနိုင်တော့ လောက်အောင် နာကျင် ကိုက်ခဲကာ သုံးလေး ငါးရက် မပြီးစတမ်း အဖျားကြီး ဖျားပါလေတော့သည်။

ဒါကြောင့်မို့လည်း လူတကာဖျော်သည့် ပွဲမှန်သမျှကို မြတ်ကရှောင်သည်။ ခေါ်သည့်လူသာ အာပေါက်သွားမည်၊ ဘယ်သူခေါ်ခေါ် မြတ်က အားနာခြင်း ကင်းစွာငြင်းခဲ့သည်ချည်း။

ဒါပေမယ့် ခုဟာက ဝင်နီဖြစ်သည်။ မြတ်အပေါ်မှာအဖက်ဖက်က ကျေးဇူးရှိနေသည့် ဝင်နီဖြစ်နေသည်။ ဈေးပွဲတော်မှာ ဆိုင်ဖွင့်ထားသည့် သူ့ကောင်လေးဆီ အသွားမှာ အဖော်အဖြစ်ရယ်၊ ကားမောင်းဖို့ရယ် လိုက်ခဲ့ပေးဖို့ ခေါ်ထားတာ ဈေးပွဲတော် စတင်သည့်ရက်ကတည်းက ခုထိနှစ်ပတ်ကျော်ပြီ၊ မြတ်မှ သွားမခေါ်ရင် သူ့အမေကလည်း ဘယ်သူနဲ့မှ ထည့်မှာမဟုတ်လေတော့၊ မြတ် ဆက်ငြင်းနေရင် ဈေးပွဲတော်ရက်ပဲ ကုန်ဆုံးသွားတော့မည် မဟုတ်လား..

ဈေးပွဲတော်ကျင်းပရာ ဝင်းကြီးထဲသို့ ဝင်လိုက်ပြီဆိုတာနဲ့ မြတ်က နှာခေါင်းကို လက်ကိုင်ပဝါနှင့် အမြန်ဆုံး ပိတ်လိုက်ကာ...

"ဘုရား... ဘုရား... လူတွေများလှချည်လား ဝင်နီရဲ့ ဒီလိုပဲလား..."

"အေး... ရက်ကြာပေမယ့် လူမကျဲသွားဘူးနော်၊ ပျော်စရာကြီး..."





"ဘယ်တလာ... စိတ်ညစ်လိုက်တာ... စိတ်ညစ်လိုက်တာ..."

အမြဲတန်း လွတ်လပ်ပေါ့ပါး ပျော်ရွှင်နေတတ်မြဲဝင်နီကတော့ မြတ် ဒုက္ခရောက်နေတာကိုပဲ တခိခိရယ်မောလျှက်က သွားစရာရှိသည့် နေရာကိုတောင် တန်းတန်းမတ်မတ် မသွားနိုင်တော့ပဲ၊ ဟိုဝင်သည်ထွက်၊ ပျော်ပွဲကြီး ဖွဲ့နေတော့သည်။

"နင့်လူဆိုင်က... ဘယ်မှာလဲ၊ အဲဒီပဲ တန်းတန်းမတ်မတ် သွားပါဟယ်၊ တစ်ဆိုင်ပြီး တစ်ဆိုင်ဝါဆို မနေပါနဲ့..."

"ပစ္စည်းတွေ အရမ်းတန်နေတယ်မြတ်ရဲ့... လွတ်သွားရင် ဝမ်းနည်းစရာကြီး၊ ဝယ်ကြရအောင်ပါ..."

"တော်ပါဟယ်... နင်ကကုန်စုံဆိုင် ပြန်ဖွင့်မလို့လား..."

နှာခေါင်းရော ပါးစပ်ကိုပါ လက်ကိုင်ပဝါနှင့် အုပ်ခါ ဝူးဝူးဝါးဝါး ပြောနေရသော မြတ်ရဲ့ စကားတို့မှာ အရာမထင်လှပါ။ လင်းလင်းရှင်းရှင်းကြီးပင် ရှိသေးပေမယ့် လူချင်းကွဲပြီးပျောက်သွားလို့ကတော့ ဘယ်လိုမှ ပြန်ရှာမတွေ့နိုင်တော့သည့်အဖြစ်မို့ ဝင်နီ့လက်ကို မြဲမြဲကြီးဆုပ်ပြီး သူဦးဆောင်ရာ နောက်သို့သာ ကောက်ကောက်ပါအောင် လိုက်နေရတော့သည်။

"ကုန်စုံဆိုင်ပြန်ဖွင့်မလို့လား" ဟုမေးတာ မြတ့်မလွန်ပါ မြတ်ဖြင့် စိတ်ညစ်ညစ်၊ မွန်းအိုက်အိုက်နှင့် ဘာမှ မဝယ်ချင် မခြမ်းချင် ဖြစ်နေချိန်မှာ ဝင်နီကတော့ ငါးခြောက်ကအစ ကလစ်အဆုံး သနပ်ခါးတုံး၊ ကော်ဖီမှုန့်၊ ပိတ်စ၊ အချို ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လျှော်ရည်၊ ဖိနပ် အဖက်ဖက်မှ မလစ်လပ်ရအောင် ဝယ်နေလိုက်တာ ငါးကျပ်တန် ကျွပ်ကျွပ်အိပ်ကြီးနှင့် နှစ်လုံးတောင် ဖြစ်နေပြီ။

"ကဲ... ငါ့တစ်လုံးပေး... ငါက နှာခေါင်းအုပ်ဦးမှာနဲ့ နင့်လက်ဆွဲမထားနိုင်တော့ဘူး... နင်သာငါ့ကို မပြုတ်ဆွဲထားနော်..."

"အေး.. အေး.. မမ... အဲလစ်(စ်)ထက်သာအောင် ဝယ်ပွစ်မယ်..."

"ကြည့်စမ်း.. နင့်အစ်မ ဒီကိုလာပြီးပြီပေါ့.. အဲဒီတုန်းက နင်ဘာလို့ လိုက်မသွားတာလဲ..."

"သူနဲ့သွားရင် ငါ့ချစ်ချစ်ဆိုင် ငါ့စိတ်တိုင်းကျဝင်လို့ ဘယ်ရတော့မှာတုံးဟ..."

မြတ်က "ဟတ်ချိုး... ဟတ်ချိုး" နှင့် နှစ်ခါဆက်တိုက်ကြီး ချီချလိုက်သည်။ မျက်လုံးကလည်း ရတ်တရက်ပူလာသလိုရှိကာ လည်ချောင်းလည်း ခပ်ကပ်ကပ် ခပ်စပ်စပ်ဖြစ်လာလေသည်။

"ငါတော့သွားပြီ... လည်ချောင်းနာပြီး ဖျားတော့မယ်..."

"ဒါများဟယ်... ဘာထူးလဲ... ဒီညကစပြီး ခါတိုင်းလိုပဲ... ဟိုအလွန်တရာနံတဲ့ ဆေး.. ဘာလဲ... အော်... ပဲန်ဇီ... ပဲန်ဇီ... အဲဒါ သောက်ထားလိုက်တော့ပေါ့... ဟီဟိ..."

ဝင်နီနှင့် မြတ်မှာ တစ်ယောက်သည်းညည်း





တစ်ဖြေယာက်ခံနေကြမို့ ကိုယ်နေမကောင်းတော့ မှာကို ရယ်နေရက်သည့် ဝင်နီ့ကို မြတ်က စိတ်ထဲ ဘယ်လိုမှမရှိပါ။ 'သူ့ကြောင့် ငါဖျားရတော့မယ်' ဟု စိတ်ထဲမရှိသည့်အပြင် 'သူ့ကြောင့်' ဟု ဝင်နီ့ကို အစွဲပြုကာ အမြဲတစေ ကျေးဇူးတင် ထိုင်ရှိခိုးနေချင်တော့သည့် ကိစ္စတစ်ခုကများ မကြာမီမှာ ဖြစ်ပွားလာခဲ့သည်။

"ဝင်နီ..."

"ဟာ... ကိုကိုအောင်... ဈေးကလာတာလား... ဘာဝယ်ပြီးပြီလဲ"

နှုတ်ဆက်သံနှင့်အတူ ခြေလှမ်းက အနည်းငယ် တုန့်သွားတာမို့ မြတ်က ဝင်နီ့တစ်ဖက်ဘေးကို ကဲကြည့်လိုက်သည်။ မိန်းကလေးအကြိုက် အဆင်ဖြစ်သော ကချင်ပုဆိုး အစိမ်းအနက်ကွက်နှင့် စတစ်ကော်လာ အကျီလက်ရှည်တို့ကို ဝတ်ဆင်ထား သူတစ်ယောက်က ဝင်နီနံဘေးရပ်လျှက် နှုတ်ဆက်နေလေသည်။ သူ့ဘေးမှာတော့ ဘောင်းဘီဝတ် ယောကျ်ားကလေး အချို့နှစ် ယောက်လား... သုံးယောက်လားမသိ။

မြတ်မှာ ကြာကြာ အကဲခပ်နေချိန်မရပါ။ ဝင်နီက စကားတပြောပြောနှင့် လမ်းဆက်လျှောက်သဖြင့် မြတ်လည်း ဆက်လျှောက်ရတော့သည်။ 'ကိုကိုအောင်' ဆိုသည့် လူကို လက်ဟန်ခြေဟန်နှင့် စကားပြောနေရသည်မို့ မြတ်ကို မကိုင်ထားနိုင်တော့သည့် ဝင်နီ့ကို လှမ်းကိုင်ထားရတာက တစ်ဖက်၊ မကြာခဏဆိုသလို လူတွေထဲ ညပ်ညပ်ပါသွားတတ်သော အလေ့ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ဂရုစိုက်ရတာက တစ်ဖက်နှင့် နှာခေါင်းတောင် မဖျော်နိုင်တော့ပဲ စိတ်ညစ်နောက်ရှုပ်ထွေး နေရတော့သည်။ ဝင်နီဘက်မှ စကားသံထိုလည်း မကြားတစ်ချက် ကြားတစ်ချက်... ။

ခဏကြာမှာတော့ ဒီလောက်အောက်ငုံ့ကြည့်ကာ လျှောက်နေရက်မှ မြေကြီးကမှုလေး တစ်ခုနှင့် ခလုပ်တိုက်မိကာ မြတ်မှာ ရှေ့သို့ ငိုက်စိုက်ငိုက်စိုက်နှင့် ယိုင်ထိုးကာ လဲမလိုလို ဖြစ်သွားရသည်။ ထိုအချိန်မှာ မမျှော်လင့်သော လက်တစ်ဖက်က မြတ်ရဲ့ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ထိန်းသိမ်းပေးလိုက်လေသည်။

"ဟင်..."

လူတစ်ကိုယ်လုံး ရှက်သွေးမွှန်ထူကာ မြတ်က ရှက်ဝါးဝါးနှင့် နံဘေးကလူကို မော့ကြည့်မိသည်။ ဆုတ်ကိုင်ထိန်းသိမ်းပေးလိုက်သော လက်ကို ပြန်လွှတ်ကာ ထိုလူမျက်နှာက ခပ်အေးအေး...။

စကိုင်းဘလူး ဂျင်းဘောင်းဘီအပြာနုနှင့် တီရှပ်အဖြူလက်မပြတ် တပြတ်ကို ဝတ်ဆင်ထားသော ထိုလူကို ခုနတည်းက ဝင်နီအသိ ဘေးမှာတွေ့မိသလိုလိုပင်... ကိုကိုအောင့် တစ်ဖက်ဘေးမှာ နေရကျပ်သည်မို့ မြတ်ဘေးကို ရွှေ့လျှောက်ပြီး လိုက်လာပုံပါပဲ...

သူ့ပုံစံကခပ်အေးအေးမို့ မြတ်မှာထပ်ပြီး မရှက်သာတော့ပါ။ ဒါပေမယ့် မရှက်သာရှက်သာလေးနှင့်ပင်ပြုံးပြီး





ခေါင်းဆတ်ပြလိုက်သော သူ့အပြုအမူကို မျက်စိထဲမြင်ယောင်ပြီး ခေါင်းကြီးငုံ့ထားသည့်ကြားက ရှက်စနိုးဖြစ်နေမိပါသေးသည်။

သူ့ဆံပင်ဖြောင့်ဖြောင့် တိုကပ်ကပ်ပုံစံဟာ ဒီထက်ရှည်ရင်ပိုပြီး ကြည့်ကောင်းမှာပါပဲ အသားကခပ်ညိုညိုပေမယ့် စိုတော့ ယောကျ်ားလေးတစ်ယောက်နဲ့ လိုက်ဖက်ပြီး ကြည့်ကောင်းနေတာပေါ့။ သူ့ရဲ့ ရုပ်ရည်ကတော့ ဒီလောက်ကြီး ချောမောတာလည်းမဟုတ်။ လူတွေကြားထဲ ထင်းပြီး မြင်သာကွဲလွဲနေတတ်တဲ့ ရုပ်မျိုးလည်းမဟုတ်ဘဲ... တစ်ခါမြင်ပြီးရင်တော့ မမေ့နိုင်လောက်စရာ ရုပ်မျိုးတည်း။ အရပ်ကတော့ မြတ်လို မိန်းကလေးကတောင် ခပ်မော့မော့ကြည့်ရရင် အတော်မြင့်မယ့် အရပ်မျိုးပေါ့။

အို... မြတ်ဘာတွေ အသေးစိပ်ကြီး လျှောက်တွေးနေမိပါလိမ့် ရှက်စရာကောင်းလိုက်တာ သူကလည်းပဲ၊ ဟိုဖက်မှာနေရာမလွတ်တော့ဘူးလား ဘာကိစ္စမြတ်ဘေးက ချည်းပဲ ကပ်ပါနေရတော့တာလဲ။

မြတ်မှာ နေရင်းထိုင်ရင်းပင် တုန်တုန်လှုပ်လှုပ်နှင့် ကယောင်ချောက်ခြားတွေ ဖြစ်လာရပါတော့သည်။

ဒုက္ခပဲ... သူ့လမ်းလျှောက်ပုံကလည်း ခေါင်းငုံ့ငုံ့ကြားက မြင်နေရတာတောင် တော်တော်ကြည့်ကောင်းတဲ့ လမ်းလျှောက်ပုံပါလား။ မြတ်ရင်ထဲမှာ ဆွတဆွတနှင့် အသည်းယားသလိုလို လက်ထဲက အထုပ်ကြီးကိုပဲ လွှတ်ပစ်လိုက်ချင်သလို



www.burmeseclassic.com

www.burmeseclassic.com



သဲကျလိုက်ချင်သလိုလို အမျိုးမျိုး အဖုံဖုံတွေ ဖြစ်…နေတော့သည်။

ဝင်နီဘက်က စကားသံတွေ တိတ်သွားတာလည်း မြတ်သတိမမူနိုင်၊ ဘယ်လိုမှမနေနိုင်တော့သည့် အဆုံး မြတ်က နံဘေးမှ လူကိုတစ်ချက်မော့ကြည့် လိုက်မိပြန်သည်။

"လက်ထဲက အထုပ်လေးရင် ပေးထားမလား…"

"ဟင်… ဟင့်အင်း… ဟင့်အင်း…"

မြတ်ရဲ့ တုန်လှုပ်မှုတွေက အဆုံးသို့ရောက်သွားကာ ရုတ်တရက်ကြီး ခြေလှမ်းတွေ ရပ်တန့် လမ်းဘေးက ကြုံရာဆိုင်တဆိုင်ထဲ ယောင်ယမ်းကာ တိုးဝင်လိုက်မိသည်။

ကံကောင်းချင်တော့ ထိုဆိုင်မှာ ညှပ်ကလစ်ဆိုင် ဖြစ်နေပါသည်။ မြတ်အပြင်မှာ မြင်တွေ့ဈေးမေးပြီး မဝယ်ဖြစ်ခဲ့သည့် ကလစ်လေးတစ်ခုကိုလည်း အဆင်သင့်တွေ့တာမို့ကောက်ကိုင်လိုက်တာ…

"ဒါ ဘယ်လောက်လဲ…"

"နှစ်ရာ့ငါးဆယ်အစ်မ…"

ဟင်… အရင်မေးတုန်းကငါးရာ အများကြီးကို တန်နေတော့တာပဲ သို့သော် နှစ်ရာငါးဆယ်ဆိုတာလည်း များနေသေးတာရယ်၊ တုန်လှုပ်သွားရသည့် အရှိန်လည်းပြေသင့်သလောက်ပြေပြီဖြစ်တာရယ်နဲ့ မြတ်က ခေါင်းလေးညိတ်ကာ ဆိုင်





ထဲက လှည့်ထွက်လာခဲ့လိုက်သည်။

"မဝယ်ဘူးလား မြတ်…"

"မဝယ်ပါဘူး ဝင်နီရယ်…"

"အဲဒါ နင်အရင် စကော့ဈေးထဲမှာ မေးထားပြီးသားငါးရာဆိုတဲ့ဟာလေး မဟုတ်လား"

"အင်း…"

"ဟဲ့… ဒါဆိုဝယ်လိုက်လေ… တန်သားပဲ…"

"ဟင့်အင်း… နှစ်ရာ့ငါးဆယ်ဆိုတာလည်း များသေးတာပဲ"

ကျောလယ်မရောက် တရောက်မြတ်ရဲ့ ဆံပင်ပျော့ပျော့ဖြောင့်ဖြောင့်လေးတွေဟာ ဒီလိုကလစ်လှလှလေး တစ်ခါမှ မတင်ဘူးပါ။ သိုးမွေးကွင်းလေးနှင့် နှစ်ချက်လောက် လိမ်စည်းလိုက်တာနဲ့ ကိစ္စပြတ်သွားခဲ့တာချည်း…

"မဝင်နီ သူငယ်ချင်းက ကပ်စေးနဲတယ်နော်…"

"ဟုတ်ပါ့… သူကတော့ မကပ်စေးလေးပဲ…"

ဝင်နီနှင့်သူတို့ အချီအချအတိုင်အဖောက်တွေ ညီနေကြပြန်သည်။ ခဏကြာတော့ ဝင်နီဘက်က စကားသံလုံးလုံး တိတ်သွားပြီဆိုတာ မြတ်က သတိထားလိုက်မိပြီး လှည့်ကြည့်လိုက်တော့ ဝင်နီအသိ ကိုကိုအောင်ဆိုသူ ပါမလာတော့ပါ..

"ဟင်… ဒါဆို သူက ဘာလို့ဆက်လိုက်လာတာလဲ…"



www.burmeseclassic.com

www.burmeseclassic.com



မြတ်က သူ့ကို အထိတ်တလန့်နှင့် မော့ကြည့်လိုက်သည်။ သူကမြတ်ကို ငုံ့ကြည့်ပြုံးပြပြန်ရင်း ကွင်းကြီးအလယ်က စက္ကူနှင့်လုပ်ထားသည့် အရုပ်ကြီးများကို လက်ညှိုးညွှန်ပြကာ ဝေဖန်ရယ်မောနေပြန်သည်။ အို ဝင်နီကလည်းရယ်လို့။

ကိုကိုအောင်မှ မရှိတော့ဘဲ သူက ဘာလို့ ဆက်လိုက်လာတာလဲ သူကလည်း ဝင်နီသူငယ်ချင်းမိတ်ဆွေစဲလား ကိုကိုအောင်နဲ့ ဘာလို့ တူတူမထွက်သွားတာလဲ ဘယ်အချိန်ထိ ဆက်လိုက်နေမှာလဲ ဝင်နီသူငယ်ချင်း နောက်တစ်ဦးဆိုလည်း ကိုကိုအောင်မရှိတော့တဲ့နောက် ဘာလို့ ဝင်နီဘက်မသွားဘဲ မြတ်ရဲ့ ဘေးဘက်မှာ ကပ်နေရတာလဲ မြတ်မှာ ဖြေသူကင်းမဲ့သော မေးခွန်းများကို တစ်ယောက်တည်း တရစပ်မေးမြန်းရင်း ချွေးပြန်နေရတော့သည်။

ဝင်နီလူ ရုပ်ဆိုင်ရှေ့ရောက်တော့ ဝင်နီရောမြတ်ပါ ရပ်တန့်လိုက်ကြစဉ် ထိုလူကလည်း ရပ်တန့် ဘေးကပ်ရပ်လိုက်ကာဆိုင်ဘေးမှ မိုးပျံပူဖေါင်းသည်ကြီးထံမှ ဘောလုံးတွဲကြီးကို ဝယ်ယူနေလေသည်။ ဝင်နီရော မြတ်ပါဆိုင်ထဲ မဝင်ကြသေးပဲ သူ့နားမှာတင် ရပ်တန့်ကာ သူ့ကို ပြုံးစေ့စေ့တွေ ကြည့်နေမိကြသည်။ သူဟာ မိုးပျံပူပေါင်းများကို ကြိုက်နှစ်သက်တတ်ဆဲ ကလေးဆန်နေဆဲ လူတစ်ယောက်လည်း ဖြစ်နေသေးသည် ထင်ပါရဲ့။

သူကဘောလုံးတွဲကြီးကို ဝယ်ယူငွေချေပြီးချိန်မှာ





'ရော့' ဟုဆို၍ မြတ်ဘက်ဘောလုံးတွဲကြီးကို ထိုးပေးလိုက်လေသည်။

"ရော့..."

"ဟင်... "

"ခနလေး ကိုင်ထားပေးပါ.. ဟိုမှာခန..."

သူညွှန်ပြရာဘက်ကို ကြည့်လိုက်တော့ သူနှင့်မြတ်တို့ကို ပြုံးစေ့စေ့ ပြောင်ချော်ချော်လေးတွေနှင့် ကြည့်နေကြသည့် ကောင်လေးတစ်စု။ မြတ်က သူအတင်းထိုးပေးနေသော ဘောလုံးတွဲကြီးကို အယောင်ယောင် အမှားမှားနှင့် လက်ကမ်းယူလိုက်စဉ်မှာပင် သူရော ပြောင်ချော်ချော် ကောင်လေးအုပ်စုပါ အံ့ဩစရာ ကောင်းလှသော လျှင်မြန်ခြင်းများနှင့် ဖြတ်ကနဲဖြတ်ကနဲ လူကြားထဲ တိုးဝင်ကွယ်ပျောက်သွား ကြလေတော့သည်။

"ဟင်း ဟင်း ဟင်း.. တကယ်ရယ်ရတယ်တော့.. ဟား.. ဟား.."

ဝင်နီ့ရယ်သံထွက်လာမှ မြတ်က သတိဝင်လာသဆို့ လှုပ်ရှားလာကာ လက်ထဲက ဘူဖေါင်းတွဲကြီးအတွက် ရှက်ရှက်နှင့် ထားစရာနေရာရှာသည်။ သို့သော် သာမန်ပစ္စည်းပေါက်သည့် မိုးပျံဘူဖောင်းတွဲကြီးမှာချထားစရာနေရာရှားထောက်ခဲလှသည်။

"ဟား ဟား... ရယ်စရာကြီး... ဘူဖေါင်းသည်ကြီးနဲ့တူ


www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဝင်နီနော်..."

"တကယ်ပိုင်တယ်ကွာ... အဲဒါ ဘယ်သူလဲမြတ်... ပုံစံက မချောမလှဘဲ မိနေတာပဲ တကယ်ပဲ..."

"ဟင်... အဲဒါဘယ်သူလဲ.. မြတ်က ဝင်နီ့ကို မေးမလို့..."

"ဟယ်... နင့်ဘေးမှာ တချိန်လုံးတွဲလျှောက်လာတာပဲ..."

"ဟင်.. ဝင်နီနဲ့ပဲ စကားတွေ ပြောနေပြီး..."

"ငါက နင့်အသိမှတ်လို့..."

"မြတ်က ပထမ ဝင်နီ့အသိ ကိုကိုအောင်နဲ့ပါလာတာ မှတ်တာ..."

"မဟုတ်ကဟုတ်က..."

"ပြီးကျတော့လည်း ဝင်နီ့ သူငယ်ချင်းပဲ မှတ်နေတာ..."

ဝင်နီမှာ ရယ်လို့မဆုံးနိုင်တော့ပါ။ မြတ်ကတော့ အူကြောင်ကြောင် ပုံစံလေးနှင့် တမင်အကြောင်ရိုက် ဘရုတ်ကျ နောက်ပြောင် သွားမှန်း ခုမှ ရိပ်မိပြီး ထူးဆန်းလို့မဆုံး၊ ဘယ်လိုလူ လေးမှန်းကိုမသိ အသည်းယားစရာကောင်းလိုက်တာ ခုလောက် ဆို ဟိုပြောင် စပ်စပ်သူ့သူငယ်ချင်းများနှင့် တနေရာမှာ ရယ်ပွဲကြီး မကြီးအကျယ်ဖွဲ့ နေကြလောက်ပါပြီ။

"ဘာလုပ်နေတာလဲ... လာလေ... နင့်ဘော်လုံးတွဲကြီး ထားပစ်ခဲ့..."





"ဟင့်အင်း..."

ဝင်နီက မြတ်ကို စေ့စေ့ကြည့်ကာ "အိုး... ဒုက္ခ... ဒုက္ခ..." ဟု ရေရွတ်သည်။ မြတ်မှာတော့ ဆိုင်ခန်းကျဉ်းကျဉ်းထဲက ကောင်တာမှန်ဘိုးနောက်ဆုံးမှာ ဝင်ထိုင်ရင်း အထုပ်ကြီး တစ်ဖက် ဘောလုံးတွဲကြီးတစ်ဖက် ဒုက္ခတွေကိုရောက်လို့ ပါပေမယ့် အဲဒီ ဒုက္ခကိုပဲ မြတ်က ရင်တခုန်ခုန်နှင့် ပျော်လိုက်ပါသည်။

သူ့ ဘယ်ဘက်နားထင်နားလောက်မှာ ဝက်ခြံဖု လေး တစ်ခုနီနီရဲရဲနှင့် မှည့်တော့မည့် အခြေအနေသို့ ရောက်နေ ပြီ၊ ကြော်ကစရာကောင်းအောင် ပြုံးတက်လှသော သူ့နှုတ်ခမ်း ကလေးများကိုမြတ်ကြည့်လေရာ နေရာတိုင်းမှာမြင်ယောင် ပါသည်။

❋❦❋❦❋

နောက်တစ်ကြိမ် တွေ့ဆုံကြပုံက ပထမတစ်ကြိမ် လောက်ပင် မလှမပ မသပ်ရပ်လှပါ။ အဲဒီနေ့က မိုးတွေ ရွာနေခဲ့ သည်။

အဲဒီနေ့က စနေနေ့ဆိုတော့ ထုံးစံအတိုင်း မြတ်က အဖွားအိမ်ရှိရာ ကမာရွတ်သို့ သွားကာ စနေနေ့တစ်နေ့တာအ တွက် အဖွားရဲ့ ဝေယျာဝစ္စတွေကို တခြားဝမ်းကွဲ ညီအစ်မများထံ



www.burmeseclassic.com

www.burmeseclassic.com



မှ လွဲပြောင်းရယူထားသော နေ့ဖြစ်သည်။

ဘယ်သားသမီးက ဘယ်လောက်ခေါ်ခေါ် သားသမီးအိမ် လိုက်မနေချင်သော အဖွားက ကမာရွတ်ကန်ထရိုက်တိုက်တစ်လုံးမှ ပထမထပ်တစ်လွှာတွင် တစ်ယောက်တည်းနေကာ အိမ်နှင့်နီးသောဈေးကို ကိုယ်တိုင်သွားတတ်ဆဲ ချက်ပြုတ်လျှော်ဖွတ်၊ အိမ်ထိန်းတာဝန်တွေကိုတော့ အဖွားထံ အမြဲလာနေကြသည့် မြေးမနှစ်ယောက် မြတ်လို စနေ တနင်္ဂနွေမှ လာတတ်သော မြေးမမျိုး တစ်လကိုးသီတင်း လာအိပ်နေတတ်သော မြေးမမျိုးတွေနှင့် အဖော်ကတော့ ပြတ်သည်ဟူ၍မရှိပေ။ ဒါကြောင့်လည်း အဖွားက ဘယ်သားသမီးအိမ်မှ မလိုက်ဘဲ တင်းမာနေနိုင်ခြင်း ဖြစ်သည်ပေါ့။

အဖွားအနေနဲ့တော့ ဘယ်မြေးမကိုမှ လာနေပြ ဟုမဖိတ်ခေါ်ပါ။ သို့သော် အဖွားအိမ်သွားတဲ့ မြေးမနဲ့ မသွားတဲ့ မြေးမနဲ့ အကွာကြီးကွာလေသောအခါမှာတော့ မြေးမအပေါ်ကလည်း လိုလိုချင်ချင်ကို ကပ်ခွဲကြတော့တာပါပဲ၊ မြတ်နဲ့ မြ အစ်မ 'ထူး' တို့ကိုတော့ အနေစိမ်းသလိုရှိသဖြင့် အဖွားက အမြကလည်းကပ် သူ့သမီးလုပ်သူ မြတ်တို့အမေက ကွယ်လွန်သွ ခဲ့ပြီမို့ အသနားကလည်းပိုကာ ခုထိတော့ အဖွားနဲ့မြတ်တို့ရဲ့ ဆ ဆံရေးက မလျော့မတင်း။

သူ့ခေါင်းထဲ ကျောင်းကလွဲပြီး သူ့ကိုယ်သူကလွ ဘာမှသိပ်မထည့်တတ်သည့် "ထူး" ကတော့ မြတ်ထက်ပင်



ဘွားနှင့်ပိုစိမ်းကာ အဖွားဆီက အထောက်အပံ့နှင့် အကြင်နာတို့ကို မရလည်း ဝမ်းလည်းမနည်း ဒေါသထွက်တာလည်းမရှိ တဘယ့်ကို ဘာသိဘာသာတည်း။

"မြတ်... ငါတို့သွားတော့မယ်... အဝတ်တွေလျှော်ပြီးရင် ဘုရားညောင်ရေအိုးလဲဖို့နဲ့ အဖွားအခန်းကြမ်းတိုက်ဖို့ ကျန်သေးတယ်နော်"

"အေး... အေး... အဖွားကလည်းဟယ်... မိုးရွာနေတဲ့ဟာ... အဲဒီဘုရားက မသွားဘဲနေနေလို့ မရဘူးလား..."

"အမလေး... ကြားသွားလို့... ဘယ်ရမလဲ... ဒီနေ့ စနေနေ့ ပဲဟာ... မိုးရွာရွာ... ရေကြီးကြီးသွားရမှာပဲ... ခနနေရင် ဒါဒါကလည်း ကျူရှင်ထွက်မှာနော်... နင်တစ်ယောက်တည်းကျန်ခဲ့မှာ... တံခါးသေချာလိုက်ပိတ်ထားဦး..."

အဖွားထံအမြဲနေသော 'မှုန်' ဆိုသည့် အဖွားအ တော်မြေးမတစ်ယောက် မြတ်လိုပဲ စနေ တနင်္ဂနွေမှ လာနိုင် သော 'ခင်ဦး' ရယ် ကျောင်းပိတ်ရက်တစ်လလာနေသော 'သပြေ' ယ် သုံးယောက်သားနှင့် အတူ အဖွားထွက်သွားတော့ မြတ်မှာ ဇော့စေ့ ပုံစံလေးနှင့် ကျန်ရစ်ရပါသည်။

အဖွားဆီလာနေသော မြေးမများမှာ တခြားအ ဘယ်လိုရှိရှိ အဖွားအိမ်မှာတော့ အဖွားစိတ်ကြိုက် ရင်ဖုံးရင် ခါးတိုအကျီလက်ပြတ် လက်စက လက်ရှည်များနှင့် ယော ငန်းမ ဂန့်ဂေါ် အင်းလေးထည် မြန်မာရက်လုံချည်များကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်မြန်းကြရပါသည်။

အဖွားထံ တခါတရံမှ လာကြသော မြေးမတို့မှာ အပြင်တွင် ကိုယ်ကြိုက်ရာကိုယ်ဆင်မြန်း ကြရပေမယ့် အမြဲအတူ နေသော မှုန်နှင့်ဒါဒါတို့မှာတော့ တကယ့်ကိုပုံစံသေ ရိုက်နှိပ်ပြီး သားလေးတွေဖြစ်လို့ ဒါပေမယ့် ချောမောလှပသော ရုပ်ကလေး များနှင့်ဆိုတော့ ခုခေတ်ပြန်တွင်ပြီး ဝတ်ကြသလိုမျိုး ပြန်ဖြစ်ကာ သူတို့ ကျောင်းမှာတော့ သူတို့ကို မသိသူမရှိကြသလောက်ပါပဲ။

ခုလိုမိုးတွင်းကြီး အပြင်ထွက်ကြရင်တော့...

ကားတစ်စီးနှင့် ဒရိုင်ဘာတစ်ယောက် ကောင် ကောင်းထားနိုင်သော အဖွားက ဘတ်(စ်)နှင့် တက္ကစီကိုပဲ ပုံသေ သုံးစွဲတတ်တာမို့ မြေးမများမှာ အခက်တွေ့ရပါပြီ။ ဒီနေ့ရာက တော့ ရှေးရိုးစဉ်လာထက် လုံခြုံခြောက်သွေ့မှုကို ဦးစားပေးသော အဖွားက မိုးတွင်းအပြင်ထွက်ရင် သူ့ရောမြေးများပါ မိုးကာရေ ထီးပါ နှစ်မျိုးလုံး သုံးစွဲစေလေသည်။

အဲဒီမှာလည်း အဖွားအကြိုက်သာဆို မြေးမတွေ ဆိုးပန်းဆိုးဖြစ်နေကြရဦးမှာပါ။ ခုတော့ ဒါဒါကို တာဝန်ပေးမိတာ မို့ မှုန်လောက်အပိုးကျိုးကျိုးနှင့် သေသပ်ဝိပြားမှုမရှိတဲ့ ဒါဒါ တမင်ကြီးကို ပလပ်စတစ် အကြည်သားမိုးကာများနှင့် ပလပ် တစ်အကြည်သား ပြောင်ထီးများ ဝယ်ချလာခဲ့တာမို့ ညီအစ် ဝမ်းကွဲတစ်သိုက် သိပ်ပုံမပျက်လိုက်ရဘဲ ပလပ်စတစ်အကြ ရောင် မိုးကာအောက်က ပုံရှိုးရိုးမြန်မာဆန်ဆန် အင်္ကျီလေး





ကိုယ်စီ ထီးအကြည်လေးတွေ ကိုယ်စီနှင့် လှုတကာ လည်ပြန် ကြည့်ချင်စရာ ပုံလေးတွေ ဖြစ်နေကြရတော့သည်။

အဲဒီလို သမင်လည်ပြန်အကြည့်တွေများလာလေ အဖွားမှာ ဂုဏ်မောက်ပြီး မျက်နှာကြီးတင်း လည်ပင်းကြီးမော့ ရင်ကော့ကာ လမ်းလျှောက်လေနှင့် မြတ်ကတော့ အဖွားရဲ့ မျက် နှာသာ ဘယ်လောက်ပဲမရမရ အဖွားနှင့်တွဲကာ အပြင်မထွက် ချင်လှပါ။

“မမြတ်... မိုးနည်းနည်းစဲသွားပြီ... ဒါဒါ သွားတော့မယ် နော်... တံခါးလိုက်ပိတ်ပါဦး...”

မြတ်က အိမ်ရှေ့ဝရံတာမှာ အင်္ကျီတွေ ညှစ်လှမ်း နေရင်းမှ ဧည့်ခန်းထဲ ပြန်ဝင်ပြီး တံခါးပိတ်သည်။ အဖွားတိုက်ခန်း က တစ်လွှာတည်းဆိုပေမယ့် နှစ်ခန်းတွဲကြီးဖြစ်ရာ ဝရံတာလည်း အရှည်ကြီးရသဖြင့် ခုလို မိုးရာသီတွေကျ အဝတ်လှမ်းရတာ အဆင်ပြေလှပါသည်။

မြတ်က အင်္ကျီတွေအားလုံး ရေညှစ်လှမ်းပြီးသွား ချိန်မှာ ပလပ်စတစ် ဇလုံထဲ ကျန်ရစ်သည့် ရေအချို့ကို သွန်ပစ် ရန် ဝရံတာမှတဆင့် လမ်းပေါ် ကဲကြည့်လိုက်သည်။ အဲလို စည်း ကမ်းမဲ့ရင် အဖွားမကြိုက်တတ်မှန်း သိပေမယ့် အဖွားကွယ်တုန်း ခပ်ပျင်းပျင်းနှင့် စည်းကမ်းမဲ့ လိုက်ပါဦးမည်။

လမ်းပေါ်မှာ လူရှင်းသည်ဆိုပေမယ့် မြတ်က ဥန်းကနဲပက်ပြီး မသွန်လိုက်ချင်တာမို့ ဝရံတာမှ အောက်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းချင်းပဲ လှောင်းချလိုက်သည်

"ဟာ... ဟာ... ဒုက္ခပဲ... ဟော့အပေါ်ကလူ ဘယ်လိုလုပ်တာလဲ"

"ဟောတော့..."

မြတ် မျက်လုံးလေးပြူး ပါးစပ်လေး အဟောင်းသားနှင့် အောက်ဖက်သို့ ငုံ့ကိုင်းကြည့်လိုက်သည်။ အောက်ဖက်မြေညီထပ်ရှေ့မှာတော့ မြတ်တို့ တိုက်ရဲ့ တံစက်မြိတ် စွန်းလေးကို အကာအကွယ်ယူပြီး မိုးခိုနေဟန်ရှိသော လူတစ်ယောက်မှာ ခေါင်းခါခါ လက်ခါခါနှင့် ရေစိုရွှဲကာ အဖြစ်ဆိုးနေလေသည်။

ဂျင်းဘောင်းဘီရှည် အပြာနုနှင့် တီရှပ်အဖြူရောင်။

မြတ်သည် တစ်စုံတစ်ယောက်ကို ရုတ်တရက် သတိရသွားရကာ ဝရံတာမှ ကိုယ်လေးငုံ့ကိုင်းထွက်လျှက်အောက်ကလူကို စိတ်ဝင်စားစွာ ကြည့်လိုက်မိသည်။ ပါးစပ်ကလည်းအော်ပြီး တောင်းပန်လိုက်သည်။

"မတော်လို့ပါရှင်... အောက်မှာ လူတစ်ယောက်ရှိနေမယ်လို့ ထင်မထားလို့ပါ..."

"ခင်ဗျားက..."

ထိုလူက စကားမဆက်ဘဲ ကိုယ်ခန္ဓာကရေတွေကို တောက်ထုတ်နေရာကနေ ရုတ်တရက် အပေါ်မော့ကြည့်လိုက်





သည်။

"ဘုရားကြီး..."

မြတ်က ယောင်ယမ်းပြီးနောက်ဖက်သို့ခြေလေးငါးလှမ်းစာ ဆုတ်လိုက်သဖြင့် ဧည့်ခန်းတွင်းသို့ ရောက်သွားရပြီးမှ အားယူကာ ရှေ့သို့ ပြန်တိုးလာပြီး အောက်ကလူကို တစ်ချက်ထပ်ကြည့်သည်။

အိုး... တကယ်ပါပဲ ဒီလူဟာမြတ်ရဲ့ အိပ်မက်လူသားလေးတကယ်ပဲ ဖြစ်နေတော့တာကိုး မြတ်နှလုံးသားတွေ ခုန်ပေါက်လှုပ်ရှားကာ အလုပ်များလာရတော့သည်။ ကြည့်စမ်းကံကြမ္မာကတော့ မြတ်ဘက်ကို မျက်နှာလိုက်နေပြီ။ ပွဲတစ်ခုမှာဆုံလိုက်ရပြီး ရုတ်တရက် ပျောက်ကွယ်သွားခဲ့သူကို ဒီလိုဆိုက်ဆိုက်မြိုက်မြိုက် ပြန်တွေ့ဖို့ရာ လွယ်ကူလှတာမှတ်လို့။

မြတ်အတွက်ကတော့ တကယ့်ကိုလွယ်ကူသေချာခဲ့ပြီတည်း။

စက္ကန့်ပိုင်းအတွင်းမှာပင် ထိုလူလည်း မြတ်ကို မှတ်မိသွားဟန်ရှိသည်။ မျက်မှောင်လေးမကုပ်တကုပ်နှင့် မော့ကြည့်နေရာက သူ့မျက်လုံးတွေက လက်ကနဲ တစ်ချက်ဖြစ်သွားကာ နှုတ်ခမ်းကလေး လိမ်ဆွဲလိုက်ချင်စရာ ကောင်းလောက်အောင်ပြုံးလိုက်ပြီး၊ တိုက်အောက်သို့ တိုးဝင်လိုက်ကာ မြတ်ရဲ့ မြင်ကွင်းကနေ ဖြုတ်ကနဲ ပျောက်ကွယ်သွားလေသည်။

အဲဒါ ဘာလုပ်တာတဲ့လဲ မြတ် မြတ်တယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



သေချာပါသည်။ အဲဒါမြတ်ရှိနေရာ ပထမထပ်သို့ သူတက်လာတော့မှာ၊ အပေါက်ကို တက်ချလာတော့မှာ။

"ဒေါက်... ဒေါက်... "

ဟော...

မြတ်က တံခါးကို အပြေးအလွှားသွားဖွင့်လိုက်သည်။ တံခါးဝမှာတော့ မချိုမချဉ် အပြုံးတို့နှင့်သူ။

"ဘောလုံးပေးခဲ့တာ ဒီလောက်ကြီး စိတ်တိုစရာမဟုတ်ပါဘူးကွာ"

"အို... မဟုတ်ဘူး..."

"ဒါမှမဟုတ်... သကြ်န်လို့ထင်ရအောင်လည်း ခုဟာက မိုးတွင်းကြီးကွ..."

"မတော်တဆဖြစ်တာပဲ... အောက်မှာလူမရှိဘူးမှတ်လို့"

"ဒါပေမယ့် လူကရှိနေတယ်... ပြီးတော့ စိုသွားပြီ..."

မြတ်က ဆံပင်ရေစိုတွေကို ရေစက်ရေပေါက်တွေ လွင့်စဉ်သွားအောင် တဖမ်းဖမ်းခါရင်း ပြောလိုက်ပုံကို စိုက်ကြည့်နေမိသည်။

"ဘာကြည့်နေတာလည်း မျက်နှာသုတ်ပုဝါ သွားယူလေကွာ..."

"ဟင်..."

ရဲတင်းသော တောင်းဆိုမှုကို အံ့အားသင့်သွားပေ





မယ့် ငြင်းလိုက်ဖို့ကိုတော့ မြတ်စိတ်မကူး၊ သူဟာလူလည်သက်သက်ဖြစ်မှာ၊ သူဘာသာ မိုးဝင်မခိုခင်တည်းက စိုရွှဲနေခဲ့မှာကို မြတ်ကြောင့်ဟု အပြစ်ချချင်သေးသည်။ သို့သော်-

"ခဏနေခဲ့ဦး..."

မြတ်က အခန်းထဲပြေးဝင်ခဲ့ကာ အဖွားအိမ်မှာည အိပ်ဖို့ထည့်ယူလာသည့် မြတ်ရဲ့ အိတ်ထဲက မျက်နှာသုတ်ပုဝါကို ထုတ် ခုနဒါဒါအပြင်သွားခါနီး မီးပူတိုက်သွား၍ ခပ်နွေးနွေးကျန်နေဆဲ မီးပူနှင့် ဟိုဖိသည်ဖိလုပ် ဒါနဲ့တင် မကျေနပ်သေးဘဲ မှန်နှင့်ဒါဒါတို့ နှစ်ဦးပိုင် မှန်တင်ခုံကို မွှေနှောက်ဖွရှပ်ကာ ရေမွှေးပုလင်းငယ် တစ်ခုဆွဲယူပြီး 'ရှူး ရှူး'နှင့်ပက်ဖျန်းလိုက်ပါသေးသည်။

မြတ်ကို မြတ်လည်း မှန်ထဲတစ်ချက် လောက်ကြည့်လိုက်ဖို့ကိုလည်း မမေ့လျော့ပါ။

ဟင် အဖွားစိတ်ကြိုက် အကျီလုံချည်ပုံစံနှင့် ရေမချိုး ခေါင်းမလျှော်ရသေးသော မြတ်မှာ မျက်နှာပြောင်ပြောင် ဆံပင်စုတ်ဖွားနှင့် မိုးရွာနေသော်လည်း အလုပ်လုပ်ထားသဖြင့် ချွေးက ပြန်နေသေးရာ ဘယ်လိုမှ စိတ်ကြိုက်တွေ့စရာ မမြင်ပါ။

စိတ်ပျက်လက်ပျက်နှင့် မျက်နှာသုတ်ပုဝါ ခေါက်ကလေးကိုင်ကာ အပြင်ပြန်ထွက်ခဲ့ရပါတော့သည်။

"ကြာလိုက်တာကွာ... ချမ်းလှပြီကွ... ပြီးကျ... အိမ်ထဲလဲ မဖိတ်ခေါ်ပါလား..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ... ကျွန်မအိမ်မဟုတ်ဘူးရှင့်..."

သူက ဘယ်လိုအဓိပ္ပါယ် ပေါက်သွားသည်မသိ ပုခုံးတစ်ချက်တွန့်ကာ သူ့ခေါင်းစုတ်ဖွားလေးကို ကောင်းကောင်း သုတ်နေချေတော့သည်။

"အား... မွှေးလိုက်တာကွာ... ပြီးတော့ နွေးနွေးလေး..."

မြတ်ရဲ့ ရင်ထဲမှာလည်း တစထက်တစ ပူနွေးလှုပ်ရှားလာရလေသည်။ ချစ်စရာကောင်းလိုက်တာ ပြီးကျတော့ ဘရုတ်ခပ်ကျကျပုံလေးနှင့် ခေါင်းခေါက်လိုက်ချင်စရာလေး။

ခေါင်းပြီးတော့မျက်နှာ ပြီးတော့လည်ပင်း ရေစိုသော တီရှပ်အဖြူ လက်တိုကို တစ်ခုချင်း သုတ်ပြီးသွားတော့ မျက်နှာသုတ်ပုဝါကို လုံးထွေးရက်သားကြီးနှင့် မြတ်ထံပြန်ပေးလိုက်ကာ ရှေ့တစ်လှမ်းတိုးပြီး တိုက်ခန်းထဲ ခေါင်းပြူကြည့်သည်။

"ဘယ်သူမှ မရှိကြဘူးလား..."

မြတ်က ပြန်မဖြေဘဲ သူ့ကိုသာ တစိမ့်စိမ့်စိုက်ကြည့်နေသည်။

"ဒါနဲ့ ခင်ဗျားက ဒီအိမ်က အလုပ်သမားတော့ မဖြစ်နိုင်ပါဘူး"

ပြောပြီး ရယ်ချလိုက်တာမို့ မြတ်မှာ ဘုမသိဘမသိလေးလိုက်ရယ်ရင်း အဲဒီလို ဘရုတ်ကျကျပုံလေးတွေကို ခပ်ကြာကြာမကြည့်ရတော့မှာကို စိတ်ပူစပြုလာသည်။





"ကျွန်မဆီမှာ ဘောလုံးတွဲကြီး ခုထိရှိသေးတယ်..."

"ဟာ... ဟုတ်လား တော်တာပေါ့..."

ပါးစပ်က ဘာရယ်မဟုတ် ပြောလိုက်ပြီး သိပ်ကြီးအမှုအမှတ်ထားပုံမရတာကို မြတ်ရိပ်မိလိုက်ပါသည်။ ဒါပေမယ့် အဲဒီလိုပဲ ပေါ့ပေါ့လေးပြောလိုက်ပုံကိုက ဘယ်လိုလေးမှန်း မသိဘဲ ချစ်စရာကောင်းနေပြန်တာက မြတ် မျက်လုံးကလေးတွေ တစ်ခုခုဖြစ်ပြီ ထင်ပါသည်။

မြတ်က အဖွားကို သတိရသည်။ အဖွားရဲ့ တပည့်တပန်းတွေထဲက ဦးဖေခင်ကြီး တစ်ယောက် သူ့သမီးကို "ကျွန်တော့်သမီး အသားကတော့ ဖြူလိုက်တာအစ်မရယ်..." ဟု ဆိုခဲ့စဉ်က ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သောအဖွားမှာ မျက်နှာကြီး ရှုံ့တွသွားပြီး "ဟယ်... ဖေခင်ရယ် ဒါတော့ မိဘမေတ္တာနဲ့ နင့်မျက်စိထုံးသုတ်ပြီး ကြည့်ပြီထင်တယ် ဟဲ့..." ဟု ဆိုချလိုက်သဖြင့် မြတ်တို့ညီအစ်မ တစ်သိုက်ကျိတ်ရယ် ခဲ့ကြရပါသေးသည်။

အညာမြန်မာစစ်စစ် ကြေးနီရောင်တောက်အောင် ညိုပြောင်နေသော ဦးဖေခင်နှင့် အိန္ဒိယသူ သူ့ဇနီးတို့၏ သမီးကလေးမှာ ဘယ်ပုံဘယ်နည်းဖြူနိုင်ပါမည်နည်း။

ခုလည်း သူများအိမ်လာပြီး ပိုင်စိုးပိုင်နင်း ရှိလှတာပေါ့ ရွှတ်ရွှတ် အပြောမျိုးလေးတွေကို ပြောထွက်နေသူလေးကို တော်တော် အချဉ်ပေါက်စရာဖြစ်ရက် "ချစ်စရာလေး" ဟုမြင်နေ



www.burmeseclassic.com

www.burmeseclassic.com

ရခြင်းမှာ မြတ် မျက်စေ့တော့ ထုံးမဟုတ်တောင် တစ်ခုခုတော့ သုတ်မိလေပြီတည်း။

"အင်း... ဒါနဲ့ နံမည်ဘယ်လိုခေါ်လဲ..."

"မြတ်သူရပါ..."

"ဟာ... ဘာကြီးလည်း ယောက်ျားနံမည်ကြီး..."

မြတ်က ပြုံးနေလိုက်သည်။

"မြတ်သူရ.. ဟင်း... ကောင်းလည်း မကောင်းဘူး.. မြတ်... မြတ်... အဲဒါမှ ဟုတ်သေးတယ်... မြတ်ပဲထား လိုက်ပါ။ ကဲ... မြတ် ဒီမှာကလည်း ခင်ဗျားတစ်ယောက် တည်းပဲ ဖြစ်ပုံရတယ် ဒီတော့အိမ်ထဲလည်း ခေါ်မယ့်ပုံမရ ကော်ဖီတစ်ခွက်လောက်လည်း သောက်ရမယ့်ပုံ မပေါ် ဘူး..."

မြတ်က နှုတ်ခမ်းလေးကိုက်ကာ ကျိတ်ရယ်လိုက် သည်။

"မိုးကလည်း မစဲနိုင်သေးဘူးဆိုတော့ ကျွန်တော်ပြန်လို့ ရအောင် ထီးငှားလိုက်ဗျာ..."

"ဟင်း... ဟင်း... ဟင်း..."

မြတ်က အသံထွက်အောင်ပဲ ရယ်လိုက်မိကာ အိမ်ထဲဝင်ပြီး မျက်နှာသုတ်ပုဝါထားကာ ထီးယူသည်။ သူနဲ့လည်း မခင်ဘဲနဲ့ ထီးငှားရတယ်လို့ ဘယ်လိုလေးမှန်းကို မသိပါဘူးဆို။





"ကဲ... ရော့..."

"ဟာ... အကြည်ရောင်ကြီး..."

"ဘာဖြစ်လဲကွယ်... လုံဖို့ကအဓိက"

"ကွယ်တွေဘာတွေ... မပြောစမ်းပါနဲ့... ဝတ်ထားတာက လည်း အဖွားကြီးစတိုင်... ပုံမှန်ပဲလုပ်စမ်းပါ... ကဲ... ကဲ... သွားပြီနော်"

ပြောဆိုကာ လှစ်ကနဲ ဆင်းချသွားတော့ မြတ်မှာ လှေခါးလေးတောက်လျှောက် ခေါင်းစောင်းကာ လိုက်ကြည့်နေမိ ပြီးမှ ဝရံတာဘက်ပြေးထွက်ကာ မျက်စေ့တဆုံး လိုက်ကြည့်နေမိ ရပါသည်။ သူကတော့ တကယ့်ကို နောက်ကြောင်းရှင်းစွာ လှည့် လို့ မော့လို့မှမကြည့်။ အတော်ပြတ်သားနိုင်သူတည်း။

မြတ်မှာ ကြုံလိုက်ရတာလေးတွေကို နောက်ပြန် လှည့် တစိမ့်စိမ့်တွေးရင်း လိပ်စာမပြောနဲ့ နံမည်လေးတောင် မသိ လိုက်ရ သူ့ထံကိုယ့်ထီး တစ်ချောင်းပါသွားတာကိုပဲ တစိမ့်စိမ့် သဘောကျကာ အဖွားတို့ပြန်လာတဲ့အထိ ဘာအလုပ်မှ ထပ်မ လုပ်နိုင်တော့တာပါ။

"ဟယ်... မြတ်... နင်ဒီနေ့ တစ်မနက်လုံး ဒီအဝတ်လျှော် တာတစ်ခုထဲနဲ့ပဲ ပြီးရောလား..."

အဖွားက မျက်မှောင်တစ်ချက် ကုတ်ပေမယ့် ဘာ မှမပြောပါ။ မှန်ကသာ အံ့အားသင့်သလို မေးမြန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်ပါ့မလဲ မှန်ရယ်... ငါက လူတစ်ယောက်ကို လည်း ထိုင်ချစ်နေသေးတာ..."

"ဘာရယ်..."

"ဟုတ်တယ် မှန်... ငါသူ့ကို သိပ်ချစ်တယ်... သိပ်ချစ်တာ ပဲ သိလား..."

အဖွားလက်သစ်ကလေး မှန်က မြတ်ပုံစံကို ကြည့်ကာ ရင်ဘတ်ဖိရင်း "ဘုရား... ဘုရား" ဟု ရေရွတ်လေသည်။

အဲဒီလူနံမည်ကို လုံးဝမသိရသေးတာ တွေ့ကြတာလည်းနှစ်ခါပဲ ရှိသေးတာ နှစ်ခါစလုံးမှာလည်း ဖလွတ်ရွတ်တ ပေါ့တီးပေါ့ပျက်နှင့် မြတ်ကို အနိုင်နဲ့ပိုင်းပိုင်းသွားတာ အဲဒါတွေကိုသာ ထပ်သိလိုက်ရရင် မှန်တော့ ဒီထက်ပိုဘုရားတပြီး ကုသိုလ်တွေ တထွေကြီး ဖြစ်သွားနိုင်သည်။

မြတ်ရဲ့ ဘဝမှာ အဲဒီလူသားလေး တစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရမှုကို ဖြစ်တော့မှာ အထိပါ သိသွားခဲ့ရင်တော့ မူးမေ့တောင်သွားနိုင်ပါသေးသည်။

❖❖❖❖❖





"နှောင်း..."

ဒါပါနဲ့ဆို ငါးခါလောက်ရှိပြီဖြစ်သော ခေါ်သံတစ်ခုက ကိုယ့်အခန်းနှင့် နီးကပ်လာပြီမို့ "နှောင်း" က လက်ထဲကစာအုပ်ကို လက်ညှိုးညှပ်ပြီး ကိုင်လိုက်ကာ အခန်းနှင့် ဆက်ရက် ရေချိုးအိမ်သာထဲသို့ ပြေးဝင်လိုက်သည်။

"နှောင်း..."

ခေါ်သံနှင့်အတူ အခန်းတံခါး 'ချပ်' ကနဲ ပွင့်လာခြင်းက နှောင်းရဲ့ ရေချိုးခန်းတံခါး သော့ချလိုက်သံ 'ဂျောက်' ကနဲနှင့်ကွက်တိ။

သို့သော် ဒေါ်ခင်ဆက်မော် ကတော့ နှောင်း တစ်ယောက် ရေချိုးခန်းထဲ တမင်ပြေးဝင် ဂျက်ချလိုက်ပြီမှန်း နားလည်လိုက်ပါသည်။

"နှောင်းရေ..."

"အီးပါနေတယ်..."

ဘောက်ဆတ်ဆတ်သံနှင့် တုန့်ပြန်ကာ အမေလုပ်သူကို ဆန့်ကျင်လိုက်သူမှာ အသက်နှစ်ဆယ်ကျော် နောက်တစ်နှစ် နှစ်နှစ်ဆို ဆရာဝန်တစ်ယောက်ဖြစ်လာတော့မည့် ကြီးကောင်ကြီးမားအရွယ်ရောက် သားတစ်ယောက် ဖြစ်ပါသည်ဆိုရင် ကြားရတဲ့လူတိုင်း ရယ်မောချင်ကြမည် ထင်သည်။

ဒေါ်ခင်ဆက်မော် တို့အိမ်မှာတော့ ထိုဖြစ်ရပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ် ဖြစ်ပျက်နေသော ကိစ္စတည်း။ ဘယ်အရာလေးမှာမဆို အသေးအဖွဲ့လေးကအစ ကြီးကြီးမားမား အရာအဆုံး မိခင်လုပ်သူကို ဆန့်ကျင်ပစ်လိုက်ရမှ ကျေနပ်တတ်သော သားတော်မောင်ကို ဒေါ်ခင်ဆက်မော် ဘယ်လိုကိုင်တွယ် ရပါမည်နည်း။

စာကြိုးစားသော ပြောင်တိပြောင်ချော်လေး ဖြစ်ပေမယ့် ကိုယ်ကလွဲရင် လူတကာအပေါ် လိမ်မာယဉ်ကျေးလှသော အရက်မသောက် ဖဲမရိုက် ဆေးလိပ်ပင်မသောက် မိန်းကလေးများကိုလည်း ပြောင်လိုက် စလိုက်ဖို့ကလွဲပြီး စိတ်မဝင်စားသော သားလုပ်သူမှာ မိခင်လုပ်သူအပေါ်ကျတော့ အသေးစိတ်လေးကအစ ရွဲ့လိုက်ချိတ်လိုက် ဆန့်ကျင်ပစ်လိုက်ရမှ ကျေနပ်နေတတ်သဖြင့် ဒီလိုသားမျိုးကို လိမ်မာသည်ဆိုရမလား ဆိုးသွမ်းသည့်ကလေးတစ်ယောက်လို့ပဲမြင်ရတော့မလားဒေါ်ခင်ဆက်မော်မှာ ဝေခွဲမရရှိလှပါသည်။

သူဆယ်တန်းကို ဘာသာစုံဂုဏ်ထူးနှင့် အောင်စဉ်က ဒေါ်ခင်ဆက်မော်ခမျာ ဆေးတက္ကသိုလ် သွားစေချင်လွန်း၍ ဉာဏ်ထုတ်လိုက်ရတာ အိမ်က အလုပ်သမားတွေရော အမျိုးထဲအဆွေထဲရော အိမ်လာသမျှ ဧည့်သည်အားလုံးကိုပါ သူ့ဂုဏ်ထူးတွေ တသီကြီးပါပေမယ့် ဘာလုပ်ဖို့လဲ ဆေးကျောင်းတွေ ဘာတွေ ဆက်တက်နေရင် အချိန်တွေကုန် စာတွေပိန်နဲ့ ကိုယ့်မိဘလုပ်ငန်းကိုင်ငန်း အကြောင်းဘာမှ သိနိုင်တော့မှာ မဟုတ်ဘူး စာပေးစာယူနဲ့ပဲ ရိုးရိုးဘွဲ့တစ်ခုကို အမြန်ယူ ခုတည်းက မိဘလုပ်ငန်း အကြောင်းလေ့လာထားသင့်တာပေါ့ ဟု သူ့ရှေ့တင်ရော





ကွယ်ရာမှာပါ တွင်တွင်ကြီး ပြောလိုက်ရတာ...

နောက်ဆုံး ဆေးတက္ကသိုလ်ကို ခုံနံပါတ်မြင့်မြင့်နှင့် သူ့ဘာသာ ပျော်ပျော်ကြီး ဝင်သွားလို့မှ သက်ပြင်းမချနိုင်သေးလူလည်ကလေးက ပထမနှစ်တဝက်လောက်မှာပင် အမေ့လှည့်ကွက်ကို ရိပ်မိကာ လုံးဝစာမကျက်တော့သည်မှာ နောက်ဆုံးနှစ်အပိုင်း(က) နှစ်တဝက် ရောက်သည်ထိ...

အကျအရှုံးမရှိဘဲ ကပ်ကာပွတ်ကာ အောင်နေသေးတာမို့ ဒေါ်ခင်ဆက်မော်မှာ “စာကျက်လေနှောင်း” ဟု တစ်ခွန်းမှမပြောရဲဘဲ ရင်ဖိကာသာ ကြည့်နေရပါသည်။ ခုမှ သူ့ဘာသာသူ ပြန်ထိမ်းလိုက်ကာ စာကြည့်စားပွဲကို အပတ်တကုပ်ထိုင်လာတတ်တာ တစ်နှစ်ခန့်ပဲ ရှိပါသေးသည်။

နေရာတကာတိုင်းမှာ သားလုပ်သူရဲ့ စိတ်တိုင်းကျအမြဲပဲ အလျှော့ပေး လွှတ်ထားတတ်တာမျိုးတော့လည်း မဟုတ်ပါ ‘ဆက်’ ဆိုတာကလည်း နံမည်တစ်လုံးနဲ့ တစ်သက်လုံး တံခွန်ထူလာခဲ့သည့်မိန်းမပဲ သားနဲ့ထိပ်တိုက် တွေ့ရသည့်ကိစ္စတိုင်းမှာ ‘ဆေးတက္ကသိုလ်’ ကိစ္စလိုတဖက်လှည့်ကာ စီမံလိုက်တတ်ခြင်းတွေရှိတတ်သလို ပေါ်တင်ကြီး ပြတ်ပြတ်သားသား ရင်ဆိုင်အမိန့်ပေးရတတ်တာမျိုးတွေလည်း ရှိခဲ့သည်ပင်။ ဒါပေမယ့် ကိုယ်ကဘဝမှာ မှန်ကန်တဲ့ အတွေးအခေါ်မျိုးလည်း ရှိနေပြီ မိဘမေတ္တာကလည်း ထပ်ဆောင်းထားသေးသည်ဆိုတော့ ကိုယ့်ရဲ့တစ်ဖက်သတ်စီမံချက်တို့ဟာ သားတစ်ယောက်အတွက် အဆိုးလုံး မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေနိုင်ဘူးဆိုတဲ့ အချက်နဲ့ပဲ သားနဲ့ပြဿနာတက် ရင်ဆိုင်ရလေတိုင်း ခံစားရတဲ့ ခံစားချက်တစ်ချို့ကို လစ်လျူရှု ဥပေက္ခာပြုထားနိုင်ပြီး။ ဒေါ်ခင်ဆက်မော်က ဖြေသိမ့်နေရတော့တာပါပဲ။

နှောင်းလေးဘာကြောင့် ဒီလိုဖြစ်နေရသလဲဆိုတာကိုလည်း ဒေါ်ခင်ဆက်မော်က နားလည်သည်။ နှောင်းဟာ ငယ်ကတည်းက အဖေ့သား အဖေနဲ့အမေပြဿနာ ဖြစ်လေတိုင်း အဖေ့ဘက်ကသာ ထာဝစဉ်ရပ်ခဲ့သူ အဲဒီလိုဖြစ်သွားရတာလည်း နှောင်းရဲ့အစ်မ 'ဆက်'က အမေ့ဘက်က စွတ်ပါနေခဲ့လို့ ဖြစ်မည်။

'ဆက်'ကို ဖခင်တစ်ယောက်အပေါ် လေးစားချစ်ခင်တတ်ဖို့ ဒေါ်ခင်ဆက်မော်က အမြဲသင်ကြားနေချိန်မှာ သူတို့အဖေဟာ 'နှောင်း'ကို ဘာလို့ မပြုပြင်နိုင်ခဲ့ရသလဲ ဆက်တစ်ယောက် ကိုးတန်းကျောင်းသူဘဝမှာပဲ ဆုံးပါးသွားခဲ့သော အခါမှာတော့ နှောင်းကိုပဲ အပြည့်အဝ အာရုံစိုက်ချင်လာရတာ နှောင်းဆီက အာရုံစိုက်မှုကို လိုလားလာရတာတွေဟာ မိခင် တစ်ယောက်အတွက် အတ္တကြီးမားလွန်းလှသည်ဟု ခေါ်နိုင်ပါ့မလား...

အမိက,ကတော့ အိမ်ထောင်ကျကတည်းက နှစ်ရှည်လများ ကိုယ့်အပေါ် နားမလည်သဘောကွဲလွဲဖို့လောက်ပဲ စဉ်းစားနေသည့် ခင်ပွန်းသည်ရဲ့ မှားယွင်းမှုတွေ သက်သက်ပါပဲ။ မိဘနှစ်ပါးစလုံးနှင့်ဆိုင်သော ကလေးငယ်တစ်ယောက်ကို အတူတကွ ချစ်ခင်အုပ်ထိန်းကြဖို့ထက် ကိုယ့်ဘက်ပါအောင် လုယက်





နေရသည်က အဓိကလိုဖြစ်နေခဲ့တော့ ကလေးငယ်ရဲ့ စိတ်ထဲမှာ သန့်စင်သော အတွေးများ ပျောက်ကာ တိမ်သလ္လာဖုံး ခံထားရသလိုပဲ ရှိခဲ့မည် အမှန်ပင်...

နှောင်းရဲ့ ဖေဖေဟာ ဆက်နဲ့ တက္ကသိုလ်အတူတက်ခဲ့ကြစဉ်က ဒီလောက်ဂျစ်ကန်ကန်နိုင်သော ကပ်သပ်သော အတွေးအခေါ်မျိုးတွေ ရှိနေလိမ့်မယ်လို့ ဆက် လုံးဝမရိပ်မိခဲ့တာ အမှန်။ ဆက်ရဲ့ မိဘဘက်မှပါလာသော စီးပွားရေးလုပ်ငန်းကြီးများကို ဆက်နှင့် ဒိုးတူဘောင်ဘက် လက်တွဲလုပ်ကိုင်နေရတာကို အောက်ကျသည်ဟု သူမြင်သည်။ အကြံဉာဏ်တောင်းလျှင်လည်း တွေ့မဆုံးရိမဆုံးတော့ကာ နောက်ဆုံးသူ့ဘာ၁သာ သေးကွေးသော လုပ်ငန်းလေးတစ်ခု အခြေချလိုက်ကြောင်း သိလိုက်ရသည့်နေ့မှာတော့ ဆက်ဟာ သူ့အပေါ်မှာ လုံးဝနီးပါး စိတ်ကုန်ခန်းသွားခဲ့တာပါ။

ပြောရရင် အဲဒီလုပ်ငန်းကလေးကတော့ ဘယ်ကရသည့်ငွေနှင့် တည်ထောင်ခဲ့တာမို့လို့လဲ၊ အဲဒီလိုပြောချလိုက်ရင် သူဆတ်ဆတ်ခါသွားပြီး နေရင်းထိုင်ရင်း ကလေးတွေမှာ ဖခင်စောစီးစွာမဲ့ကာ ဆက်လည်း တစ်ခုလပ်ဘဝကို ရင်ဆိုင်ရဦးမည်... ဆက်ဘက်က အဲဒီလို အောင့်အီးမြိုသိပ်ခဲ့သမျှ သူကတော့ ဘာ မဟုတ်သည့် အမြတ်အစွန်းဖြစ်ဖြစ် မြောက်မြောက်မမြင်သည့် ဟာလေးကိုပဲ အရေးသယ်နေကာ အဓိကကျသော လုပ်ငန်းကြီး များမှာ ဆက်တစ်ယောက်တည်း မနိုင်မနင်းဖြစ်နေရတာကို သူထိုင်ကြည့်နေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားကို သူနှင့်ပြိုင်လုနေရတာကတစ်ဖက် စီးပွားရေးလုပ်ငန်းတွေမှာ အချိုးမပြေတာကတစ်ဖက်နှင့် သူနှင့်ဆက်တို့ရဲ့ ဆက်ဆံရေးက ပြေလည်တယ်ရယ်လို့ တစ်နေ့မှ မရှိခဲ့တာပါ။ နောက်ဆုံးသူက အနိုင်နှင့်ပိုင်းသွားချိန်မှာ သားနှင့်ဆက်တို့ရဲ့ကြားက ဆက်ဆံရေးက ဝမ်းနည်းစရာကောင်းအောင် ပျက်ယွင်းပြီး ကျန်ရစ်လေသည်။

အနိုင်နှင့်ပိုင်းသွားခြင်း။

ဆက်ကတော့ အဲဒီလိုပဲ စွပ်စွဲလိုက်ချင်ပါသည်။

"လောကမှာ သူဌေးမယောက်ျားဖြစ်ရတာ အဆိုးဆုံးပဲကွ..."

ဟု ကြွေးကြော်ခဲ့သူသည် တစ်နေ့ အလုပ်ချိန် သုံးနာရီလောက်သာရှိပြီး ကျန်အချိန်တို့မှာ ဆီဦးထောပတ်စား အရက်သောက် မိန်းမကိုဂျီတိုက်နှင့် နှစ်ပေါင်းများစွာ ကြာလာခဲ့သောအခါမှာ "နှလုံးနှင့်သွေးတိုး" ရောဂါစွဲကပ်နေပြီဆိုတာ ကာယကံရှင်တောင် မသိသည့်ကိစ္စမို့ ဆက်ကလည်း ဒိဗ္ဗစက္ခုရကာလိုက်ပြီး မသိနိုင်တာအမှန်ပါ...

သူ ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးသွားခြင်းသည် မသေဆုံးမီတစ်ရက်က အကြီးအကျယ်ရန်ဖြစ်လိုက်မိသော ဆက်ရဲ့ ခေါင်းပေါ်သို့ အပြစ်ထုပ်ကြီး လုံးလုံးလျားလျား ကျရောက်ခဲ့လေတော့သည်။

ဘယ်သူတွေ ဘာထင်ထင် ဆက်ကလုံးဝအရေး





မထားသော်လည်း သားဖြစ်သူက "ဆက်ဟာလိုအင်ဆန္ဒတွေကြီးမားသူအဖြစ် ကိုယ့်ဆန္ဒကိုတစ်ဖက်သတ် အကောင်အထည်ဖော်တတ်သူအဖြစ် အတ္တစိတ် ကြီးလွန်းသူအဖြစ်" မြင်ယောင်တာ အဲဒီစိတ်တွေကြောင့်ပဲ သူ့အဖေသေဆုံးခဲ့ရတာဟု တထစ်ချစွဲမြဲသွားတာကိုတော့ ဆက်ရဲ့ အမှားကြီးမားလှသော ဆုံးရှုံးမှုကြီးအဖြစ် မှတ်ယူပါသည်။

"နှောင်း... မင်းအီးပါနေတာက ဘယ်တော့လောက်များပြီးမယ်ထင်သလဲ... မေမေပြောစရာရှိလို့..."

"အီးပါတာပဲ... ဗိုက်ထဲမှာ အစာဟောင်းကုန်မှ ပြီးမှာပေါ့ အစာဟောင်း ဘယ်တော့ကုန်မလဲ ဆိုတာကတော့ ချောင်းမကြည့်နိုင်လို့ မသိ..."

ဒေါ်ခင်ဆက်မော်မှာ ရယ်ချင်စိတ်ကို နှုတ်ခမ်းအအကိုက်ကာ ထိမ်းလိုက်ရပြီး ရေချိုးခန်းတံခါးကို အသာခေါက်ရာ...

"ညနေကျ... နှောင်း ဘယ်မှသွားစရာမရှိဘူး နော်... မေမေ့ဧည့်သည်တွေ လာစရာရှိတယ်... နိုင်ငံခြားသားတွေနော်... နှောင်းကိုပါ တွေ့ချင်နေကြတယ်... နှောင်းပါ ညစာစားပွဲတက်မှ ဖြစ်မယ်..."

"ဟာ... သွားစရာရှိတယ်..."

"နှောင်းကို မေမေဒါးရက်တောင် ကြိုပြောထားတာလေ... နှောင်းပဲ သွားစရာရှိမှာ မဟုတ်ပါဘူးဆို.. "



www.burmeseclassic.com

www.burmeseclassic.com



"ခု ရှိလာပြီ.. မနေ့က သူများထီးတစ်ချောင်းပါလာတာ သွားပြန်ပေးရမယ်.. သိပ်ခင်လှတာမဟုတ်ဘူး.. အားနာစရာကြီး..."

ထီးအကြောင်းပါလာ၍ ဒေါ်ခင်ဆက်မော်က အကျီချိတ်စင်လေးမှာ ချိတ်ထားသည့် ထီးကြည်ကြည်လေးကို လှမ်းကြည့်လိုက်သည်။ ဟုတ်ပါရဲ့ အဖျားမှာ အဖတ်ဖတ်လေးတွေနှင့် လက်ကိုင်မှာ ကာတွန်းရုပ်လေးတွေပါသော ဒီမိန်းမဆောင်းထီးခုံးခုံးလေးအကြောင်း မနေ့ကတည်းက သိချင်စိတ်နှင့် အသည်းယားနေခဲ့ရတာ။

ဒေါ်ခင်ဆက်မော်က အကျီချိတ်စင်လေးရှိရာ အပြေးသွားပြီး ထီးလေးကို ကိုင်ကြည့်လိုက်သည်။ ဆက်ကိုသားက လိုအင်ဆန္ဒတွေ ကြီးမားသူအဖြစ် သတ်မှတ်ရင်လည်း သတ်မှတ်ပါစေ သားရဲ့ အရေးအရာများမှာတော့ ဆက်ကပါဝင်ချင်လှပါသည်။ အိမ်ထောင်ရေး ကံမကောင်းခဲ့သော ဆက်အဖို့ သားဖြစ်သူ အလှည့်မှာတော့ ကောင်းလွန်လှပစေချင်သည်။

ပြီးတော့လည်း ဒီသားလေးတစ်ယောက်နှင့်တောင် မပြေလည်လှသောဆက်မှာ ချွေးမတစ်ယောက်ရကာမှ ပိုဆိုးပြီး လုံးလုံးလျားလျား အဆက်အဆံ ပြတ်သွားမှာကို စိုးရိမ်လှတာမို့ သားရဲ့အိမ်ထောင်ဘက်ဟာ ဆက်သဘောကျ နှစ်မြို့က်သူလည်း ဖြစ်ကိုဖြစ်ရမှာ ဆက်ရဲ့ ရည်မှန်းချက်ဖြစ်သည်။ ဒါကိုတော့ တစ်ဖက်လှည့်နဲ့ပဲဖြစ်ဖြစ် တိတိကျကျ ပေါ်တင်တိုက်ယူ





အမုန်းခံ၍ပဲဖြစ်ဖြစ် ဆက်ဖက်က မလျော့တမ်းပဲ စီမံရမှာပဲဖြစ်သည်။

သားမှာ မိန်းကလေးမိတ်ဆွေ များများစားစား မရှိလှပါ။ ရှိသမျှကိုလည်း ဆက်က ကိုယ့်နည်းကိုယ့်ဟန်နှင့်ကိုယ် စုံစမ်းကျေနပ်ထားပြီးသား..

ဆက်က အကျီချိတ်က ထီးကလေးကို ဆွဲယူကာ ဟိုဒီလှည့်ပတ် ကိုင်ကြည့်လိုက်သည်။

"မေမေ... အဲဒီထီးကို ဘယ်သူ့ထီးလဲလို့ ကြည့်လိုက်နော်..."

ရေချိုးခန်းထဲမှ အော်သံကြောင့် ဆက်က မဲ့မဲ့လေး ပြုံးလိုက်မိသည်။ သားအကြောင်း ဆက်က အတတ်သိသလို ဆက် အကြောင်းကိုလည်း သားက အတတ်သိတာပါပဲ။

"ကြည့်ပြီးပြီ နှောင်း..."

ပြောရင်းကမှ "မြတ်သူရ" ဟူသည့် စာတန်းလေးကို ထိုးပိတ်သည့် ကြိုးကွင်းလေးမှာ တွေ့သည်။ ယောကျ်ားလေး တစ်ယောက်ရဲ့ ထီးဖြစ်နေတာကို ဘဝင်ကျရမလိုရှိပေမယ့် ဒါမျိုး ထီးကိုကိုင်ပြီး နံမည်ပါထိုးထားသေးသော ကောင်လေးမျိုးကိုတော့ ဒေါ်ခင်ဆက်မော်က သဘောမကျနိုင်ပါ။

"နှောင်း သူငယ်ချင်းက မိန်းမဆန်လိုက်တာ..."

ရေချိုးခန်းထဲမှ ရယ်သံကျယ်ကြီး ထွက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com

သည်။ နှောင်းတို့ဖေဖေရဲ့ လုပ်ရပ်များစွာကို မိန်းမဆန်လှသည်ဟု ဆက်က မြင်သည်။ အဲဒါမျိုးပြောရတာ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရသလို ကိုယ့်မိန်းမသားဘဝကို ကိုယ်ပြန်နှိမ်ချရာ ရောက်ပေမယ့် ဒီလိုမျိုးလုပ်ရပ်တွေကို မိန်းမသားများကသာ အများဆုံးလုပ်တတ်ကြတာ မဟုတ်လား။ နှောင်းဖေဖေနှင့် ယှဉ်ပြီး မိန်းမဆန်တဲ့ ယောကျ်ားတွေကို ဆက်ကမကြိုက်ပါ။ ဒါကြောင့်မို့ "မြတ်သူရ" ဆိုပြီး နံမည်က ကျားယားခန့်ထည်ပါရက် မိန်းမဆောင်းထီးကိုင်ကာ စာတန်းထိုးသော ကောင်ကလေးကိုလည်း ဆက်က မနှစ်မြို့နိုင်ပါပေ။

"နှောင်း ထီးသွားပေးဖို့ဆိုရင် ခုရေချိုးခန်းက ထွက်လာပြီး ချက်ချင်းသွားပေးပါ..."

"စာကျက်နေတာ..."

"စာက ညဖက်ဒင်နာပြီးမှ ကျက်ချင်ကျက် ဒါမှမဟုတ် နက်ဖြန်တနင်္ဂလာနေ့... ကျောင်းမသွားခင် ထကျက်ပေတော့ ခုတော့ ထီးသွားပေးပြီးရင် ညနေငါးနာရီခွဲကျ အားလုံးအဆင်သင့် ဖြစ်နေပါစေ နှောင်း..."

ဒေါ်ခင်ဆက်မော်ခမျာ ပြောပြီးပြီးချင်း တစ်ဖက်က အသံထပ်ထွက်မလာခင် လှုကြီးတန်မဲ့ ပြေးလွှားပြီး အခန်းထဲက ထွက်ခဲ့ရပါတော့သည်။ တစ်ခုတော်သေးတာက အဲဒီလိုအမိန့်ဆန်ဆန်ပြောလိုက်ပြီဆိုရင်တော့ နှောင်းက မလိုက်နာတာမျိုးမရှိတတ်တော့... တခြားကိစ္စတစ်ခုခုနှင့်သာ စိတ်အနှောင့်





အယှက်ပေး ဂျစ်တိုက်တတ်လေသည်။

ညနေကျ ဧည့်သည်တွေ မလာခင်နှောင်းရဲ့ ဝတ်စားပြင်ဆင်ထားမှုကို တစ်ချက်လောက် စစ်ကြည့်ထားမှသာ အဆင်ပြေပေမည်။

✽✽✽✽✽

အရှေ့က ကောင်မလေးနဲ့ သူမရဲ့ဖိနပ်တို့ လုံးသည်ချာလည်လိုက်ကာ ဒုက္ခရောက်နေပုံကို နှောင်းက တခွီးခွီး ရယ်လိုက်မိသည်။

"ဟော့ကောင်ထွန်းကြီး... အရှေ့က အနက်ကလေး..."

ထွန်းထွန်းထံမှာလည်း ကျိတ်ရယ်သံ တခွိုးခွိုးထွက်ပေါ်လာသည်။ ကောင်မလေးဟာ လက်ငါးလုံးလောက်မြင့်သော ခွာတစ်ခုပေါ်က တစ်ကိုယ်လုံးလိမ့်မကျအောင် ထိမ်းသိမ်းနေရကာ ပုသေးသေးလေးဖြစ်ပေမယ့် အချိုးအစား ပြေပြစ်လှသော ကိုယ်လုံးကိုယ်ပေါက်လေးမှာ ယိုင်ယိုင်ရွဲ့ရွဲ့...

ဒေါက်ဖိနပ်အမြင့်ကြီး မစီးလည်းလှမှာပါပဲ ကောင်မလေးရယ်... နှောင်းကအရပ်မြင့်သော ယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ပေမယ့် မိန်းကလေးဆိုရင် ပုသေးသေးတွေကိုမှ သဘောကျချင်သည်။ ဒါမှ ငုံ့ကြည့်ကိုင်းကြည့် ဘယ်လောက် အဆင်ပြေသလဲ။ ကိုယ့်ရဲ့ မျက်ဝန်းအကြည့်ကို အောက်သို့ သိပ် မချရဘဲ ဘေးတိုက်တန်းတန်းကြီးကတော့ မနိပ်လှသေးပါဘူး။

အရပ်ပုပု ကိုယ်လုံးကိုယ်ပေါက်ကတော့သေး သေးနဲ့ပဲ အချိုးကျလှပရမည်။ ဆံပင်ကတော့ မဲမဲဖါးဖါးကြီးတွေ ဝေနေမှ အသားကလတ်လတ် ရုပ်ရည်အဆင်းကတော့ သိပ် လှပကြီးမလိုပေမယ့် ကြည့်လိုက်တာနဲ့ ချစ်စရာကောင်းနေရမည် လေ...

ကိုယ့်ရှေ့ကလဲပြုံကျတော့မတတ် ကောင်မလေး က ရုပ်တော့မမြင်ရသေးပေမယ့် ကျန်တဲ့ကိုယ့်အကြိုက်တွေနဲ့ တော့ အတော်ကြီးကိုက်ညီနေပြီ။

ကိုယ်ကစဉ်းစားနေဆဲ ထွန်းထွန်းက ရုတ်တရက် ခြေလှမ်းမြင့်လိုက်ကာ

"အရှေ့က တစ်ခေါက်ပတ်ကြည့်မှ ပြည့်စုံမှာပေါ့..."

ကိုယ့်ရှေ့က မျက်နှာချင်းဆိုင်လာနေကြသော သ ကောင့်သားများခေါင်းတွေ အသီးသီးလည်ဆင်းသွားကြ က တည်းက ကိုယ်ရယ်နေသည့်ကလေးမ မဟုတ်ရင်တောင် ရှေ့ အုပ်စုထဲမှာ အနည်းဆုံးနှစ်ခေါက်လောက် ကြည့်ချင်စရာ ရုပ်က လေးတစ်ယောက် ပါဝင်နေတာ သေချာပြီ။

နောင်းနှင့်ထွန်းထွန်းတို့ ရုတ်တရက် ရှေ့ဘက်





ထွက်ပြေးကြတော့ အတူလာသည့် အုပ်စုထဲမှ တင်ဇာနည်နှင့် ပေတို့ နှစ်ယောက်က "ဘရုတ်ကောင်တွေ"ဟု ထေ့ပနာ ပြု သည်။ သူ့ဘေးနားက တင်ဇာနည်ကလေး၏ မျက်နှာတော် မညို ရလေအောင် ဟန်ဆောင်ပန်ဆောင် ကျန်ရစ်ရသော နိုင်အောင် ဘတော့ နှောင်းတို့ကို အားကျခြင်းများစွာနှင့် သွားရေတမြားမြား ဖြစ်နေနိုင်လေသည်။

"ဟာ... အစစ်အမှန်ကလေး..."

"သို့သော်... ငါအရင်မြင်ထားတာနော် မောင်မင်း..."

"အဲဒါတွေက သိပ်အရေးမပါလှပါဘူးကွာ..."

ထွန်းထွန်းနှင့်နှောင်းတို့ ကောင်မလေးရှေ့မှာတင် သိသိသာသာကြီး အော်ဟစ်ညင်းခုန်ကြပြီးမှ နှောင်းက ထွန်းကြီး ဆက်သာအောင် ကောင်မလေးရှေ့က ပိတ်ဆို့ပြီး လမ်းလျှောက် လိုက်သည်။ ပုံစံကတော့ ကလေးမရဲ့ သွင်ပြင်အတိုင်းကွက်တိ။

ခန္ဓာကိုယ်ဟာ ရှေ့ကုန်းသွားလိုက် နောက်သို့ ကော့လန်လိုက် ခြေထောက်နှစ်ချောင်းဟာလည်း တခွင်ခွင် ပြို သိုင်လျှက် အဲဒီလိုတစ်ချက် တစ်ချက်တွေဖြစ်ပြီးပြီဆိုရင်တော့ ဘန်ကိုယ့်ဖို့ဆိုသလို တစ်ကိုယ်လုံးကို လှုပ်ခါယမ်းလိုက်ပြီး ခပ် တော်မတ်ပုံဖြစ်အောင် စိတ်ထိမ်းပြီး သုံးလေးလှမ်းလောက် လျှောက်ပြန်လေသည်။ မျက်နှာလေးမှာတော့ စိတ်မသက်သာ ဟန် ခပ်ပျက်ပျက်။

နောက်ဖက်က အုပ်အုပ်ကျက်ကျက် ရယ်သံလေး



www.burmeseclassic.com

www.burmeseclassic.com



နွား ထွက်ပေါ်လို့လာသည်။ နှောင်းက ကိုယ့်ပုံမှန်အတိုင်း ကိုယ် ခြန်လျှောက်ကာ နောက်ဖက်သို့ လှည့်လိမ်ပြီး လှည့်ကြည့်လိုက် လေသည်။ တခြားကောင်မလေးများမှာ ရယ်သူရယ် ကျိတ်ပြုံးသူ ပြုံးနှင့် နှောင်းကိုရော ထွန်းကြီးကိုပါ ဝေ့ယူဖို့ထက် သဘောကျ သည့်ဖက်က ပိုနေကြပုံရသည်။

ကာယကံရှင် ကောင်မလေးမှာလည်း သူတို့ထက် ရှက်နေတာရယ် ဒေါသနည်းနည်း ထွက်တာရယ်လောက်ပဲ ပိုလျှက် ရယ်လိုက် သဘောကျလိုက်။

နှောင်းက ကိုယ်ကလည်း နောက်ပြောင်ဘရုတ် ကျရတာကို ဝါသနာပါလှသည့်နည်းတူ အဲဒီလို ပြောင်လိုက်ရင် လည်း ခေတ်လူငယ်တွေပီပီ ရယ်မောပြန်ပြောင်ကြတာကိုပဲ အလိုရှိပါသည်။

ထွီ... ထွမ်တွေ လုပ်တာတို့ နည်းနည်းမှ ဂရုစိုက် ပုံမပြတာတို့ဆို အပျော်စိတ်ကလေးငုတ်ကာ အောက်သိုးသိုး ခံခက်လှသည်။

နှောင်းက ခုနကပုံစံအတိုင်း သုံလေးလှမ်းလောက် လုပ်ပြလိုက်ပြန်သည်။

"ကျွတ်... ကျွတ်... သနားစရာ... သွတ်ချပါဒ မကောင်းဘူး ထင်ပါရဲ့..."

"မဖြစ်နိုင်ပါဘူးဟာ... ရာမဇာတ်ထဲမှာ ဟနုမာန်မျောက် ကြီးအခန်းက အမြဲကနေရတဲ့လူမို့ အကျင့်ပါနေတာ နေ





မှာပါ..."

"ငါတော့ ပိုလီယိုဖြစ်ပြီး ခြေခွင်နေတာလို့ ထင်တာပဲ..."

"ဘာပဲဖြစ်ဖြစ်ပါဟယ်... ဒီရုပ်ဒီရည်လေးနဲ့ နှမြောစရာ"

ဟော... ဟော... စလာကြပါပြီ... ရဲတင်းသော အုပ်စုလိုက် မိန်းကလေးတွေဆို ယောကျ်ားလေးနှစ်ယောက် သုံး ယောက်လောက်ကို မှုတာတ်ကြတာမှ,မဟုတ်ဘဲ အဲလိုပြန်စတဲ့ အထိပါဖြစ်လာပြီဆိုရင်တော့ နှောင်းက ရင်ထဲမှာကလိကလိနှင့် နေအောင် အပျော်ဓာတ်ကူးကာ လူကပါ အားတက်သရောတွေ ပိုဖြစ်လာရပါတော့သည်။

"ဟာကွာ... ဒီကောင် စကော့စျေးလည်ခေါင်ကြီးမှာ မရှုက်ဘူးလား မသိပါဘူး..."

ခါတိုင်းဆိုသူလည်း တစ်တပ်တစ်အား ပါဝင်နေ ကျနိုင်အောင်က တင်ဇာနည်ရှေ့မှာမို့ ပဏာယူကာ ရှုံ့ချစကားကို ဆိုသည်။

"ဟုတ်ပါရဲ့ဟယ်... အတန်းထဲမှာဆိုရင်လည်း အတန်းထဲ မှာမို့လို့... ဟိုကောင်မလေးတွေ ပြောသလိုပါပဲ... သူ့ရုပ် ရည်ပုံပန်းလေးနဲ့ နှမြောစရာ..."

ဆေးတက္ကသိုလ်စရောက်ကတည်းက ခုံနံပါတ် ချင်း နံမည်ချင်းကပ်ရက်တွေမို့ နှောင်းဒါဏ်ကို ခံနေရကျ ပပနှင့် တင်ဇာနည်တို့က မရှိုးနိုင်စွာပဲ ကိုယ်စီညည်းညူလိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်လည်းငါပါလို့ပါ... ခါတိုင်းဆို ဒီလိုပဲ မဟုတ်လား နိုင်အောင်ရဲ့... အဲလိုပြောင်ရတာ နင်တို့ဘာများ အရသာ ရှိသလဲဟင်..."

နိုင်အောင်က ပြုံးဖြဲဖြဲနှင့် တဟဲဟဲ ရယ်မောလိုက်သည်။

"အဲဒီကောင်ဟာ ဒီလိုပြောင်နောက်မနေရင် မိန်းကလေး တစ်ယောက်ကို ခေါင်းခေါက်ချွေးလို့ ရပါတယ်ဟယ်..."

"ဟာ... ဒါဆိုရင်တော့ နင်မှားပြီပပ... ခုဟာတွေက ပျော်လို့ ဝါသနာပါလို့ လုပ်တာပါ... ခေါင်းခေါက်ချင်တာနဲ့ အဝေးကြီး... တကယ်ချစ်လာရင် ဒီကောင်ဒါမျိုး ဘယ် လုပ်မလဲ..."

"နင့်လိုပဲ ဇာနည်နားမှာ သူတော်ကောင်းယောင်ဆောင် နေမှာပေါ့ ဟုတ်လား..."

"အယောင်ဆောင်တာ မဟုတ်ပါဘူးဟာ... နည်းနည်းပြုပြင်ပြောင်းလဲလာတာပါ... နင်ဒါတွေ တနေ့တော့ သိမှာပေါ့ ပပ... ခုတောင်နင့်ခေါင်းက အခေါက်ခံချင်လွန်းလို့ ရှေ့ပြူထွက်ပြီး လည်ပင်းကြီးရှည်နေပြီ မဟုတ်လား..."

"ဟယ်... အယုတ်တမာ... ဇာနည်... နင့်လူကို ကြည့်ပြော ဦး..."

ဇာနည်က ပပနှင့်နိုင်အောင်တို့ကိုကြည့်ကာ ပါး စပ်မပိတ်နိုင် ထွန်းထွန်းနှင့်နှောင်းတို့လည်း မမောနိုင်မပန်းနိုင်





အောင်ပင် တခွီးခွီးတွေ ဖြစ်နေကြလေသည်။ ထိုအချိန်မှာ ပြုံးလဲ နေသော ကောင်မလေးက လျှောက်လှမ်းနေရာမှ ရုတ်တရက် ခုပ်တန့်လိုက်ကာ မင်းလမ်းမကြီးမှ လမ်းချိုးတစ်ခုထဲသို့ ချိုးကွေ့ ချလိုက်သည်။

"ငါသည်းမခံနိုင်တော့ဘူး... ဖိနပ်ပါတစ်ရံဝယ်ပြီး လဲစီး မယ်..."

"ဘာကိုသည်းမခံနိုင်တော့တာလဲ... ဖိနပ်ကိုလား... လူ ကိုလား..."

"နှစ်ခုစလုံးကို... တောက်..."

တောက်တစ်ချက်ပါ ခတ်လိုက်ပေမယ့် ကောင်မ လေးမျက်နှာက ပြုံးစေ့စေ့ရယ်ပါ။

ကောင်မလေးတွေက ချိုးကွေ့သွားပေမယ့် သမင် လည်ပြန်ကြည့်သွားကြသေးတာမို့ ထွန်းကြီးက အားတက်သရော တွေ ဆက်ဖြစ်နေချိန်မှာ နှောင်းကတော့ ထုံးစံအတိုင်း ရိုးစပြုပြီ။

"တော်ပြီဟေ့ကောင်... ပပတို့ အားနာစရာ..."

"အံမယ်... နင်ငါတို့ကို ဘယ်တုန်းက အားနာလို့လဲ... အပိုတွေလုပ်မနေနဲ့ ငါတို့လည်း ဖိနပ်ဝယ်စရာရှိလို့ ဖိနပ် တန်းကိုသွားစရာ ရှိနေတယ်... လာခဲ့ကြ..."

အို... ဒီလိုဆိုတော့လည်း ဘယ်နှွဲ့လိမ့်မလဲ။

ထွန်းထွန်းရော နှောင်းပါ ကောင်မလေးအုပ်စုကြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ဝရုန်းသုန်းကားပြေးလိုက်ကြကာ လူကျပ်ကျပ် အတန်း ကျဉ်းကျဉ်းထဲမှာ မရ,ရအောင် တိုးကာဝေ့,ကာနှင့် ခုနအုပ်စုကြီး မှာ ဘေးဆိုင်တွေဆီ ကျောကပ်ရှောင်ရှားပေးကြရရင်း ပါးစ တွေက ပွစိကြပေမယ့် လူတွေကတော့ ရယ်ချင်နေကြတာ သိသာ ပါသည်။

အဲဒီအုပ်စုကြီးရဲ့ ရှေ့သို့ ရောက်သွားကြပြီဆို နှောင်းရောထွန်းထွန်းပါ မတိုင်ပင်ဘဲ ပြိုင်တူ ထော့နဲ့နဲ့တွေ လှ လိုက်မိကြသည်။

"ဟင်း... ဟင်း... ခိ.. ခိ..."

ရယ်သံလေးတွေ ထွက်ပေါ်လာ၍ နှောင်းက ပြ လှည့်ကြည့်မိပြန်စဉ်မှာ အလှကုန်ဆိုင်တစ်ဆိုင်မှာ ရပ်ပြီး ကိုး ကို ပြုံးပြုံးလေးကြည့်နေသည့် ကောင်မလေးတစ်ယောက် မျက်လုံးချင်းဆိုင်တိုး မိလေသည်။

မြတ်သူရ..

လွယ်ကူစွာ မှတ်မိလိုက်တာကို ကိုယ့်ဘာ သဘောတကျနှင့် လေတစ်ချက်ချွန်လိုက်မိစဉ်မှာ မြတ်သူ ဖတ်ကနဲ မျက်လုံးပြန်လွှဲသွားပြီး ခုနအုပ်စုကြီးထဲက ခလေ တစ်ယောက်နှင့် ခေါ်ပြောနှုတ်ဆက်နေလေတော့သည်။

"မမြတ်... ဒါဒါတောင် ဖုန်းဆက်တော့မလို့... အဖွာ သောကြာနေ့ညနေထဲက လာနေပါတဲ့.. စနေနေ့ အ ဆွမ်း မုန့်ဟင်းခါး ကပ်မလို့တဲ့..."





"လာခဲ့မယ်..."

မြတ်မှာ ဒါဒါလေးကို ပြန်ဖြေလိုက်ပေမယ့် မျက် ဝန်းအကြည့်များကတော့ အနက်လုံးလေးတွေ ဝမ်းဆက်နှင့် လှ တပတ ကောင်မလေးတစ်ယောက်ဆီမှာ မခွါနိုင်ပါ။ သူတို့အုပ်စု ကြီး ဝရုန်းသုန်းကားဖြစ်ကာ ဒီအတန်းထဲ ဝင်လာကြကတည်းက အနက်လုံးကလေးနှင့်၊ ကိုယ့်မင်းသားတို့ဟာ သီးသန့်ဇာတ်လမ်း ဖြစ်ကြောင်း ဘယ်သူမှမပြောရဘဲ မြတ်ကရိပ်မိသည်။ သူတို့ရဲ့ ဆက်ဆံရေးက ဘယ်လိုလဲ သူငယ်ချင်းအုပ်စုကြီးပဲလား။

"မမြတ်... ဒါဆို ဒါဒါသွားတော့မယ်..."

မြတ်ဘေးမှာ ပါလာသော ဝင်နီမှာ အမည်တောင် မသိရသေးပေမယ့် မြတ်တစ်ယောက်သေမတတ် ဖြစ်နေသော ကောင်ကလေးကို သူလည်းတွေ့ရှိမှတ်မိပါသည်။ ဒါပေမယ့် မြတ် လိုမေတ္တာရှိရင်းစွဲ မဟုတ်လေတော့ တွေ့တွေ့လိုက်ချင်းသူ့ အမြင် ဘာတော့တစ်မျိုး ဒါဒါတို့အုပ်စုကြီးကို ထိုကောင်လေးက တမင် ကြီးလိုက်ပြောင်နေမှန်း ချက်ချင်းသိသည်။ သိလိုက်သည်ဆိုတာ နဲ့ပဲ အမြင်က,ကပ်ပြီးသား ဖြစ်သွားရလေသည်။

ဘယ်နှယ့်လဲ တွေ့သမျှ မြင်သမျှ မိန်းကလေး တိုင်းကို သူပျော်ဖို့ ပြောင်ဖို့လောက်သာ စိတ်ကူးသည့် ကောင်စား နဲ့လေးထင်ပါရဲ့ အမြင်ကပ်မိပြီဆိုတာနဲ့ ဝင်နီက ကျောခိုင်းထား လိုက်တော့သည်။ တော်ကြာ ကိုယ့်မြင်ပြီး စကားလာများနေဦး ဘယ့်နှယ့်လုပ်မလဲ မြတ်ကလေးကိုလည်း အမြင်မှန်ရဖို့ ဆော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပြောဆို နားသွင်းရဦးမည်။

အင်း... လွယ်ပုံမလား။ မြတ်ဟာ မမြင်ဘူး မကြဲ့ဖူးတာလည်း မဟုတ်ဘဲနှင့် ထိုသကောင့်သားလေးကို အစွဲကြီးစွဲနေပြီမှန်း အဆုံးမရှိနိုင်သော စကားအသွားအလာများအရ ဝင်နီက သိရှိသေချာနေရပြီတည်း။

"ဟိတ်... မြတ်... မြင်ရဲ့သားနဲ့ ဘာလို့ မမြင်ချင်ယောင်ဆောင်ရတာလဲ... ထီးလာပြန်ပေးပြီးပြီ... ရတယ်မဟုတ်လား..."

"အဲဒါ အဖွားအိမ်... ကျွန်မက စနေနေ့မှ သွားတတ်တာ ဒီကြားထဲမှာ မရောက်သေးဘူး..."

မြတ်မှာ ဒီသောကြာညဖက်မှာတော့ ငါးအရိုးနွှင်ရင်းဖြစ်ဖြစ် ဟင်းအိုးမွှေရင်းဖြစ်ဖြစ် အဖွားနှင့်ရင်ဆိုင်ရတော့မည်ဆိုတာ အတပ်သိလိုက်ပါသည်။ ဘယ်လိုမှ အပိုးကျိုးမှာ မဟုတ်သည့်ပုံစံမျိုးနှင့် ထီးသွားပြန်ပေးနေမှာ သေချာသလောက်ပဲမဟုတ်လား။

"ဟား... ဟား... ဟား... ကိုင်ကြည့်နေပြန်ပြီ အဲဒီကလေးပြီးရင် ယူမှာလည်း မဟုတ်ဘဲနဲ့..."

မြတ်မှာ ကိုယ့်လက်ထဲက ကလစ်လေးကို ငုံ့ကြည့်ရင်း နှုတ်ခမ်းလေးကိုက်ကာ တုန်တုန်ရင်ရင် ဖြစ်ချင်လာရသည်။

ကြည့်စမ်း သူဟာ ဈေးပွဲတော်တုန်းက ကိစ္စခုထိ မှတ်မိနေသေးသည်။ တစ်ခုနှင့်တစ်ခု သိပ်မကွဲလှသေ





ကလစ်ပုံစံများကို ယောကျ်ားသားလေးတစ်ယောက်အနေနဲ့ ခွဲခြားမှတ်မိနိုင်ဖို့ ခက်တော့မပေါ့။ ဒါနဲ့တောင် မြတ်လိုချင်နေတဲ့ ပုံစံလေးကို သူမှတ်မိနေတယ်။

ဒါဒါတို့အုပ်စုကြီး မလှမ်းမကမ်းက ဖိနပ်ဆိုင်မှာ အလုပ်ရှုပ်နေကြပြီဖြစ်ပေမယ့် အနက်လုံးကလေးကတော့ သံယောဇဉ် မကင်းနိုင်စွာ ဒီဖက်ကို လှည့်ကြည့်လှည့်ကြည့် ဖြစ်နေတာ မြတ်ရောနှောင်းပါ ရိပ်မိကြသည်။

"ကဲ... သွားတော့မယ်... ဟိုမှာ သူငယ်ချင်းတွေ စောင့်နေကြပြီ... ဟိုဖက်က ဟိုတစ်ယောက်... မြတ်သူငယ်ချင်းနာမည်ဘယ်သူလဲတော့ မေ့သွားပြီ... အဲဒီတစ်ယောက်လည်း သွားပြီနေ့်..."

ဝင်နီကား ကိစ္စပြတ်အောင် လှည့်လို့ပင် မကြည့်လိုက်ပါ။ ထွက်သွားပြီဆိုတာ သေချာတာနှင့် အတင်းလည်းစပြောလိုက်သည်။

"နင်ကသာ နေ့တိုင်းပြောမဆုံး... ဟိုကတွေ့လား နင့်ကိုခေါင်းထဲမှာတောင် ရှိချင်မှရှိမယ်... ခရီးသွားဟန်လွှဲနောက်တစ်ယောက်ကို လိုက်ပြောင်နေပြန်ပြီ..."

"ငါ့နာမည်နဲ့ ငါ့ကို မှတ်မိနေသားပဲ..."

"ဟဲ့... အဲဒါ ဘာဆန်းလဲ... ငါ့ကိုလည်း မှတ်မိသားပဲ... ဦးနှောက်လေး နည်းနည်းကောင်းလို့နေမှာပေါ့... ဘာမှထူးခြားဖို့ မရှိဘူး..."



www.burmeseclassic.com

www.burmeseclassic.com

မြတ်က ဘာမှဆက်မပြောတော့ပေမယ့် စိတ်ထဲကတော့ ပြောနေပါသေးသည်။ ဝင်နီ့နာမည်ကို ဘယ်မှာ မှတ်မိလို့လဲ။ မြတ်ကိုတော့ ကလစ်ပုံစံလေးကအစ မှတ်မိတာပါ။ ပြီးကျတော့ ဟိုကောင်မလေးအုပ်စုက သူ့သူငယ်ချင်းတွေလို့ ပြောတာပဲ။ အို... သူငယ်ချင်းမဟုတ်လည်း ကိစ္စမရှိပါ.. ပျော်တတ်သူယောက်ျားလေးတစ်ယောက်ဟာ ဒီလောက်လေးလုပ်တာ ဘာများအပြစ်ကြီး ဖြစ်စရာရှိလဲ...

မြတ်က ကလစ်လေးကို ဆိုင်ရှင်လက်ထဲ ပြန်ထည့်ပေးလိုက်သည်။ ဝင်နီ့ကိစ္စက မပြီးသေးတာမို့ ရပ်စောင့်ရင်း နှောင်းတို့ဖက်သို့ လှည့်ကြည့်နေမိ၏။ သောကြာနေ့ကျမှ ဒါဒါ့ကို မေးကြည့်ရင် ကောင်းမလား။ ဟင်... မမေးချင်ပါ.. ဒါဒါဟာ မှုန့်နှင့်မတူ စိတ်ထဲမထင်ရင် မထင်သလို ဂျစ်ကန်ကန်နိုင်ကာ မြတ်နှင့်လည်း ညီအစ်မရယ်လို့ ဒီလောက်ကြီးခင်လှတာမဟုတ်ပေ။

မြတ် စိုက်ကြည့်နေဆဲမှာပင် နှောင်းက ဖိနပ်ဝယ်နေကြသည့် ပပနှင့်တင်ဇာနည်တို့ကို ပြောင်လိုက် ဟိုဖက်က အုပ်စုကိုပြောင်လိုက် ဖိနပ်ပါးလေးဝယ်ပြီးသွား၍ ချစီးလိုက်ပြီး ရုတ်တရက် အရပ်ပုကျသွားသော ကောင်မလေးကိုတော့' သဘောတကျနှင့် ရယ်ချင်မဆုံး ပြောင်မဆုံး ဖြစ်နေပါတော့သည်။

ကြည့်စမ်းပါဦး... ပုတ္တုတုလေးနှင့် ရယ်ချင်စရာလေး ဟိုသူငယ်မ 'မြတ်'ဆိုရင် စချင်နောက်ချင်လို့မှ အတင်းကြီး





ငှဲ့ကာ ငှဲ့ကာ ကြည့်လို့မရ အရပ်ကလည်းမြင့်သေး.. နာမည်ကသည်း 'မြတ်သူရ' တဲ့ဗျာ...

သို့သော် ပြန်ခါနီး တစ်ချက် မြတ်ဖက်လှည့်ကာ သက်တစ်ချက်ပြုဖြစ်အောင် ပြခဲ့သေးတာမို့ မြတ်မှာ ရင်တုန်ပန်းတုန်နှင့် ကျန်ရစ်ရပြန်ပါသည်။

*****

ဖခင်အိမ်မှာတစ်မျိုး အဖွားအေအိမ်မှာတစ်မျိုး အရေခွံချွတ်လဲကာ အသွင်ပြောင်းတတ်သော မြွေတစ်ကောင် ...ပြောင်းလဲလှုပ်ရှားတတ်သော မြတ်မှာ နောက်တစ်ချီသူနှင့် ...ကြတော့ သူကစတွေ့ရင်တောင် ဘယ်လိုမှ မမှတ်မိနိုင်စရာ ...ဖြင့် ကိုယ်ကျပ်အသားကပ်အင်္ကျီ လက်ပြတ်အဖြူကလေးနှင့် ...ပ်ထပ်များစွာပါသော စကပ်အဖြူတိုလေးနှင့် ဖြစ်လေသည်။

ငယ်ငယ်က နိုင်ငံ့ဂုဏ်ဆောင် အပြေးချန်ပီယံ ...ဦးဖြစ်ခဲ့တဲ့ မြတ်ရဲ့ဖေဖေဟာ မြတ်နဲ့ထူးတို့ ညီအစ်မနှစ် ...တ်ကို အားကစားတစ်ခုခုနှင့် ဝါသနာပါစေချင်တာ အကြီး ...ုံး ဆန္ဒဖြစ်သည်။ ထူးကတော့ ဘယ်လိုမှ ပြောမရခဲ့ တာမှ



www.burmeseclassic.com

www.burmeseclassic.com



တ... မြတ်ကလည်း သိပ်ကြီးဖြစ်မြောက်လှတာယ်မဟုတ်ပေမယ့် ရေကူးနှင့် တင်းနစ်(စ်)ကိုတော့ ဖြစ်အောင် ကျင့်ထားခဲ့ရာမှ ခုကျတော့ မြတ်ကအန်တီဟုခေါ်သော မြတ်တို့ရဲ့ နောက်ထပ် မေမေမှ မွေးသော မြတ်တို့ရဲ့မောင်... 'ကောင်းသူရ' ကလေးက အရွယ်နဲ့မလိုက်အောင် အပြေးချန်ပီယံတစ်ယောက် ဖြစ်လာခဲ့မှ မြတ်မှာ မျက်လုံးပြူးမျက်ဆံပြူး မနာလိုတိုရှည်စိတ်တွေကြီးပြီး ကိုယ်တတ်ထားတာလေးတွေ ထူးချွန်အောင် ပြန်လုပ်ယူရတော့ တာပေါ့...

အိမ်နှင့်မဝေးလှသော ကလပ်(ဘ်) အားကစားရုံ သို့ ပြိုင်ဘီးလေးနင်းကာ တစ်ပတ်သုံးရက်သွားကျင့်နေကျမို့ အားကစားရုံအပြန်မှာ တင်းနစ်(စ်)ရက်ကက်လေးကျောမှာ လွယ် စက်ဘီးလေးကို အသာတွန်းရင်း လူရှင်းလှသော လမ်းတစ် လျှောက် ခပ်ဖြေးဖြေးလျှောက်လာဆဲ သူ့ကိုလှမ်းမြင်လိုက်ရခြင်း ဖြစ်သည်။

သူတို့က သုံးယောက်... လူရှင်းရှင်းလမ်းမှာကား မောင်းလာကျင့်နေမှန်း သေချာသော တုံ့တုံ့နှင့် နှေးကွေးနေသည့် ကားတစ်စီးရှေ့ တွန်းထိုးပုတ်ခပ်ကာ သွားနေကြရာမှ ကားလေး ရှေ့သို့ သူက လဲကျသွားခဲ့တာပါ..

"သေတော့မှာပဲ..."

မြတ်က ဘေးလူကြားမကြား မဆင်ခြင်နိုင်ဘဲ ခပ်ကျယ်ကျယ် အော်လိုက်မိသည်။ တကယ့်ကိုသေတော့မှာပဲ





သူ့ရဲ့ အဲဒီနောက်ပြောင်လို့မှုတွေကို သေမှဖျောက်မည့်ပုံရပြီး အဲ ဒီလိုနောက်ပြောင်မှုနဲ့ပဲ သူသေမှာပါပဲ။ ခုဟာက မတော်တဆ မဟုတ် တမင်ကြီးမှောက်ကျသွားပြီးမှ ကြောင်တစ်ကောင်လို 'ဖတ်'ကနဲ ပြန်မတ်လာသော...

ကားမောင်းကျင့်နေသော ကောင်မလေးမှာ'အား' ကနဲ အသံထွက်အော်လိုက်ပြီး ဘရိတ်ဆောင့်အုပ်လိုက်တာမို့ ကားက ဂလုံး... ဂလုံးမြည်ကာ ဆောင့်အောင့်ရပ်တန့်သွားသည်။ ခပ်လှမ်းလှမ်း ဓါတ်တိုင်သုံးလေးတိုင်စာလောက်မှာ ရှိနေသည့် ကောင်မလေး၏ အဖေသို့မဟုတ် ဦးလေးသားချင်းဖြစ်ဟန်တူ သော ဦးလေးကြီးတစ်ဦးလည်း ပြေးလာလေသည်။

"ဘာ... ဘာဖြစ်သွားသေးလဲ..."

စိုးရိမ်တကြီး ဆင်းချလာသော ကောင်မလေးကို အမြင်မှာ မြတ်မျက်ခုံးတွေ မြင့်တက်သွားရသည်။ ဟိုတစ်နေ့က အနက်လုံးဝမ်းဆက်နှင့် ဒါဒါ့သူငယ်ချင်းမလေး...

မြတ်သည် ကိုယ်တိုင်လည်းပဲ ဒုတိယအကြိမ်ဆုံ ခဲ့ရစဉ်က ဖြစ်ပျက်တုန်လှုပ်ဝမ်းသာသွားရမှုကို ပြန်သတိရမိကာ ဒီကောင်မလေးလည်း ဒီလိုပဲနေမှာဟု ရုတ်တရက် မနာလို ဝမ်း နည်းစိတ် ဝင်သွားရသည်။ ကောင်မလေးမျက်နှာကတော့ သူတို့ အုပ်စုကြီးကို မြင်မြင်ချင်း မှတ်မိစူပုပ်သွားလေသည်။

"သေသွားမယ် သိလား..."

ဘာမှမဝေးသော အကွာအဝေးလေးမို့ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့ စကားသံကို မြတ်က အတိုင်းသားကြားရပါသည်။

"မသေပါဘူး... ဘရိတ်နဲ့လီဗာတော့ မှားမအုပ်လောက်ပါဘူး..."

"မသိလို့... မင်းမှန်းသိရင် တမင်မှားအုပ်တယ် နှောင်းရဲ့..."

နှောင်း...

ဒါဒ့ါသူငယ်ချင်းမလေးဟာ မြတ်ထက် ပိုလျှင်မြန်စွာ သူနာမည်ကို သိနေခဲ့သည်။ ဒါဆိုရင် သူတို့ဟာ ဒုတိယအကြိမ်မြောက် တွေ့ဆုံခြင်းမှ ဟုတ်ပါ့မလား မြတ်မှ တိုက်တိုက်ဆိုင်ဆိုင်ကြီး ကိုယ့်မျက်စေ့ရှေ့မှောက်မှာ လာလာဆုံနေရတာကို မခံချိမခံသာဖြစ်ရသော်လည်း ကိုယ်မသိလိုက်ဘဲ ကိုယ့်နောက်ကွယ်မှာတင် ဒီလိုကြီး စရင်းနောက်ရင်းနှင့် ရင်းနှီးကျွမ်းဝင်သွားကြမှာကိုလည်း ပူပင်နေမိပါသေးသည်။ သို့သော် အဲဒါမျိုးတွေဟာ ဒီတစ်ယောက်နဲ့တင်မက အများကြီးရှိမှာကို မြတ်သတိပြုထားသင့်ပါသည်။

"ကျွန်တော်တို့ကတော့ ခင်ဗျားမှန်းသိလိုက်လို့ တမင်လုပ်ကြတာပဲ..."

တောက်... ကြည့်စမ်း... မြတ်အတွက် ဘယ်လောက်အသည်းတယားယား... နာကျင်ချင်စရာကောင်းတဲ့စကားလဲ... မြတ်မှာ ကိုယ့်စက်ဘီးလေးကိုယ်တွန်းရွှေ့ကာ သူတို့နှင့်ဝေးရာဘက်မှ ကွေ့ဝိုက်ဆက်ထွက်လာမိပါသည်။ လုပ်ပုံကိုင်ပေါက်ကလေးတွေကတော့ ချစ်စရာဟု မြင်တတ်ရင် ချစ်ချင်စရာအကွက်လေးတွေချည်း။ ဝင်နီ ပါမလာတာကိုတော့ မြတ်က ဘုရားမတာပဲဟုသာ ယူဆပါသည်။

မျက်လုံးလေးတွေ ပုံစံလေးတွေ ဖြူစင်ဆဲ မိန်းကလေးငယ်များကို နောက်ပြောင်ဖို့ ဝါသနာကြီးဆဲ 'နှောင်း' ဆိုတဲ့ ကောင်လေးဟာ မြတ်ရဲ့ရင်ထဲမှာ နေရာပေးသင့်သူလေးမှ ဟုတ်ပါလေစ။ နှစ်ခါလေးတွေ့ဖူးတာနှင့် ဘုမသိ ဘမသိ မျက်စိမှိတ်ဖွဲ့လမ်းနေရခြင်းက ကြောက်စရာကောင်းလှပါသည်။ ဒီလိုတွေလုပ်နေပေမယ့် သူ့ရင်ထဲ တန်ဖိုးထားသည့် ချစ်သူကောင်းကောင်းတစ်ယောက်လောက် ရှိနေပြီမဟုတ်ပါဟုလည်း ဘယ်သူအာမခံဝန့်လို့လဲ...

ခုတောင်မှ ဒီဒါဒ့ါသူငယ်ချင်းလေးဟာ မြတ်ထက်စာရင် ပိုပြီးသူနဲ့ကျွမ်းဝင်ပတ်သက်နေပြီးပြီ။

မြတ်က စက်ဘီးပေါ် လွှဲတက်လိုက်ကာ ဖွတ်အာရုံမြတ် နင်းထွက်လာခဲ့လိုက်သည်။ သို့သော် သုံးလေးငါးဘီးလောက် ပဲ လှိမ့်ရသေး နောက်မှ ပြေးလိုက်လာသံ ခြေသံတဖြတ်ဖြတ်နှင့် အတူ...

"မြတ်... မြတ်..."

ဝင့်ရှိသော မြတ်မှာ စက်ဘီးဟဲဘရိတ်လေးကို ဆက်ကနဲဆွဲကာ ရပ်တန့်စေပြီး စက်ဘီးပေါ်မှ ဆင်းလိုက်ရပါသည်။

www.burmeseclassic.com

"မြတ်... ခင်ဗျားက မြင်နိုင်ချေရှိသားနဲ့ တမင်နင်းထွက် သွားပုံထောက်တော့ တော်တော်အူပုတ်တဲ့ သဘောပဲ"

မြတ်မျက်နှာလေး ဖြန်းကနဲ နီရဲသွားရပါသည်။ သူ့စကားရဲ့ အဓိပ္ပါယ်ကိုလည်း ပြန်စဉ်းစားကြည့်ပါဦး သူကတော့ ဘာမှ အရေးစိုက်ပုံမရလှပဲ...

"အကူအညီလိုနေတုန်း မိတ်ဟောင်းဆွေဟောင်းနဲ့ တွေ့ လိုက်ရရင် ဘယ်လောက်ဝမ်းသာစရာ ကောင်းသလဲ... ဒါပေမယ့် အဲဒီမိတ်ဆွေဟောင်းက တမင်ကြီး ကျော်ခိုင်း သွားတယ်ဆိုရင် ဘယ်လောက်ရက်စက်ရာ သဘောပုပ်ရာ ရောက်သလဲ..."

အံမယ်... သူ့အပြောနဲ့သူတော့ ဟုတ်လို့။

"ဘာ အကူအညီလဲ..."

"ကျွန်တော့်ကို ပိုက်ဆံချေးစမ်းပါ... သုံးယောက်လုံး အိမ်ကနေထွက်လာကြတာ တိုက်တိုက်ဆိုင်ဆိုင် တစ်ယောက်မှ တစ်ပြားမှ ပါမလာကြဘူး... ဟာ... ခုမှ သတိထားကြည့်မိတယ်... မြတ်က ဒီနေ့ပုံစံတစ်မျိုးနဲ့ တယ်မိပါလား ဒါပိုက်ဆံချေးလို့ပြောတဲ့ စကားမဟုတ်ဘူးနော်... ဒါ အဖြစ်အမှန်ပဲ..."

ကဲကွယ်... ရယ်ဖို့ပဲ ကောင်းတော့တယ်... သို့သော် သူဟာခပ်ရိုးရိုး မဟာဆန်ဆန်ပုံစံထက် ခေတ်မှီခေတ်ဆန်သော ပုံစံမျိုးလေးတွေကို သဘောကျတတ်တာကတော့ မှတ်





သားထားစရာပင် ဖြစ်သည်။

သူဟာ ဟိုကောင်မလေးရဲ့ ရှေ့ကနေ မြတ်နောက်သာ ပြေးလိုက်ပြီး ပိုက်ဆံချေးတာကိုတော့ မြတ်ကသဘောကျကြီး ကျသွားမိရသည်။ ဒါဟာမြတ်ကို ပိုပြီး တရင်းတနှီးထားတဲ့သဘော... သို့သော် မပြောသာပြောသာလေး..

"ဟို ကောင်မလေးဆီက ချေးပါလား... ဟင်း..."

"မြတ်လောက်မှ မရင်းနှီးပဲ..."

ဘာညာသာရကာ အပိုဆာဒါးတွေ ကြားချင်လှသောမြတ်သည်...

"ချေးမလို့ဘဲ... ဟိုမှာ သူ့ဖားသားကြီး အပြေးရောက်လာတာ မမြင်ဘူးလားကွ..."

ဟူသော စကားအဆုံးတွင် စိတ်ပျက်လက်ပျက်နှင့် ခြေကုန်လက်ပန်းကျသလိုတောင် ဖြစ်သွားရတော့သည်။

"ကဲပါ... ကဲပါ... ချေးမှာလား..."

မြတ်မှာ အိမ်နှင့်မဝေးသော အားကစားရုံသို့ အလာမှာ လိုရမယ်ရ,ရယ်လို့ နှစ်ရာတန်တစ်ရွက်လောက်သာ ဆောင်ခဲ့မိတာကိုပဲ နောင်တကြီးစွာ ရချင်သလိုလိုဖြစ်ကာ အဲဒါလေးပဲ ထုတ်ပေးလိုက်ရ၏။

"ဟိုအိမ်ပဲ လာပို့လိုက်မယ်..."

"ဟာ... မဖြစ်ဘူး... နေဦး... ကျွန်မအိမ်က ဒီနားလေး

www.burmeseclassic.com

www.burmeseclassic.com



တင်ပဲ... လိပ်စာယူသွား..."

အဖွားနှင့်တစ်ခါရင်ဆိုင်ပြီးသား မြတ်မှာ သူ့ကို အဖွားအိမ်သို့ ဘာအကြောင်းကြောင့်နှင့်မှ မသွားစေလိုတော့ပါ။ ပြီးကျတော့ သူသွားတုန်း အခန့်မသင့်ရင် ဒါဒါနဲ့တွေ့သွားနိုင်သည်လေ။

"နှောင်းလိပ်စာလည်း ပေးခဲ့ဦးလေ..."

နှောင်းမှာ သူ့နာမည် မြတ်ကသိနေတာကိုလည်း ဂရုစိုက်မိပုံမရ နှစ်ရာတန်လေးကိုပဲ ဖင်ပြန်ခေါင်းပြန်ကြည့်ရင်းက...

"အင်း... ရုပ်ရည်က နှစ်ရာတောင် စိတ်မချရတဲ့ ရုပ်မျိုးနဲ့တူပါရဲ့... လာမပို့ရင်လိုက်တောင်းဖို့ပေါ့ ဟုတ်လား..."

တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောနှင့် မေးမိသောမြတ်မှာ လျှာလေးထုတ်ပြီး ဇက်လေးပုကျသွားရပါသည်။ ဒီကဖြင့် မလိမ့်တပတ်နဲ့ သူ့လိပ်စာသိချင်လို့ဟာကို...

"ကေ အက်(စ်) အမ်... အထည်ချုပ်စက်ရုံသိလား..."

"သိတယ်လေ... လှည်းကူးအဝင်နားက အဲဒါဘာဖြစ်လဲ..."

ကေ အက်(စ်) အမ် အထည်ချုပ်စက်ရုံမှာ စက်ဘူကူမှုကြီးတစ်ခုနှင့် ဖက်စပ်ယောက်ျားဝတ် အင်္ကျီ၊ ဘောင်းဘီ၊ လက်အိတ်၊ ခြေအိတ်များကို ပိတ်စယူချုပ်ကာ စက်ဘူသို့ ပြန်ပို့





သည့် လုပ်ငန်းကြီးဖြစ်ပါသည်။ ကေ အက်(စ်) အမ်မှ ဒေါ်ခင်ဆက်မော်ဆိုတာ စီးပွားရေးမဂ္ဂဇင်းများမှာ အင်တာဗျူးတွေပါပြီး စိတ်ဝင်တစား သတိထားမိသူတိုင်း သိနိုင်လောက်သည့် လူမျိုးပါ။

"အဲဒါဘာဖြစ်လဲဆို..."

"ဘာမှ မဖြစ်ပါဘူး... သိလားပဲ မေးကြည့်တာ..."

"ဘာလဲ... နှောင်းက ဒေါ်ခင်ဆက်မော်ရဲ့ သားလား..."

အမေ့နာမည်ကြီးပြောပြီး ဂုဏ်ယူရတာလောက် ရှက်စရာကောင်းတာမရှိတော့ဟု ခံယူထားသူ နှောင်းမှာ ဘာရယ်မဟုတ် လွှတ်ကနဲ ပြောလိုက်မိပြီးမှ အီလယ်လယ်နှင့် တစ်ကိုယ်တည်း မကျေနပ်ဖြစ်နေမိသည်။ မြတ်သူရဆိုတဲ့ ကောင်မလေးကလည်း စပ်စုပ့ ဒေါ်ခင်ဆက်မော်ဆိုတာကိုလည်း သိနေပြန်တာပါပဲ...

ထိုအခိုက်မှာ...

"နှောင်း... နှောင်း..."

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ဂလုံး... ဂလုံး... ဝုန်း... ဒိုင်းနှင့်မြည်အောင် ဟိုမချောလေး ဘယ်လောက်နှိပ်စက်ထားသည် မသိသောကားက စက်ပြန်နိုးမရတော့ပြီမို့ သားအဖနှစ်ယောက် (ထင်ရတာပဲ) ဒုက္ခရောက်နေကြတာကို တွေ့လိုက်ရသည်။ လမ်းဘေးတစ်ဖက်က ထွန်းကြီးနှင့် နိုင်အောင်တို့ကတော့ သူတို့နှင့် ဘာမှမဆိုင်သည့်နှယ်...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာခေါ်နေပြီ... သွားတော့မယ်..."

ဆက်မဖြေချင်ဖြစ်နေတုန်း ထွက်ပေါက်ရသွားတာမို့ နှောင်းကမြူးပျော်စွာ စိတ်လွတ်ကိုယ်လွတ် ထွက်ပြေးသွားတာကို နှုတ်ခမ်းလေးကိုက်ကာ ကျန်ရစ်,ရရင်း မြတ်က ဒေါသတွေထွက်လာရပါသည်။

ပိုက်ဆံကျတော့ လာချေးပြီး ဟိုမှာတော့ မျက်နှာလိုမျက်နှာရ ကားသွားတွန်းပေးတော့မယ်... အစုတ်အပြတ် ချေးစက်ကျရာ ပျော်တဲ့လောက်ကောင်လေး... နှောင်ဒီလို လောက်ကောင်မျိုးနဲ့ ရေစက်မဆုံပါရစေနဲ့ အမ်... မဟုတ်ပါဘူးမှားလို့ ရေစက်ဆုံချင်ရင်လည်း ရှင်းရှင်းလင်းလင်းနဲ့ ဆုံပါရစေ...

နို့မဟုတ်ရင်... မြတ်ကတော့ တုန်ခိုက်လုလု ချစ်နေရတာက တစ်ဖက်... ပူလောင်မြင်းပျံ မနာလိုကြီးရတာက တစ်ဖက်... နောက်ဆုံး ဒေါသနဲ့ ယူကျုံးမရ ကျန်ရစ်ရတာက တစ်ဖက်... သေတောင်သွားနိုင်ပါသည် အဟုတ်...

မြတ်က စိတ်ပေါက်ပေါက်နှင့် ကားလမ်းကို ပြန်ဖြတ်ကူး ကားနားမှာ တကုန်းကုန်းအလုပ်ရှုပ်နေသည့် နှောင်းနားသို့ ကပ်သွားလိုက်ကာ နှောင်းပုခုံးဖျားကို တင်းနစ်(စ်) ရက်ကက်နှင့် အသာရိုက်ရင်း...

"နှောင်း... ရှင်မနက်ဖြန်ကျ... ကျွန်မတို့အိမ်ကိုလာဖြစ်အောင်လာခဲ့... ဒါပဲ..."

ကောင်မလေးကော နှောင်း သူငယ်ချင်း နှစ်





ယောက်ပါ မြတ်ကိုသိသိသာသာကြီးတွေ အကဲခတ်ကြသည်။ နှောင်းကတော့ ပိုက်ဆံနှစ်ရာကို ဒီလောက်နှမြောအားကြီးရလားလို့ ထင်ကောင်းထင်မည်။

မြတ်အဖို့ကတော့ မဏ္ဍပ်တိုင်တက်ပြစရာ ကိုယ့်အတွက် မဏ္ဍပ်ကဆောက်ပြီးသား ရှိရှိမရှိရှိ အကြောင်းမဟုတ် ကိုယ့်ကိုလူအများမြင်သာစေချင်ရင် အနည်းဆုံးတော့ ကုလားထိုင်ခပ်မြင့်မြင့်တစ်လုံးပေါ်သို့တက်ပြီး ရပ်ပြရတော့မှာပဲ ဖြစ်သည်။

ပြီးကျတော့ ကိုယ့်အတွက် ပိုင်နိုင်လောက်ပြီလို့ ထင်စရာရှိတိုင်း အဲဒီကုလားထိုင်တွေကို တစ်လုံးပြီးတစ်လုံး မြင့်ဘက်သွားအောင် ဆင့်... ဆင့်... ယူရမည်။ အများမြင်သာ သိသာပြီးပြီဆိုမှ ကုလားထိုင်များက အခြေမခိုင်၍ ပြုတ်ကျချင်သည်း ကျပါစေတော့။

✻❀✻❀✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဘာပဲဖြစ်ဖြစ်... သိလား ဝင်နီ... ဘာပဲဖြစ်ဖြစ်..."

"အေးပါဟယ်... သိပါပြီ... တော်ပါတော့... နားညည်းလိုက်တာ... ပြီးတော့ နောင်တလည်း ရလိုက်တာ..."

ဝင်နီက အဟုတ်ကို နောင်တတွေ တစ်ထွေးကြီး ပိုက်ထွေးနေမိရပါသည်။ မြတ်သူရကိုမှ နှောင်းဆိုတဲ့ ကပျက်က ချော်ကောင်အကြောင်း သွားပြောမိပလေဟယ်... သူ့ရဲ့ ကောင်အလေးဟာ 'နှောင်း' ဆိုတာနဲ့ ဝင်နီကလည်း ဘာရယ်မဟုတ် ကိုယ်ကြားဖူးထားတာလေးတွေ ပြောပြမိတာ ခုတော့ ကိုယ်ပဲ နားညည်းဖို့ ဖြစ်လာသည်။

ဒီလိုမှန်းသိ "နှောင်းဆိုရင်တော့ အချုပ်အနှောင် အဖေါ်သယဲ ကင်းမဲ့ကာ လွတ်လပ်ပျော်ရွှင်နေဆဲ ကောင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဒါ်တှ ဘယ်ပြောလိမ့်မလဲ နက်ဖြန်သဘက်ပဲ လက်ထပ်တော့မတတ် လိမ်ပြောမိပါက မုသာဝါဒ ကံထိုက်ချင်မှ ထိုက်ရောခုလောလောဆယ်တော့ ကိုယ်နားချမ်းသာပါမည်။

ခုတော့ မရွှေမြတ်က ဘဝတစ်သက်တာစာအတွက် ယတိပြတ်ဆုံးဖြတ်ချက်ကြီးတွေ တစ်ထိုင်တည်းနှင့် ချလိုက်လေပြီ။

"ဝင်နီရယ်... နင်နဲ့ ခင်တယ်ဆိုတော့လေ..."

"ခင်ပါဘူးဟာ... ရေးတေးတေးလောက်မဲ ကြားဖူးတာပါ..."

ဝင်နီက တမင်ညာဝါးလိုက်သည်။ စင်စစ်က 'နှောင်း' ဆိုရင်တော့ ဝင်နီနဲ့ ကလေးချင်းမမြင်ဘူး မခင်ဘူးတာတောင်မှ ဝင်နီ့အမေနှင့် နှောင်းအမေ ဒေါ်ခင်ဆက်မော်တို့ကတစ်အိမ်နှင့်တစ်အိမ် အသွားအလာရှိကြသော မိတ်ဆွေသူငယ်ချင်းများ ဖြစ်ပါသည်။

"ရေးတေးတေးဖြစ်ဖြစ်... မှုန်ပျပျပဲဖြစ်ဖြစ်... ဘာမှ လမ်းစမမြင်ရတာထက်တော့ အများကြီးသာတာပဲ..."

"သေလိုက်ပါဟယ်..."

"နင်ကလည်းဟယ်... ဆီးစေ့လေးလောက်ဖြစ်ဖြစ်... နှမ်းစေ့မှုန်လေးလောက်ဖြစ်ဖြစ်... ငါ့ကို ကိုယ်ချင်းစာကြည့်စမ်းပါ..."





"မစာနိုင်ပေါင်... ငါ့ကိုကိုက ဒါမျိုးမှမဟုတ်ဘဲ... ငါမဟုတ်တဲ့တခြားမိန်းကလေးကို မျက်စေ့လေးတစ်ချက်တောင် စွေမကြည့်စေရဘူး..."

"အလိုတော်... သူ့သူငယ်ချင်းမိန်းကလေးတွေနဲ့ စကားပြောတော့ စက္ကူကန္တြေကြီးနဲ့ မျက်လွှာချပြီး ပြောသလား"

"အို... ငါက မရိုးမသားစိတ်နဲ့ စွေကြည့်တာကို ပြောတာရိုးသားလို့တော့ ဘာလုပ်လုပ်..."

"ကိုယ့်ရဲ့နှောင်းကလေးဟာလည်း... ဘာကြီးတွေပဲ လုပ်နေနေ ရိုးသားတယ်ဆိုတာ ကိုယ်ယုံကြည်တယ်လေ... ပြီးတာပဲ..."

"ဘာ... ကိုယ့်ရဲ့နှောင်းကလေးလဲ... ထွီ... အမြင်ကပ်လိုက်တာဟာ... ငါ့ကိုကိုများ အဲလိုကပျက်ကချော်တွေလုပ်ကြည့်... တစ်ခါတည်း ခါးနဲ့ကို နုတ်နုတ်စင်းပစ်မယ်..."

"ဒါကတော့ ဘယ်တူပါ့မလဲ ဝင်နီရယ်... နင်တို့နှစ်ယောက်က သူချစ်ကိုယ်ချစ်ကိုး... နင့်ကိုကိုက နင့်စကားကို နား ဆောင်တော့မပေါ့... ခုကိစ္စကတော့ ဘာမှလည်းမဆိုင်သေးဘဲ ငါကနှောင်းကို သွားတားနေလို့ ရပါ့မလား..."

"အေးလေ... ငါကလည်း အဲဒါကိုပဲပြောတာ ဟိုကနင့်ကိုမှ ချစ်မနေတာဘဲ မြတ်ရဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်... ငါကချစ်နေတယ်လေ... သူလည်းနောင် အခါမှာ ဘယ်လိုရှိလာလိမ့်မလဲ... နင်အခုအပြတ်ပြော နိုင်လို့လား..."

"နင်တခြားလူဘယ်သူဖြစ်ဖြစ် ခေါင်းခေါက်ရွေးစမ်းပါ မြတ်ရယ်..."

"မခေါက်ချင်ဘူးဟယ်... လက်နာပါတယ်..."

"အေး... လက်နာမှာစိုးတာနဲ့ နင်ကပဲ ခေါင်းထိုးပေးပြီး အခေါက်ခံ... ခေါင်းအနာခံတော့မယ်ပေါ့..."

မြတ်ကသိမ်မွေ့စွာ ပြုံးလိုက်ရင်းက... ဘယ်ဘက် ရင်ဗတ်နားသို့ လက်မလေးနှင့် ကော့ထောက်ပြလိုက်ကာ...

"ဒါလေးမနာဖို့က အရေးကြီးတာပေါ့ ဝင်နီ..."

"သေဟာ..."

"မသေနိုင်သေးဘူး... ရှေ့ရှောက်အစီအစဉ်တွေ အများ ကြီးဆွဲပြီး လှုပ်ရှားဖို့ ကျန်သေးတယ်..."

မြတ်မောင်းလာသော ကားကလေးက ဝင်နီတို့ အိမ်ဝင်းထဲ ချိုးကွေ့လိုက်သဖြင့် မြတ်နှင့်ဝင်နီတို့ စကားစပြတ် သွားကြသည်။

"ဆင်းဦးမလား..."

"ဆင်းမှာပေါ့... ငါဒီမှာ ညစာစားမှာပဲဟာ... နင်ကဘာ တွေ ယောင်ယမ်းကမ်းတွေ ဖြစ်နေရတာလဲ... ဟီဟီ..."





အမယ်... သူကပဲပြောရတယ်ရှိသေး... ဝင်နီက စိတ်ခပ်တိုတိုနှင့် မြတ်ကိုမျက်စောင်းရွယ်လိုက်ကာ ကားပေါ်မှ ဆင်းလိုက်သည်။ ဟော့တော့... ကိုက်ဆိုင်လွန်းအားကြီးပါပေ့ တော်... ဝင်နီတို့အိမ်ရဲ့ ပေါ်တီကိုအောက်မှာ ဒေါ်ခင်ဆက်မော် ရဲ့ ကားကြီးရပ်နေပါလား...

ဝင်နီက ဂိုဒေါင်ဘက်သွားရပ်ပြီး တံခါးဖွင့်ဆင်း လာသည့် မြတ်ဘက်ကိုယ်လေးလိမ်ပြီး လှည့်ကြည့်လိုက်သည်။

"ဘာလဲဝင်နီ... ဧည့်သည်တွေရောက်နေလား... ဒါဆို နောက်ဖေးဘက်ကပဲ လှည့်ဝင်ကြမယ်လေ..."

ဘာမှမသိသော မြတ်သူရလေးကိုဖြင့် ဝင်နီက လှည့်စားချင်ပါ၏။ ဝင်နီစိတ်တိုတိုနှင့် ရွဲ့နေရခြင်းမှာလည်း မြတ် အတွက်ပင်ဖြစ်ပါသည်။ မြတ်ဟာ ဝင်နီ့သည်းညည်းကို အမြဲခံ သည့် ဖြူဖြူစင်စင် ကောင်မလေး။ ခုရောက်နေသော ဧည့်သည် ဟာ ဒေါ်ခင်ဆက်မော်မှန်း သူမလေးသိချင်ရှာပေမည်။ ဝင်နီ ဘယ်လိုပင်တားတား သူ့မှာရှေ့ဆက်မည့် အစီအစဉ်တွေက အများကြီးဟုဆိုထားတာ မဟုတ်လား...

ရှေ့ဆက်ကိုဆက်မည်ဟု ဆုံးဖြတ်ပြီးလျှင် ဒေါ်ခင် ဆက်မော်နှင့် မြတ်တို့ဟာ ဘယ်နည်းနဲ့မဆို တစ်ကွေ့မဟုတ် တစ်ကွေ့တော့ ဆုံကြရမည့်လူတွေပဲ... ပထမဦးစွာ တွေ့ဆုံခြင်း မှာ မြတ်ဘက်က ကြိုတင်သိပြင်ဆင်နိုင်ထားခြင်းနဲ့ မြတ်ရဲ့ ရှေ့ ခြေလှမ်းလေး လှပသပ်ရပ်ရှာပါစေ။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်... လာလာ... ဒီကပဲတက်မယ်... ဧည့်သည်က ဘယ်သူလဲသိသလား... ဒေါ်ခင်ဆက်မော်လေ... သူက ငါ့အမေနဲ့သူငယ်ချင်း... ငါနင့်ကို ပြောမပြချင်လို့ တမင် ဖုံးထားတာ... ခုတော့ နဖူးစာကပါတော့လည်း ဘွား ဘွားကြီးတိုးနေပြီ... ဟာဟ..."

မြတ်ရဲ့ ခန္ဓာကိုယ်လေးက တောင့်တောင့်မတ် မတ်လေး ဖြစ်သွားလေသည်။ မျက်နှာလေးကလည်း ချက်ချင်း သွေးဆုတ်သလိုဖြစ်ကာ...

"ငါကြောက်တယ်... နောက်ဖေးကပဲ တက်ကြစို့..."

"ဟာ... အဓိပ္ပါယ်မရှိ... နင်ပဲဘာပဲဖြစ်ဖြစ်ဆို... ခုဟာက နင့်ရဲ့ရှေ့ဆက်အစီအစဉ်တွေ အတွက်အစပဲ... လာခဲ့..."

ဝင်နီက မြတ်လက်ကလေးကို အတင်းဆွဲပြီး အိမ် ပေါ်တက်လာခဲ့လိုက်သည်။ အင်း... ဟုတ်ပါရဲ့... ချက်ချင်းကြီး ကို အေးစက်တောင့်တင်းပြီး တကယ်ဖြစ်နေတော့တာကိုး။

ဝင်နီက ဧည့်ခန်းတွင်းသို့ လှမ်းဝင်ဝင်လိုက်ချင်း မျက်နှာချင်းဆိုင်မြင်လိုက်ရသည့် ဒေါ်ခင်ဆက်မော်ကို ပြုံးရွှင် ချိုသာစွာ...

"အန်တီဆက်... နေကောင်းလား... ဘယ်တုန်းကရောက် ပါသလဲ..."

ဝင်နီ့အမေက ခါတိုင်းဆိုပြုံးပြရုံလောက်ကလွဲပြီး စကားမဆိုရှောင်ပြေးနေတတ်သော ဝင်နီရဲ့ဖြစ်ပုံထူးကို အံ့အား





တသင့် ဖြစ်သွားမိပေမယ့် ယဉ်ကျေးပျူငှာတတ်တာကိုတော့ သဘောတကျကြီး ဖြစ်သွားရလေသည်။

"အော်... ဝင်နီနော်... ကျောင်းကပြန်လာတာလား... အန်တီရောက်တာ တအောင့်လောက်တော့ရှိပြီ... ခန နေတောင် ပြန်မတွေ့မလားလို့..."

"အေးအေးဆေးဆေးနေပြီး ထမင်းစားသွားပါဆို ဆက် ရယ် PotLuck ပေါ့ ဘာမှတော့ရှိမှာ မဟုတ်ဘူး အိမ်က ကလေးမတွေတော ပြန်တုန်း အဲလစ်(စ်)နဲ့ ဝင်နီတို့ရဲ့ လက်ရာတွေကို မြည်းဘူးအောင် စားကြည့်သွားပါဦး... စကားပြောလို့ မဝသေးပါဘူး..."

ဝင်နီ့မေမေက တမင်ပင် ဝင်နီ့ကို စနောက်ကာ ချောက်ချလိုက်သည်။ ဝင်နီဘာမှ မတတ်လှတာ ဝင်နီ့မေမေ အသိဆုံး ဝင်နီက စိတ်ရှုပ်ရှုပ်နှင့်ပင် ဂျပန်ပုံစံပေါက်ကာ တကုန်း ကုန်းတရှန်းရှန်းဖြစ်နေသည့် မြတ်လက်ကိုဆွဲကာ နောက်ဖေး ဘက်သို့ ဝင်ခဲ့လေသည်။

"နင်ကဘာဖြစ်လို့ နေရင်းထိုင်ရင်း ဂျပန်မဖြစ်သွားရ တာလဲ..."

"ဘာလဲ..."

"ဟိုကဖြင့် နင့်ကိုသတိတောင်မထားမိသေးဘူး... နင်က ဒီဘက်ကနေ တကုန်းကုန်းတညွတ်ညွတ်နဲ့ ဖြစ်နေတာကို ပြောတာ... ဘာလဲ ဒူးခေါင်းနှစ်ဖက်နာလို့ ကုန်းကိုင်ကြည့်

www.burmeseclassic.com



နေတာလား..."

မြတ်က ခပ်ရှက်ရှက်နှင့် တခိခိရယ်လိုက်ရပါသည်။ မြတ်ရယ်နေဆဲ ဝင်နီက ရုတ်တရက် စိတ်ကူးပေါက် ဝင်းလက်သွားကာ...

"အိုကေပြီ... ဘာဟင်းတွေရှိလဲ ကြည့်ကျက်ပြီး... လိုမယ်ထင်တာ... ကောင်းမယ်ထင်တာတွေ နင်ကြည့်ချက်ပြုတ်လိုက်... ရေခဲသေတ္တာထဲမှာ အသားရော ဟင်းသီးဟင်းရွက်တွေရော... ရှိလိမ့်မယ်..."

"အံမယ်..."

"ဘာအံမယ်လဲ... ဒါနင့်အကွက်ပဲ... ပြီးရင်နင့်လက်ရာတွေပါလို့ ဒေါ်ခင်ဆက်မော်ကို ကြွေညာလိုက်ရုံပဲ..."

ဒီနောက်မှာတော့ မြတ်ရဲ့လှုပ်ရှားမှုတွေဟာ စက်တပ်ထားသလားထင်ရအောင် သွက်လက်နေတော့ရာ ဝင်နီမှာ သနားကလည်းသနား တရားကလည်းကျ။ ဝင်နီမှာ ကိုကိုနှင့် ချစ်သူရည်းစားတွေဖြစ်ကြလို့ နှစ်နှစ်သာရှိပါရော... ဒီလောက်တော့တစ်ခါမှ အောက်ကျနောက်ကျဆန်ဆန် ကြိုးပမ်းရတာမျိုး မရှိလိုက်ရဖူးပါ။ ဝင်နီမှာ ကြက်သွန်လေးနွှာတာလောက် ဟင်းရွက်လေးဆိတ်တာလောက်သာ ကူနေရကာ ခနကြာတော့ ဝင်နီသာတားမယူရင် ရေခဲသေတ္တာထဲ ရှိရှိသမျှတို့လည်း အကုန်ပြောင်တော့မည့်အနေအထားသို့ ရောက်လာတာမို့...





"တော်ပါပြီနော်... တော်ပါပြီ... နင်လက်စွမ်းပြချင်တာနဲ့ ငါနောက်တစ်ခါ ဈေးထပ်သွားရတော့မယ့် အပေါက်ဖြစ်နေပြီ.. တစ်ပတ်တစ်ခါသွားရတာတောင် ငါက စိတ်ညစ်လှပြီဟဲ့..."

အဲဒီတော့မှပဲ မရွှေချောက ရယ်ရယ်မောမောနှင့် ရပ်တော်မူပါတော့သည်။ ချက်ပြုတ်နေစဉ်အတွင်းမှာလည်း "ဒေါ်ခင်ဆက်မော်က သဘောကောင်းသလား" ဆိုတာကို လေးကြိမ်ထက်မနည်း မေးလေသည်။

"မကောင်းဘူး... မကောင်းဘူးဆိုတာ ပုပ်စပ်တာကို ပြောတာမဟုတ်ဘူး... အလကားနေရင်း သဘောတွေကောင်းမနေဘူးလို့ပြောတာ... မာနကြီးကြီးခပ်ထက်ထက်နဲ့ သူ့ဆန္ဒကိုသူဦးစားပေးပြီး သူဖြစ်ချင်တာကို မရမနေလုပ်မယ့် လူမျိုးပေါ့..."

မြတ်ရဲ့ မျက်လုံးလေးတွေမှာ အကြံညဏ်များဆုတ်နေကာ တလက်လက်နှင့် တောက်တောက်ပပ...

"ငါသူနဲ့ခင်အောင်လုပ်မယ်..."

"ဘာရယ်..."

"ငါ့ကို သူသဘောကျလာစေရမယ်..."

"လွယ်မယ်မထင်ပါဘူး..."



www.burmeseclassic.com

www.burmeseclassic.com



ဟူသည့်စကားကို ဝင်နီကရင် ထဲမှာပင် မြိုသိပ်ထားလိုက်သည်။ မြတ်ကြည့်ရတာတော့ တိုက်ပွဲဝင်တော့မည့် စစ်သည်ရဲမက်တစ်ဦးနှယ် ရှေ့သို့ သာမျှော်မှန်းပြီး ရဲရင့်တက်ကြွနေပုံရလေသည်။

ခနကြာတော့ ဝင်နီသွားခေါ်သဖြင့် ဒေါ်ခင်ဆက်မော်နှင့် ဝင်နီ့မေမေတို့ပြောလက်စ စကားတွေမပြတ်နိုင်ကြသေးပဲ စကားတွေဖောင်ဖောင်ကျဲကာ ထမင်းစားခန်းထဲ ဝင်လာကြသည်။ ထမင်းစားပွဲကိုကြည့်လိုက်တာနဲ့ ဘယ်သူ့လက်ရာဆိုတာ သိပြီးသား ဝင်နီ့အမေက ပြုံးစေ့စေ့။ ဒေါ်ခင်ဆက်မော်ကတော့ မျက်ခုံးတစ်ချက်ပင့်လိုက်ကာ...

"အို... ယူ့သမီးက တယ်တော်ပါလား ကြည်ကြည်..."

"ဟင်း... ဟင်း... ဘယ်ကလာ ဆက်ရယ်... ဝင်နီက ကူဖေါ်လောင်ဘက်အဖြစ်ကလွဲရင် ဘာမှရတာမဟုတ်ဘူး ဒါတွေအားလုံး ဟောဒီကသမီးလေးလက်ရာတွေပေါ့ ဝင်နီ့သူငယ်ချင်းမလေးလေ... မြတ်တဲ့... ဟိုဖက်လမ်းထဲမှာပဲနေတာ..."

ဒေါ်ခင်ဆက်မော်၏ မျက်လုံးအကြည့်များက မြတ်ထံသို့ တစ်ချက်တည်းသာ ဝေ့ဝဲပြီးရောက်ရှိလာသည်။ မြတ်က မျက်ဝန်းချင်းဆုံခိုက် ပြုံးပြဖို့ ကြိုးပမ်းလိုက်စဉ်မှာပဲ ဒေါ်ခင်ဆက်မော်၏ မျက်ဝန်းတို့က မြတ်ထံမှ ရုပ်သိမ်းသွားပြီမို့ မြတ်မအောင်မြင်လိုက်ပါ။ ဒီနောက်မှာတော့ ဒေါ်ခင်ဆက်မော်ရဲ့





ဦးနှောက်ထဲမှာ ဝင်နီ့သူငယ်ချင်းမလေးက ဘယ်လိုနေရာမျိုးမှာမှရှိမနေတော့ပြီတည်း။

ဝင်နီကမြတ်ရဲ့ အဖြစ်ကိုသိလိုက်သူမို့ မြတ်ကိုယ်စား မကျေမနပ်လေးဖြစ်သွားရပေမယ့် မြတ်ကတော့ ကြားရသမျှနှင့်ဆိုလျှင် ပထမဦးဆုံးတွေ့ဆုံခန်းဟာ ဒီလောက်ပဲဖြစ်မည်ဆိုတာ တွက်ဆမိပြီးသား ဖြစ်ပါသည်။

"မြတ်... သမီးလည်း ညနေစာဒီမှာပဲ စားမှာမဟုတ်လားတစ်ခါတည်း ဝင်စားလေ..."

"သမီး မမအဲလစ်(စ်)ကို စောင့်လိုက်ပါဦးမယ် အန်တီ..."

မြတ်လက်ရာတွေကို မြိန်မြိန်ယှက်ယှက် မက်မက်မောမော စားနေပုံရသော ဒေါ်ခင်ဆက်မော်ကတော့ မြတ်ကို ဝတ္တုရားကျေလေးဖြစ်အောင်လို့မှ မခေါ်သည့်ပြင်.. မြတ်ဘက်သို့ လှည့်လို့တောင် မကြည့်တော့ပါ။ မြတ်က ဆက်ပြီးရပ်နေရမှာ ဘစ်မျိုးကြီးဖြစ်လာတာမို့ မီးဖိုခန်းထဲ ဝင်လာလိုက်သည်။ ဝင်နီက အစောကြီးတည်းက သံယောဇဉ်ပြတ်စွာ မီးဖိုထဲ ရောက် သွားခဲ့ပြီ မဟုတ်လား။ မြတ်ဝင်သွားတော့ ဝင်နီက ထမင်းအုပ်တစ်လုံးထဲမှာ အစုံရှောက်ခပ်ထည့်ပြီး အုပ်လိုက်ကိုင်ကာ စားနှင့်နေပြီ။

"ဟယ်... ဘယ်လိုဖြစ်တာလဲ..."

"ဆာပြီဟ... မတတ်နိုင်ဘူး... နင်လည်းစားချင်လာလေ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ..."

မြတ်က ထမင်းစားခန်းနှင့် အနီးဆုံးနံရံနားမှာ ခုံတစ်လုံးချကာ သွားထိုင်ပြီး ထမင်းစားပွဲဘက် အာရုံလွှင့်ထားသည်။

"ယူကတော့ သမီးနှစ်ယောက်လုံး တော်ရာ... တော်ရာနဲ့ စီမံပြီးပြီဆိုတော့ စိတ်အေးရပြီပေါ့ ကြည်ကြည် ရယ်..."

"ကိုယ်စီမံတာမဟုတ်ပါဘူး ဆက်ရယ်... သူတို့ဘာသာ ရှာလာဖြီးပြကြတာပါ.. သင့်တော်ကောင်းမွန်တော့လည်း လက်ခံခေါင်းညိတ်ပြီး ခွင့်ပြုထားလိုက်တာပေါ့.."

"ဆက်တော့ အိမ်ကသားတစ်ယောက်အတွက်ပဲ ထိုင်ပူနေရတယ်... သူ့စိတ်နဲ့... သူ့အချိုးအချိတ်နဲ့ သူ့ဘာသာသူသာ ရှာလာလို့ကတော့... သေချာတယ်... ဆက်ရင် ကျိုးရဖို့ချည်းပဲ..."

"ဆက်က ဆက်စိတ်ကြိုက်မိန်းကလေးနဲ့မှလား..."

"သူ့သဘောလေးလည်း ပါအောင်တော့ ပြကြည့်ရမှာပဲ.. ကိုယ့်တုန်းက ကိုယ့်သဘောတစ်ခုနဲ့ပဲ မိဘတွေ တားချင်ရက်ကဇွတ်တိုးခဲ့တော့ ဘယ်လောက်မှားယွင်းခဲ့လဲ.. နှောင်းကိုတော့ အဲဒီဒုက္ခမျိုးမခံစားစေချင်ဘူး ကြည်ကြည်ကိုယ်သဘောကျပြီဆိုတဲ့ မိန်းကလေးဟာ နှောင်းအတွက် အသင့်တော်ဆုံး အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်လို့ ကိုယ်





ယုံကြည်တယ်... ကိုယ့်သားအကြောင်း ကိုယ်အသိဆုံး မဟုတ်လား... စိတ်တော့မရှိနဲ့ကြည်ကြည်ရေ.. မှန်တာပြောရရင် ဒီအိမ်ကိုချောင်းပေါက်နေခဲ့တာ ယူ့သမီးနှစ်ယောက်ကို အကဲခပ်ကြည့်ဖို့လည်း ပါတာတော့ အမှန်ပဲ..."

မြတ်မှာ ရင်ထဲဒိန်းကနဲနှင့် "အမလေးတော်ပါသေးရဲ့" ဟု ခပ်တိုးတိုးရေရွတ်လိုက်မိသည်။ မမအဲလစ်(စ်)နှင့် ဝင်နီတို့မှာသာ ဦးသူမရှိခဲ့ရင် မြတ်မှာ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးနဲ့ ဒုက္ခများရဦးမယ့် အဖြစ်ပါပဲ...

"ဒီလိုပြောပြီးလည်း ကိုယ့်အိမ်ကို မလာဘဲမနေလိုက်ပါနဲ့ ဆက်ရယ်... ကိုယ့်မှာလဲကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ အဆက်ပြတ်ပြီး အိမ်တွင်းပုန်းဖြစ်နေတာ... ဆက်လာမှတွေ့ရတာပါ.. ယူ့သားဟာ ကြည်ကြည့်သားပါပဲ.. ကိုယ်လည်း ယူ့သားအတွက် ဝိုင်းစုံစမ်းမျက်စိဖွင့်ပေးလို့ရရင် ပေးပါရစေ..."

မြတ်ရင်ထဲက တဒိတ်ဒိတ် ဒိတ်ဒိတ်နှင့် မငြိမ်သက်ဖြစ်လာရပြန်သည်။ ကဲကြည့် အန်တီကြည်ကြည်ကပါ ဝိုင်းရှာပေးမတဲ့ အန်တီကြည်ကြည်ဆိုတာက သူ့သမီးဝင်နီကိုဆိုးမချင်ရင်တောင် မြတ်နဲ့နှိုင်းနှိုင်းပြီး ဥပမာပေးဆုံးမနေကျမဟုတ်လား..



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတူမသားချင်းတွေထဲကပဲဖြစ်ဖြစ်... သင့်တော်တာလေးတွေ့လည်း ပြောပါဦးကြည်ကြည်ရယ်..."

မြတ်က အားတက်သရော ပုံစံလေးနှင့် နှုတ်ခမ်းလေးကိုက်ကာ လက်သီးလေးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။

*❀*❀*

လှည်းတန်းဈေး ဈေးရုံကြီးထဲမှ ထွက်ဖို့ပြင်လိုက်သော ဒေါ်ခင်ဆက်မော်က ဝုန်းဒိုင်းကျဲရှာသွန်းနေသော မိုးကို ကြည့်ပြီး စိတ်အတော်ကြီး ပျက်သွားမိသည်။ ကိုယ့်မှာက လက် နှစ်ဖက်စလုံးတွင် ခြင်းငယ်လေးတစ်လုံးနှင့် ကျွပ်ကျွပ်အိတ်တစ် လုံးစီဖြစ်နေသည့်ပြင် လွယ်လည်းလွယ် ဂျိုင်းကြားထဲလည်း ညှပ် ထားသည့်လက်ပွေ့အိတ် ခပ်ကြီးကြီးတစ်လုံးနှင့် ဒီမိုးကိုဘယ်ထ များ ကျော်လွှားရပ့ါ အမိကအရေးကြီးတာက ထီးမှာ ကားပေ တွင် ကျန်ရစ်ခြင်းဖြစ်ပါသည်။ ကားကလည်း ဒီနေ့မှ ဈေးထဲတွ နေရာမရပါ၊ ဈေးထဲကားထပ်ဝင်လို့ကို မရတော့သည်မို့ ဈေး ကျော်ပြီး ဟိုးခပ်လှမ်းလှမ်းမှာ သွားရပ်ထားခဲ့ရတာ။ ဒရိုင်ဘ လည်းမပါ။

အင်း... အခက်အခဲပေါင်းစုံက တစ်နေရာတည က ကြုံနေရတော့တာကိုး... အမိကကတော့ သားကိုချစ်





ဇောပါပဲ။

ဒေါ်ခင်ဆက်မော်လို အလုပ်ရှုပ်ဗျာများ၊ အချိန် ရှားပါးလွန်းသည့် မိန်းမတစ်ယောက်က ဈေးလာဝယ်တဲ့အထိ အချိန်ထုတ်ယူနိုင်ထားခြင်းမှာ 'နှောင်း' တစ်ယောက်အတွက်ပဲ မဟုတ်လား။ အိမ်ကကောင်မလေးတွေ ချက်ပြုတ်ဈေးဝယ်ကြ သမျှ သားတော်မောင်က ဂျီးများအော်ဟစ်နေတာ တစ်ပတ် ကျော်လောက်ရှိပြီ။ ဒေါ်ခင်ဆက်မော်ဖြင့် ဘယ်နေ့ဘာချက်သလဲ ဆိုတာ ခေါင်းထဲလည်းမရှိ စားမကောင်းဘူး ဆိုတာလည်း မရှိ..

နေ့စဉ်စားနေရသမျှတော့ သားအမိနှစ်ယောက် တာ ထမင်းစားပိုင်းကြီးက ဟီးလို့ပါ။ အဲဒီစုံစုံလင်လင်တွေထဲက မှ တစ်ခုမှရွေးပြီး သဘောမကျနိုင်သည့် နှောင်း၏ပါးစပ်လေး မှာ ရွေချထားဖို့ပင် ကောင်းပါတော့သည်။

နှောင်းကထွေလီကာလီကိုမှ ကြိုက်တတ်တာ။ ကောင်မလေးတွေကလည်း မစီမံတတ် ဒေါ်ခင်ဆက်မော်က ညွှန် ကြားပြန်လည်း ဈေးထဲရှာမတွေ့တာနဲ့ မလုပ်တတ်တာနဲ့ နောက် ဆိုတော့ ခုလိုကြုံရင်ကြုံသလို ဈေးဝင်တတ်သည့် အကျင့်ရလာ တော့တာပါပဲ...

ချဉ်ပတ်စုံကို ရေစင်စင်ဆေး ရိတ်ရိတ်ပါအောင် ယိုးကာ ဆီချက်နိုင်းချင်း ပုဇွန်ခြောက်မှုန့်နိုင်းချင်း ငရုတ်သီးစိမ်း [illegible] ပါးလှီးနိုင်းချင်းတို့နှင့် သုတ်စားရတာ နှောင်းကြိုက်သည်။ [illegible] ချဉ်အကောင်လိုက်အချဉ်ကို ငရုတ်သီးမှုန့် ငရုတ်သီးအစိမ်း



www.burmeseclassic.com

www.burmeseclassic.com



တောင့်များနှင့် နီရဲအောင်ကြော်လျှင် နှောင်းကြိုက်သည်။ ပုဇွန်ထုတ်ကြီး... ပုဇွန်အကောင်စသည်တို့ထက် ပုဇွန်ဆီကိုမှ ကြိုက်ပြန်သည်။ ဆက်သားခြောက်နီနီရဲရဲတွေရလို့ကတော့ တပန်းကန်ကြီးအမောက်ဖုတ်ပြီး ဆီရွှဲရွှဲသာ ဆမ်းထားလိုက် ခနကြာရင်မရှိတော့ဘူးသာမှတ်ပေတော့...

ငါးဇွန်ထောပတ်ဆီကိုလည်း သေလုမတတ်ကြိုက်မဆလာနိုင်းချင်းနှင့် ချက်ထားသော ဂဏန်းဟင်းစပ်စပ်ဆိုလည်း ခေါင်းပင်မဖော်နိုင်။ ဘဲဥဆားစိမ်ပြုတ်ဆိုရင် အကာတွေအကုန်လွှင့်ပစ်ပြီး အနှစ်ကိုချည်း လေးငါးဆယ်လုံးလောက်စားရမှ ပြီးတော့ ခလယ်ချဉ်ဆီရိုး အခေါင်းတိုင်ပါသော ဆိတ်ရိုးကို အာလူးလေး ဂျင်းစပါလင်လေးနှင့် စွပ်ပြုတ်လုပ်ပေးလိုက်ရင် တခါတရံထမင်းလွတ်တောင် သောက်တတ်သေးသည်။

ဝက်လက်ဝက်ခြေထောက်ကို ကြံမဆိုင်နှင့်ဟင်းချိုချက်ခိုင်းပြီးမှ ဝက်သားဖတ်လုံးဝမစားတော့ဘဲ ကြံမဆိုင်ဖတ်နှင့် ဟင်းရည်ကိုသောက်တတ်သည်။ မှိုကြော်ဆိုရင်ပေါ့တရေးနိုးထကြွေးရင်တောင် မငြင်းတတ်ပေမယ့် အတူတွဲကြော်သည့် ကန်စွန်းရွက် ညှိုးပြီးမဲသွားလျှင်တော့ မထိချင်တော့ပေ ကြက်၊ ဘဲ၊ ဝက်၊ အမဲ၊ ငါးဘာအသားမှ မကြိုက်ပေမယ့် ကြက်အူ၊ ဘဲအူ၊ အမဲအူ၊ ငါးရံ့အူ၊ အူတကာအစုံကိုတော့ ကြိုက်ပြန်သည်။ အမဲသွေးမဟုတ်ဘဲ ဘဲသွေးစစ်စစ်ကြီးကြီး တုံးတုံးကြီးများရလျှင် ကန်စွန်းရွက်နှင့်သုတ်သုတ် ကြက်သွန်နီနဲ့ပဲ သုတ်သုတ်...





အဲဒီလို တွေလီကာလီရှိလှသည့် နှောင်းအကြိုက်များကို အိမ်က ကောင်မလေးတွေခများ ဘယ်လာအသေးစိတ်သိနိုင်ပါ့မလဲ ပြောထားလည်း မေ့ကြသည်သာပင် ဒေါ်ခင်ဆက်မော်ကိုယ်တိုင် ဈေးကိုလာပါမှ မျက်စိထဲတွေ့ရင်တွေ့သလို ဝယ်ရခြမ်းရတတ်တာမျိုးပါ။ ခုတော့ တခုတွေ့ တစ်ခုဝယ်နှင့်မနိုင်မနင်းတွေဖြစ်ပြီး မိုးကလည်းရွာကာ အခက်တွေ့နေ ရပါပြီ...

"ဖျောက်..."

ဘေးနားကပ်ပြီး ထီးဖွင့်လိုက်သံကြားသဖြင့် ဖြတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ မြင်ဘူးသလိုလို ဘာလိုလိုရှိသော ကောင်မလေးတစ်ယောက် ဒေါ်ခင်ဆက်မော်ကို မဝန့်မရဲလေး ပြုံးပြုမယောင်ယောင် ဖြစ်နေသည်။ ပြန်ပြီးမပြုံးပြဖြစ်လိုက်ပေမယ့် စိတ်ရှုတ်နေသည့်မျက်နှာထားကို လျော့ကာပြင်လိုက်တော့ ကောင်မလေးက အပြုံးလေးပိုပြီး တောက်ပလာကာ...

"အန်တီ... ကားမပါဘူးလား... ဒရိုင်ဘာကော..."

"ကားပါ့ပါတယ်... ဟိုးအပြင်မှာ... ဒရိုင်ဘာတော့မပါဘူး..."

ကောင်မလေးက ဟိုဒီသိမ်းကျုံးကြည့်ကာ...

"အန်တီထီးမပါရင် ကားဆီအထိ သမီးလိုက်ပို့ပေးမယ်လေ..."

"နေပါစေ" ဟု ပြန်မပြောချင်လောက်အောင်ပင် ...နေတောင်းကာ မိုးကြီးကြီးနှင့် မှောင်မလိုဖြစ်နေတာမို့ ဒေါ်ခင်



www.burmeseclassic.com

www.burmeseclassic.com



ဆက်မော်က ကလေးမကိုပဲ မဲပြီးအကဲခပ်လိုက်သည်။ ကိုယ်အပြန်နောက်ကျတာထက်… နှောင်းညစာစားပြီးသွားမှာစိုးခြင်းက စိတ်ထဲပိုပါသည်။

ဘေးက ကလေးမမှာ သန့်ပြန့်သားနားသော ရုပ်ရည်ကလေးနှင့် အဖြူခံပေါ် ခရမ်းနှင့် နက်ပြာအဆင်နုနုလေးများပါသော ပါတိတ်ဝမ်းဆက်ကလေးနှင့် ဆံပင်မတိုမရှည်လေးကို နဖူးပါသိမ်းပြီး ခပ်မြင့်မြင့်စီးထားကာ လက်ထဲမှာတော့ ပိုက်ဆံအိတ်ကလေး တစ်လုံးသာပါလေသည်။ စိန်ပိစိပေါက်စကလေးများနှင့် နားကပ်လော့ကတ် လက်စွပ်နှစ်ကွင်း ဆင်တူအပွင့်အနွယ်လေးများ ပုံစံလုပ်ဝတ်ထားပုံက ဒေါ်ခင်ဆက်မော်တို့အဖို့ဆိုရင်တော့ နုတ်သလိုရှိနိုင်ပေမယ့် သူကလေးရဲ့ အသက်အရွယ်နဲ့ကျတော့ လိုက်ဖက်တင့် တယ်လျှက်သား…

မျက်နှာတစ်ခုလုံး ဘာမှလိမ်းချယ်မထားဘဲ ပြောင်ရှင်းရှင်းလေးနှင့် နှုတ်ခမ်းတစ်ခုကိုသာ ပန်းခရမ်းအဖျော့ရောင်နှုတ်ခမ်းနီလေးတင်ထားသော မိန်းကလေးဟာပြင်ပဗဟိုရ်သဘောအရကတော့ အတော်ကြီးနှစ်လိုဖွယ် ပုံစံလေးမျိုးတည်း။

အရွယ်ရောက်သောလူပျိုအတွက် သင့်တော်မည့်မိန်းကလေးကို မျက်စိဖွင့်နားဖွင့်နေပါသည်ဆိုသော ဒေါ်ခင်ဆက်မော်မှာ ဘာမှထူးထူးခြားခြား ပြောလောက်စရာမရှိသည့်သာမန်မိန်းကလေးမျိုး ဘယ်လောက်ကြီးပဲ ဝတ်နိုင်စားနိုင်မှုံအထက်တန်းမကျလှသော ပုံစံမျိုး ကလက်တက်တက် ရိုးတုံးတုံး





စသော အစွန်းရောက်ပုံစံမျိုး သေလုအောင် ချောမောနေပါစေ အတွင်းစိတ် ဖြူလှဟန်မရှိသော ရုပ်ရည်မျိုး ကိုယ်နှင့်တန်းတူအပြိုင် ခွာရာတိုင်းချင်သော သွင်ပြင်မျိုးကိုယ့်ပင်ကိုယ်ဟန်ကို ဖွတ်ဖျောက်ပြီး ကောင်းမည်ထင်သည့် ပုံစံတစ်မျိုးမျိုးမှာ အသားသေစေရန် အတင်းကြီး ကြိုးပမ်းယူနေသော ဟန်မျိုးရှိသည့် မိန်းကလေးများကိုတော့ စိတ်ကူးထဲတောင် ထည့်မှာမဟုတ်သည့်အတွက် ထိုပုံစံတွေထဲ ပါနေရင် သေချာ ဟက်ဟက်ပက်ပက် ခရှိချင်လှတော့တာ အကျင့်တောင် ဖြစ်နေပါပြီ။

ဒီကောင်မလေးမှာတော့ ထိုပုံစံတွေထဲမှ လွတ်ကင်းနေတာမို့ “မဆိုးဘူး” ဟု မှတ်ချက် ချရမလို ရှိသည်။ ဒေါ်ခင်ဆက်မော် အကြိုက်တွေ့သည်မှာ နေရင်းထိုင်ရင်းကို ကြည်လင်နေပြီး အဆင့်အတန်း မြင့်နေသည့် ရုပ်ရည်လေးနှင့် ကိုယ်နေဟန်ထားများပင်တည်း။

“သမီးက အန်တီကြည်ကြည်သမီး ဝင်နီရဲ့သူငယ်ချင်းပါ အန်တီ… ”

“အော်…”

စားကောင်းကာလှပသော ထမင်းစားပွဲဝိုင်း တစ်ခုကို ဖန်တီးနိုင်သူလေးအဖြစ် စိတ်က မှတ်မိလိုက်သည်။ ကောင်မလေးရဲ့ထီးက ကိုယ့်ခေါင်းပေါ် ရောက်လာတာမို့ ခေါင်းညိတ်ကာ ခြေလှမ်းစပြင်လိုက်စဉ်မှာ ကောင်မလေးရဲ့ လက်တစ်ဖက်က ဈေးကျွပ်အိတ်ကို လာဆွဲလိုက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ နှစ်ဖက်ဆွဲဖြစ်နေပြီ… သမီး ဒီအိတ်လေးကိုင်ခဲ့လိုက်ပါ့မယ်… "

အလွယ်တကူပဲ လွှတ်ပေးလိုက် မိတော့သည်၊ လျှောက်လာကြစဉ်မှာ ကောင်မလေးရဲ့ ထီးဟာ ကိုယ့်ဘက်သို့ ခပ်များများ ခပ်ယိမ်းယိမ်း။

သူ့ဟိုဖက် တစ်ဖက်ခြမ်းအတော်ကြီးစိုနေပြီဆိုတာ ဒေါ်ခင်ဆက်မော်က ရိပ်မိသိရှိလိုက်ပါသည်။

နေပါဦး… ခုမှ ပြန်စဉ်းစားမိကာ ဒီကလေးမ တစ်ချက်တစ်ချက် မြင်မြင်နေမိသလိုရှိတာ ကြည်ကြည်တို့အိမ်မှာ နှင့် ခုတစ်ခါ နှစ်ခါတည်းမကပါ။ မြင်လိုက်တုန်းကလည်း မ နောက်တော့လည်း ခေါင်းထဲမှာ မရှိတော့ဘဲ ခုကျကာမှ ဆုံ နေတာတွေက ခေါင်းထဲတန်းစီပြီး ပေါ်လာသည်။

သိပြီ…MFTB ( Myanmar Foreign Trade Bank မှာ ဒေါ်ခင်ဆက်မော်၏ အပါးငွေတော်မြဲ ကောင်မလေး မိဝါ ကားသော့ချပျောက်ပစ်စဉ်က တကုန်းကုန်းနှင့် ဝိုင်းကူရှာပေး သည်က တစ်ခါ FMI centre ကဆိုင်တစ်ဆိုင်မှာ ပစ္စည်းဝယ်မ လုပ်နေဆဲအရေးတကြီး ဖုန်းပြောစရာတစ်ခု ခေါင်းထဲပေါ်လာ အိတ်ထဲမွှေလိုက်တော့ ကိုယ့် ဆယ်လူလာဖုန်းက ကားထဲ ကျ ရစ်ပြီဆိုတာ သိပြီး စိတ်ပျက်သွားစဉ် သူကလေးက ဘေးမှနေ ဆိုင်ရှင်ထံမှ ဆယ်လူလာဖုန်းကို တောင်းယူကမ်းပေးလိုက်စဉ်က တစ်ခါ။





အဲဒီတုန်းကလည်း ဆိုင်ရှင်တို့ရဲ့ ဝတ္တရားအရ ဈေးဝယ်ကို ပျူငှာလိုက်တာမျိုး မဖြစ်နိုင်။ သူကလေးဟာ ဆိုင့်ရှင် မဟုတ်ပါ။ ဆိုင်ရှင်ကောင်မလေး၏ သူငယ်ချင်းပုံစံပဲ ဖြစ်သည်။

နောက်တစ်ခါကတော့ လေဆိပ်အထွက်နားလေး ဘင် ကားဘီးပေါက်ပြီး ဘီးပိုပါပါရက် ထောက်စရာ ဂျိုက်မပါခဲ့ သည်မို့ နိုင်ငံခြားဧည့်သည်ကြီး ဘေးထားပြီး ဒေါ်ခင်ဆက်မော် ရော ဒရိုင်ဘာပါ ဒုက္ခကြီးနေစဉ်မှာ တမင်ကြီး ကားရပ်လာပြီး တော့ကို မေးမြန်းပြီး ဂျိုက်ငှားပေးခဲ့တာ တစ်ခါ။

ဒီလောက် တိုက်ဆိုင်များပြားနေပါရက် အလုပ် ရှုပ်လှတာရယ် ကိုယ်တိုင်ကိုက ကိုယ်လိုက်ကြည့်နေသည့်ကောင် မလေးတွေကလွဲပြီး တခြား မိန်းကလေးငယ်တွေကို ခေါင်းထဲ ထည့်ချင်လှတာရယ်နှင့် ခုမှ အားလုံး ဆက်စပ်မိတော့ကာ ခုမှ ပဲလည်း အံ့ဩရတော့သည်။

ဘယ်လိုလဲ ဒီကောင်မလေးဟာဒေါ်ခင်ဆက်မော် အကူအညီလိုနေချိန်တွေ အမြဲကြုံကြိုက် ကူညီနိုင်ရအောင် နတ် ဒေဝတာတွေ တမင်ဖန်ဆင်းပေးထားတာများလား၊ တိုက်ဆိုင် လွန်းတော့ ဒီလိုပဲ တွေးယူရတော့သည်။

"အော်… အန်တီ့ကားက အတော်ဝေးတာပဲ… ဆကာကြီး မုန့်ဟင်းခါးနားတောင် ရောက်နေပြီ… "

ဟော့ကြည့် ခါတိုင်းစီးနေကျကားမဟုတ်ပဲ ဒီနေ့ ခန်းကတစ်စီးနှင့်ပြောင်းစီးလာတာကိုလည်း သိရှိနေပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဆက်မော်က မသက်ာတော့ချင်သလိုလိုဖြစ်လာကာ ဖြူဖြူစင်စင် မျက်နှာလေးကိုတစ်လှည့် တစ်ကိုယ်လုံးကိုတစ်လှည့် ခြုံကြည့်နေမိပြန်သည်။ နှုတ်ကတော့ စကားမဆိုဖြစ်ပါ။

အင်း... သူကလည်း တစ်ဖက်မှာ အတော်ကြီးရွဲနစ်နေရှာပြီ ထီးကိုင်ထားရသည့် လက်ကလေးလည်း ကိုယ့်ဘက်အတင်းကြီး စောင်းကာ ညောင်းချိနေလောက်ပြီ။

ဟင်... ထီး... ထီး...။

အနားမှာ အဖတ်ဖတ်အတွန့်လေးတွေပါသော အကြည်ရောင်ထီးကလေးက ဒေါ်ခင်ဆက်မော်ကို မှင်သက်မိသွားစေသည်။ လက်ကိုင်ကြည့်လိုက်တော့လည်း ကာတွန်းရုပ်လေးတွေနှင့် အိမ်သို့ပါလာခဲ့သော ထီးတစ်ချောင်းနှင့်ကတော့ အတော်ကြီးကိုတူနေပြီ။ ဒီသူငယ်မလေးဟာ သားသူငယ်ချင်း 'မြတ်သူရ'ဆိုသူနှင့် ဘယ်လိုများတော်စပ်သလဲ။

"ဒါနဲ့... ဝင်နီ့သူငယ်ချင်းနာမည်က ဘယ်သူတဲ့လဲ..."

"မြတ်သူရပါ အန်တီ..."

"အို... ဘယ်နှယ့်နာမည်လဲ..."

"ဖေဖေ့နာမည်က ဦးသူရပါ အန်တီ..."

အော်... မြတ်သူရ.. မြတ်သူရဆိုတာ ယောက်ျားလေးမှမဟုတ်ဘဲကိုး ဒေါ်ခင်ဆက်မော် ဘဝင်မကျဖြစ်သွားသည်။ တစ်ခါမှ နာမည်မကြားဘူး အပြောအဆိုမရှိသည်





ဒီကလေးမက သားနှင့်ဘယ်လိုပတ်သက်သလဲ ကိုယ့်ကိုတော့ ဒင်းကလေးက အတော်ကြီးပတ်သက်ကျွမ်းဝင်နေချင်တာ ထင်ရှားလို့နေပြီ။ ကြုံကြိုက်မှုမှန်သမျှဟာ တိုက်ဆိုင်မှုတွေ ဖြစ်နိုင်ပေမယ့် ကူညီမှုတွေကတော့ တမင်သက်သက်ကြီးတွေမှန်း သိသာပါသည်။

သို့သော် "သားနဲ့ခင်ကြသလား" ဟု မေးဖို့ စိတ်ကူးမရှိပါ။ ဘေးလူအနေနှင့် အမြင်ကပ်စရာကောင်းလောက်အောင် သားဂုဏ်မောက် ကောင်းမောက်နေမည်ဖြစ်သော ဒေါ်ခင်ဆက်မော်သည် ကိုယ့်ဘက်ကကြည့်ရင်တော့ သားကို အကောင်းဆုံးပဲ ပေးဆပ်ချင်သည့် မိခင်မေတ္တာမို့ ဘာကြီးပဲလုပ်နေနေ ကိုယ်မလွန်ဟု ကိုယ့်ဘာသာ လိပ်ပြာသန့်ပြီးရင် ပြီးပြီပေါ့...

ကိုယ့်ကားဆီရောက်တော့ သော့ဖွင့်ကျုပ်ကျုပ်အိတ်ပြန်ယူကာ ကားထဲထည့်။ ကိုယ်ပါအထိုင်ကျပြီးသည်ထိ တကုန်းကုန်းနှင့် ထီးလိုက်မိုးပေးနေဆဲ ကောင်မလေးကို စောစောကလောက် အမြင်မကြည်လင်တော့တာမို့ ဘာမှနှုတ်ဆက်ပြောဆိုနေချင်စိတ်မရှိတော့သော်ငြား ကြည်လင်ရှင်းသန့်လွန်းလှသော ရုပ်ရည်ကလေး၏ ဖြူစင်မှုအရှိန်အဝါကို မလွန်ဆန်နိုင်တာနှင့်ပဲ။

"အိမ်ကနီးသလား... ဘာနဲ့ပြန်မှာလဲ..."

"သမီးကားက ဈေးရုံဝင်းထဲမှာပါ အန်တီ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဆက်မော်က ခေါင်းတစ်ချက်ညိတ်ပြကာ လတ်ပြုံးပြီး မောင်းထွက်လာခဲ့တော့သည်။ ခေါင်းအညိတ်မှာ ပြုံးပါပြုလိုက်မိသေးသလား ကိုယ့်ကိုကိုယ် သိပ်မသေချာ တကယ်တန်းဆို သူ့ကားက ဈေးဝင်းထဲမှာဖြစ်ပါရက် တမင်သက်သက်မိုးစိုရေစိုခံ လိုက်ကူညီသူတစ်ယောက်ကို ကျေးဇူးစကားမဆိုဖြစ်ခြင်းမှာ မယဉ်ကျေးရာတော့ ကျလှပါသည်။

ဒါပေမယ့် နောက်ကြောင်းရှေ့ကြောင်း ကိုယ်ဘာတစ်ခုမှ မသိသည့်ကလေးမမို့ တစ်ခေါက်နှင့်ပဲ ကိုယ့်အပေါ် စိတ်ပျက်သွ[illegible]ည်း ပျက်ပစေတော့ပေါ့။

သို့သော် အပြုံးလေးမပျက် ကျွန်ရစ်သော ပုံစံလေးနှင့်ရုပ်ရည်သွင်ပြင်တို့က ကိုယ့်မျက်ဝန်းထဲမှ မထွက်ပါ။ စကားကောင်း စကားမှန်ပြန်ရမည်မဟုတ်မှန်း သေချာနေသည့် သားလုပ်သူထံမှပဲ ထိုမိန်းကလေးအကြောင်း စုံစမ်းကြည့်ရရင်ကောင်းမလား…

အင်း အချိန်တွေအများကြီး ရှိပါသေးတယ်လေ လောစရာမလိုပါဘူး… ခုလောလောဆယ်ကတော့ အိမ်မှာ နှောင်းထမင်းစားမထားနှင့်ဖို့သာလျှင် အရေးအကြီးဆုံး…

❖❖❖❖❖





ဒီနေ့အဖို့တော့ ဒီလောက်ပဲ တော်လောက်ပြီထို

နှောင်းကကျက်လက်စ စာအုပ်ကိုဖြတ်ကနဲ ပိတ်လိုက်စဉ်မှာ ဘယ်တုန်းတည်းက ချောင်းနေမှန်းမသိသည့် မေမေက နှောင်းအပါးသို့ ဖြတ်ကနဲပင် ရောက်ရှိလာလေသည်။ မေမေ ဘေးမှာလာရပ်လိုက်ပြီဆိုတာ သိသိချင်းနှောင်းက စာအုပ်ကို ပြန်ဖွင့်ဖို့ ကြိုးစားသည်။ သို့သော်…

"ကလေးမဆန်စမ်းပါနဲ့ နှောင်းရယ်… ကလေးကျင့်… ကလေးကြံ…"

မေမေ့စကားကြောင့် နှောင်းအရှက်ကြီးရှက်သွားရကာ ရှက်ရမ်းရမ်းပြီး ခေါင်းကဆံပင်တိုကပ်ကပ်တွေကို တစ်ခေါင်းလုံးကုပ်ဖွလိုက်မိသည်။

"နက်ဖြန်ဆေးရုံစာမေးပွဲပဲရှိတာ မဟုတ်လား… နှောင်း စာရပြီဆိုရင် မေမေက စကားနဲပြောစရာရှိလို့…"

"စာကတော့ သိပ်မရလှပါဘူး… ဒါပေမယ့် မေမေပြောစရာရှိရင်ပြောပါ…"

နှောင်းကို ကလေးဆန်လှချည့်ဟု မေမေသတ်မှတ်တာဒါတွေကိုပဲ ဖြစ်လိမ့်မည်။ နှောင်းစိတ်ထဲမှာ ဘာကြောင့်ရယ်မသိ မေမေ့ကိုဆိုရင် အသေးအဖွဲလေးကိုဖြစ်ဖြစ် ဆန့်ကျင်လိုက်ရမှ… ရွဲ့လိုက်ရမှ နေလို့ကောင်းသလိုဖြစ်နေသည့် စိတ်ကပြုပြင်လို့ကို မရချင်ပါ။ ထွန်းကြီးမေမေကတော့ "အသေးသေးဖြစ်ဖြစ် ကြီးကြီးမားမားပဲဖြစ်ဖြစ် ကိုယ့်မိဘကို စိတ်မဆင်းရဲစေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သားရယ်... ငရဲကြီးပါ့မယ်..." ဟု ဆုံးမသား။

ငယ်စဉ်ကတော့ ဖခင်လုပ်သူကို သနားခဲ့၍ တစ်ဖက်သပ်ဘက်ပင်းခဲ့ခြင်းသာ ဖေဖေမရှိတော့တဲ့နောက်မှာ ပို ပြင်းထန်ခဲ့ရတာကတော့ မေမေ့ကြောင့် ဖေဖေသေခဲ့ရပါသည်ဆိုတဲ့အစွဲကြောင့် ခုတော့အသက်တစ်နှစ်ပိုကြီးလာလေ မိခင်ရော ဖခင်ပါ နှစ်ဖက်လုံးကိုမျှပြီး နားလည်နိုင်လာလေ မပြေလည်ကြသည့် အိမ်ထောင်ရေးမှာ နှစ်ဦးနှစ်ဖက်အမှားအမှန်တွေ ရှိကြစမြဲဆိုတာကိုလည်း နားလည်နိုင်ခဲ့လေပြီ။

လူကသာ နားလည်ပေမယ့် မေမေ့ကို နည်းနည်းလေးဖြစ်ဖြစ် ဆန့်ကျင်လိုက်ရမှုဆိုတဲ့ ဉာဉ်ဆိုးကတော့ နှောင်းရဲ့သွေးထဲမှာ စွဲနစ်ခိုင်မြဲလို့နေပြီတည်း။ ပြီးတော့ မေမေ့ကိုနှောင်းကြောက်သည်။ ဘာကိုမဆို စွမ်းဆောင်နိုင်မည်မှန်း သေချာနေသောမေမေ့မျက်နှာပေးက သူနှင့်တကွ နှောင်းနှင့်တကွ ပတ်ဝန်းကျင်က ဘယ်သူမဆိုရဲ့ဘဝတွေကို မှောက်ချင်မှောက် လှန်ချင်လှန် အမျိုးစုံကစားနိုင်မည့် ပုံစံမျိုးပင်တည်း။

အရွယ်ရောက်ယောကျ်ားလေး တစ်ယောက်ရဲ့ ဂျစ်ကန်ကန်စိတ်ရယ် နဂိုက ဉာဉ်ဆိုးရယ်ပေါင်းကာ နှောင်းရဲ့ဘဝကြီးကိုတော့ မေမေက အစွမ်းကုန်ကြိုးကိုင်စေစားသွားမှာကိုနှောင်းက ဘယ်နည်းနဲ့မှ မလိုလားနိုင်ပြီ။

လုံးဝဂါသနာမပါသော ဒီဆေးတက္ကသိုလ်ကို မလိုမ့်တပတ်နှင့် တက်ရောက်လိုက်ရပြီးကတည်းက ဘဝမှာ





ကြီးကြီးမားမား ပြောင်းလဲဆုံးဖြတ်ရမည့် ဘယ်လိုကိစ္စမျိုးမှာမဆို ကိုယ့်စိတ်တိုင်းကျသာ ဖြစ်စေရတော့မည်ဟု သံမဏိဒွာန်ချထားပြီးချိန်မှာ ခုတလောတော့ဖြင့် မေမေကတစ်မျိုး ခေတ်စားလာပြန်သည်မှာ နှောင်း၏အိမ်ထောင်ရေးကိစ္စပင် ဖြစ်တော့သည်။

"ဒီလောက်ကြီးကျယ်သည့်ကိစ္စမှာတော့ ဘယ်နည်းနှင့် မှ မေမေ့သဘောကို မလိုက်လျောနိုင်ဘူး..."

ဟု ဆုံးဖြတ်ပြီးသားနှောင်းသည် အရပ်မျက်နှာပတ်ပတ်လည် သုံးရာ့ခြောက်ဆယ်ဒီဂရီစာစစ်မျက်နှာဖွင့် တိုက်ကွက်တွေဆင်ထားနေရလေပြီ။

"မနေ့က ဦးဘဖြူတို့အိမ်ကို မေမေပစ္စည်းတစ်ခုပေးခိုင်းလိုက်တာ... ခြံထဲဝင်ပြီး ယဉ်ယဉ်ကျေးကျေးမပေးဘဲ ခြံဝကပုံးထဲ ထည့်ပစ်ခဲ့တယ်ဆို... "

နှောင်းက မချိုမချဉ်လေးလုပ်နေလိုက်သည်။ အဲဒီလိုပစ္စည်းပေး ပစ္စည်းယူတွေဟာ ရိုးသားလှပြီဖြစ်သော်လည်း အသုံးဝင်နေဆဲ လူကြီးများ၏ အကွက်အကွင်းတွေပဲ ဖြစ်သည်။

"ဦးဘဖြူမှာ ဘာသမီးအပျိုမှမရှိဘူးနှောင်း... ပြီးတော့ မင်းကိုပေးလိုက်တာ ဦးဘဖြူမိန်းမကြီးမေမေ့ကို ပြထားဖို့ ရတနာပစ္စည်းတွေ... ဒရိုင်ဘာလည်းမအား... ရုံးက ဘယ်သူ့ကိုမှလည်း မခိုင်းချင်လို့ နှောင်းကိုပေးခိုင်းလိုက်တာ... နိုင်အောင်တို့အိမ်နဲ့ကလည်း လမ်းကြုံနေတယ် မဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးဘဲလ်နှိပ်လိုက်စဉ်မှာ လှပကြွရွစွာ ထွက်လာသည့်မိန်းကလေးတစ်ယောက်ကြောင့် ပစ္စည်းထုပ်ကို ခြံဝက ပုံးထဲပဲထည့်ပြီး ပြန်လစ်ခဲ့တာဖြစ်ပါသည်။ မေမေကလည်း နှောင်းအချိုးကို ရိပ်မိစွာ 'သမီးမရှိသည့်ကိစ္စ' ကိုစပြီး ပြောတော့ တာပါပဲ...

"ပစ္စည်းတွေ မပျောက်ဘူးမဟုတ်လား..."

"ပျောက်မပျောက်က အရေးမကြီးဘူး... မေမေ့သားဖြစ်ပြီး ယဉ်ကျေးမှုမရှိတာ... သူများတကာရဲ့ အဖိုးတန်ပစ္စည်းတွေကို လက်လွှတ်စပယ်နိုင်တာ... ဒါတွေကိုပြော[illegible]တာ..."

"ရတနာတွေလို့မှ မေမေက မပြောလိုက်ဘဲ..."

"ပြောစရာမလိုဘူး... ရတနာဖြစ်ဖြစ်... အပ်ချည်မျှင်ဖြစ်ဖြစ်... မေမေကဦးဘဖြူရဲ့ဇနီးစောင့်ယူနေလိမ့်မယ်လို့မှာလိုက်ရင် ဦးဘဖြူရဲ့ဇနီးလက်ထဲကိုပဲ ရောက်အောင်ပို့ရမယ်..."

ဒေါ်ခင်ဆက်မော်မှာ ပြောရင်းပြောရင်း ဒေါသကပိုထွက်လာရပါသည်။ ကိုယ်တက္ကသိုလ်တက်စဉ်က အင်းယားဟောလ်မှာနေခဲ့တာမို့ အင်းယားဟောလ် ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲတို့၊ ကိုယ့်မေဂျာအသင်းရဲ့ မိတ်ဆုံစားပွဲတို့ဆိုရင် မလွတ်တမ်းတက်လေ့ရှိသော ဆက်မှာ ပွဲတစ်ခုပြီးတိုင်း မိတ်ဟောင်းဆွေဟောင်းများ ပြန်တွေ့ကာ နောက်ပိုင်းတွေကျ ကိုယ့်





သူဖိတ် သူ့ကိုယ်ဖိတ် ထမင်းစားပွဲ တွေ့ဆုံပွဲတွေက ကိုယ့်အိမ်သူ့အိမ်အလှည့်ကျ လုပ်ကြစမြဲ...

အဲဒီလိုပွဲတွေဆိုလည်း ကိုယ်ကသူ့ခေါ်သွားမိတာပဲဖြစ်ဖြစ် ကိုယ့်အိမ်ကိုလာကြတာပဲဖြစ်ဖြစ် မိန်းကလေးငယ်တစ်ယောက်လောက်များပါလာရင် နှောင်းတို့က ပထမတန်းစားချစ်တိုက်ပြပါပြီ။ ထမင်းစားနေရင်း ထမင်းလုံးတွေပေပွနေအောင် ဒိတ်ပြတာတို့ အသံပလံထွက်တာတို့ ခက်ရင်းလွှတ်ချတာတို့နှင့် ခထပ်အောင်ပင် အရှက်ရစေတတ်သလို စကားပြောရင်း ဝါးကနှသန်းစေတာတို့ ဘာမှမဆိုင်သည့် စကားတွေကို လုယက်ပြောတာတို့ ထိုင်နေရင်း အကောင်းကနေ ဂျပိုးကိုက်သလိုလို၊ ခြင်ကိုက်သလိုလို ဝရုန်းသုန်းကားထဖြစ်တတ်တာတို့... နေရင်းသီချင်း ခလုပ်တိုက်ချော်လဲ... ဟိုဆွဲ... ဒီဆွဲတို့။

ပြောရရင်တော့ ပြောမကုန်ပါ မျက်နှာပျက်အရှက်ရ "ဆက်"ဆိုတဲ့ နာမည်တစ်လုံးလည်းပဲ ဒီသားတော်မောင်ကြောင့်ပဲ ဟိုလူ့ ဒီလူပါးစပ်ဖျားထဲ အတင်းပြောစရာအဖြစ်ရောက်ရတာ။

ကောင်မလေးတွေပါလာလို့ သူ့အတွက် စပ်ဟပ်အောင်[illegible]သ်နေပြီထင်ပြီး တစ်ဖက်ကသမီးရှင်များ ပြောစမှတ်ပြုဖြစ်အောင် ထ,ထလုပ်တော့တာပါ။ သူ့မို့ မရှက်နိုင် မကြောက်နိုင် ဒေါ်ခင်ဆက်မော်အတွက်ကတော့ စပ်ဟပ်တွေ့ဆုံစားပွဲတွေဟုတ်တာမို့ နှောင်းဖြစ်စေချင်သလောက် ဒုက္ခမရောက်လှပါ



www.burmeseclassic.com

www.burmeseclassic.com



ယ့် အရှက်ကတော့ ရရတာပါပဲ။

"နှောင်း... မေမေ့ကို အရှက်ရစေတာတွေ များနေပြီနော် သား... ဒီလထဲမှာကို တော်တော်များနေပြီ... အဲဒါဆင်ခြင်ဦး..."

"ဆင်ခြင်ဖို့အတွက် ကတိပေးပါတယ်... ဒါပေမယ့် မေမေ ရှာဖွေပေးစားတဲ့ မိန်းမတော့ တစ်သက်လုံးမယူဘူးနော်... အဲဒါလေးတစ်ခုတော့ရှိတယ်..."

ကြည့်စမ်းပေါ်တင်ကြီး ထုတ်ဖော်ဆန့်ကျင်လိုက်တာမို့ ဒေါ်ခင်ဆက်မော်က ဒေါသနှင့် တုန်တုန်ရီရီတောင် ဖြစ်သွားရပါသည်။ အမေလုပ်သူကို ပေါ်တင်ဆန့်ကျင်ပြီးရင် သူ ဆီက ဘာမလိုမ့်တပတ်တွေ ထွက်လာဦးမလဲမဆိုနိုင်။

"အေး... မေမေကလည်း နှောင်းစိတ်တိုင်းကျ ရွေးချယ်လာမယ့်တစ်ယောက်ကို မမေးမစမ်း ရမ်းသမ်းပြီး သဘောတူလိုက်လိမ့်မယ်လို့တော့ မမျှော်လင့်နဲ့..."

ဒီအိမ်ထောင်ရေးကိစ္စကို နှစ်ဦးသားရင်ဆိုင်ပြောဖြစ်ကြတာ ဒါပထမဆုံးပါ။ ဒါပေမယ့် တစ်ဦးခြေရာတစ်ဦးက ခံမိနေကာ နှစ်ဦးလုံးဒီကိစ္စအတွက် လှုပ်ရှားနေကြပြီမှန်း အချင်းချင်းတော့လည်း သိနေကြသားပဲ။ ဒေါ်ခင်ဆက်မော်ရင်တွင်းမှာ ပိုပြီး ပူပြင်းလာရသည်။ ရွံ့တတ်ပုံတတ်သည်မှာ နှစ်ယောက်မ သော အဖေတူသားသည် မိခင်ကိုရွံ့ချင်တာနှင့်ပဲ ကိုယ်တိုင်က စိတ်မပါသည့် အရာတစ်ခုကို ဇွတ်လုပ်ချလိုက်ရင်တော့ သွား





ပြီ၊

ဒေါ်ခင်ဆက်မော်က ရုတ်တရက် စိတ်တိုစိတ်ပူသွားရသဖြင့် မေးကြည့်လိုက်ဖို့ မရည်ရွယ်သေးဘဲ မြို့သိပ်ထားခဲ့ဖြစ်သော မေးခွန်းကို ထုတ်ဖော်လိုက်မိသည်။

"ဒါနဲ့... နှောင်းအသိ မြတ်သူရဆိုတဲ့ တစ်ယောက်ဟာ ယောကျ်ားလေးလည်း မဟုတ်ပါလား..."

"ဟား... ဟား... ဟား..."

နှောင်းက အားရဝမ်းသာစွာ အော်ကြီးဟစ်ကျယ်ရယ်လိုက်မိသည်။

"အဲဒီကောင်မလေးက ဆေးတက္ကသိုလ်က မဟုတ်ဘူးမှတ်လား... နှောင်းနဲ့တော်တော်ပဲ ခင်သလား..."

ဒေါ်ခင်ဆက်မော်က လှည်းတန်းဈေးမှာတွေ့ပြီးနောက်ပိုင်း နောက်ထပ်နှစ်ခါတိတိ ထပ်တွေ့ထပ်ကူညီလိုက်သေးသည့်ကောင်မလေးကို မျက်စိထဲမြင်ယောင်သည်။ အဲဒီနှစ်ခါမှာတော့ 'ကျေးဇူးစကား' မပြောဘဲနဲ့ကို မနေနိုင်တော့ပါ။ ကျေးဇူးစကားမဆိုလည်းပဲ အမြဲကြည်လင်နေသည့် မျက်နှာလေးက ပြောင်းလဲလိမ့်မည်ဟုတော့ မထင်ပါ။ ခပ်ပြုံးပြုံးနှင့် "ကျေးဇူးပဲကွယ်" ဟု ဆိုလိုက်တော့ ကလေးမလေးမျက်နှာမှာ ကြည်လင်ခြင်းအပြင် ပျော်ရွှင်ကြည်နူးခြင်းများနှင့်ပါ ဝင်းပသွားလိုက်တာ..

နောက်တစ်ခါတွေ့ပြန်တော့ ကိုယ်ကပဲသူ့ကိုတွေ့နေရသည့်အဖြစ်နှင့် တခြားလူတစ်ယောက်ကို သူမလေးက ကူညီ



www.burmeseclassic.com

www.burmeseclassic.com



နေတာတွေ့လိုက်ရတော့ ဒေါ်ခင်ဆက်မော်ရင်ထဲ ဘယ်လိုဖြ
သွားမှန်းကို မသိတော့ပါ။ ကလေးမလေးဟာ ကိုယ့်ကိုအတင်
ကြီးလိုက်ပတ်သက်နေတာတော့ မှန်ပါရဲ့ ဒါပေမယ့် သူတ
တိုင်းကို ကူညီချင်သည့် စိတ်ဓါတ်ကလေးလည်း ရှိနေပြန်တ
က ကျေနပ်ချင်စရာလေးပဲလေ။ ဒါပေမယ့် သားနဲ့ပတ်သက်
ရင် မိခင်တစ်ယောက်ရဲ့ အတ္တစိတ်အပြည့်အဝရှိသော ဒေါ်
ဆက်မော်အဖို့ကတော့ သားကအရင်ကျေနပ်ထားပြီးသားထ
ကိုယ်ကအရင်ကျေနပ်မှုကိုသာ အလိုရှိတာ မဟုတ်လား...

"မြတ်သူရ... မြတ်သူရ..."

နှောင်းက မျက်ခုံးလေးတွန့်ကာ ဟိုဒီခေါ်
စောင်းကာ စဉ်းစားဟန်ပြုလျှင် ဒေါ်ခင်ဆက်မော်က စိတ်မ
နိုင်စွာ။

"ဟိုတစ်ခါ ဒီအိမ်ကို ထီးကလေးတစ်ချောင်းပါလာခဲ့
တယ်..."

မေမေ့ပုံစံက အတော်ကြီးစိတ်အားထက်သန်
ပုံပေါက်လျှင် နှောင်းကမကျေနပ်ဖြစ်သွားရပါသည်။ မေမေ
မြတ်တို့ဘယ်လိုလုပ်ပြီး တွေ့သွားကြပါလိမ့်။ မြတ်ဆိုတဲ့ ကော
မလေးဟာ သဘောသဘာဝကောင်းမည့်ပုံလေးနှင့် ကို
နောက်သမျှ မဖြစ်စလောက်အနိုင်ယူမှုလေးတွေမှန်သမျှကို အ
မပျက်ခံယူနိုင်သူ အပြုံးမပျက်တဲ့ပြင် စိတ်အားထက်သန်ကာ
လှဲ့နေသော မျက်ဝန်းကလေးများနှင့် ကိုယ့်အပေါ် အတော်





သက်ဝင်စူးနစ်နေဟန်ကို ရိပ်စားမိတော့ နှောင်းကိုယ်တိုင် တစ်မျိုးလေးဖြစ်ရကာ စိတ်ထဲအမြဲရှိသည့် မိန်းကလေးပါ အဲဒီကောင်မလေးကိုပဲ မေမေကလည်း စိတ်အားထက်သန်နေပုံကြီးပါလား။

ကျေနပ်သလိုလို မကျေနပ်သလိုလို မျက်နှာထားဟာ ကျေနပ်သည့်ဘက် အတော်ကြီးယိမ်းယိုင်နေတာကို သိရတော့ စိတ်ပျက်လက်ပျက်လည်း ဖြစ်သွားမိသည်။ မြတ်သူရကို မေမေက ဘာကြောင့်ကျေနပ်သယောင်ယောင်ကြီး ဖြစ်နေရတာလဲ... ကိုယ့်အတွေးထဲ အမြဲပင်နေရာယူတော့လုလု သူကလေးဟာ မေမေကျေနပ်သည့် မိန်းကလေးတစ်ယောက် ဘာလို့ဖြစ်နေရမှာလဲ...

တောက်... အမိပွါယ်မရှိလိုက်တာကွာ... စိတ်ပျက်စရာကောင်းလိုက်တာ...

နှောင်းမျက်နှာက ရုတ်တရက်စူပုပ် မဲညိုလာရပါသည်။

"ခင်တယ်... မင်တယ်မဟုတ်ပါဘူး... တွေ့ဖူးတယ်... သိဖူးတယ်... ဒီလောက်ပါပဲ..."

တမင်ကြီးကို ပေါ့ပေါ့ဆဆ ပြောချလိုက်တော့သည်။ ခင်လည်းမခင်ပါပဲ ထီးငှားရင်ငှားမှာဆိုတဲ့ နှောင်းရဲ့ စရိုက်ကိုသိသူပီပီ နှောင်းအဖြေကို ဒေါ်ခင်ဆက်မော်မှာ စောဒကမတက်သာပါ။ အဲဒီလိုဖြေလိုက်တာကိုပဲ စိတ်တိုင်းကျ နှစ်ခြိုက်ရမလိုလိုဖြစ်ကာ စူပုပ်ကောက်ချိတ်နေပြီဖြစ်သည့် သားတော်



www.burmeseclassic.com

www.burmeseclassic.com



မောင်အပါးက အသာပဲခွာလာခဲ့မိတော့သည်။

ဒေါ်ခင်ဆက်မော် ထွက်ခွာသွားပြီး ငါးမိနစ်လောက်အထိ နှောင်းကနေရာမှာတင်ထိုင်ကာ ပုပ်စပ်နေမိသေးသည်။ စိတ်ထဲမှာဘာကို ဒေါ်သထွက်ရမယ်မှန်းမသိဘဲ ဒေါ်သထွက်နေမိတာ အကြာကြီးပါ။ ခနကြာတော့ မြုန်းကနဲထရပ်ပြီး တင်ဇာနည်ထံ ဖုန်းလှည့်ကာ..

"ဇာနည်.. ဟိုတစ်ယောက်ကလေးနဲ့ တစ်လမ်းတည်းနေတယ်ဆိုတဲ့ နင့်သူငယ်ချင်းကဘယ်သူ... အဲဒီနင့်သူငယ်ချင်းဆီ ဖုန်းလေးဘာလေးဆက်ပြီး ဟိုတစ်ယောက်ရဲ့ ဖုန်းနံပါတ်ရှိလား.. မေးပေးစမ်းပါ.."

"ဘာတွေလဲ... စာကျက်လို့မရရတဲ့ကြားထဲ... ရှုပ်နေတာပဲ... ရှင်းရှင်းလေး ပြန်ပြောစမ်း..."

"နင့်သူငယ်ချင်းတစ်ယောက် ပိုချောနဲ့ တစ်လမ်းတည်းနေတာဆို... သူ့ဆီကပိုချော ဖုန်းနံပါတ်တောင်းပေး.."

"ဘုရားရေ.. ဒီအချိန်မှာများ ကောင်မလေးဖုန်းနံပါတ်ကိစ္စတွေဘာတွေ စဉ်းစားနေသေးတယ်.. အချိန်ပုပ်လိုက်တာ..."

"နင်နဲ့အပြန်အလှန်လေးငါးခွန်း ပြောနေရတာက ပိုပုပ်သေးတယ်... လုပ်မနေနဲ့ ငါကစာရနေပြီ.."

"ပိုချောဆိုတာ ငါတို့စကောဈေးထဲမှာ တွေ့ခဲ့တဲ့ အနက်လုံးဝမ်းဆက်လေးနဲ့ တစ်ယောက်ကိုပြောတာနော်..."





တင်ဇာနည်က နှောင်းကို မယုံသင်္ကာနိုင်စွာ ပိုပြီးသေချာအောင် မေးကြည့်လိုက်သည်။ နှောင်းက "အေးပါ.. အေးပါ" ဟု သုံးလေးခွန်း ဆက်အော်လိုက်တော့မှ ညီးတွားမြည်တွန်းပြီး ဖုန်းချသွားလေသည်။ သိပ်မကြာလိုက်ပါ။ တင်ဇာနည်က ဖုန်းပြန်ဆက်ပြီး ဖုန်းနံပါတ်တစ်ခုကို ဆောင့်ကြီးအောင့်ကြီးပင် ပြောလေသည်။

"ကြည့်လုပ်ဦးနော် နှောင်း... နင်ကသိပ်စိတ်ချရတာမဟုတ်ဘူး... တစ်ခုခုဆိုနင့်ဘက်က ငါဘာမှ ခေါင်းမခံပေးနိုင်ဘူး... ပြီးတော့ ငါ့ကို အနှိတ်ဆက်လည်း အထင်မလွဲစေနဲ့ဦး..."

"ငါ့များ စိတ်မချရဘူး ဘာဘူးနဲ့... ငါဘယ်တုန်းကများ ကောင်မလေးတစ်ယောက်ယောက်နဲ့ ဒီလိုပတ်သက်ဖူးတာရှိခဲ့သလဲ..."

"အေး.. အဲလိုမရှိခဲ့လို့ကို စိတ်မချတာပေါ့.. ရှိခဲ့ရင်တောင် အနည်းငယ်လေးလောက် စိတ်ချရဦးမှာ... နင့်မှာကောင်မလေးတွေနဲ့ ပတ်သက်ချင်တဲ့စိတ်ကိုမရှိတာသေချာနေလို့ ဘဝင်မကျနိုင်တာ... ခုကိစ္စလည်း ဘာများအကြောင်းတစ်ခုခုရှိသံလဲမသိဘူး... အဲဒီကောင်မလေးက ငါ့သူငယ်ချင်းတို့လမ်းထဲကလို့ နင့်ကိုပြောပြမိတာကိုက ငါမှားတာပါ.."

"တော်စမ်းပါဟာ... ကဲ... နင်စာတွေမရသေးဘူး မှတ်



www.burmeseclassic.com

www.burmeseclassic.com



လား.. ကျက်လိုက်ဦး... ဒါပဲ..."

"ကောင်စုတ်... ကောင်ပြတ်..."

နှောင်းက ချက်ချင်းပင် ပိုချောထံသို့ ဖုန်းလှည့်သည်။

"ပိုချော... နှောင်းပါ.. ဟာဟာ့... ဖုန်းဆက်လိမ့်မယ်လို့ လုံးဝထင်မထားဘူး မဟုတ်လား... မျှော်လင့်မထားဘဲ ရုတ်တရက်ထပြီး အနှောင့်အယှက်ပေးရတာ ပျော်စရာကောင်းလိုက်တာ... ဟား.. ဟား.., ဟား.."

နှောင်းမျက်နှာလေးက ထိမထင်ဟန်နှင့်ပျော်ရွှင်တက်ကြွဟန်နှစ်ခု အပြည့်အဝပေါင်းစပ်ကာ အကျေနပ်ကြီးကျေနပ်နေသည့်ပုံ။

ကိုယ့်ဘေးနားက ကောင်မလေးတွေကို လှည့်ပတ်အကဲခပ်မိတော့ မြတ်မျက်နှာလေးက ငယ်ကျသွားရလေသည်။ ကိုယ့်ထက်ကြီးသူငယ်သူ... အရွယ်မျိုးစုံတို့ဟာ.. ဖြတ်လတ်တက်ကြွသည့် အသွင်သဏ္ဌာန်တွေကိုဆောင်ကာ ကိုယ့်ကိုကိုယ် အပြည့်အဝ ယုံကြည်စိတ်ချနေကြသည့် ပုံစံမျိုးတွေချည်း...

ကိုယ့်လိုမျက်နှာငယ်ငယ်မျိုးနှင့်က ကိုယ်ပါနှင့်ဆိုမှပေါင်းသုံးယောက်လောက်သာရှိမည်။ ဒါတောင်ဟိုနှစ် ယောက်က ငယ်လှချည့်မဟုတ်သေး... တခြားလူတွေလောက် တက်ကြွမနေကြသည့် သာမာန်မျက်နှာလေးတွေလောက်မျှသာ...

"ဖြစ်ပါ့မလားဟယ် ဝင်နီရယ်... ကြောက်စရာကြီး..."





"အော်... ဘာကိစ္စမဖြစ်ရမှာလဲ... ဖြစ်တယ်... ဖြစ်ကိုဖြစ်တယ်..."

"သူများတွေလက်ထဲမှာဖိုင်တွေ ဖိုင်တွေအထပ်လိုက်နဲ့ပါလား.. ကွန်ပျူတာတို့ Secretary Course တို့ တခြားသင်တန်းပေါင်းစုံတွေက ရခဲ့ကြတဲ့ အောင်လက်မှတ်တွေ... ထောက်ခံစာတွေပဲဖြစ်မှာ... ငါ့မှာဘာမှမပါ၊ ပါလား..."

"ဘာမှမလိုဘဲဟာ... ဒေါ်ခင်ဆက်မော်ရဲ့ အပါးတော်မြဲတစ်ယောက်ဟာ... ကွန်ပျူတာကျွမ်းကျင်စရာလည်း မလိုဘူး... စာရင်းအင်းနိုင်စရာလဲမလိုဘူး... အမိပွါယ်မဲ့ရှောက်သင်နေတဲ့သင်တန်းပေါင်းစုံက အောင်လက်မှတ်တွေလည်း ပါလာစရာမလိုဘူး.. ကားမောင်းတတ်ဖို့ရယ် English Speaking နည်းနည်းကောင်းဖို့ရယ်နဲ့... အဓိကတော့ သူ့နောက်ကအမြဲကပ်ပါနေပြီး... သူက ဒစ်ကနဲဆိုဒေါက်ကနဲ တုန့်ပြန်နိုင်တဲ့ အစွမ်းရှိရုံပဲတဲ့... သူ့မေးခွန်းမှန်သမျှ သိနိုင်စေရမယ့်သဘောပေါ့.. ခုနဟာတွေ တတ်ထားစရာမလိုဘူး... ဒါပေမယ့် အဲလိုတတ်ထားပြီး လုပ်ကိုင်နေကြတဲ့လူတွေ ဘာလုပ်နေကြသလဲဆိုတာတော့ အမြဲကြည့်နေသိနေရမယ်..."

"ငါမဖြစ်ဘူးထင်တယ်..."

"ဖြစ်ပါတယ်ဟာ... နင်ဒီလောက်သွေးကြောင်နေရင်



www.burmeseclassic.com

www.burmeseclassic.com



အစကဘာလို့ လျှောက်သေးသလဲ...”

မြတ်နှုတ်ဆိတ်သွားရပါသည်။ ရည်ရွယ်ချက်က တစ်ခုတည်းပဲဟာ... အပါးတော်မြဲဆိုတဲ့အတိုင်း အပါးမှာ အမြဲ နေစေချင်လို့ပေါ့... ဝင်နီကတဆင့် ဒေါ်ခင်ဆက်မော်ဆီမှာ အပါး တော်မြဲတစ်ယောက်လိုလို့ လျှောက်လွှာခေါ်နေသည်ဟု ကြား ကြားချင်း... “အဲဒီတစ်ယောက်ဟာ မြတ်သူရပဲ ဖြစ်စေရမည်” ဟု ရုတ်တရက် သံမိဋ္ဌာန်ချလိုက်မိသည်။ စိတ်က တကယ်ကြံ လာတော့ ဒူးတုန်ရတာနဲ့ပဲ ပျောက်လုလုဖြစ်နေပြီ။

လက်ထောက်ဆရာဝန်တစ်ယောက်ဖြစ်ကာ သူ အိမ်ထောင်နှင့်သူ အခြေကျနေပြီဖြစ်သည့် သမီးကြီး “ထူးသူရ” အတွက်ဘာမှပူစရာမလိုတော့ပြီမို့ မြတ်အတွက်သာ ပူနေပုံ သည့် ဖေဖေ့ကိုလည်း ဒီအလုပ်ဝင်လျှောက်မည်ဆိုတဲ့ အကြောင်း နှစ်ခါမပြောလိုက်ရပါ။ ဘွဲ့လွန် M.Sc. Q(2) ဆက်တက်နေ သည့်မြတ်ရဲ့ပညာရေးကို ထိခိုက်နိုင် မထိခိုက်နိုင် မေးမြန်းပြီ ခေါင်းညိတ်ခွင့်ပြုလိုက်တာပဲ ဖြစ်သည်။

“မြတ်ပဲရမှာပါ”ဟု ကောင်းသူရတို့မေမေ... အန် တီကပြောလိုက်ပါသေးသည်။ ဟိုနေရာစပ်စပ်... ဒီနေရာစပ်စပ် နှင့် အားကိုးရသည့်မြတ်ကို သူတို့ကယုံသည်။ မြတ်ကိုမြတ်ကသာ မယုံကြည်ခြင်း ဖြစ်ပါသည်။

“အရင်က မဝါဝါဆိုတဲ့တစ်ယောက်ကို ဘာလို့ထုတ်ပစ် လိုက်တာတဲ့လဲ...”





“ထုတ်တယ်ရယ် မဟုတ်ပါဘူး... ထွက်စာတင်ပြီး ထွက် တာပါ... အဲဒီတစ်ယောက်အပြောကတော့ ဒေါ်ခင်ဆက် မော်ကို သူလိုက်မမီ သည်းညည်းမခံနိုင်တော့ဘူးဆိုတာ ပဲ... စိတ်မြန်လက်မြန်ရှိသလို... ပြောချပစ်လိုက်ဖို့လည်း ဝန်မလေးဘူးတဲ့... ပြီးတော့ ညကြီးမိုးချုပ်ထိ အလုပ်လုပ် နေတတ်တော့ ဝါဝါပါ ပြန်ခွင့်မရတာကို သူ့အိမ်က သိပ် မကြိုက်ဘူးတဲ့...”

“ဟိုနားကတစ်ယောက်က ဝါဝါ့ဆီက ထောက်ခံစာပါ လာလို့တဲ့... ပိုတက်ကြွနေတယ်...”

“ဦးနှောက်မရှိတာပါဟာ... အဲဒီလိုတွေအကြောင်းပြပြီး ထွက်တဲ့ ဝါဝါရဲ့ထောက်ခံစာကို ဘယ်သူက ကြိုဆိုမှာ လဲ...”

“နင်အခန်းထဲထိ လိုက်ခဲ့မလား ဝင်နီ...”

“အဓိပ္ပါယ်မရှိတာ... ငါလည်းမလျှောက်ထားဘူး... ပကျွန် ရစ်နိုင်ဘဲ ကပ်လိုက်ရအောင် ရင်ချင်းဆက်အမြွှာလည်း မဟုတ်ဘူး... ပြတ်ပြတ်သားသား ဆုံးဖြတ်စမ်းပါ မြတ် ရယ်... ဒီလောက်ဖြစ်နေရင်လည်း... ဝင်တွေ့မနေနဲ့တော့ ပြန်ကြစို့... ငါကနင့်ကို ဒီသတင်းပေးမယ့်သာ ပေးရတာ ကျောင်းတက်ဖော်လျော့သွားမှာမို့ သိပ်တောင်ကျေနပ် ချင်တာ မဟုတ်ဘူးနော်...”

ဝင်သွားလိုက်ကြ... ပြန်ထွက်လာလိုက်ကြနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘောင်လေးအများစုမှာ အဝင်ပြုံးပြုံး... အထွက်ပြုံးပြုံးသာ ရှိတာ သူတို့မျက်နှာတွေကြည့်ပြီး အဆင်ပြေမပြေ အကဲခပ်လို့ကတော့ အားလုံးပင် အလုပ်ရကြတော့မည့် ပုံစံမျိုးတွေချည်း။

"ရှုံ့မဲ့ထွက်လာတာ တစ်ယောက်မှ မရှိပါလား..."

"အဲဒါကောင်းတာပေါ့... သိပ်ဦးနှောက်ခြောက်စရာ မရှိလို့ နေမှာပေါ့..."

ထိုစဉ်မှာပင် "မြတ်သူရ" ဟု ထွက်ခေါ်သဖြင့် မြတ်က အလန့်တကြား ထရပ်လိုက်မိသည်။

"ငါ့ကို ခေါ်နေပြီ..."

"သွားလေ... သေတော့မယ့်ရုပ်ကြီး လုပ်မနေနဲ့နော်... ခါတိုင်းလို ကြည်ကြည်လင်လင် ကလေး..."

မြတ်က တုန်လှုပ်ခြောက်ခြားမှုတွေကို သက်ပြင်းကလေးတစ်ချက်နှင့် ဖျောက်ထုတ်လိုက်ကာ အခန်းတွင်းသို့ လှမ်းဝင်လာခဲ့တော့သည်။ မြတ်ကို မှတ်မိနေမှာလား အန်ကယ်ဆက်ရယ် "ကျေးဇူးပဲကွယ်..." ဟုဆိုခဲ့စဉ်က "နောင်... မြတ်အကူအညီလိုရင်လည်း တောင်းပါရစေ..." ဟု မျက်နှာပြောင်ပြောင်နှင့် ပြောခဲ့မိရင် အကောင်းသား။ မြတ်ဟာ အန်ကယ်ဆက်ရဲ့ အပါးတော်မှာ အမြဲတန်းရှိနေရတဲ့ လူတစ်ယောက်ဖြစ်ချင်ပါတယ် အန်ကယ်ဆက်ရယ် ဖြစ်ပါရစေ...

အခန်းထဲလှမ်းဝင် ဝင်လိုက်ချင်း ဒေါ်ခင်ဆက်မော်ရဲ့ မျက်ခုံးနှစ်ဖက်မြင့်တက်သွားတာကို မြင်လိုက်ရတာမို့ မြတ်





မှာ ဒိတ်ကနဲဖြစ်သွားမိပါသည်။ အင်း တိုက်ဆိုင်လွန်းပါပေရဲ့။ အလုပ်ခွင်အင်တာဗျူးမို့ မြတ်သေချာရွေးချယ် ဝတ်ဆင်လာခဲ့သော လီမွှော်ဖျော့အခံမှာ မီးခိုးပွင့်နှင့် ပါတိတ်ဆေးရေး ခါးတိုသက်ရှည်ဝမ်းဆက်လေးဟာ ဒေါ်ခင်ဆက်မော် ဝတ်ဆင်ထားတဲ့ ဝတ်စုံအတိုင်း ချွတ်စွပ်ကျနေပါရောလား ဒါကြောင့် ပြန်ထွက်လာသူတွေထဲက တစ်ချို့မြတ်ကို ကြည့်ကြည့်သွားကြတာကိုး။

"ထိုင်ပါကွယ်... မင်းနဲ့တို့က အကြိုက်ချင်းညီသလိုတော့ ဖြစ်နေပြီနော်... အင်း... အကောင်းပါတယ်..."

ဘာသဘောမှန်း မမှန်းဆနိုင်သည့် စကားရဲ့ နောက်ပိုင်းမှာ မေးသမျှတို့ဟာ ကြောက်လန့်တကြား ကြိုတင်လေ့လာခဲ့ရသော သူ့လုပ်ငန်းနှင့်ဆိုင်တာလည်း တစ်ခွန်းမှ မပါပါဘဲ နောက်ကျတော့ သူ့မေးခွန်းတွေဟာ မြတ်ကို ချည်တုပ်နေတာတွေမှန်း မြတ်သိလာရသည်။ ဒါပေမယ့် ညာဝါးဖြေဖို့ မြတ်စိတ်ကူးမရှိပါ။

"မြတ်သူရကို... တို့အနားတစ်ဝိုက်မှာ အမြဲမြင်တွေ့နေရသလိုပဲ..."

"ဟုတ်ကဲ့ပါအန်တီ..."

"တို့သွားတဲ့နေရာတိုင်းတော့ အချိန်ကုန် အပင်ပန်းခံပြီး တကောက်ကောက် လိုက်မနေနိုင်ဘူးနဲ့တူပါတယ်..."

"မြတ်... အန်တီသွားလာလှုပ်ရှားတတ်တဲ့ အချိန်တွေနဲ့ နေရာတွေကို သိထားပါတယ်..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့်လဲ... အဲဒီတုန်းက ဝါဝါအလုပ်မထွက်သေးတော့ အလုပ်ရလိုမှုနဲ့တော့ မဟုတ်ဘူးနဲ့တူပါရဲ့..."

မြတ်က မျက်စိမှိတ်ပြီး ပြောချလိုက်သည်။

"မြတ်... အန်တီ့အပါးမှာ အမြဲတန်း ရှိနေချင်ပါတယ်..."

ဒေါ်ခင်ဆက်မော်က မြတ်ကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။ အန်တီဆက်ဟာ နှောင်းရဲ့ နှုတ်ဖျားက မြတ်သူရဆိုတဲ့ နံမည်ကို ကြားဖူးနေမည်လား မကြားဖူးဖို့များပါသည်။ ဒါကြောင့်မို့လည်း မြတ်ရဲ့ လိုအင်ဆန္ဒတွေဟာ နှောင်းနဲ့ပတ်သက်ဆက်နွယ်မှု ရှိလိမ့်မည်ဟု အန်တီဆက် တွေးမိနိုင်ဖို့မလွယ်...

"အဲဒါဟာ နှောင်းနဲ့ ဘယ်လိုပတ်သက်နေမလဲ..."

အတွေးတောင်မဆုံးချင်သေး။ ဒိန်းကနဲအမြောက်နဲ့ထုတာခံလိုက်ရသလိုပင် မြတ်အရမ်းကြီးလည်း လန့်ဖြတ် တုန်လှုပ်သွားသည်။ တုန်လှုပ်တာကို ထိန်းချုပ်လိုက်တော့ ပျော်ရွှင်မှုတွေက အစားထိုးပြီး ဝင်ရောက်လာလေသည်။

နှောင်း... နှောင်းကလေးဟာ မြတ်အကြောင်း သူ့အမေကို ပြန်ပြောထားခဲ့တယ်။ 'မြတ်သူရ' ဆိုတာကို သူနဲ့အကြိမ်ကြိမ်ဆုံဖူးတဲ့ ကလေးမလေးဆိုတဲ့ အဖြစ်ထက် နှောင်းနဲ့ သိကျွမ်းသူအဖြစ်နဲ့ပါ အန်တီဆက်က ကြိုသိနေခဲ့သည်။ နှောင်းက လိမ္မာလိုက်တာကွယ် ချစ်ဖို့အားကြီးကောင်းတာပဲ။

"နှောင်းနဲ့ မြတ်နဲ့က သူငယ်ချင်းမိတ်ဆွေတွေပါ အန်တီ"





ဒေါ်ခင်ဆက်မော်က ခေါင်းတဲညိတ်ညိတ်လုပ်သည်။ ပြီးမှ ဖြတ်ကနဲ...

"ဒီတော့... မင်းအန်တီဆီမှာ အလုပ်ရခြင်း... မရခြင်းကို နှောင်းက ဘယ်လိုများထင်မြင်ချက် ပေးလိမ့်မယ်ထင်လဲ..."

"မြတ်... မြတ်မသိပါဘူး အန်တီ... သူက ကလေးလိုပဲ ပျော်ရွှင်ဖို့ ပြောင်နောက်ဖို့လောက်ပဲ စိတ်ဝင်စားတာပါ သူနဲ့မြတ်က သူငယ်ချင်းတွေ ဆိုပေမယ့် မြတ်ရဲ့ အလုပ်ကိစ္စ ဘာညာကို သူလုံးဝ စိတ်ဝင်စားလိမ့်မယ်လို့ မထင်ပါဘူး..."

ဒေါ်ခင်ဆက်မော်ရဲ့ မျက်နှာထားက နည်းနည်းလေးကျေနပ်ရိပ်သန်းသွားသလိုရှိသည်။ ဆက်ပြီး မြတ်ရဲ့ အဖေအမေအကြောင်းတွေ မြတ်အကြောင်းတွေ လျှောက်မေးနေတာကို မြတ်က ကြည်နူးစွာပဲ ဖြေကြားနေမိသည်။ ဒီအခန်းထဲဝင်လာတာစက တို့နဲ့မင်း ခနကြာတော့ မင်းနဲ့အန်တီ ခုနောက်ပိုင်းစကားတွေမှာတော့ မြတ်နဲ့ အန်တီဖြစ်လာတာကို မြတ်တဖြည်းဖြည်းခံစားသိရှိလာရတော့ မြတ်ရှေ့က မိန်းမကြီးကို မြတ်ရင်ထဲမှာ ချစ်ခင်စိတ်ဝင်လာရတော့သည်။

မြင်တကယ်ပြောတာပါ။ အပိုဆာဒါးမပါပါ။ မြတ်ရဲ့စကားဟာ အမှန်ဖြစ်ခဲ့ရင် အန်တီဆက်ဟာ မြတ်အပေါ်မှာ ကူညီတဲ့မေတ္တာပြန်ထားနိုင်ပါစေ။ အန်တီဆက်ကို တမင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချဉ်းကပ်ခဲ့တာ မှန်ပေမယ့် လူကိုတွေ့ဖန်မြင်ပါ ဆက်ဆံ ရဖန်များလာတော့ မြတ်ချစ်စိတ်ဝင်ပါသည်။ နူးညံ့ပျော့ပြောင်း ခြင်း ကင်းပြီး တည်သည့်ဘက်နွယ်သော မျက်နှာနှင့် စကားသံ ကိုလည်း မြတ်စိတ်ထဲက ဘယ်လိုမှ မနေပါ။

နှောင်းရဲ့ မိခင်ဖြစ်နေတာ အမိကအနေနဲ့ ပါပေမယ့် စိတ်ထဲပါမိပြီဆိုရင်တော့ နှောင်းရဲ့ မိဘမဟုတ်ခဲ့ရင် လည်း ဒီ အန်တီကြီးကို မြတ်ချစ်ခင်မိတော့မှာပါပဲ။

"မြတ်... မြတ်..."

မြတ်စကားထစ်နေပြီးမှ အားယူလိုက်သည်။

ဒေါ်ခင်ဆက်မော်က 'ဆက်ပြောပါ' ဟုထောက်သည့်ပုံနှင့် မြတ် ကို လှည့်ကြည့်ပြီး ခေါင်းလေးဆတ်ပြလေသည်။

"မြတ်... ဒီအလုပ်အကြောင်းကို ဘာမှ မသိသေးဘူး အန်တီ... ဒါပေမယ့်ရခဲ့ရင် မြတ်ကြိုးစားမှာပါ... မြတ် မြတ်လေ ဒီအလုပ်ကို အရမ်းကြီးကိုပဲ လိုချင်ပါတယ်..."

နှောင်းရဲ့ မိခင်က မြတ်မျက်ဝန်းထဲကနေ ရင် ထိ စိုက်ကြည့်နေလေသည်။ မျက်လွှာချပစ်လိုက်ချင်ပေမယ့် မြတ် စိတ်မချနိုင်ပါ။ အန်တီဆက်၏ စူးစမ်းမှုပြည့်ဝကာ တောက် သည့် မျက်ဝန်းများကို မြတ် နှစ်သက်သည်လေ။

"ကဲ... မြတ်... သွားနိုင်ပြီ... ဒီအပါတ်ထဲမှာ အိမ် အကြောင်းကြားမယ်... ဟုတ်ပြီလား..."





အခန်းထဲဝင်ခဲ့စဉ်က ကုပ်ကုပ်ရို့ရို့ရှိခဲ့သော မြတ် မှာ ပြန်ထွက်လာတော့ ကနေသော ဒေါင်းမလေးပမာ ကြွကြွရွရွ ရှိလှ ပါတော့သည်။ အခန်းပြင်ရောက်တော့ မတ်တပ်ထရပ်ကာ မြတ် အပါးသို့ လျှောက်လာသော ဝင်နီနှင့်တကွ တခြားမျက်လုံး အစုံစုံ တို့ကို မြတ်ရင်ဆိုလိုက်ရသည်။

"ဘာတွေမေးလဲဟင်... သဘောကောင်းရဲ့လား..."

ကောင်မလေးက လှမ်းမေးသည်။

"သဘောကောင်းပါတယ်... မေးတာကတော့ လုပ်ငန်းအ ကြောင်းတစ်ခွန်းမှ မမေးဘူး..."

"အစ်မကို မေးနေတာ အကြာကြီးပဲ... တခြားလူတွေ ထက်ကြာတယ် ခန့်မယ်လို့ပြောလိုက်ပြီလားဟင်..."

"မပြောပါဘူး... ပြန်အကြောင်းကြားမယ်တဲ့..."

မြတ်တို့ထွက်လာကြတော့ ဝင်နီကမြတ်ကို မျက် စောင်းလေးရှယ်ကာ...

"မျက်နှာက အထွက်တစ်မျိုး... အဝင်တစ်မျိုး... ဘာလဲ လူတိုင်းပြုံးရွှင်ထွက်လာလို့ အဲလိုပဲလုပ်လာတာလား..."

"မဟုတ်ဘူး ဝင်နီ... နင်သိလားဟယ်... နှောင်းကလေ သိလား... သိပ်ချစ်ဖို့ကောင်းတာပဲ..."

"ဖေါက်လာပြန်ပြီဟာ..."

"မဟုတ်ဘူး... ငါ့အကြောင်းတွေ သူ့အမေဆီမှာပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်..."

"အစစ်..."

"အစစ်ပေါ့.. ငါတို့လေအထဲမှာ တစ်ချိန်လုံး နှောင်းအကြောင်းတွေပဲ ပြောနေကြတာ.. ပြီးတော့ ငါ့မိဘအလုပ်အကိုင်တွေ မိသားစုတွေ အကြောင်း.. အပါးတော်မြအင်တာဗျူးထက်... ချွေးမရွေးပွဲကျနေတာပဲဟယ်..."

ရင်ဖတ်လေးကို ဖိကာဆိုလိုက်တော့ ဝင်နီ့က ရှုံ့မဲ့လျက်...

"ပေါလိုက်တာဟယ်..."

"ငါလေ... အန်တီဆက်ကိုချစ်တယ်သိလား..."

"ဒါတော့လွန်ပြီထင်တယ်..."

"မလွန်ဘူး... တကယ်ပြောတာ... သူကတည်တယ်... ပြီးတော့ မာနကြီးပုံလည်းရတယ်... ဒါပေမယ့် ဘာမှန်းမသိတဲ့ အချက်လေးတစ်ချက်ကပဲ စိတ်ဝင်စားစရာကောင်းနေတာ... တကယ်..."

"အင်မတန် သားဂုဏ်မောက်တဲ့ မိန်းမကြီးနော်..."

"ကောင်းတာပေါ့.. အဲလိုမောက်နေတော့ နှောင်းဟာ သာမန်လူနဲ့ ဖြစ်နိုင်ချေမရှိတော့ဘူး... စိတ်ကူးထဲလည်း ထည့်ချင်မှာမဟုတ်တော့ဘူး... ငါ့လို အလွန်ကံကောင်းသော မိန်းကလေးအတွက်သာပဲ ဖြစ်ရတော့မှာပေါ့လို့..."





"ရပါတယ်... စိတ်ကူးယဉ်တယ်ဆိုတာ ပိုင်ဆိုင်မှုမပေးရပဲ ကြိုက်သလောက်ယဉ်ခွင့်ရှိတယ်..."

"နီးတကျက်ကျက် ဝေးတာသက်သက် ဆိုသလိုဖြစ်မှာတော့ ငါကြောက်တယ်... ငါလေသည်းခံနိုင်သလောက်တော့ ခံပစ်မှာ.. အဆုံးစွန်ကိုသည်းခံမယ်ဟာ... သူက ဝါဝါကို တော်တော်ဟောက်သတဲ့လားဟင်..."

"နှင်ဟာက ကြိုပျော့နေလိုက်တာဟာ လွန်လွန်းတယ်... နင့်ရမရတောင် မသေချာသေးပဲ စွတ်လျှော့နေလိုက်တာ..."

"ငါထင်တယ်... ငါရမယ်ထင်တယ်..."

"ထင်လေထင်... ကြိုက်သလောက်ထင်ပေါ့... တစ်ပတ်အတွင်း အကြောင်းပြန်မယ်ဆိုရင် ဒီတစ်ပတ်အတွင်း စိတ်ကြိုက်ထင်နိုင်တယ်..."

"သိလားဝင်နီ... သူကလေငါ့ကိုမြတ်တဲ့... သိလား... သူကို့သူအန်တီတဲ့..."

"အင်း... သမီးလို့ခေါ်ပြီး မေမေလို့သာပြောချလိုက်ရင်တော့ အခန်းထဲကတောင် ပြန်ထွက်လာနိုင်ပါ့မလားပဲ..."

"နင်ကလည်း ဘယ်လိုဖြစ်နေတာလဲ... အဖျက်ကြီးပဲ... ငါက ပျော်နေတာသိလား..."

"ငါလည်း ပျော်ပါတယ် မြတ်ရယ်... ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဆက်မော်က ထင်သလောက် မလွယ်ဘူးနော်... သူ့သားနှောင်းကလည်း သူ့အပြောအရတော့ အကော် ဆိုးခ်ုင်ါး၀ါးထဲက ဆိုပဲ..."

"သူနေတတ်ပုံကြောင့် ဖြစ်မှာပါဟယ်... ပေါ့ရွတ်ရွှ ပြောင်ချော်ချော်ဆိုတော့ မိဘမျက်စိထဲက အမြင်မတော် ဘူးနဲ့တူပါရဲ့..."

"အဲဒီပြောင်ချော်ချော်ကို နင်ဘယ်လောက်ထိ သည်း နိုင်မလဲ... ဥပမာနင်နဲ့တွဲသွားတုန်း... ဘေးကဖြ လျှောက်သွားတဲ့ ကောင်မလေးတစ်ယောက်နောက် ဆွဲဆွဲနဲ့ ပြောင်ချော်စနောက်ပြီး ပါသွားရင်ကော..."

"ဒါတော့ ဘယ်ရမလဲ..."

ဝက်နီက သူ့စကားသူသဘောကျကာ တခွိခွိ ရယ်နေသည်။

"ငါ့ရဲ့ ချစ်မြတ်နိုးခြင်းအားလုံးကို သူ့အလုံးစုံ သဘော ပေါက်သွားပြီးတဲ့အခါ သူအဲလို ဆက်ပြီး ပြောင်နေချ တော့မလား... သူ့အရမ်းစိတ်ချမ်းသာနေရင် ငါစိတ်ချ သာဖို့လည်း သူတွေးမိမှာပဲလို့ နင်မယုံကြည်ဘူးလား

ဝင်နီတော့ဖြင့် ကိုကို့ကို ချစ်မိသည့် ကိုယ့်အခ တွေကိုတောင် ကိုယ်ပြန်ပြီး အထင်သေးရတော့မလိုလိုပါတကာ





"နှောင်း"

နှောင်းကခေါ်သံကြောင့် ဖြတ်ကနဲ လှည့်ကြည့်မိ သည်။

အမယ်... ထူးဆန်းလွန်းပေစွတကား နှောင်းတို့ လမ်းမတော်ဆေးကျောင်း အပေါက်ဝနှင့် မျက်နှာချင်းဆိုင် တစ် ဖက်ကမ်းမှာ ကားရပ်ထားပြီး ထိုကားကို မှီရပ်နေသူက မြတ်သူရ။

နှောင်းက ထွန်းကြီးနှင့် နိုင်အောင်တို့ကို လက်ပြ လိုက်ပြီး မြတ်ရှိရာဘက် ပြေးကူးလာခဲ့လိုက်သည်။ ထွန်းကြီးနှင့် နိုင်အောင်တို့ကတော့ လုပ်လက်စအလုပ်ဖြစ်သည့် ကျောင်းဆင်း ချိန် လူခပ်ရှုပ်ရှုပ်ဖြစ်နေတုန်း ကိုယ့်ရှေ့က သွားနေကြသော ကောင် မလေးတွေရဲ့ လွယ်အိတ်တွေထဲ အမှိုက်နှင့် ခဲလုံးများထည့်လိုက် နိုင်ရေး အစီအစဉ်ကို ဆက်လက်လုံးပမ်းပြီး ကျန်ရစ်ကြလေ သည်။

"မြတ်သူရ.. ဘယ်လာတာလဲ..."

"ဒီမင်းမနိုင်တိုက်ခန်းက သူငယ်ချင်းဆီလာတာ နှောင်း အပြန်မှာ ကျောင်းဆင်းချိန်နဲ့ တိုးနေလို့ နှောင်းနဲ့များ တွေ့ မလားလို့ ဒီမှာ လာစောင့်နေလိုက်တာ..."

မြတ်က ပြောရင်း ဟိုကြည့်ဒီကြည့်လုပ်လိုက်ကာ

"နှောင်းကားကဘယ်မှာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား… လူတကာကို ငါ့လိုသူဌေးမကြီးပဲ ဖြစ်ရမယ်လို့ ထင်နေလား မြတ်သူရရဲ့… လူတိုင်းခင်ဗျား လိုကားဝယ်စီးပြီး တဝီဝီနေနိုင်ပါ့မလား…"

"မဟုတ်သေးပါဘူး…"

"ဘာမဟုတ်သေးတာလဲ…"

"လူတိုင်းတော့ ဘယ်ဟုတ်မလဲ… ဒါပေမယ့် နှောင်းက… နှောင်းကဘာဖြစ်သလဲ…"

"နှောင်းက ဒေါ်ခင်ဆက်မော်ရဲ့သားပဲ…"

"တော်စမ်းပါ… ပေါက်ကရတွေ…"

"ဟင်… အဲဒါမဟုတ်ဘူးလား…"

"သူများတကာပြောတိုင်း လျှောက်လျှောက်ယုံမနေနဲ့– ခင်ဗျား ကျွန်တော့ကို ဘယ်နှစ်ခါများ ကားနဲ့တွေ့ဘူးသ လဲ…"

သူပြောမှ ပြန်စဉ်းစားမိတော့ တစ်ခါမှကို မတွေ့ ဘူးပါ။ မတွေ့ဆို သူနဲ့မြတ်ကလည်း ခနခနတွေ့ဖူးကြတာ မဟုတ် တကယ်ဆိုခုလိုလာလည်ကာ တွေ့တာမျိုးလုပ်ဖို့ထ တောင် မရင်းနှီးလှသေးဘူးထင်ပါသည်။ ဒါပေမယ့် နှောင်းက အဲဒါမျိုး ကို သိပ်ဂရုမစိုက်တတ်မှန်း သိနေလို့သာ။

နှောင်းကတွေဝေသွားသော မြတ်သူရကို ကြည့် ကာစိတ်ထဲမှ ကျိတ်ရယ်နေမိသည်။ သူမနဲ့ ဆုံကြတိုင်း တိုက်ဆိုင်





ပြီးတော့ကို ကားမပါတာကများနေတော့ နှောင်းရဲ့လိမ့်ကွက်ကို ယုံရင်လည်းယုံလောက်သည်။ နှောင်းမှာ ဆိုင်ကယ်တစ်စီးအပြင် နှောင်းကားဟု သတ်မှတ်ပေးထားပြီး မေမေတစ်ခါမှ ယူမစီးတတ် သော Citreon ကားလေးတစ်စီးလည်းရှိနေပါရက် နေရင်းထိုင် ရင်း စိတ်ရှုပေါက်တတ်သော နှောင်းအကျင့်က တစ်ခါခါကျ ကားမောင်းပြီးသွားဖို့ အတော်ကြီး ပျင်းတတ်လေသည်။

"နှောင်းကိုကားနဲ့ မတွေ့တာက ကျွန်မနဲ့မတိုက်ဆိုင်လို့ နေမှာပေါ့… ဒါပေမယ့် နှောင်းကတော့ ဒေါ်ခင်ဆက်မော် ရဲ့သားပါ…"

"ကျွတ်… သွားစမ်းပါကွာ… ဒီကိုလာတာ အဲဒါလာပြော တာလား…"

"ဘယ်ဟုတ်ပါ့မလဲ… လမ်းကြုံရင်းသတိရလာလို့ပါဆို…"

"ပြီးရော"

နှောင်းကမှန်ကုပ်ကုပ်ဖြစ်လာရရင်း မြတ်သူရနှင့် မေမေတို့ ဘယ်လိုပတ်သက်ကျွမ်းဝင်ကြသလဲဆိုတာ သိချင်လာ သည်။ မေမေ့နှုတ်ခမ်းဖျားက မြတ်သူရနံမည်ထွက်လာပြီး မြတ်သူရဆီကတော့ ဒေါ်ခင်ဆက်မော်လို့ ထွက်လာရတာက ထူး ခြားတဲ့ ပတ်သက်မှုကတော့ ရှိကိုရှိရတော့မည်။

အဲဒီပတ်သက်မှုဟာ နှောင်းလုံးဝလက်မခံ မနှစ် မြို့နိုင်သည့် ပတ်သက်မှုမျိုးဆိုရင်တော့ သွားပြီ။

"မြတ်သူရ ခင်ဗျားကမေမေနဲ့ ရင်းနှီးသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကမေမေလဲ"

"ခုနကခင်ဗျားပြောတဲ့"

"ဟင် ခုနကတော့ ဘာမှမတော်ဘူးဆို"

"ဘာမှမတော်ဘူးလို့ မပြောမိသေးပါဘူး..."

မြတ်က နှောင်းကို မျက်စောင်းကလေးရှယ်သည်။ သိပ်မလိုမ့်တပတ်နိုင်တာပဲ...

"နှောင်း... နင်ကမြတ်သူရ.. မြတ်သူရနဲ့ ဘယ်လိုဖြစ်နေရတာလဲ... အရင်ကတော့ မြတ်ပဲ ကောင်းပါတယ်ဆို..."

လူဆိုတာစတ္တန့်နဲ့အမျှ ပြောင်းလဲနေတာ.. ဒါကိုမသိသေးရင် ခင်ဗျားပညာရှိ မဟုတ်နိုင်တော့ဘူး..."

"အမယ်..."

နှောင်းက ထွန်းထွန်းတို့ဘက်လှည့်ပြီး "ငါမလိုက်တော့ဘူး" ဟု လှမ်းအော်လိုက်သည်။ နှောင်းက မြတ်နှင့်စကားပြောချင်နေမိလေသည်။ အထူးသဖြင့်ကတော့ မေမေနဲ့ မြတ်တို့ရဲ့အကြောင်း...

"ဒါ ခင်ဗျားကားလား..."

"ဟုတ်တယ်လေ..."

"ဒါဆိုတက်ပြီ..."

နှောင်းက မောင်းသူ၏ဘေးရှေ့ထိုင်ခုံတံခါးကို ဖွင့်ပြီး ဝင်ထိုင်လိုက်သည်။ မြတ်မှာ နှောင်းကို ကိုင်းကိုင်းလေးငုံ့





ကြည့်ကာ နှောင်းဘာလုပ်လိုက်မှန်း သဘောမပေါက်နိုင်သေး။

"လာလေ..."

"နှောင်းက ကျွန်မကားနဲ့ လိုက်မှာလား..."

"လိုက်မှာပေါ့.. ကားမပါတဲ့ မိတ်ဆွေကို ကားပါတဲ့ မိတ်ဆွေက အိမ်တိုင်ရာရောက် လိုက်ပို့ပေးရမှာ မိတ်ဆွေကောင်းတို့ရဲ့ ဝတ္တရားပဲ... မဟုတ်ဘူးလား..."

"အင်း.. အင်း..."

ကားကိုပတ်ကွေ့ပြီး ပျော့ရွှင်မြူးတူးသည့်ပုံလေးနှင့် ပြေးကာ မောင်းသူနေရာ ဝင်ထိုင်လိုက်တာကို နှောင်းက ခေါင်းလည်ပြီး လိုက်ကြည့်နေမိသည်။ ဒီကလေးမဟာ တစ်မျိုးပဲ ကိုယ့်အပေါ် စိတ်ဝင်တစား ခင်မင်နှစ်လိုပုံရှိရင် အဲဒီအပေါ်မှာ အခွင့်ကောင်းယူနိုင်စားချင်ကြတာ နှောင်းတင်မဟုတ် လူသားတိုင်းဒီလိုကြီးပဲ နေကြမှာပါ။

"ခင်ဗျားက ကျောင်းသူလား..."

"ဟုတ်တယ်... MSc Q (2) တက်နေတာ..."

"ဟင်... ပျင်းစရာကြီး... ခင်ဗျားမို့ နောက်တစ်ဘွဲ့ထက် ယူနေတယ်... ကျွန်တော်သာဆို မယူဘူး..."

မြတ်က နှုတ်ခမ်းစေ့ပိတ်ကာ တဟင်းဟင်းရယ်သည်။

"ခုတော့ ကျောင်းသူတစ်ပိုင်း အလုပ်သမားတစ်ပိုင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီနှောင်းရဲ့... ကျွန်မအလုပ်ဝင်နေရပြီ..."

နှောင်းက "ဘယ်မှာလုပ်သလဲ" ဟု မမေးသဖြင့် မြတ်အခက်တွေ့သွားသည်။ မြတ် တစ်နေ့ကလဲ ဒေါ်ခင်ဆက် မော်ထံမှ အလုပ်ခန့်ကြောင်း အကြောင်းပြန်ချက်ရပါသည်။ လာ မယ့်တနင်္လာကစပြီး အလုပ်စဝင်ရမှာဖြစ်သည်။

"ကျွန်မက ဘယ်မှာလုပ်သလဲလို့ နှောင်းက မမေးဘူး လား"

"မမေးပါဘူး... ဘယ်မှာလုပ်သလဲဆိုတာ ဘာစိတ်ဝင်စား ဖို့ကောင်းလို့လဲ... အလုပ်ရှာပြီးသော့ ကိုယ်ပိုင်အလုပ်နဲ့လူတ ကျောင်းသားတစ်ယောက်ကို ဘာမုန့်များ ဝယ်ကျွေးလိ မလဲဆိုပြီးတွေးတော သွားရည်ယိုရတာကမှ ကောင်းသေ တယ်..."

"ဟင်း... ဟင်း... နှောင်းကလေ သိပ်ရယ်ရတာပဲ..."

"ရယ်ရဆို... ကျောင်းကအငြိမ့်အဖွဲ့မှာ လူရွှင်တော်ပဲဟာ

"ဟင်ဟုတ်လို့လား... ဆေးတက္ကသိုလ်အငြိမ့်အဖွဲ့ရယ်လို့ တစ်ခါမှလည်း မကြားဖူးပါဘူး..."

နှောင်းက ပါးစပ်ပိတ်နေသဖြင့် မြတ်ကျလိကျ နှင့် အသည်းယားနေရတော့သည်။ ဒီနေရာမှာ နှောင်းသာ မိ ကလေး မြတ်သာယောကျ်ားလေးဆိုလို့ကတော့ မြတ်ဘာ စောင့်စည်းနေတော့မှာမဟုတ် ဘေးတိုက်အမြင်မှာ မချွန်တချ မကော့တကော့လေးဖြစ်နေသည့် နှောင်း၏နှာခေါင်းထိပ်ဖျ





လေးကို ဆွဲလိမ်ညှစ်ကာ ယမ်းခါပစ်လိုက်မိတော့မှာပဲဖြစ်သည်။ ပေါက်ကရတွေ ပြောတတ်လွန်းပြီး မထိတထိ ပြုံးတတ်လွန်းတဲ့ နှုတ်ခမ်းလေးကိုတော့ စိတ်ဝင်တစား ဖွံ့အားတသင့်နှင့် လက်ညှိုး လေးနှင့် အသာကလေးထိကြည့်ချင်သည်။

"နှောင်း... ကျွန်မမုန့်ဆိုင်တစ်ဆိုင်ကို မောင်းမယ်နော်..."

"ပြောမှပြောပါ့မလားလို့... ရွှေပုဇွန်ကိုသွားဗျာ... ပူတင်း ခပ်များများနဲ့ ဖာလူဒါသောက်ရအောင်..."

မြတ်မှာ 'ခွီ'ကနဲ ထွက်သွားမိပြန်သည်။ တကဲ့ ကလေးကြီးပါပဲ ရွှေပုဇွန်ရောက်တော့လည်း သူပြောတဲ့အတိုင်း ဖာလူဒါတစ်ခွက် ရေခဲမုန့်တစ်ခွက် ပူတင်းတစ်ပွဲမှာကာ ဖါလူဒါ သောက်လိုက် လျှော့သွားရင် ရေခဲမုန့်နဲ့ ပူတင်းဖွဲ့ထည့်လိုက်။

"နှောင်းစားနေတာကို ကြည့်ရတာ ကျွေးရတဲ့ ကျွန်မအဖို့ သိပ်ပြီး ကုသိုလ်ရမယ်နဲ့တူတယ်..."

"ဒါဖြင့် နတ်ပြည်သွားချင်ရင် ခနခနလာကျွေးပေါ့..."

"ကျွေးချင်ပါတယ်နှောင်းရယ်... ကျွန်မအလုပ်က ဘယ် နေ့တွေ အားရက်ရမလဲ... ကျွန်မ မသိရသေးဘူး..."

"မြတ်...ခင်ဗျားစကားထဲမှာအလုပ်.. အလုပ်.. အလုပ်... အဲဒီအလုပ်ကြီးပဲ ဆယ်လုံးလောက်ပါနေတယ်... အလုပ်ရတာ တော်တော်ဝင့်ကြွားချင်ပုံရတယ်နော်... ဘာအလုပ်မို့လို့လဲ..."



www.burmeseclassic.com

www.burmeseclassic.com



မြတ်က နှောင်းကို ကြည်ကြည်လေးပြုံးကာ ကြည့်လိုက်သည်။

"ကျွန်မ... ကေအက်(စ်) အမ် မှာ ရတာနှောင်းရဲ့..."

နှောင်းမျက်နှာက ရှုံ့တွတွ ပုပ်အဲ့အဲ့ဖြစ်သွားရသည်။

"ဘာလဲ... အထည်ချုပ်လား..."

"ဘယ်ဟုတ်ပါမလဲကွဲ့... ကျွန်မဟာ့ဆိုလျှင် ဒေါ်ခင်ဆက်မော်ရဲ့ အပါးတော်မြဲလေကွယ်..."

"ဘာ..."

နှောင်းရဲ့ 'ဘာ'ကြီးက ကြီးကျယ်လှသဖြင့် မြတ်မှာ လန့်ဖြစ်သွားရပါသည်။

"ဘာတွေလျှောက်လုပ်နေတာလဲ..."

"ဟင်... ဘာဖြစ်လို့လဲနှောင်းရဲ့..."

"ဟာ... မလုပ်ပါနဲ့လား... မလုပ်ပါနဲ့ကွာ... ထွက်ပစ်လိုက်..."

"ဟင်.. ဘယ်ဖြစ်မလဲ.. တစ်နေ့ကမှခန့်တာ.. ဒီတနင်္လာကျမှ အလုပ်ဝင်ရမှာ..."

"ဒါဆို အချိန်မီသေးတာပဲ... သွားမလုပ်နဲ့ပေါ့..."

"နှောင်း..."





မြတ်က နောက်ပြောင်နေပုံလုံးဝမပေါက်တော့ဘဲ တကယ့်ကို ခါးခါးသီးသီးဖြစ်နေပုံရတာကို အံ့ဩတကြီးနှင့် ဝမ်းပန်းတနည်း ဖြစ်နေမိပါသည်။ ဘာကြောင့်များ ဒီလောက်တားဆီးချင်ရတာလဲ နှောင်းရယ် မြတ် နှောင်းမေမေနဲ့ ခင်မင်ချစ်ခင်ချင်လို့ပါ အဲဒါဘာများအပြစ်ရှိသလဲ ကိုယ်ချစ်ရတဲ့ လူရဲ့ မိခင်တစ်ယောက်ကိုပါ ကိုယ့်နှလုံးထဲ နေရာပေးထားခြင်းဟာ မွန်မြတ်လှတဲ့ အလုပ်ပဲ မဟုတ်လား...

"ခင်ဗျားကို မေမေကဘာတွေပြောသေးလဲ..."

"ဟင်... ဘာတွေပြောရမှာလဲ.. အင်တာဗျူးထိုင်တုန်းကလား.. အဲဒီတုန်းကတော့ နှောင်းနဲ့ ဘယ်လိုပတ်သက်လဲတဲ့... ကျွန်မရဲ့နံမည်ကို ရှင်ဆီက ကြားသိနေတယ်တဲ့... နှောင်းပြောထားတာလား..."

နှောင်းမျက်နှာနည်းနည်း အကြောလျှော့သွားရသည်။ဒီတိုင်းဆိုမြတ်နဲ့ မေမေဟာ သိပ်ကြီးအကျွမ်းတဝင်မဟုတ်ကြသေး။ နှောင်းစိတ်ထဲမှာ မြတ်ကို မေမေနဲ့ ပတ်ကိုမပတ်သက်စေချင်ပါ။ ရှင်းရှင်းပြောရရင် မေမေနဲ့ ပတ်သက်ပြီး မြတ်ကို စိတ်မပျက်လိုပါ။ မြတ်ကို နှောင်းစိတ်ဝင်စားပါသည်။

"ခင်ဗျားအကြောင်း ကျွန်တော်မပြောဘူးပါဘူး.. ခင်ဗျားထီးအိမ်ပါလာဖူးလို့ မေမေက သိနေတာပါ..."

မြတ် မျက်နှာလေးမှာ ငယ်တယ်တယ်နှင့် နှောင်းကိုပဲ စဉ်ဆက်မပြတ်အကဲခပ် နေမိပါတော့သည်။ ထူးဆန်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ နှောင်းကမြတ်ကို သူ့မေမေနဲ့ မခင်မင်စေချင်ဘူး၊ ပြီးတော့ ဝမ်းနည်းစရာလည်းကောင်းလိုက်တာ နှောင်းက မြတ်အကြောင်း အိမ်မှာ ပြန်ပြောခဲ့တာမဟုတ် မြတ်ဖါသာ ဝမ်းသာကျေနပ် မိတာ တောင် ရှက်ချင်စရာ။

"နှောင်း... ကျွန်မအလုပ်ထွက်လို့တော့ ဖြစ်မှာမဟုတ်ဘူး..."

"ပြီးရော... ပြီးရော..."

"နှောင်းကြည့်ရတာ သိပ်မကျေနပ် ပုံကြီး..."

"ကျေနပ်ပါတယ်... ဒီလောက်စားရလို့မှ မကျေနပ်ရင်လည်းဘယ်ဖြစ်မလဲ... ကျွေးရတဲ့လူက ဘယ်သဒ္ဓါပါတော့မလဲ..."

နှောင်း စိတ်လျှော့လိုက်ပါပြီ။ နှောင်းကို စိတ်ဝင်စားပုံရတဲ့ မြတ်ဟာ မေမေ့ဆီတမင်ကြီးများ အလုပ်သွားလျှောက်ခဲ့သလား ဒီလိုဆိုရင်တော့ တက်တက်စင်အောင် လွဲနေပြီ ကလေးမရေ ဒါပေမယ့် မေမေ့အပါးတော်မြဲများနှင့် မေမေ့အကြောင်းကို မစုံစမ်းဘဲ နှောင်းသိနေပါသည်။ စိတ်မြန်လွန်းလှတဲ့ မေမေဟာ ဘာအလုပ်ကိုမှ မယ်မယ်ရရမပြနိုင်ပေမယ့် တစ်နေကုန် မအားရအောင် အလုပ်ရှုပ်လွန်းလှတဲ့ သူ့အပါးတော်မြဲကောင်လေးများအပေါ် ထာဝစဉ် စိတ်မရှည်နေတတ်သူသာ တည်း။

ကြည့်ရတာ တစ်ယောက်ပြောင်းပြန်ပြီဆိုတော့





အရင်တစ်ယောက်နဲ့ မပြေလည်ကြတော့လို့ပဲ ဖြစ်ရမည်။ မြတ်ကို မေမေ့မျက်စိထဲ ကွက်တိဝင်မသွားစေလိုပါ။ 'ပူစရာမရှိကြံဖန်ပူ' တု ဆိုနိုင်သော်လည်း မြတ်နဲ့မေမေတို့လည်း မကြာမီမှာ ပြဿနာ တက်ပြီး ခွါပြကြလျှင် အကောင်းဆုံးသာတည်း။

"ဒါနဲ့ အပါးတော်မြဲ ဝင်လုပ်မယ်ဆိုတော့ မေမေ့အကြောင်း ဘယ်လောက်သိသို့လဲ..."

"ဘယ်လောက်မှ မသိပါဘူး..."

"မေမေက မိန်းကလေးဆိုရင် ဒေါက်မြင့်ဖိနပ်နဲ့ တခွပ်ခွပ် ပြေးလွှားနေမှ သဘောကျတာ... မျက်နှာလည်း ခုလို ပြောင်သလင်းတွေမကြည့်ချင်ဘူး... အပြည့်မြင်ထားမှ... ပြီးတော့ သူတစ်ခုခုပြောလိုက်ရင် ရှိသေတဲ့အနေနဲ့ 'ရှင်' လို့ တစ်ခွန်းပြန်မေးမှ ကြိုက်တတ်တာ၊ သူခိုင်းတာတွေ တခုပြီးတစ်ခွန်း ဘာပြီးဘာပြောနေချိန်မှာ စာရွက်နဲ့စာအုပ်နဲ့ လိုက်ရေးမှတ်နေရင်သွားရော... တစ်ခါတည်း အထင်သေးရော... ဆယ်ခုလောက်ပဲရှိနေနေ ဦးနှောက်ထဲမှာပဲ အကုန်ဝင်အောင်မှတ်ရတယ်...

တစ်ခါတလေ နိုင်ငံခြားသား ဧည့်သည်တွေ လုပ်ငန်းရှင်တွေနဲ့ စကားပြောနေကြတုန်း ကိုယ်စိတ်ထဲပေါ်လာတဲ့ အိုင်ဒီယာလေးဘာလေးရှိရင်... မကြောက်မရွံ့ဖြတ်ပြီးဝင်သာပြော... အဲဒီမှာ အရမ်းအထင်ကြီးသွားတာပဲ... ရုံးက တခြားအလုပ်သမားတွေနဲ့ ရင်းရင်းနှီးနှီးသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပြောမနေနဲ့နော်… ခပ်ကင်းကင်းနဲ့ ခပ်တင်းတင်းသာနေ… ကိုယ်ကခင်မင်တတ်လို့ ပူးပေါင်း ဆောင်ရွက်ချင်လို့ တပြေးညီ ဆက်ဆံချင်လို့ ဆိုတာတွေ ခေါင်းထဲက ထုတ်ထား… မေမေက ပတ်ပတ် သက်သက်… စပ်စပ်ရှက်ရှက် နိုင်တယ်လို့ ထင်ရင်သွားရောပဲ…”

မျက်လုံးလေးပြူးကာ အသည်းအသန်မှတ်သားနားထောင်နေပုံလေးကို ကြည့်ကာသနားလည်းသနား ရယ်လည်းရယ်ချင်ပေမယ့် တလွဲတွေချည်းသင်ကြားပေးလိုက်သည်။ ဒါမှမင်းကလေးနဲ့ ပြဿနာမြန်မြန်ဖြစ်မှာ စဆင်းတဲ့တံနလ်ာနေ့ကစပြီး မျက်စိထဲ စပါးမွေးစူးလေကောင်းလေ…

“ကျေးဇူးပါပဲနှောင်းရယ်… ကျွန်မဒါတွေသိထားတော့ ကျွန်မအတွက် ပိုကောင်းတာပေါ့နော်…”

နှောင်းက ပြုံးစိစိသာ လုပ်နေလိုက်သည်။

“နှောင်း… ပြီးပြီလား… ထပ်ယူဦးမလား”

“အား… တော်ပြီ… ဝပြီ…”

“ဒါက အလုပ်ရတဲ့အတွက် ကျွေးတာနော်နှောင်း… နှောင်းမေမေရဲ့ အကြိုက်တွေပြောပြတဲ့အတွက်… ကျွန်မအန်တီ့ဆီက မျက်နှာသာရရင်… နှောင်းကို ထပ်ကျွေးဦးမယ်လေ… နော်…”

ဗုဒ္ဓဟူးနေ့လောက်ကျ အလုပ်ပြုတ်လာရင်တော့တစ်မြို့လုံးလှည့်ပတ်ရှာပြီး သတ်ချင်နေမလားမသိပေ။





“ကဲ… သွားကြစို့…”

အပြန်လမ်းမှာ မြတ်ကနှောင်းကို မကြည့်ဘဲ ရှေ့တည့်တည့်ကိုပဲ စူးစိုက်ကြည့်နေရင်းက…

“ကျွန်မနဲ့နှောင်းနဲ့ ခုလို ခင်မင်သွားကြဖို့ကို ဘုရားကဖန်ဆင်းလိုက်တာနော်နှောင်း… သိပ်ထူးဆန်းအံ့ဩဖို့ကောင်းတာပဲ… ပြီးတော့သိပ်လည်း ကျေနပ်စရာကောင်းတာပဲ နှောင်းရယ်…”

နှောင်းက မြတ်သူရဆိုသည့် မိန်းကလေးငယ်ကို တွေတွေကြီး စိုက်ကြည့်နေမိလေသည်။

❖❖❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မင်း တို့ကို တမင် သက်သက်ကြီး ရွဲ့နေတာ လားလို့တောင် တို့ထင်လာပြီနော် မြတ်သူရ.. မင်းလုပ်ပုံကိုင်ပုံတွေက မျက်စိထဲမှာ ဘာတစ်ခုမှ အချိုးမပြေဘူး.."

အလုပ်ဝင်လို့မှ နှစ်ရက်တောင် မပြည့်ချင်သေး.. အဲဒီလိုကြီး ပြောချတာကို ခံလိုက်ရတာမို့ မြတ်ရဲ့စိတ်ဆင်းရဲ ရခြင်းတို့က အထွတ်အထိပ်သို့ ကိုရောက်ခဲ့ရတာပါ။ ဘာကို ဘယ်လို အချိုးမပြေနေလဲတော့ မသိ။ မြတ်ကတော့ "မမေ ကြိုက်တယ်" ဟု နှောင်း ပြောပြခဲ့တာတွေကို အသေအချာကို ချရေးထားပြီး လိုက်နာနေခဲ့တာပါ။

အရပ်မြင့်မားသော မြတ်အတွက် တစ်သ(က်)ဲ ဘာ မစီးခဲ့ဘူးသော ဒေါက်မြင့်ဖိနပ်လို ဟာမျိုးကို ကြိုးစား(စီး)[illegible]



www.burmeseclassic.com

www.burmeseclassic.com



ချောင်သဲမလို ကျွတ်ထွက်တော့မလို... အမြဲဖြစ်နေသော မြတ်သည် ဒေါ်ခင်ဆက်မော် ရှေ့တွင်တော့ အပြုံးမပျက်ပင် နေနိုင်ခဲ့ပါသည်။ မျက်နှာမှာ ဘာမှ လိမ်းကျံလေ့ မရှိတာ ကိုလည်း ကုပ်စီးခပ်နဲနဲ ကြားက ဝယ်တာဝယ်... တောင်းတာ တောင်းနှင့် ဝင်နီကိုဆဲရာ တင်ပြီး အရောင်စုံစုံ လှလှ ပပ ထွက်လာအောင် မနည်းကြိုးပမ်း ထားရတာပါ။ မျက်နှာမှာ အမြဲကပ် စီးစီးနှင့် ပူလောင်နေပြီး အိမ်ပြန်ရောက်ချိန်ကျမှ မျက်နှာ မြန်မြန် ပြေးသစ်ရတာကိုလည်း မြတ် အပြုံးမပျက်ခဲ့ပါ။

သူတစ်ခွန်း ပြောပြီးတိုင်း 'ရှင်' ဟု ပြန်ထောက်တာကိုလည်း ဒိုင်းကနဲ ဆောင့်မတတ် ပြင်းထန်သော အကြည့်တစ်ချက်ကြောင့် တိုးသွားလို့လား ထင်ပြီး ပိုပြီး ကျယ်ကျယ် ထောက်ရလွန်းလို့ လည်ချောင်းတွေလည်း စပ်လှပါပြီ။

ခုချိန်မှာ ရုံးအဖွဲ့က ကောင်မလေးတွေကလည်း မြတ်ကို အတော်မာနကြီး အချိုးမပြေတဲ့ မိန်းမအဖြစ် သတ်မှတ်နေကြလောက်ပြီမို့ အန်တီဆက် အလစ်မှာ ပြုံးပြဖို့ ကြိုးစားတာတောင် ပြန်ပြုံးပြမယ့် လူတစ်ယောက်မှ မရှိပါ။ မြတ်ကို အချိုးမပြေဘူးလို့ အပြောခံရပြီဆိုတော့ သူတို့တော်တော် ပျော်ကြရှာမည်။ မြတ်ဟာ တစ်ပတ်မပြည့်သေးခင်ပဲ ပြုတ်လု တည်းတည်းဖြစ်နေပြီမဟုတ်လား ခုထက်ထိ မြုတ်မပစ် လိုက်သေး တာကိုပဲ မြတ်မှာ ကျေးဇူးကြီးကြီးနှင့် အံ့သြနေရတာပါ။



မြတ် ကြိုးစားပါသည်။ သို့သော် ကုသိုလ်ကံတော့ မြတ် ဖက်မှာ မရှိခဲ့ပါတကား။

"တီ..."

ခလုပ်နှိပ်ပြီး ခေါ်လိုက်သံကြောင့် မြတ်က ကိုယ့်စားပွဲကနေ ဟပ်ထိုးကြီးလဲတော့မတတ် ပြေးဝင် လာခဲ့ပါသည်။ ဖိနပ်သံကား တခွပ်ခွပ်... ။ ကျန်စားပွဲ တွေက မြတ်ကို အကဲခပ် ပြုံးမဲ့ပြီး ကျန်ရစ်ကြမှာတော့ သိပါရဲ့... ။ သို့သော် ကိုယ့်ကိစ္စထက် ဘယ်ဟာကမှ အရေးမကြီးပါ...။

"မြတ်သူရ"

"ရှင်"

"ဒီနေ့ ချိန်းထားတဲ့ ကိစ္စတွေရယ်... ဘာတွေ ဘာတွေ လုပ်မယ်လို့ တို့ ပြောထားတာတွေရယ်... ဘာတွေရှိလဲ..."

မြတ်က အလွတ်ကျက်ထားသမျှ မမှားအောင် တစ်လုံးချင်း ပြန်ပြောပြ လိုက်သည်။ စာကျက်ပျင်းသော မြတ်မှာ M.Sc Q(2) ကျောင်းသူတစ်ယောက် ဖြစ်နေတာတောင် စာမေးပွဲနီးသော တစ်လမပြည့်တပြည့် အချိန်ကျမှသာ အီးရောအီးရောနှင့် စာအုပ်တွေ ကောက်ကိုင်ခဲ့တာပါ။ ခုတော့ စာအုပ်နဲ့ မှတ်ရင် ကြိုက်တတ်တဲ့ အန်တီဆက်ကြောင့် သူပြောသမျှ စိတ်နဲ့ အပြေးအလွှားမှတ်ပြီး ကိုယ့်ဘာသာ သူ့ကွယ်ရာကျမှ ပြန်ချရေး... ပြီးရင်ကျက်... တကယ့်ကို စိတ်ဓာတ်ဒဏ် ပိလွန်းပါသည်။

ဒါတောင် မနေ့က ပြန်ရွတ်ပြတဲ့ အထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ချက်တောင် ကျန်ခဲ့လို့ တင်းထန်ပြီး မာမာကြီး ကြည့်တာကို ခံခဲ့ရသေး.. ။

"ဒါ ပဲလား..."

"ရှင်..."

"အော်... တို့ပြောထားခဲ့တာတွေ ဒါ တွေပဲလားလို့..."

"ဟုတ်... ဟုတ်ကဲ့..."

"ရှေ့နေနဲ့ တွေ့ဖို့ ကိစ္စရော..."

မြတ် မျက်နှာကြီး ရဲကနဲ ဖြစ်သွား ရပါသည်။

"မိခင်နဲ့ ကလေးက ဒေါ်ခင်စိန်တို့နဲ့လည်း အလျှုကိစ္စ ပြောကြမယ်လို့ ချိန်းထားသေးတယ် ထင်တယ်... အဲဒါရော ဘယ်နှစ်နာရီမှာလဲ... "

မြတ် ခေါင်းမှာ လုံးဝ မဖော်နိုင်တော့ဘဲ ငိုက်စိုက်ကျ၍ နေရပါပြီတည်း... ။ မနေ့ကတည်းက တစ်ခါ... ဒီနေ့လည်း တစ်ခါ... ။

"မော့ပါဦး... အပြစ်တစ်ခုလုပ်ပြီးရင် ခေါင်းကြီးငုံ့ထား တတ်တာ တို့ မကြိုက်ပါဘူး... ကိုယ်မှားတဲ့ အမှားကို ရဲရဲကြီး ရင်ဆိုင်လိုက်ပေါ့... မော့... ပြီးတော့... ထိုင်စမ်း ပါဦး... "

မြတ်က ဒေါ်ခင်ဆက်မော် ရှေ့က ကုလားထိုင်မှာ ထိသည် ဆိုရုံလေး စိုးရွံ့စွာ ဝင်ထိုင် လိုက်ပါသည်။ သူက





ခေါင်းမော့ ထားပါဆို၍သာ မော့ထားရသည်။ နဂိုထဲက ချစ်ပင် ချစ်သော်ငြား အကြောက်လည်း စွက်ထားသဖြင့် ကိုယ့် အပြစ် ရှိသောအခါမှာတော့ ခေါင်းဖော် ဝန့်စရာတောင် မရှိပါပြီ တည်း...။

"မင်းက ကွန်ပျူတာ ဦးနှောက်မျိုး ပိုင်ထားမယ်လည်း မထင်ပါဘူး မြတ်သူရ.. ဘယ်နေ့ ဘာလုပ်စရာ ရှိတယ် ဆိုတာ တို့က နက်ဖြန် အတွက်လည်း ပြောချင် ပြောမယ်၊ ဆယ်ရက်ကျော်လောက် အတွက်လည်း ကြိုပြောရင် ပြောထားမယ်... တို့ ပြောမထားရင်တောင် မင်းဘာသာ မင်း အလိုက်သိပြီး ဘယ်နေ့ဘာရှိတယ် ဆိုတာ မှတ်ပြီး တို့ကို ပြန်ပြောရမယ်... အဲဒါတွေ အားလုံး မင်း ဘယ်လို လုပ် ခေါင်းနဲ့ မှတ်နိုင်မလဲ... တို့ ဆီမှာကြည့် ဒိုင်ယာရီ စာအုပ် တစ်အုပ်အမြဲရှိတယ် ချမှတ်ထားတယ်... လူတိုင်း အဲဒီလိုပဲ လုပ်ကြရတာပဲ... မင်းကို ရုံးခန်းက လူတွေက ဘာမှ မပြောကြဘူးလား..."

မျက်နှာလေး ခပ်ငယ်ငယ်နှင့် မြတ်က ခေါင်း ခါ ပြလိုက်သည်။

"ဘယ် ပြောမလဲ... မင်း နေပုံထိုင်ပုံက ဟုတ်မှ မဟုတ်တာ..."

ဒေါ်ခင်ဆက်မော်က နာရီတစ်ချက် ကြည့် လိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်နာရီလောက် အချိန်ရသေးတယ်... မင်းကိုတော့ ဒီနေ့အဖို့ အပြတ် ပြောမှပဲ ဖြစ်တော့မယ်..."

ဒီနေ့ အပြတ်ဆိုတော့ ပြောပြီးရင် အပြုတ် များလား...

"ရုံးခန်းက လူတွေဆိုတာ လုပ်ဖော်ကိုင်ဖက် ညီအစ်ကို မောင်နှမတွေပဲ... တို့တောင် ရင်းရင်းနှီးနှီး ဆက်ဆံ တယ်... မင်းကော မဆက်ဆံသင့်ဘူးလား.. သူတို့ဟာ မင်းထက် လုပ်ငန်းကိုင်ငန်း ကျွမ်းကျင်သူ့တွေမို့ အတုခိုး သင်ကြား တာမျိုးတောင် လုပ်သင့်သေးတယ်... မင်းကို စခန့်တုန်း ကလည်း ကိုယ်မတတ်သေးတဲ့ အပိုင်းတွေဆို အမြဲ မျက်စိဖွင့်နေပါ.. သင်ယူနေပါလို့ ပြောခဲ့တယ်... ခုတော့ မင်းဟာက ငါကတော့ ဒေါ်ခင်ဆက်ရဲ့ အပါး တော်မြဲပဲ ဆိုပြီး မထားသင့်တဲ့ မာနမျိုးတွေ တက်နေပုံ ရတယ်... "

မြတ် ဝင်ပြောဖို့ပါးစပ်ဟလိုက်ပေမယ့် "နေဦး" ဆိုပြီး တားထားခြင်း ခံရကာ...

"တစ်ခုခု ပြောလိုက်ရင်လည်း တစ်ခေါက်တည်းနဲ့ ကြား အောင် နားမထောင်ထားဘူး... မျက်လုံးကြီးပြူးပြီး တရှင်ရှင်နဲ့ လုပ်တာ စိတ်အပျက်ဆုံးပဲ... ပြီးတော့ အင်း ဒါကတော့ အလုပ်နဲ့ မဆိုင်ပါဘူး... ဒါပေမယ့် သံမံတလင်းမှာ ဒေါက်ဖိနပ်နဲ့ အမြန်လျှောက်တဲ့ အသံ



တို့အရမ်း အသည်းယားတယ်... အဲဒါကြောင့် တားမြစ် မထားပေမယ့် ရုံးခန်းက လူတွေ တစ်ယောက်မှ တခွပ်ခွပ် လုပ်မနေကြတာ မင်းမြင်မှာပေါ့... "

မြတ် မှာ အံ့အားသင့်လွန်းစိတ်နှင့် ကြောက် စိတ်တွေ ဘာတွေ အားလုံးပျောက်ကာ မျက်လုံးလေးပဲ တဖြည်း ဖြည်း ပြူးကျယ် လာရပါတော့သည်။

"ပြီးတော့ တစ်ခုရှိသေးတယ်... ဒါလည်း တို့ တစ်ဦးတည်း နဲ့ ဆိုင်တဲ့ကိစ္စပါပဲ... မင်းကို စမြင်ကာစတွေက မင်း မျက်နှာပြောင်ရှင်းရှင်းနဲ့ ကြည်လင်နေတာကို သဘော ကျလို့ တို့ ရွေးခဲ့တယ်... ခုတော့ မင်းမျက်နှာက အမြဲတမ်း စိုးရိမ်စိတ်တွေ သောကတွေနဲ့ အုံ့မှိုင်းနေတယ်... မျက်နှာက အရောင်တွေကလည်း တို့သာ မင်းရဲ့ ဆွေမျိုးသားချင်း ဖြစ်ခဲ့မယ်ဆိုရင် လွန်ကဲတယ်လို့ ပြောချင်တယ်...

မင်းရဲ့ လုပ်ရပ်တွေထဲမှာ အဆိုးဆုံးနဲ့ တို့ စိတ်အတိုဆုံး တစ်ခုရှိတယ်... ဟိုတစ်နေ့က တို့နဲ့ ဦးသိန်းထွန်းနဲ့ စကား ပြောနေကြတုန်း... မင်း ဘာလဲမသိဘူး တစ်ခွန်း ဝင်ပြော လိုက်တာကိုပဲ... ဦးသိန်းထွန်းက လုံးဝ ကြားမသွားလို့ တော်သေးတာပေါ့... အဲဒါကတော့ ပါးစပ်စည်း မစောင့် နိုင်တာ... ဘောင်ကျော်တာလို့ ခေါ်တယ်... မင်းဟာ ဘာလုပ်နေတာလဲ... မင်း လုပ်ရမယ့် အတိုင်း အတာက



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲသိသင့်တယ်... ခုတော့ လုံးဝမဆိုင်တာကို ဝင်ပါချင်ပြီး ကိုယ့်တာဝန်တွေကျတော့ လစ်ဟင်းနေတာ... တကယ်တော့ အဲဒီညနေထဲက မင်းကို ဆက်သည်းခံမနေတော့ဘဲ ထုတ်ပစ်လိုက်သင့်တာ..."

မြတ်မှာ အဆိုးထဲက အကောင်းဆိုသလို 'ထိတ်' ကနဲ ဝမ်းသာ သွားရပါသည်။ မြတ်... မြတ်မို့လို့သာ အထုတ်မခံရသေးတာ ဆိုတဲ့ သဘောပေါ့နော်... ဝမ်းလည်းသာ... "နှောင်း တစ်ယောက် လုပ်ရက်လိုက်တာ" ဟု တွေးမိပြီး ဝမ်းလည်း နည်း... တကယ်ဆို စတာနောက်တာ ဆိုရင်တောင် ဒီလောက် ဆိုးဆိုးဝါးဝါးကြီး မလုပ်သင့်ပါ... ။

"မျက်ရည်မကျနဲ့... တို့ ပြောလို့ မျက်ရည်ကျတာလည်း တို့ မကြိုက်ဘူး..."

"မြတ်... မြတ် ဝမ်းနည်းလို့ပါ အန်တီ... အန်တီ ပြောတာတွေ အားလုံး မြတ် လုပ်ခဲ့မိတာဟာ... မြတ်ရဲ့ မူလစရိုက်ကို ဆန့်ကျင်ပြီး အန်တီ ကြိုက်မယ်ထင်တာတွေပဲ ကြိုးစားခဲ့ရတာပါ..."

"ဘယ်လို..."

"အန်တီ ဘာတွေ ကြိုက်တတ်တယ် ဆိုတာ နှောင်းက မြတ်ကို ပြောပြခဲ့ပါတယ်..."

ဒီတစ်ခါ မျက်လုံးပြူးသွားရသူက ဒေါ်ခင်ဆက်မော် ဖြစ်ပါသည်။ မြတ်က သူ့ကို နှောင်းပြောခဲ့တာတွေ





အားလုံး မချွင်းမချန် ပြန်ပြီး ပြောပြလိုက်လေသည်။ မျက်လုံးပြူးလိုက်... မျက်ခုံးမြင့်လိုက်... ဆတ်ကနဲ တစ်ချက် ပြုံးလိုက်နှင့် ဒေါ်ခင်ဆက်မော်၏ မျက်နှာမှာ သဘောကျတာလား... မကျဘူးလား... တွေးဆရ ခက်လှပါသည်။

မြတ် စကားဆုံးတော့ ဒေါ်ခင်ဆက်မော်မှာ ခေါင်းတညိတ်ညိတ်နှင့် စိတ်ထဲကလည်း... "နှောင်း... နှောင်း..." ဟု ရေရွတ် နေမိပါသည်။ ဒါဟာ နောက်ပြောင်လိုက်တာ သက်သက်မဟုတ်ပါ။ တမင်ကို ကျောက်ချလွှတ်လိုက်တာ...။ သူ့လိုလားချက်ကလည်း အရှင်းလေး... သူ့အမေဟာ ဒီကလေးမလေးကို မျက်မုန်းကျိုး ကြည့်မရဖြစ်သွား စေရန်သာတည်း။

ဘာဖြစ်လို့များ ကြည့်မရစေချင် တာတဲ့လဲ... ဒီကလေးမလေးကို တမင် သက်သက် မုန်းတီးရန်ရှာချင်လို့... အလုပ်ကောင်း တစ်ခုက ပြုတ်စေချင်လို့ ဆိုတဲ့ စိတ်ပုတ်မျိုးတော့ ဟုတ်မည်မထင်။ တွေးလေ မြင်သာလေပါပဲ...။ သူ့ အမေ ကြည့်ရနေသည့် သူဆို သူ့ရဲ့ သမိုင်းပေးတာဝန်အရ အမေအပေါ် ဆန့်ကျင်လိုခြင်းနဲ့ သူကြည့်မရ ဖြစ်ရတော့ မည်လေ...။ ဒီကလေးမလေး ဟာလည်း နှောင်းအတွက် ကြည့်မရချင် စရာတစ်ကွက်မှ မရှိဘူး မဟုတ်လား.

ဒေါ်ခင်ဆက်မော် က ကောင်းကောင်းကြီး ပြုံးလိုက်မိသည်။

"ကဲ... ဒါဆိုရင်တော့ ဒါတွေဟာ ဟိုလူ့ပြောင်တလေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲပေါ့... ခက်ပါတယ် ဒီကောင်လေးဟာ... လာ... မြတ်... ရုံးအဖွဲ့က လူတွေကိုလည်း သွားရှင်းပြရဦးမယ်... နို့မို့ဆို မြတ်ဒီမှာ အလုပ်ဆက်လုပ်ရတာ ပျော်စရာ မကောင်းဘူး ဖြစ်နေလိမ့်မယ်... အန်တီ အထင်လွဲ မိတာတော့ အန်တီကပဲ တောင်းပန်ရမှာပေါ့..."

ဒေါ်ခင်ဆက်မော်က ထိုင်ရာက ထကာ မြတ်ကို လက်ဆွဲ ခေါ်ပြီး အခန်းပြင် ထွက်ခဲ့လိုက်သည်။

"မြတ်ကို... အန်တီအိမ်ကိုလည်း တစ်ရက်လောက်တော့ ထမင်းစားဖိတ်ဦးမှ..."

မြတ်မှာ အပြောင်းအလဲ မြန်ဆန် လွန်းလှသည့် ကံကြမ္မာကို မနည်းကြီးပင် အမှီလိုက်နေရပါတော့သည်။

❉❦❉❦❉

ထမင်းစားခန်း ထဲသို့ ဝင်ဝင်လိုက်ချင်း ထူးခြားမှု တစ်ခုခုကို ကြုံလိုက်ရသလို စနိုးစနောင့် ဖြစ်သွားသော နှောင်းသည် ရေခဲသေတ္တာဆီ လျှောက်သွားရင်း အမေ လုပ်သူဖက် လှည့်ကြည့် လိုက်သည်။

"နှောင်း... ပြန်လာပြီလား... ဒီနေ့ ဆန်းဒေး အလုပ်ပိတ် ရက်မို့ မေမေက တစ်ခုခု လုပ်စားရရင် ကောင်းမလားလို့





ကြံနေတုန်း ဒီမှာ အတော်ပဲကွယ်..."

နှောင်းသည် မေမေ့ နောက်ပါး မကွယ့် တကွယ် ကနေ ပန်းကန်တွေ စီကိုင်ရင်း ကိုယ့်မြင်ကွင်းထဲ ရောက် လာသော ကလေးမကို မျက်မှောင်ကြီး တွန့်ရှုံ့ရင်း ကြည့်ပစ် လိုက်မိသည်။

အံ့ဩစရာ... ။ သူ့အိမ် သူ့ယာ ကျနေတာပဲ... ပုံစံကြီးကိုက အိမ်ရှင်မကြီး လိုလို... ။

အကယ်၍ မေမေ့ အပါးတော်မြဲ အချစ်တော် ကလေးဘဝနှင့် မဟုတ်ဘဲ... သူ့အပေါင်းအသင်းလေး အဖြစ် ဒီလို အိမ်ရောက်လာပြီး ဝိုင်းကူလုပ်... ရောနှောနေရင် တသိမ့်သိမ့် ကြည်နူးမိပြီး ဝမ်းအသာကြီးသာနိုင်သော နှောင်း သည်... ခုလို ဆိုတော့ မြတ်သူရ ဆိုတဲ့ တစ်ယောက်ကို ကြည့်နေရတာကိုပဲ မလိုတမာကြီး ဖြစ်လာရပါတော့သည်။

"တစ်ခုခု လုပ်စားကြရအောင်လို့ မြတ် အိမ်ကို ဖုန်းဆက် လိုက်တော့ မြတ်က သူတို့ အိမ်မှာ မြီးရှည် လုပ်စားသတဲ့ လေ... ဒီမှာ ဂျုံငံ့ကြီး၊ ဂျုံငံ့ငယ်နဲ့ကို ရောက်ချ လာတော့ တာပဲ... လာ... လာ... နှောင်း အကြိုက်ပဲ"

တစ်နေ့ တစ်နေ့ သူ့အပါးတော်မြဲ အချစ် တော်·တုံးကလေး အကြောင်း အကောင်းတွေချည်း ကြားနေရ သော နှောင်းမှာ မေမေနှင့် မြတ်သူရတို့ ဘာလို့များ ဒီလောက်ပဲ လဲ နံပသင့်သွား ရပါလိမ့်... ဟု မသက်မသာကြီး တွေးမိနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ကြားက အဲဒီသတင်းတွေထဲ ကနေ ရှောင်လွဲမရ.. ။ မြတ်သူ့ရဲ့ ကြည့်ရတာ လူကြီးသူမ အကြိုက်စား အလိမ္မာတုံး ကလေးထဲ ဖြစ်ပုံ ရပါသည်။ တော်ရုံလူဆို မကြိုက်ပြီး ဖြစ်နေတတ်သည့် မမေ့နှုတ်ဖျားမှ ချီးကျူးစကားကို နေ့စဉ်ကြားနေရတော့ အမြင်တောင် ခပ်ကပ်ကပ် ဖြစ်လာ ရတော့သည်။

ဒါတောင်... သူ သေချာစိမ့်ပြီး သင်လွှတ်လိုက်တာပါ... ဘယ်လိုတွေ ဖြစ်ကုန်ရပါလိမ့်မလဲ... နှောင်းရင်ထဲမှာတော့ ထိုင်းမှိုင်းကာ ဘာကိုမှ မကျေနပ်သည့် စိတ်တွေက တဖြည်းဖြည်း ဒီကရီ တက်နေရပါပြီ...

"ကျွန်မ ပြင်လိုက်ရတော့မလား နှောင်း..."

"မပြင်နဲ့... မစားဘူး..."

မြတ် မျက်နှာလေးက ရှုံ့တွန့်တွန့်လေး ဖြစ်သွား ရလေသည်။ အိမ်မှာ အလုပ်သမားတွေ တစ်လှေကြီး ရှိတဲ့ကြားက ဒင်းက ဘာဖြစ်လို့ ပြင်ကျွေးရမှာလဲ... တောက်...။

"နှောင်း... က မြီးရှည် မကြိုက်ဘူးလား..."

"ဘယ်တုန်း ကမှ မကြိုက်ဘူး..."

ဒေါ်ခင်ဆက်မော်က ကလေးနှစ်ယောက်ကို ဘေးကပဲ အကဲခပ် နေလိုက်သည်။ 'မြတ်' ဆိုတဲ့ ကလေးမဟာ နှောင်းကိုတော့ အတော်ကြီး အနွံအတာခံ ခင်မင်နိုင်မည့် ပုံပါပဲ... ရှင်းရှင်းပြောရရင် နှစ်ယောက်အတူ ပူးတွဲ နေရသည့် ရက်တွေ ကြာလာလေ... မြတ်ကလေး အပေါ်မှာ ဒေါ်ခင်ဆက်မော်ရဲ့





မေတ္တာ သံယောဇဉ်တွေ ကြီးမားလာလေ...

ဒီလို ပုံစံမျိုးလေး မြင်နေရလို့မှ မစုံစမ်းကြည့်ရင် မှားရာကျတော့မှာမို့ မြတ်ရဲ့ အကြောင်းကို ဒေါ်ခင်ဆက်မော် လိုက်စုံစမ်း စိတ်တိုင်းကျ ထားပြီးသားပါ။ ဆုံးပါးသွားပြီဖြစ်တဲ့ သူတို့ အမေကြူကြူဆိုတာ ကျောင်းတုန်းထဲက မခင်မင်ပေမယ့် သိဖူး မြင်ဖူးပြီးသား... အင်မတန် အေးဆေးသည့် မိန်းမတစ်ယောက် ဖြစ်ကာ... ဦးသူရ ဆိုတာလည်း ရိုးရိုးသားသား ကြိုးကြိုးစားစား တွေထဲကပါ.. ကြူကြူ့ အမေ ဒေါ်မြရင် ကတော့ ဆက်တို့ မိဘတွေ လက်ထက်ထဲက သတင်းမွှေးသည့် ကျောင်းဆရာမကြီး ဖြစ်သည်။ တန္တယ်ငင် တစင်ပါ ဆိုသလို ဦးသူရ နောက်ထပ် ထူထောင်ထားသည့် အိမ်ထောင်ဘက် ကလည်း မွန်မွန်ရည်ရည် တည်တည် တန့်တန့်... ။

ဒီလို မျိုးကောင်း ရိုးကောင်း... အကျင့်စိတ်ဓာတ်ကောင်းပြီး... ပညာရေး... စီးပွားရေး... လူမှုရေး... အဖက်ဖက်က ပြောစရာမရှိသည့်... ကိုယ့်အပေါ်လည်း အလုပ်ရှင် အထက်လူကြီး ဆိုတာထက် ကြီးဒေါ် သားချင်း မိခင်ရင်းလို ခင်မင်တွယ်တာ ရှိသေလေးစားသည့် ကလေးမမျိုး... ထုံမင်းထုပ် ဆမ်းရှာရင်တောင် တွေ့ဖို့ လွယ်ကူပါ့မလား... ။

အလုပ်လုပ်ကြည့်တော့လည်း ဉာဏ်ရည် ဉာဏ်သွေး ခပ်ပြေးပြေးနှင့် ကိုယ့်ရှေ့က သွားသမျှ ထပ်ချပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ လာနိုင်သေးသည်။ အမိကကတော့ သူကလေးဟာ သားတော်မောင် အပေါ်မှာ စူးနစ်ခိုင်မာလှသော... ထုထည်ကြီးမားလှသော မေတ္တာတော်မျိုး ထားနိုင်နေတာကို ဘေးလူအနေနဲ့ မြင်သာ နေရခြင်း ပေတည်း။

သူကလေးကို သားတော်မောင်ရဲ့ ဘဝခရီးဖော်အဖြစ် ဆက် မြင်သည်။ သို့သော်ငြား အဲဒီလို စီစဉ်လိုက်တာနှင့် မြတ်အပေါ် သံယောဇဉ်ကြီးပုံရပေမယ့် နှောင်းကဆတ်ဆတ်ထိမခံ ငြင်းဆန် တွန်းလှန်တော့မှာပါပဲ... ။ မြင်နေရသည့် သံယောဇဉ်တွေကို ဆက် ဘယ်လိုလုပ်ပြီး ကိုင်တွယ်ဆွဲယူ သက်သေပြနိုင်ပါ့မလဲ... ရှေ့ရေးဟာ တစ်စက်မှ ရင်အေးစရာ မမြင်ပါ။

ဒီလိုဆို သားတော်မောင်ရဲ့ စိတ်ကို မလိုမ့်တပတ်နှင့် ဆွဲဆောင်ပြီး (ဆေးတက္ကသိုလ် တက်ခိုင်းခဲ့စဉ်ကလို) မြတ် အပေါ် ဆက်က တင်းတင်းမာမာ ခွာထုတ် ဆက်ဆံ ပြရမှာလား... ကလေးဆန်လွန်းလှချည့်ဟု ဆက် မြင်သည်။ ပြီးတော့ အိမ်ထောင်ရေးလို နှောင်ပြင်ဖို့ ခက်သည့်အရေးမှာ မလိုမ့်တပတ်လုပ်လို့ တော်ပါ့မလား... အရင်တစ်ခါကလို လွန်ပြီးမှ နှောင်းသိရလျှင်... သူတို့ အိမ်ထောင်ရေးဟာ အဆင်ပြေ နိုင်ပါတော့မလား...။

ဟိုး အရင်တွေ ကတော့ ကိုယ်နှစ်သက်တာလေးတွေ့ရင် ဒီလိုပဲ မလိုမ့်တပတ် လုပ်ရကောင်း နိုးနိုး





စဉ်းစားမိခဲ့သား။ သို့သော် တကယ့် အရေးကျတော့ မလွယ်ပါ။

ဘာမှ မသိသေးသည့် မြတ်ကလေးကို သူတို့သားအမိနှစ်ယောက်ရဲ့ ပြဿနာ အစိုင်အခဲ ကြားမှာ ကြားမညှပ်စေလိုပါ။ ဒီလိုနဲ့ပဲ ဆက် ဟာ အသည်းတယားယား နှင့် ဘေးကကြည့်နေရသည့် ပရိသတ်ပဲ ဖြစ်နေရတော့မလား... ဒီကြားတည်းမှာ နှောင်းက မဟုတ်က ဟုတ်က အကြောင်းမသိ သူ့ညီမိန်းကလေးတစ်ယောက် အပေါ် စိတ်ကျွံ သွားခဲ့ရင် ကော... ခုတောင်မှ ခဏခဏ ဖုန်းဆက် လာသော 'ပိုချော' ဆိုသည့်ကလေးမနှင့် ပြောပုံ ဆိုပေါက်တွေကို မကြိုက်ချင်လှ တော့ပါ...။

ပြောင်ချော်ချော် ရွှတ်နောက်နောက် လိုလိုနဲ့ တကယ့် အရေးအရာတွေကျ ကမူးရှူးထိုး တဖောက်ကန်း နိုင်လှတဲ့ သားတော်မောင် ရွေးချယ်လာနိုင်သည့် မိန်းကလေး ဟာ မြတ်လောက်ပဲ ကောင်းနိုင် ဦးမလား... ။

ရေခဲသေတ္တာ ထဲက ရေတစ်ပုလင်း ထုတ်သောက် ပြီး မီးဖိုထဲ ဝင်ချသွားသော သားတော်မောင် ဆာလောင်နေပြီဆိုတာ ဒေါ်ခင်ဆက်မော် အတီအကျ သိပါသည်။ တနင်္ဂနွေနက်တွေကျ ကော်ဖီလေး တစ်ခွက်သောက် သောက်ပြီး ဆရာတစ်ယောက်ထံ စာသွားမေးလေ့ရှိသော နှောင်းဟာ ပြန်ရောက်ချိန်တွေကျ လျှာ အလျှားလိုက် ထွက်ပြီး ဆာလောင်နေကျ... ရှည်ဆိုတာလည်း သူ နှစ်သက်သည့် အရာတွေထဲ ပါပါရက်... နှောင်းရယ်... ။



www.burmeseclassic.com

www.burmeseclassic.com



မြတ်က ကောင်မလေးတစ်ယောက် ဆေးကြောရေသုတ်ပြီး ယူလာပေးသည့် စတီးချိုင့် နှစ်ချိုင့်ကို ဆွဲယူကာ ဒေါ်ခင်ဆက်မော်ကို ကြည့်လိုက်သည်။

"နေဦး... မပြန်နဲ့ဦး သမီး... အန်တီ နက်ဖြန်အတွက် စာရွက်စာတမ်းလေးတွေ ပေးလိုက်စရာလေး ရှိလို့... နက်ဖြန်ကျ အမြတ်တော်ခွန် ဝန်ထောက်နဲ့ သမီးသွားတွေ့စရာ ရှိတယ် မဟုတ်လား... ဧည့်ခန်းကပဲ စောင့်နေလိုက်လေ သမီး... "

သမီး... သမီး... သမီး... ။

မီးဖိုထဲက ကြားနေရသော နှောင်းမှာ နေရင်းထိုင်ရင်း ဒေါသတွေ အလိပ်လိုက် ထလာရကာ ဘေးမှာ ယောင်နန လှုပ်တုပ်တုပ် လုပ်နေကြသည့် ကောင်မလေးနှစ်ယောက်ကို ဖိဟောက် နေလိုက်သည်။

"ငါ့ နားလာပြီး လှုပ်တုပ်တုပ်နဲ့ ဘာဖြစ်နေကြတာလဲ... ဆာတယ်... စားစရာ တစ်ခုခု ရှာပေးပါ... လုပ်ပေးပါ ဆိုတာကို..."

"ဟို... ဟို... အန်တီက စားခါနီးမှ တယ်ပြီး ကျော်တာ သုပ်တာတွေ လုပ်ဆိုလို့... ဘာဟင်းမှ အဆင့်သင့် မရှိသေးဘူး ကိုလေးရဲ့... အရည်တစ်ခွက်တောင် အဖတ် မခပ်ရသေးဘူး... ဟို... ဟိုမှာ မြီးရှည်တော့ ရှိနေ တယ်..."

"သွား... အဲဒါပဲ ထည့်ခဲ့ပေး... အချိုးကျကျလည်း လုပ်ဦး ငါ ဒီမှာပဲ ထိုင်စားမယ်..."

ကောင်မလေးတွေခမျာ မီးဖိုထဲမှာပဲ ခွေးခြေတစ်လုံးနှင့် ထိုင်ကာ စားမည် ဆိုတာကို အံ့အားတသင့်နှင့် အမြန် ထွက်ခွာသွား ကြသည်။

"နှောင်း..."

မီးဖိုခန်းဝမှ မေမေ ပေါ်လာသည်။

"ထမင်းစားခန်းနဲ့ ထမင်းစားပွဲ ရှိပါရက်... မီးဖိုထဲမှာ ခွေးခြေနဲ့ ထိုင်စားမယ် ဆိုတာ ကောင်းတဲ့ အမူအကျင့် မဟုတ်ဘူး..."

"ဟို... အရှုံးမလေး ပြန်သွားပြီလား..."

"မပြန်သေးဘူး... အလုပ်ကိစ္စ ရှိသေးလို့ ဧည့်ခန်းထဲမှာ မေမေ စောင့်ခိုင်းထားတယ်... မင်း ဘယ်နှယ့် သူများ သားသမီးကို အရှုံးမ ဘာညာပြောရတာလဲ..."

ဧည့်ခန်းထဲ ရောက်သွားပြီ ဆိုရင်တော့ ထမင်းစားခန်းနှင့် တခြားစီ အဝေးကြီးမို့ နှောင်းက ထမင်းစားခန်းထဲ ပြန်ဝင်လာ လိုက်သည်။

"သူက ဘာလို့ သူများ အိမ်ကို မနက်အစောကြီး ရောက်နေ ရတာလဲ... ပြီးတော့လည်း လုပ်ကိုင် နေလိုက်တာ... သူ့အိမ်သူ့ယာကျလို့... ယောကျ်ားလေး တစ်ယောက် ရှိတဲ့ အိမ်ကို မိန်းမပျိုလေး တန်မဲ့ အစောကြီး







www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာ ရှူးနေလို့ပဲ ဖြစ်မှာပဲ..."

"နှောင်း... မှိုချိုး မျှစ်ချိုး မပြောရဘူးလေ... သူက မေမေ ခေါ်လိုက်လို့ ရောက်နေတာပဲ... မင်း စိတ်ထဲ ပါသည် ဖြစ်စေ မပါသည် ဖြစ်စေ ... မေမေ့ကို အရွဲ့ တိုက်ချင် တာနဲ့တော့ တစ်ဖက်သား မိန်းကလေးကို မထိခိုက် ပါစေနဲ့... တကယ်ဆို သူဟာ မင်း သူငယ်ချင်းပဲ... ပြီးတော့ အဖက်ဖက်က ကောင်းမွန် ပြည့်စုံတဲ့ မိန်းကလေး..."

မေမေ အော်လိုက်တော့ မြတ်လည်း ကြား သွားမှာ စိုးပြီး နှောင်းမျက်နှာက စပ်ဖျဉ်းဖျဉ်းနှင့် ဖြစ်လာ ရသည်။ အဲဒီလို ဖြစ်လာမှာ စိုးလွန်းလို့ကို အတန်တန် ရှောင်ကျဉ်ချင် ခဲ့ပေမယ့် ခုတော့ မေမေက မြတ်ကို သဘောကျနေပြီ... စိတ်ကြိုက် တွေ့နေပြီ... ဒီထက်တဆင့် တက်လာခဲ့ရင်... ။

"မင်း မျက်လုံးတွေကို မေမေ မကြိုက်ဘူး နှောင်း... အဲဒါ တစ်ခုခု ကောက်ကျစ်ချင်ရင် ပေါ်လာတတ်တဲ့ မင်းအဖေရဲ့ မျက်လုံးတွေပဲ... ပြင်လိုက်စမ်း... ဒါမှ မဟုတ်ရင် မေမေ့ကို မျက်လုံးချင်း မဆိုင်နဲ့..."

နှောင်း ရင်ထဲ အောင့် ကျိမ်းကျိမ်းနှင့် အခံရ ခက် သွားရသည်။ နှောင်း ရင်ထဲမှာ ငရဲကြီးကောင်း ကြီးနေမည် ဖြစ်သော အတွေးတို့လည်း ပလုံစီထ နေရလေသည်။ ဒါတွေဟာ ဖေဖေ့ကို သေစေခဲ့သော မေမေ့ရဲ့ စကားလုံးနဲ့ လေယူလေသိမ်း



တွေ... ။ နှောင်းက မေမေ့ မျက်နှာကို စိုက်ကြည့်နေရာက အဝေးသို့ အကြည့်တွေ လွှဲလိုက်ရင်း နှုတ်ဖျားကလည်း တီးတိုး သည်ငြိမ်စွာ...

"မြတ်သူရဟာ မေမေ ရွေးချယ်လာမယ့် မိန်းကလေး တစ်ယောက် ဖြစ်နေရင် စောစောစီးစီးကပဲ ကျွန်တော် ကြိုပြောထားမယ်နော်... ကျွန်တော်ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး... မေမေ ရွေးချယ်လာ ခဲ့ပြီးပြီးဆိုရင် သူဟာ ကျွန်တော့် သူငယ်ချင်း မဟုတ်တော့ဘူး..."

ဒေါ်ခင်ဆက်မော်မှာ ဆတ်ဆတ်ခါမျှ နာကြင် သွားရပါတော့သည်။ သူ့အဖေဆိုတဲ့ စကားတစ်လုံးကို ထည့်ပြော ရှိနဲ့ နှောင်းဟာ အမေလုပ်သူနဲ့ အဝေးဆုံး တစ်ဖက်စွန်းကို ချောက်ရှိသွားလိုက်တာ... ။ ကိုးလလွယ်... ဆယ်လဖွား... တယုယု အသယ တထွေးပိုက်ပိုက် ရှိခဲ့ရသည့် မိခင် မေတ္တာဆိုတာ ကိုတောင် လုံးဝ အသိမှတ်မပြုတော့ ပုံပါတကား... ။

"မေမေ... မင်းနဲ့ ယှဉ်ပြိုင် ပြောမနေချင်တော့ဘူး နှောင်း... မေမေဟာ မင်းနဲ့ ဆန္ဒချင်းညီတဲ့ အမေပဲ ဖြစ်ချင်တယ်... တစ်သက်တာ အတွက် အရေးကြီးတဲ့ ကိစ္စမှာ ဘာမဟုတ် တဲ့ ဆန့်ကျင်ချင်ရုံလေး သက်သက်နဲ့တော့ မင်း မေမေ့ကို ကန့်လန့် မတိုက်နဲ့... ဟုတ်တယ်... မင်း ပြောသလိုပဲ... မေမေဟာ မြတ်သူရ ကလေးကို သဘောကျတယ်... နှစ် မြို့က်တယ်... ရွေးချယ်ချင်တယ်... မင်း မေမေနဲ့ ဆန္ဒချင်း



www.burmeseclassic.com

www.burmeseclassic.com



ညီနိုင်အောင် ကြိုးစားပါ… စိတ်အေးအေးနဲ့… အချိန်တွေ အကြာကြီး ယူပြီး စဉ်းစားပါ နှောင်း… မေမေ နှောင်းကို အချိန်တွေ ပေးထားမယ်”

မာကျောသံမပါအောင် ဂရုတစိုက် သတိထား ပြောပြီး စကားဆုံးတော့ အပေါ်ထပ်သို့ ဒေါ်ခင်ဆက်မော် တက်လာလိုက်သည်။ တုန်လှုပ်နေသည့် မျက်နှာထား အခြေအနေကို မြတ် မမြင်စေလိုပါ။ လိုအပ်သည့် စာရွက် စာတမ်းများကို သွားမပေးသေးဘဲ စိတ်ငြိမ်အောင် အချိန်ဖြုန်း နေလိုက်လေသည်။

မေမေ အပေါ်ထပ်တက်သွားတော့ နှောင်း စိတ်တွေ သွက်သွက်ရမ်းပြီး ကျန်ရစ်ပါသည်။ ဒီလိုအဖြစ်ကို ရင်မဆိုင်ချင်လွန်းလို့ ရှောင်လွှဲချင်တာလည်း မရပါလား… မေမေကတော့ မြတ်သူရ ဆိုတာ သူရွေးချယ်သော မိန်းကလေး အဖြစ် အပြီးသတ် ပြောကြားသွား ခဲ့လေပြီ… တစ်သက်တာ ဆန့်ကျင်ခဲ့သော နှောင်းကိုလည်း ဆန္ဒချင်း ညီကိုညီရမည် ဆိုပါလား…

တောက်… ဒီမိန်းမကိုက မေမေနှင့် ကင်းကင်း နေခဲ့လျှင် ဘာဖြစ်မှာ မို့လို့တဲ့လဲ… ။သူကိုယ်တိုင် ကိုက နှောင်းရဲ့ ဆန္ဒတွေကို လွန်ဆန်ပြီး မေမေ့ကို စတင် ချဉ်းကပ်ယူခဲ့တာ… ။ နှောင်းရဲ့ ဘဝမှာ ဘာရယ်လို့ မတိကျ မသေချာသော တစ်ခုခုဟာ ရေစုံမျောသွားသလို ပစ္စလက္ခကြီး ဖြစ် သွားခဲ့လေသည်။





စားဖို့ ကြံရွယ်ထားသော မုန့်ပန်းကန်ကို ဗုန်းကနဲ ရှေ့သို့ တွန်းရွှေ့ပြီး တယ်လီဖုန်း ရှိရာသို့ လှမ်းလာလိုက်သည်။ ညှော်ခန်းထောင့်စွန်းက တယ်လီဖုန်းစင်လေး ရှိရာသို့ ရောက်တော့ ညှော်ခန်းထဲက မြတ်သူရက သမင်လည်ပြန်လေး လှည့်ကြည့်လေသည်။ဟာ… သူက ဖုန်းပြောမည့် နေရာနှင့် ကြားနိုင်လောက်သော အကွာအဝေးမှာ ရှိနေပြန်ပြီ။ သို့သော် ဘာများ ဂရုစိုက်စရာ ရှိပါသလဲ… ကြားရင်လည်း အရေးအကြီး မကြားရင်လည်း အရေးမကြီး လှပါ။

“ပိုချော… နှောင်းပါ… ဟာ… ဟာ… ဘာမှ မပြောရ သေးဘူး… ဘာတွေကြိုပြီး စိတ်ကောက်နေတာလဲ… အား… အဲဒီနေ့က စာမေးပွဲလေး တစ်ခုရှိနေလို့ မလာ ဖြစ်တာပါ… စိတ်မကောက်နဲ့တော့နော်… မုန့်ဝယ်ကျွေး ဆို ဝယ်ကျွေးမှာပေါ့ ပိုချောရယ်… ဒါပေမယ့် တို့ ပြောမဲ့ စကားကြားပြီးရင် ပိုချောက မုန့်လိုက်စားချင်ပါ ဦးမလား… ”

နှောင်းက တံတွေးတစ်ချက် မြိုချ လိုက်ပါ သည်။

“ပိုချော… တို့ မင်းကို သိပ်ချစ်နေပြီ…”

နှောင်း ရင်ထဲ တင်းကျပ်လေးလံကာ အလေး ကြီးကြီး ခေါင်းပေါ်လာ တင်ခံလိုက်ရသလို ဖြစ်သွားရလေသည်။

မဟုတ်ဘူး… ဒါဟာ ချစ်စကားကို ဖွင့်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိတဲ့ ယောကျ်ားသားတိုင်း လိုလို ခံစားရမယ့် သော ဒုက္ခမျိုးပဲ နေမှာပါ။ တစ်ဖက်က မိန်းကလေးထံမှ တစ်စုံတစ် ကို ပြန်လည် မျှော်လင့်နေရပြီလေ မဟုတ်ဘူးလား.. ။

ပို့ချောဟာ တကယ့်ကို ချစ်စရာ ကောင်း ကောင်မလေးမျိုးလေ... နှောင်း ရဲ့အကြိုက်... အရပ်ပုသေး နဲ့ ဆံပင်ရှည် တဖားဖားတွေကို ပိုင်သော မိန်းကလေးပ ဒါဟာ ကံကောင်းခြင်းပဲပေါ့... ။

နှောင်းက ခေါင်းလေး ထုံဆတ်ဆတ် ပေါ့ပေါ့ပါးပါး အသွင်ကို ပြောင်းလဲယူကာ ခြံထဲသို့ ပြေးဆ လာခဲ့ ပါတော့သည်။

နှောင်းရဲ့ နောက်ဆုံးစကား တစ်ခွန်းကို သသကြီး ကြားလိုက်ရသော မြတ်မှာ ထိုင်နေသည့် နေရာ တင်တောင့်တောင့်ကြီး သေဆုံးသွားပြီလား တောင် ထင်လို ပါသည်။

"တို့ မင်းကို သိပ်ချစ်နေပြီ"တဲ့...

မြတ်ရဲ့ မြင်ကွင်းထဲမှာ အမြင့်သို့ ဆင့် ထားသည့် ကုလားထိုင်များ အားလုံး အခြေကနေပြီ 'ဝုန်း' ပြိုကျသွားသလို ခံစား လိုက်ရသည်။ ချစ်တယ်တဲ့... နှောင် မြတ် မဟုတ်တဲ့ တခြား မိန်းကလေးတစ်ယောက်ကို သိပ် တယ်တဲ့...

"အား..."



မြတ် တစ်ခုခုကို လွှတ်ကနဲ အော်လိုက်မိသလား.. ကိုယ့်ကို ကိုယ်မသေချာပါ.. ရုတ်တရက် အသက်ရှူမရ.. မွန်းကျပ်လာသလို ဖြစ်ကာ... မြတ်ရဲ့ပတ်ဝန်းကျင်ဘေးတစ်ခုလုံး ညှို့ခန်းထဲမှာ နေရာလွတ် မကျန်တော့အောင် အနက်ရောင် အလုံးလုံးတွေ ထောင်သောင်းချီပြီး.. တဖြည်းဖြည်း များသထက် များများလာ ကြလေသည်။

❋❦❋❦❋

"ငါ့ရဲ့ တွက်ကိန်းတွေ အကြီးကျယ်ကို လွဲသွားခဲ့တယ် ဝင်နီရယ်... ငါ ဘယ်လို ကြိုသိခဲ့မှာလဲ... သူတို့ရဲ့ အတွင်းရေးကို ငါက ဘယ်လိုလုပ်ပြီး ကြိုသိထား နိုင်မလဲ..."

ဝင်နီမှာ မြတ်ကို ဘယ်လိုမှ နှစ်သိမ့်မှု မပေး တတ်တော့ပါ။ တကယ်ဆို ဒီအချိန်ဟာ မြတ်ရဲ့ အပျော်ဆုံး ဖြစ်နေရမည့် အချိန်... မြတ်ရဲ့ အောင်မြင်မှု အထိမ်းအမှတ် အနေနဲ့ ဝင်နီက မြတ် အပေါ်ကောင်းကောင်းကြီး ဗိုလ်ကျကာ ညှင်းရမည့် အချိန်... ။ ခါတိုင်းလို သူငယ်ချင်းနှစ်ယောက် တစ်မြို့လုံး ကားပတ်မောင်းပြီး တဟေးဟေး တဟားဟား ဖြစ်နေရမည့် အချိန်...

မနက်ကပဲ နှောင်းရဲ့ မေမေ ဒေါ်ခင်ဆက်



www.burmeseclassic.com

www.burmeseclassic.com



မော် က ကြိုတင် အကြောင်းကြားထားပြီး ဖြစ်တဲ့အတိုင်း ဝင်နီ့မေမေ ဒေါ်ကြည်ကြည်ကို ပါဝင်ခေါ်ကာ မြတ်တို့ အိမ်သို့ လာပြီး သွားခဲ့ပြီ။ ဒီမတိုင်ခင်ကလည်း ဝင်နီ့မေမေပဲ ဒီအိမ်ကို သုံးလေးကြိမ် လာပြီး စကားထည့်ထား ခဲ့ရသည်။ ခုတစ်ကြိမ် မှာတော့ အန်တီဆက့်ပါ ပါလာကာ မြတ်ရဲ့ ဖေဖေ၊ အန်တီနှင့် တကွ… အဖွားတို့ကိုပါ တွေ့ဆုံကာ ရှေးဟောင်း နှောင်းဖြစ်တွေပြောရင်း နှစ်ဖက်စလုံးက ဂုဏ်သရေရှိ လူကြီးမင်း အပေါင်းတို့ကိုပါ ဖိတ်ကြားကာ စေ့စပ်ကြဖို့ အရေး ရက်သတ်မှတ်လို့ သွားခဲ့ပြီ။

ဒီအချိန်မှာ မြတ် တစ်ယောက် အခန်းတံခါးပိတ်ကာ ငိုကျွေးနေရသည် ဆိုတော့ ဘယ်လောက် အဓိပ္ပါယ်မရှိလိုက်တဲ့ ကိစ္စလဲ… ရည်ရွယ်ချက်တွေ အောင်မြင်ပါရက် ငိုကျွေးနေရသူက ဒီလောကမှာ မြတ်တစ်ယောက် သာရှိလိမ့်မည် ထင်ပါရဲ့… အဲလို ဆန်းတပြားပြား ဖြစ်အောင်လည်း ဟိုကောင်ကပဲ လုပ်ခဲ့တာ။

ဝင်နီသည် ကိုယ်နှင့် သက်တူရွယ်တူ… ပြီးတော့ လေးစားစရာလည်း တစ်ကွက်မှ မရှိသည့် နှောင်း… 'ဟိုကောင်' ဟုပင် ရင့်ရင့်သီးသီး ခေါ်ဝေါ် သုံးစွဲချင် ပါတော့သည်။ မနက်ကတော့ အန်တီဆကီ ဘယ်လို အမိန့်ထုတ်… ခေါ်လာသည်မသိ… ကားမောင်းပို့ရင်းနဲ့ ပါလာသား… သို့သော် အိမ်ပေါ်သို့ မတက်ပေ…။ ဒါလည်း သိပ်တော့ ကိစ္စ မရှိ… ငိုနေလာကြတာဟာ… အန်တီဆက်က မြတ် အလုပ်ရှင် အဖြင့် မြတ်ရဲ့ အမေဒေါ်ကြူကြူနှင့် သိကျွမ်းဘူးသူတွေ အဖြ…





အလည်အပတ်သဘောနဲ့ လာရင်း တီးခေါက်သည့် သဘောမို့ အဲဒီကောင် အိမ်ပေါ် မတက်လည်း ရုပ်မဆိုးလှပါ။ စေ့စပ်ကြောင်းလမ်းသည့်နေ့မှ မဟုတ်သေးဘဲ…။

အားလုံး ပြောဆိုပြီးအပြန်မှာ မြတ်ဘက် က လူကြီးတွေကပါ ကားဆီအထိ လိုက်ပို့ကြပြီး… လူကြီးတွေ အားလုံး အိမ်ပေါ်က ဆင်းလာကြတာတောင် ကားပေါ်က မဆင်းသေးတာကတော့ နည်းနည်း ပြောစရာ ဖြစ်ပြီး အန်တီဆက်က မြတ်ရဲ့ ဖေဖေ… အဖွားနှင့် အန်တီတို့ကို မိတ်ဆက်ပေးသည်ထိ လှည့်မကြည့်ဘဲ စတီရာယင် ကိုင်ကာ ငူငူကြီး ခေါင်းငုံ့ထားတာကတော့ လွန်သလို ဖြစ်သွားလေပြီတည်း။ ဝင်နီ့မှာ အန်တီဆက်အတွက်လည်း မျက်နှာပူကာ မြတ်ဖက်က လူကြီးတွေကို မကြည့်ရဲ…။ အဲဒီကောင်ရဲ့ လုပ်ပုံကိုင်ပုံ ကိုလည်း နားမလည်ဖြစ်ကာ အိမ်ပေါ်မှာ ကျန်ရစ်သော မြတ်ကို ပြေးမေးမှ မြတ်က သူ့အခန်း ထဲခေါ်ပြီး ဝင်နီ မသိသေးတဲ့ အချက်တွေ ကို ပြောပြခြင်း ဖြစ်ပါသည်။

အမလေး… မြတ် ဖေဖေနှင့် အန်တီတို့မှာ အဲဒီလိုကြီး လုပ်လိုက်တာကိုတောင် အမှတ်ပေး သဘောတွေ ကျကာ "ဒီကောင်လေးက ရိုးပုံရတယ်၊ မဆိုးဘူးကွ…" ဟု မြက်အဖေက စလိုက်လျှင်… "ဟုတ်ပါရဲ့… ရိုးရိုးအေးအေးနဲ့ ကလေးလို ထင်ပါရဲ့ လှည့်တောင် မကြည့်ရဲရှာဘူး မျက်နှာကြီး နီလို့…" ဟု အန်တီက ထောက်ခံကာ အတိုင်အဖောက်တွေ ညီနေကြသေးသည်။ မြတ်ရဲ့ အဖွားတစ်ယောက်သာ…



www.burmeseclassic.com

www.burmeseclassic.com



"ရိုးလွန်းတော့ ရိုင်းသလိုဖြစ်နေတော့ တာပေါ့..." ဟု ခင်း၏ ရိုင်းပျမှုကို ရိပ်မိပုံရသည်။ အဖွားက မြတ်သူငယ်ချင်းအဖြစ် သူ အိမ်တစ်ခါ ရောက်ဖူးတာကို မှတ်မိနေမှန်း... ဝင်နီကတော့ မသိပါ။

လက်စသပ်တော့ ခင်းက စကော့ဈေးထဲမှာ တွေ့ခဲ့ဖူးသော အနက်လုံးနှင့် သမီးရည်းစားတွေ ဖြစ်နေကြတာတဲ့... ရည်းစားစကားကို တောင် မြတ်ရှေ့မှာ ပြောတာတဲ့။ အဓိက အချက်ကတော့ သူဟာ သူ့အမေနှင့် နှစ်ရှည်လများ အကြောင်းမသင့်... ပြောသမျှ ဆန့်ကျင်တတ်သည့် သားမျိုး ဖြစ်နေခဲ့သည်တဲ့လေ... "သားဂုဏ် မောက်သည်" ဟု နာမည်ကြီးလှသော ခေါ်ခင်ဆက်မော်ရဲ့ မေတ္တာကို အရင်ရယူခဲ့မိ သော မြတ်အဖို့ရာကား သူပြောသလို အကြီးအကျယ် တွက်ကိန်းတွေ လွဲခဲ့ရပြီတည်း။

"သူဟာ သူ့ အမေ စိတ်တိုင်းကျ ငါ့ကို လက်ထပ်ရမယ် ဆိုရင် ဖြစ်လာမယ့် မကျေနပ်မှုက တစ်ခု.. ဒါပေမယ့် အဲဒါကမှ ငါနဲ့ သူ နိုးစပ်ကြရပါဦးမယ်... ခုတော့ သူ့ အချစ်တွေက တခြားတစ်ယောက်ဆီမှာ ရောက်နေပြီ ဝင်နီ... အဲဒီချစ်သူနဲ့ပါ ကွေကွင်းရတဲ့ မကျေနပ်မှုက တစ်ခု ဖြစ်ရဦးမယ်... ပိုဆိုးလိမ့်ဦးမယ်... သိရဲ့လား..."

"သူ အဲဒီ ကောင်မလေးကို ချစ်ကော ချစ်ရဲ့လား မသိ ပါဘူး ဟာ..."





"တွဲရက်သား ငါ မြင်ဘူးတယ် ဝင်နီ... ကောင်မလေးက အရမ်း ချွဲတတ်တယ်... အရမ်းချစ်စရာ ကောင်းတယ်... သူ ချစ်မှာ... "

ဝင်နီက စိတ်မသက်မသာနှင့် ခေါင်းကုတ် လိုက်မိသည်။

"ငါ့ကို သူက စကားမပြောဘူး... ခေါ်ခေါ်ပြောပြော ပြောင်ပြောင်နောက်နောက် မရှိဘူး... ဒေါသထွက်နေပုံ တော့ မဟုတ်ဘူး ဟာ... ဘယ်လို ခေါ်မလဲ... အထင် သေးတဲ့သဘော... လုံးဝ မဆက်ဆံချင်တဲ့သဘော... ပေလျှာ ကံပေါ့... "

"နင်တို့ တွေ့သေးလို့လား..."

"အလုပ်ကိစ္စနဲ့ ငါ တစ်ခါတစ်ခါ အဲဒီအိမ် ပါသွားရတယ် လေ... ငါလုံးဝ မခံနိုင်တော့ဘူး ဝင်နီ... ငါ ဝမ်းနည်း ရလွန်းလို့ ခံနိုင်ရည် စွမ်းအားတွေ ပျောက်ကုန်ပြီ... အန်တီဆက်က သူ ကောင်မလေး တစ်ယောက်နဲ့ တွဲနေတာ အရိပ်အမြွက် သိသွားပုံရတယ်... ငါ့ကို မေးတယ် လေ သိလားတဲ့... ငါ ဘာလုပ်ရမလဲ... အမှန်အတိုင်း ပဲ ပြောလိုက်ရတာပေါ့..."

"ပိုဆိုးပေါ့..."

"ဟုတ်တယ်... ငါက သူ့ကို ချစ်နေရက်သားနဲ့ ငါ့ရလို့ တမင်ကြီး ဂုံးတိုက်သလို ဖြစ်မသွားဘူးလား... ငါ့အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေက အဲဒီလောက်ထိ အောက်တန်းကျသွားတာ... သူနဲ့ သူ့အမေနဲ့ အဲဒီကောင်မလေးနဲ့ ပတ်သက်ပြီး စကားများ ကြတယ်... သူက အဲဒီကောင်မလေးကိုပဲ လက်ထပ်နိုင်မယ်တဲ့... အဲဒါကြောင့် သူ့အမေက ဒီနေ့ လာပြီး ငါ့ လူကြီး မိဘတွေနဲ့ စကား ပြောထားလိုက် တာ..."

"အမေနဲ့ သား... ဆန့်ကျင်အား ပြိုင်တာက ပိုပိုဆိုးလာ တာပေါ့..."

"သူ့အမေနဲ့ သူနဲ့ အားပြိုင်တာ ပိုပြီး ကြီးလာလေလေ... ငါ့ကို သူက ပိုပြီး စက်ဆုပ် လာလေလေပေါ့... အဲဒီလို ဖြစ်အောင် သူ့ကို ငါဘာလုပ်လို့လဲ... ငါ လိုချင်တာ သူရဲ့ အချစ်ပါ... အထင်သေးတာတွေ စက်ဆုပ်တာတွေ မဟုတ်ဘူး... ငါ သူ့ကို ဘာမှလည်း မလုပ်ရဘဲနဲ့ ငါ့ကို သူက နူဝဲရွဲ နေသလို ဆက်ဆံတာ ငါ ဆက်သည်းမခံ နိုင်တော့ဘူး... ခုဆို သူကတွေ့လိုက်တာနဲ့ ဆတ်ကနဲပဲ... မစင်ပုံ တစ်ပုံတွေ့ ရင်တောင် သူ့မျက်နှာက အဲလောက် ဖြစ်သွားမှာ မဟုတ်ဘူး..."

"အေး... ဟုတ်တယ်... ဟုတ်တယ်... နင် ဘာမှ သည်းခံ နေစရာ မလိုဘူး... သူ့အပေါ် မေတ္တာထား နေစရာ မလိုဘူး..."

ဝင်နီက ကိုယ် ဖြစ်စေချင်တာကို အကွက်ရ





တုန်း ဝင်ပြောလိုက်သည်။ နှောင်း ဆိုတာကို ဒီလိုပြဿနာတွေ မပေါ်ခင် ကတည်းက ဖြူစင်ရိုးသားသည့် မြတ်ကလေး ဘက်က ကြည့်ပြီး ကျေနပ်ခဲ့ တာမဟုတ်ပါ။ သူ့ကို အချစ်ကြီး ချစ်နေသမျှ မြတ်ပဲ စိတ်ဆင်းရဲရမှာ ဝင်နီ အစောကတည်းက ရိပ်မိတားဆီး ခဲ့တာပဲ... ခုကိစ္စကလည်း ကိုယ့်ဘက်က အန်တီဆက် တစ်ယောက်လုံး ဘယ်လောက်ပင် ပါပါ... ပေါင်းရမှာက သူနှင့် ဆိုတော့... အဲဒီလောက် စိတ်ပျက်စရာ ကောင်ကို မပေါင်းတာ အကောင်းဆုံး... ။ ကိုယ့်ဒုက္ခ ကိုယ်ရှာပြီး ချစ်မနေတော့ ခြင်းသည်သာ အကောင်းဆုံး... ။

ကိုယ့်အပေါ် ခင်ခင်မင်မင် ပြောင်ပြောင် နောက်နောက် ရှိစဉ်ကတောင် မပေါင်းအပ်သော ကောင်မျိုး ကို... ကိုယ့် အပေါ်မှာ မစင်တုံးလို ရွံရှာနေပါပြီ ဆိုတဲ့ နောက်တော့ ဘာများ သွားတွယ်တာ နေစရာလိုတော့ မည်နည်း... ။

"နင် အန်တီဆက်ကို ငြင်းပစ်တော့ဟာ... ငြင်းဆို ခုပဲ ငြင်းမှ... လူကြီးတွေက စေ့စပ်စကား ဆိုဖို့တောင် ရက်သတ် ပြီးသွားကြပြီ... ပြောပြီး ဆိုပြီးမှ ဆိုရင် မကောင်းဘူးလေ... ခုကတည်းက မယူနိုင်ပါဘူးလို့... အပြတ်ကို ပြောထား... ယောကျ်ားလေးက ငြင်းတာကို ခံထားရတာ အမိပ္ပါယ် မရှိဘူး... နင့်ဘက်ကလည်း လုံးဝပဲ ဆိုတာ ပြလိုက်စမ်းပါ... သူနဲ့ ပတ်သက်စရာ မလိုတော့ဘူး ဆိုရင် အန်တီဆက် ကိုလည်း နင်ဘာမှ အားနာနေစရာ မရှိဘူး..."



www.burmeseclassic.com

www.burmeseclassic.com



မြတ်က နှုတ်ခမ်းလေးကို စေ့စေ့လေး လုပ်ကာ အသာမဲ့လိုက်သည်။ မြတ် ဘယ်အချိန်ကတည်းက အငိုရပ်သွား သလဲ ဆိုတာ ဝင်နီ မသိလိုက်ပါ။ ခံပြင်းစိတ်က သူ့ကို အငိုတိတ်စေလိုက်ခြင်း ဖြစ်မည်။

"ငါ သူ့ကို သိပ်ဒေါသ ထွက်တယ် သိလား..."

"အေး... ကောင်းတယ်..."

"ဒါပေမယ့် တစ်ချိန်တည်းမှာပဲ ငါသူ့ကို ရှုံးရတော့ မလိုမျိုး ချစ်နေမိသေးတယ်... အဲဒီ အချစ်ကတော့ ဘယ်လောက်ကြီးပဲ အနှောက်အယှက် ရှိပါစေ... မပြယ်ဘူးဟာ..."

ခါတိုင်းလို "သေလိုက်ပါလား ဟာ" လို့တောင် ပြောချင်စိတ်မရှိအောင် စိတ်ကုန်ခန်းသွား ရတော့သည်။ မြတ်... မြတ်... ဘယ်လိုမှ မြှောက်ပေးလို့ ပြောလို့မရတော့ ဘူးလား...။

"ငါ့ အဖြစ်က ရုပ်ရှင်တွေ ထဲမှာဆိုရင် ဗီလိန်ခန်းကို ရောက်ပြီ ဝင်နီ..."

"အေး... ဟုတ်တယ်... မိဘသဘောတူသူနဲ့ ချစ်သူ ရည်းစားနဲ့မှာ ဆိုရင်... မိဘသဘောတူသူက ဗီလိန်ပဲ..."

"ငါက ကံကြမ္မာကို ယုံတယ်... ငါ့ ကံကြောင့်ပဲ ဗီလိန်နေရာကို ငါ ရောက်သွားရပြီ... ကံကြမ္မာ ဆိုတာ ရှောင်လွှဲလို့ မရဘူး... သတ်မှတ် ပြီးသားပါ ဝင်နီ... ငါလည်း ကံကြမ္မာကို မဆန့်ကျင်ချင်ဘူး... သူက ဗီလိန်ခန်းမှာ ထားတော့လည်း ဗီလိန်ပဲပေါ့..."





"ဘာရယ်... ဟဲ့... နင် ဘာတွေ ပြောနေတာလဲ..."

"ငါ ဗီလိန်ခန်းကပဲ ဆက်ကမယ်..."

"ဟယ်... မြတ်ရယ်... ငါတော့ သဘောမတူပါဘူး... နင့်ဘက်က အများကြီး နစ်နာမယ်နော်... နင် တရွတ် ထိုး တွေ မလုပ်ချင်နဲ့..."

"ငါ မနစ်နာဘူး ဝင်နီ... ငါ... ငါချစ်တဲ့လူကိုရမှာ... သူကတော့ သူချစ်တဲ့ လူနဲ့ ကွေကွင်းရမယ်... ငါချည်းပဲ နစ်ထပ်ကွမ်း နိုင်မှာ..."

"နင် စိတ်ချမ်းသာ မှာမဟုတ်ဘူး နော်..."

"ဘာလို့ မချမ်းသာ ရမှာလဲ... ငါက ငါ့စိတ်ကို ထားတတ်အောင်ထားမှာ... ငါလည်း စိတ်ချမ်းသာ... အန်တီဆက်လည်း စိတ်ချမ်းသာ... ဟိုဖက် ဒီဖက် ဆွေမျိုးအသိုင်းဝိုင်းအားလုံး စိတ်ချမ်းသာ... သူ့တစ်ယောက်တည်းပဲ စိတ်ဆင်းရဲရမှာ..."

မြတ်က ခပ်မဲ့မဲ့လေး ပြုံးလိုက်ရင်းက...

"ဗီလိန်ခန်းက သရုပ်ဆောင်ရတဲ့ သရုပ်ဆောင်တွေလည်း သူတို့ရဲ့ အရည်အချင်း ရှိရင်ရှိသလို အကယ်ဒမီခင်ရုပ်ကို ပိုင်ဆိုင်ခွင့် ရှိကြတာပဲ မဟုတ်လား ဝင်နီရယ်... ရော တစ်နေ့နေ့ တချိန်ချိန်မှာ အကယ်ဒမီ ရလိမ့်မယ်လို့ နင် ဆင်မိ ဘူးလား..." ဟု မေးချ လိုက်သည်။

ဝင်နီမှာ စိတ်ထက် သန်လွန်းနေသည့် မြတ်



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးများကို ရင်ဆိုင်ပြီး မကြည့်ရဲတော့ပါ... ။ ခံပြင်းစိတ်နှင့် ချစ်စိတ် နှစ်ခုပေါင်းနေခြင်းကြောင့် သူ ပြောသလို ရှုံးမတတ် ပုံစံကို တကယ်ပေါက်နေပါတော့သည်။ မြတ်ရယ်... နှင်တွေး ခေါ် တာတွေ လွဲချော်နေပြီ သိရဲ့လား... နှင်ပြောတဲ့ အားလုံး စိတ်ချမ်း သာပြီး သူတစ်ယောက်တည်း စိတ် ဆင်းရဲရမယ် ဆိုတဲ့ အဖြစ်မျိုး ကို 'နှောင်း'လို ကောင်က အဖြစ်ခံပါ့မလား။

အရွယ်ရောက် ယောကျာ်းလေး တစ်ယောက်ကို သူ့မိဘက ကြိုးနဲ့ကြိမ်နဲ့ တို့ပြီးတော့ရော ပေးစားချင်လို့ ရမှာလား... ဘယ်လိုမှ မဖြစ်နိုင်ပါဘူး မြတ်ရယ်...

"ဝင်နီရေ... ငါ့ကို နှင်ကူမယ် မဟုတ်လား ဟင်..."

ရှင်ပျပျ အမေးကြောင့် ရုတ်တရက် လန့်သွားသလို ရှိသော ဝင်နီက သက်မကြီးများကို အခါခါချရင်းက...

"အေးပါ ဟယ်..."

"ဒါဆို ခုချိန်မှာ နှောင်း အိမ်မှာ ရှိကို ရှိမှာ မဟုတ်ဘူး... သေချာတယ်... ဟိုအိမ် ရောက်နေလောက်ပြီဟ... ငါတို့ အနက်လုံးလေး တို့လမ်းထဲ ကားတစ်ခေါက်လောက် ဖြတ်မောင်းရအောင်လေ..."

ကြောက်စရာ ကောင်းလောက်အောင် ပြောင်းလဲသွားသော မြတ်ကိုကြည့်ကာ ဝင်နီက ထိုင်နေရာမှ လေးကန်စွာ ထရပ်လိုက်သည်။

❖❖❖❖❖



# အခန်း (၄)

စနေနေ့ မဟုတ်ဘဲ အိမ်ပေါ် ရောက်လာသော မြတ်ကို အဖွားက အံ့အားသင့်သလို ကြည့်ရင်းက...

"ဘာလာ လုပ်တာတုန်း... ကိစ္စရှိလို့လား..."

ဒီနေရာမှာ ခင်ဦးတို့ သမြေတို့ သာဆို "ဖွားကို သွမ်းလို့ပေါ့ ဖွားရယ်... ဒီနေ့ ဒီမှာ ညနေထိနေမယ်နော်... ဖွားပေါ့ရည် ပျစ်ပျစ် စပ်စပ်လေး ဖျော်ပေးပါဦး..." ဘာညာနှင့် ဖွားခင်ဘတ်ထဲ ခေါင်းတိုးလို့ ခွေ့ကာ ချွဲပြီးသွားပြီ။ ဖွားကလည်း "ဟဲ့... အမလေးနော်... ဟင်း... ဟင်း... ဟင်း" ဘာညာနှင့် အဘောတွေ အကျကြီးကျကာ မများလှ သော်လည်း မနည်းလှသည့် မုန့်ဖိုးတွေ ဖွား အိပ်ထောင်ထဲက ထွက်လာ နိုင်တာပေါ့... မုန့်ဖိုး မရရင်တောင် ဖွားကို တပည့်ဟောင်းတွေ လာကန်တော့



www.burmeseclassic.com

www.burmeseclassic.com



ထားသော ပါတိတ် ဝမ်းဆက်အသစ်များ ရနိုင်သည်။

မြတ်မှာ ကြည်လင်နေချိန် ဆိုရင်တောင် ဒီလို ချွန်နွဲ့တာမျိုးတွေ လုပ်ရမှာ ရှက်သလိုလို ဘာလိုလိုမို့ မလုပ်ဖြစ်ခဲ့ သေးတာ… ခုလို အချိန်နှင့်အမျှ ပူလောင်နေရချိန် များမှာ ပိုပြီး ဝေးပြီပေါ့… ။

ပြန်မဖြေဘဲ အသက်ပြင်းပြင်း ရှူနေသည့် မြတ်ကို အဖွားက မှောင်ကုပ်ကြည့်ရင်း… "မှုန်… ရေတစ်ခွက် ခပ်ခဲ့စမ်း" ဟု လှမ်းအော်လိုက်သည်။ မှုန်ခပ်လာသည့် ရေကို သောက်ပြီးသည့်တိုင် မြတ်မှာ အမောမပြေ နိုင်သေးပါ။ ဘယ်ပြေ ပါ့မလဲ… ခုဟာက အဖွားအိမ် လှေခါးကို တက်လာရ၍ မောဟိုက် ခြင်းမျိုး မဟုတ်… မောရအောင် အဖွားအိမ်ကလည်း ဒီလောက် ကြီးမြင့်လှတာမှ မဟုတ်ဘဲ… ။ ခုဟာက ကိုယ့်ဆန္ဒတွေ မပြည့်သေး သမျှ ဘယ်လိုမှ အမောမပြေ နိုင်သေးတာပါ။

"ဒီနေ့ အလုပ်မဆင်းရဘူးလား မြတ်…"

"အန်တီဆက်က မန္တလေး သွားပါတယ် အဖွား… အမှန် ကတော့ မြတ် လိုက်ရမှာပါ… ဒါပေမယ့် အန်တီဆက်က နေခဲ့ချည်ဆိုလို့… ရုံးခန်းကို ခဏတဖြုတ်ပဲ သွားသွားပြီး ပြန်လစ်လာတာ…"

"အင်း… အင်း… သူငယ်ကကော…"

"သူက သူ့ကျောင်းသူ သွားတက် နေမှာပေါ့ အဖွားရဲ့…"





အဖွား ဘယ်သူ့ကို ဆိုတယ်ဆိုတာ မြတ်က အတတ် သိလိုက်တာမို့ မျက်နှာ ခပ်လွဲလွဲနှင့် အဖြေပေးလိုက် သည်။ မှုန့်ဆီက 'ခီ' ကနဲ ရယ်သံတစ်ချက် ထွက်ပေါ် လာလေ သည်။ မြတ်က အဖွား ဘာစကားမှ မဆက်နိုင်ခင် ခပ်မြန်မြန်…

"မှုန်… ဒါဒါ ရှိသလား…"

"အင်း ရှိတယ်လေ… သဘော်သီးသုပ် စားချင်လို့တဲ့… မီးဖိုထဲမှာ လုပ်နေတယ်…"

"သွားရအောင်… ဝိုင်းလုပ်ပေးရတာပေါ့…"

မြတ်က အဖွား မျက်စေ့ရှေ့မှောက်မှ အမြန် လွတ်ရင်ပြီးရော ထထွက်လိုက်သည်။ အဖွားဟာ နှောင်းနဲ့ ပတ်သက်ပြီး သူ့မြေးအတွက် သိပ်ဘဝင်မကျလှတာ မြတ် သိပါသည်။ နှောင်းကို သိပ်မပြေပြစ်လှသည့် ကောင်ကလေးဟု အဖွားက သတ်မှတ်သည်။ ဒါတင် မကသေးဘဲ ပိုပြီး မကျေနပ် ချက်တွေများ ရှိသေးသလားဟု မြတ်က ထင်မိပါသည်။ ဘာလို့ဆို အဖွားဟာ ဒါဒါနှင့် တစ်အိမ်တည်းနေ တစ်အိပ်ရာတည်း အိပ်ကြသည်လေ။ ဒါဒါဟာ အကြောင်းစုံကို ရိပ်မိသိရှိပြီး အဖွားကို ပြန်ပြောပြထားပြီး သား ဖြစ်နိုင်သည်။

"ဒါဒါ ရေ… မြတ် လာတယ်တဲ့… နင် သဘော်သီးသုပ် မှာ သတင်းကြားလို့နဲ့ တူတယ်…"

ဒါဒါက သဘော်သီးစိမ်းကို စိန်ခလုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခြစ်နေရင်းက "အင်း"ဟု ပြောပြီး တစ်ချက်လှည့်ကြည့်သည်။

"ဒါဒါ.. ဘာ ဝိုင်းလုပ်ပေး ရမှာလဲ..."

"ငပိ စိမ်းစားကင်ပြီး ငရုတ်သီးစိမ်းနဲ့ ထောင်းဖို့ရယ် မြေပဲလှော် အခွံချွတ်ပြီး ထောင်းဖို့ရယ် ရှိတယ်လေ... ပုဇွန်ခြောက်လည်း နည်းနည်းထောင်းပေ့ါ.. မမှုန် လုပ်ပြီး ပြီလားတောင် မသိဘူး..."

"မြေပဲလှော် အခွံမချွတ် ရသေးဘူး... ရော့..."

မှုန်က မြတ် ဝင်ထိုင်လိုက်သည့် စားပွဲပုလေးပေါ်သို့ မြေပဲဆားလှော် နှစ်ထုတ် လာတင်ပေးသည်။ မြတ်က လက်သုတ်ပုဝါ တစ်ထည်ထဲ မှောက်ထည့်... တပြင်းပြင်းနှင့် ပွတ်ချေ.. အခွံချွတ်ပြီးသား အဆံလေးတွေ ကောက်ယူလုပ်နေရင်းက ဒါဒါ့ကို အကဲခပ် နေမိသည်။ ဒါဒါ့ကို ဘာက ဘယ်လိုစကား စ ရပါ့မလဲ... ။ နှောင်း ရည်းစား ကောင်မလေး၏ သူငယ်ချင်းဟာ ဒါဒါ မဟုတ် ပဲမှုန်သာဆို ဘယ်လောက်များ ကောင်း လိုက်မလဲ... ။

ဒါဒါဟာ မြတ်ထက် အငယ်... ပြီးတော့ ဖက်လှဲတကင်း ခင်ကြတာလည်း မဟုတ်... မှုန်ကလွဲရင် ကျန်တဲ့ အဖွား မြေးမအားလုံးကို အလိုလို နေရင်း ကြည့်မရနေသူလည်း ဖြစ်သည်။ ဂျစ်ကန်ကန် ကလည်းနိုင်.. ပြီးတော့ စိတ်ထဲ မထင်ရင် မထင် သလို ဖိုးကနဲ ဖတ်ကနဲ တဆုံးတစ ပြော





ပစ်တတ်သူလည်း ဖြစ်ရာ... မြတ်မှာ သူနှင့် စကားပြောရမှာကို အပြစ်ရှိသူ တစ်ယောက်လို ကြောက်ရွံ့နေမိ ပါတော့သည်။

မြတ်ကို ကျောပေးပြီး သဘော်သီး ခြစ်နေသည့် ဒါဒါ့ ကျောပြင်ကို ကြည့်ကာ ဘာကစ ပြောရမလဲ ဆိုတာ စကား စီလို့ကို မပြီးနိုင်ပါ။

"ဟဲ့... မြတ်... နင်တို့ စေ့စပ်ပွဲက ဘယ်တော့လဲ..."

မှုန်က စကားစလိုက်သဖြင့် မြတ် နည်းနည်း အားတက်သွားသည်။

"လာမယ့် စနေ... သူ့ အမေက သောကြာနေ့မှ မန္တလေးက ပြန်ရောက်မယ်လေ... စေ့စပ်ပွဲတော့လည်း မဟုတ်ပါဘူး... သူ့ဘက်က လူကြီး သူမတွေက ငါ့အိမ်လာပြီး စကားပြောဆို ကြမှာပါ..."

"ငါ မမြင်ဘူးသေးဘူး... ငါတို့ကော လိုက်ကြည့်လို့ မရဘူးလား..."

"အဖွားခေါ်မယ် ဆိုရင် လိုက်ခဲ့လေ..."

"အေး ဟုတ်တယ်... အဖွားကို ပြောရမယ်... ဒါဒါ.. ညနေကျ နင်နဲ့ငါ အဖွားကို ပြောကြရအောင်လေ..."

"မလိုက်ချင်ပါဘူး..."

ဒါဒါ အသံကြောင့် မှုန်ပင် တစ်မျိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရကာ ကာယကံရှင် မြတ်မှာတော့ ရင်ထဲလှိုင်းခတ် သွားရလေသည်။

"ဒါဒါ.. မမြတ်လည်း အဲဒါပြောမလို့... ဒါဒါ့ကို မေးစရာ... ပြောစရာရှိတာနဲ့... မမြတ် ဒီနေ့လာခဲ့တာ..."

မှန်က မြတ်ပုံစံကို အံ့အားတသင့် ကြည့်ရင်း ဒါဒါ့ကိုလည်း တစ်လှည့် လှမ်းကြည့်သည်။ ဒါဒါက ခြစ်လက်ရသဘော်သီး ဇလုံကြီးကို ဆွဲကာ မြတ်တို့ ထိုင်နေကြသော စားပွဲပုလေးမှာ လာဝင်ထိုင်လိုက်ရင်း..

"မမြတ်က သိပ်တော့ အလုပ်မဟုတ်ဘူးနော်..."

"ဘာရယ်..."

အလို... မြတ် ညီမဒါဒါဟာ သူ့ သူငယ်ချင်းမလေးဘက် ကသာ တစ်ဖက်သတ်ပါလား.. ညီအစ်မချင်းရယ်လို့ မြတ်ကို ဘယ်လိုမှ အရေးမထားပါလား.. အဲဒါဘာလို့လဲ.. မြတ်ကပဲ လုံးဝ မှားယွင်းနေပြီ မို့လို့လား... ဒါဒါဟာ အမှန်တရားဘက်ကပဲ ရပ်တည် ချင်တာမျိုးလား... ။

"ပိုချောကို မမြတ်သိမှာပါ.. အဲဒါ ဒါဒါ့အချစ်ဆုံးသူငယ်ချင်း... သူက ဒါဒါ့ကို မမြတ် ညီမ ဝမ်းကွဲမှန်းလည်း သိနေတယ်... ဒါဒါ ဘယ်လောက် မျက်နှာပူရလဲ..."





"ဒါဒါ မျက်နှာပူရအောင် မမြတ်က ဘာများလုပ်မိလို့လဲ..."

"သူများတကာရဲ့ ချစ်ခြင်းကို မခွဲချင်ပါနဲ့လား မမြတ်... ပိုချောနဲ့ နောင်းနဲ့ဟာ နောင်းအမေကြီး မမြတ်တို့ အိမ်လာမပြောခင် အစောကြီးတည်းက ချစ်သူရည်းစားတွေပါ..."

"ဘုရား ရေ..."

မှန်ထဲမှ တိုးသက်သော ဘုရားတသံလေး ထွက်ပေါ်လာသည်။ ဒါဒါ့ မျက်နှာကတော့ ခပ်ထန်ထန်... ။ မြတ်မှာတော့ မျက်နှာတစ်ခုလုံး နီရဲလို့နေပြီတည်း..

"ခုဟာက... နောင်းကလည်း မမြတ်ကို အပြတ်ကိုငြင်းထားတာ.. သူ့အမေကြီး သဘောတစ်ခုနဲ့ စီမံတာကို သူဘယ်လိုမှ လိုက်နာမှာ မဟုတ်ဘူး.. ယောကျ်ားလေး ဘက်က အဲဒီလို ဆိုတာလည်း မမြတ်သိရက်နဲ့.. မျက်စိ မှိတ်ပြီး ရှေ့မတိုးချင်ပါနဲ့လား.. ရှက်စရာကြီး.."

သူက "ရှက်စရာကြီး" ဟု ပြောလိုက်မှ မြတ်မှာလည်း မျက်နှာကို ဖြတ်ရိုက်ခံလိုက်ရသလို ရှက်စိတ်တွေက ဖြန်း ကနဲ လျှမ်းတက် သွားရသည်။

"နောင်းမှာ ပိုချောဆိုတဲ့ ချစ်သူရည်းစား တစ်ယောက်ရှိနေတာ မမြတ် သိသိကြီးနဲ့ မဟုတ်လား.."



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်လေ.. သူ ပို့ချောကို ဖုန်းနဲ့ ရည်းစားစကား ပြောတာ မမြတ်ရှေ့မှာတင်ပဲ.."

ဒါဒါရော မှုန်ပါ လှုပ်လှုပ်ရှရှတွေ ဖြစ်သွားကြသည်။

"အဲဒါ မှားနေတာင်..."

"အဲဒါကြောင့်ပဲ မမြတ်က ခေါင်းထဲ သိပ်မထားတာပေါ့ ဒါဒါရဲ့... အဲဒီနေ့က သူနဲ့ အန်တီဆက် ရန်ဖြစ်ကြတယ်လေ... ရန်ပွဲပြီးပြီးချင်း သူက ပို့ချောဆီ ဖုန်းကောက်လှည့်ထည့် လိုက်တာပဲ..."

"မမြတ်က ဘာကို ဆိုလိုတာလဲ..."

"သူနဲ့ သူ့အမေနဲ့က မတည့်ဘူးလေ... သူ့အမေကို အနိုင်ရအောင် သူကရွဲ့ပြီး လုပ်ချလိုက်တာပေါ့..."

မြတ်မှာ ပြောရင်း ပြောရင်း ကိုယ့်စကားကိုယ် ယုံကြည်ကာ အင်အားတွေ သတ္တိတွေ ဖြစ်ထွန်းလာရပါသည်။ ဒါဒါကတော့ မှုန်တေတေနှင့် ခေါင်းလေးကို အသာယမ်းခါကာ... "ရွဲ့တာတော့ ဘယ်နည်းနဲ့မှ မဟုတ်ဘူး..."ဟု ကန့်ကွက်သည်။ မြတ်မှာ ဒါဒါ့ပုံစံကိုကြည့်ရင်း ပြောချ ထည့်လိုက်ချင်သည်မှာ ပါးစပ်ထဲကတောင် ခါးသက်လာရပါသည်...။ ကိုယ့်ညီအစ်မချင်း ဘက်ကတော့ မပါဘဲ... တစိမ်းဘက်က တစ်ဖက်သတ် ရပ်နေရအောင် ဟိုဖက်က ထမင်းကို စားထား





တာလည်း မဟုတ်... ။ ရင်ထဲမှာ နာကျင်လာရ ပါတော့သည်။

"မမြတ် ခုဒါတွေ လာပြောတာ... ဒါဒါ သိသွားစေချင်လို့... ပြီးတော့ ပို့ချောဆီကို ပြန်ရောက်အောင်လို့ မဟုတ်လား..."

မြတ်က ပြန်မဖြေ.. ဟုတ်မှ မဟုတ်တာ... ။

"ပြန်မပြောဘူး မမြတ်... ဒီနည်းနဲ့တော့ သူတို့ကို ခွဲထုတ်ချင်လို့ မရဘူး... သူတို့က ဘယ်သူဘာပြောပြော ရှေ့ဆက်ဖြစ်အောင် ဆက်ကြမှာပဲ..."

"နှောင်းရဲ့ ပင်ကိုယ် စိတ်ရင်းမှန်ကို အဲဒီကလေးမလေး သိတာ မသိတာ... ဒါဒါပြန် ပြောတာ မပြောတာက အကြောင်းမဟုတ်ပါဘူး... မမြတ်နဲ့ လက်ဆက်ဖို့ လူကြီးတွေ ပြောဆိုစီမံထားပြီးသား လူတစ်ယောက်ဟာ ဒါဒါနဲ့ တွေ့မြင် ပတ်သက်နေရမယ်ဆိုရင်... သူကတော့ ဘယ်လို ခြေလှမ်းရှိတယ်... ဘာတွေလုပ်နေတယ်... ဘာညာ... အစ်မတစ်ယောက် အနေနဲ့ မမြတ်ဘက်က ကိုယ်ချင်းစာပြီး ပြန်ပြော... ပြန်အသိပေးတာတွေ လုပ်နိုင်မလားလို့... အဲဒါ လာတိုင်ပင်တာ..."

မြတ် အသံက ဒေါသတွေ... ခါးသီးမှုတွေနှင့် မာပြီး အဖျားခတ်တုန်ခါ သွားသည်။ ဒီမလိမ်မိုး မလိမ်မရာ ကောင်မလေး ဒါဒါ့ကို မြတ် မမုန်းပါ။ ဒီကိစ္စကြောင့် မုန်းရရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း မြတ်ပဲ အလွန်ဖြစ်မည်။ သူကလေးဟာ သူမှန်တယ် ထင်ရာဘက် စွတ်သန်နေတာ။ မမုန်းဘူးဟု ဆိုရသော်ငြား ချဉ်တာကတော့ အတော့်ကို ချဉ်မိလေသည်။

"အိုး... လူရွေးလွဲ နေပြီ"

ဒါဒါ တုန့်ပြန်မှုက ပြောင်ချော်ချော်... မြတ် မပြောနဲ့... ဘေးနားကနေ မျက်လုံးဝိုင်းကလေးနဲ့ ပွဲကြည့် ပရိသတ်ပဲ လုပ်နေခဲ့တဲ့ မှုန်ကတောင် ဒါဒါ ပုခုံးလေးကို ဖြတ်ကနဲ တစ်ချက်ပုတ်လျှက်... "အို ဒါဒါ... အဲဒီလို မပြော ရဘူးလေ" ဟု ဝင်ပြော လေသည်။

"မမြတ် နောက်ဆုတ်လို့ မဖြစ်တော့ဘူး ဒါဒါ... မမြတ် တို့ ကိစ္စက လူတွေ သိကုန်ပြီ... ရှေ့တိုးပြီး ဖြစ်အောင် ကို လုပ်မယ်... ဒါ မမြတ်ရဲ့ အပိုင်းပဲ..."

"ဘယ်သူ သိလို့လဲ အဖွားရယ်... မမြတ် အဖေတို့ လင်မယားရယ်... နှောင်းအမေရယ်... ဒါပဲဟာ..."

"စနေနေ့အတွက် လူကြီးတွေကို လိုက်ပြောထား ပြီးပြီ..."

"ပိုချောနဲ့ နှောင်းအကြောင်းကိုတော့ ရန်ကုန်တက္ကသိုလ် တစ်ဝင်းလုံး သိနေပြီ..."

"ဒါကတော့ တစ်ဝင်းလုံး သိအောင်သူတို့က လျှောက် သွားကြလို့ ဖြစ်မှာပေါ့ ဒါဒါရဲ့..."





ဒါဒါက ဒေါသနှင့် တစ်ခုခု ပြန်ပြောဖို့ ကြံရွယ်လိုက်ဆဲ အဖွားပါ မီးဖိုထဲ ဝင်လာသဖြင့် ဒါဒါက ပါးစပ် ပိတ်ကာ သင်္ဘောသီးတွေကိုပဲ တပြင်းပြင်းနှင့် မပြီး ခြစ်နေလိုက် သည်။ မမြတ်လုပ်ပုံက ဟုတ်ကိုမဟုတ်ဟု ဒါဒါက ယုံကြည်မိ နေတော့ ညီအစ်မချင်း ဖြစ်ရက်သူ့ဖက်က မလိုက်တာ ဆန်းသလား...။ ပိုချောနှင့် နှောင်းတို့ အပြင်ထွက်ကြသမျှ နောက်က ကားနှင့် တကောက်ကောက် လိုက်ကာကြည့်တတ် တာ ကောင်းသလား... ။ တစ်ချို့နေ့တွေ မြတ်ကျောင်းလာ တက်လို့ ကျောင်းဝင်းထဲ ပိုချောနှင့် ဆုံကြရင် အောင်နိုင်သူကြီး မျက်ဝန်းတွေနှင့် ကြည့်သွားတာ ကောင်းသလား... ။ရုပ်ရှင်ထဲ မှာဆိုရင် မမြတ်လုပ်နေပုံတွေက တကယ့် ဗီလိန်ခန်း... ပရိသတ် အများစုရဲ့ ဆဲသံတွေကို လှိုင်လှိုင်ရမည့် လုပ်ရပ်မျိုးတွေ ဖြစ် ပါသည်။ ဒါဒါမှာ ပိုချော တစ်ခါ ပြန်ပြောတိုင်း တစ်ခါ မျက်နှာ ပူရတာကို မမြတ်က ဘယ်လိုလုပ် ကိုယ်ချင်းစာနိုင် မှာလဲ... ကာကွယ်ပေးနိုင်မှာလဲ... ။

"ညည်းတို့ သင်္ဘောသီးက သုပ်ဖြစ်ဦးမှာလား..."

"သုပ်ဖြစ်မှာ ဖွား... ခုပဲ ပြီးတော့မှာပါ..."

ဒါဒါက ဘာမှ မဖြစ်လိုက်သလို ဟန်မပျက်... မြတ်မှာတော့ မျက်နှာကို ချက်ချင်း ပြင်မရနိုင်သူ ဖြစ်ရာ အဖွား မမြင်အောင် အောက်ချပြီး မြေပဲတွေပဲ ကုန်းရွေး နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်နဲ့ ဒါဒါနဲ့ ဘာဖြစ်ကြတာလဲ..."

"ဘာမှ မဖြစ်ပါဘူး ဖွား..."

ဒါဒါကား ခုထိ ဟန်မပျက်... သို့သော် လျှင်လှသော အဖွားက မြတ်ကိုပင် အကဲခတ်နေစရာ မလိုပါ။ ဟန်မပျက်သည့် ဒါဒါ့ပုံစံကိုပဲ ရိပ်မိသိရှိ နိုင်ကာ သူနိုင်ရာ လူကို ကိုင်လိုက်သည်။

"မှုန်... ပြောစမ်း..."

"ဟို... မြတ်က ဒါဒါ့ကို... အင်း... ဟုတ်ပါဘူး... ဒါဒါက..."

"မြတ်... ဒါဒါက ဖွားနဲ့ အမြဲ နေရတဲ့ မြေး... မြတ်က တစ်ပတ်မှ တစ်ခါပေါ်လာတာ... ဒီတော့ ပြဿနာ သယ်မလာနဲ့ ဟုတ်လား... ဒါဒါ... တစ်ဝမ်းကွဲ ဆိုတာ အရင်းကြီးပဲ ရှိသေးတယ်... ဒီတော့ ဘာကြီးပဲ ဖြစ်နေနေ ကိုယ့်ညီအစ်မချင်း ဘက်ကပဲ စည်းလုံးရမယ် ချစ်ခင်ရမယ်... ဟုတ်ပြီလား... ခုခဏ လာခဲ့ဦး... ဖွား ဟိုတစ်ခါ သိမ်းခိုင်းထားတဲ့ ဘုရားစာအုပ် တစ်အုပ်လာရှာ ပေးစမ်း မှုန်... ဒါဒါ လုပ်လက်စကို ဆက်ပြီး လက်စသိမ်း ပေးလိုက်..."

အဖွားက မြတ်နှင့် ဒါဒါတို့ကို အခိုက်အတန့်အားဖြင့် ခွဲထုတ်လိုက်သည်။ အဖွားတော့ ဒီပုံအတိုင်းဆို အားလုံးကို သိနေနှင့်ပြီပေါ့... ရှက်စရာ ကောင်းလိုက်





တာကွယ်... ။

"မြတ်... ဒါဒါနဲ့က ဘာတွေ ဘယ်လို ဖြစ်ကြတာလဲ... နင်တို့ နှစ်ယောက်ကြည့်ရတာ ရန်သူကြီးတွေ ကျလို့... မှုန်တော့ ဘာမှ နားမလည် နိုင်အောင်ပဲ..."

"ငါနဲ့ ပတ်သက်လို့ အဖွား ဘာပြောသေးလဲ မှုန်..."

"အဖွားက မြတ်နဲ့ စေ့စပ်မယ့် ကောင်လေးကို သဘောမကျဘူး... အဲ ဒါလေးက ရိုင်းလည်းရိုင်း ရှုပ်လည်းရှုပ်တယ်တဲ့... ဟုတ်သလား မြတ်..."

မြတ်က ခေါင်းခါယမ်း ပြလိုက်သည်။

"သူ့ပင်ကိုယ် သဘောက မရိုင်းပါဘူး... မရှုပ်ပါဘူး မှုန်ရယ်..."

"ဒါပေမယ့်... မြတ်ရယ်... သူက ရည်းစားကြီးနဲ့ဆို... ဒါဒါက အဲဒါကြောင့် မကျေနပ်တာ ဖြစ်လိမ့်မယ်... အန်ကယ်သူရကို အဖွားပြောရင်ရပါတယ်... မပေးစားနဲ့တော့လို့ အဖွားကို ပြောခိုင်း လိုက်ပါလား..."

"ဖေဖေနဲ့ မဆိုင်ပါဘူး မှုန်ရယ်... နင့်ကို ငါပြောဘူးတယ်လေ... ငါ လူတစ်ယောက်ကို သိပ်ချစ်တာပဲ ဆိုတာ..."

"အေး..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နှောင်းပဲ မှန်ရယ်... အဲဒီ အချိန်က သူ့မှာ ဘယ်ကောင်မလေး တစ်ယောက်မှ ရှိမနေသေး ပါဘူး..."

မြတ်က ခွာလက်စ မြေပဲတွေကို မှုန့်ဘက် ကမ်းပေးလိုက်ရင်း.. "ငါ ပြန်တော့မယ်..." ဟုဆိုကာ ထပြန် လာခဲ့သည်။ မြတ်က ဒါဒါ့ကို ပိုတွက် ထားခဲ့တာမှ မဟုတ်ဘဲ... မြတ် ဖြစ်စေချင်သလို မြတ်ကို ညီအစ်မချင်း အနေနဲ့ နှောင်းရဲ့ ခြေလှမ်းတွေကို သတင်းပေး ပြန်ပြောတာ မပြောတာသည် ဒါဒါ့ သဘော တစ်ခုသာ ဖြစ်သည်။ ဒါဒါက နှောင်းရဲ့ ပင်ကိုယ်စိတ် ရင်းမှန်ကို ပိုချောထံ ပြန်မပြောဘူး ဆိုပေမယ့် ဒီကနေ့ မြတ်လာ သွားတာ... သူနဲ့ စကားများလိုက်ရတာတွေ ကိုတော့ သူ့ သူငယ်ချင်းမလေးကို နှစ်သိမ့်သည့် အနေနှင့် သူမျက်နှာပူရ သက်သာအောင် ပြန်ပြောနိုင်သည်။

အဲဒီအခါ ကျရင် မြတ်ဘက်က လုံးဝ နောက် မဆုတ်ဘူးဆိုတာ ရှေ့ဆက်ပြီး တိုးကို တိုးမယ် ဆိုတာ နှောင်း သိသွားမည်လေ။ ဒါပဲပေါ့ နှောင်းနားကို အဲဒီ စကားပြန်ပေါက် ဖို့က ဒီနည်းလမ်းသည်သာ အကောင်းဆုံး မဟုတ်လား။

❖❦❖❦❖





စနေနေ့က ကြိုတင်တွက်ဆပြီး ဖြစ်တဲ့ အတိုင်း မြတ်တို့ အိမ်သို့ နှောင်းပါ မလာခဲ့ပါ။ မြတ် အဖို့ကတော့ ကြိုတင် တွက်ဆပြီးချိန်မှာ ကြိုတင်ပြင်ဆင် တည်ငြိမ် ထားနိုင်ပြီမို့ သိပ်ကြီး မထောင်းတာ လှပါ။ အောင်သူရ တို့ မေမေ မြတ်ရဲ့ အန်တီကို မြတ်က "မြတ် ဒီနေ့ အိမ်ရှေ့ မထွက်ဘူးနော်..." ဟုလည်း ကြိုပြောထားပြီး သားပါ။

"ဘာဖြစ်လို့လဲ..." ဟူသည့် အမေးကိုတော့ "မမထွေး တုန်းကလည်း ဒီလိုပဲလေ... ပွဲကြီးလမ်းကြီးမှ မဟုတ် တာ... မြတ်ကို ထုတ်စရာ မလိုဘူး... မြတ်က အိမ်ခန်းထဲ မှာပဲ နေရမယ်..." ဟု မမထွေးပါ ဆွဲထည့်ကာ ဟုတ်သည်ရှိမဟုတ်သည် ရှိ လျှောက်ပြောထားပြီးသား။ အန်တီခမျာလည်း မမထွေး တုန်းက ဘာမှ ဝင်မစီစဉ်ခိုင်းတာကို မြတ်အလှည့်ကျမှ သူ့ရဲ့ သဘော ထားနဲ့ စိတ်ရင်းစေတနာကို ပြရတော့မည်ဟု အားခဲထားသဖြင့် မြတ်က ထုံးစံပဲ ဆိုလျှင် မပယ်ရဲ... ။

အန်တီဆက် ကတော့ ချိုးကျူးစရာ ကောင်း အောင်ပင် မျက်နှာထားက ဟန်ဆောင်ပိရိကာ စကားအပြော အဆို ကျွမ်းကျင်လေသည်။ နှောင်း ပါမလာသည့်ကိစ္စကို ပိရိရိနှင့် လူတကာ လက်ခံအောင် သူ လုပ်သွား နိုင်သည်။

"စေ့စပ်ပွဲက ဟိုတယ်ကြီး တစ်ခုခုမှာ ပွဲနဲ့ လမ်းနဲ့ သပ်သပ် လုပ်ဦးမှာလေ... သမီးလေးအတွက်က သူ့ဂုဏ်လေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ညီအောင်တော့ လုပ်ပေးရမှာပေါ့... ခုဟာက လူကြီးတွေ စကားပြောကြရုံပဲ... ကလေးတွေ ပွဲမဟုတ်ပါဘူး... သားကို တမင်ပဲ ခေါ်မလာ လိုက်တော့ဘူး အမေရေ... သားကို ခေါ်လာရင် မြတ်ကလေး ကိုလည်း ခေါ်ထုတ်ပြီး ထိုင်ခိုင်းထား ရဦးမယ်... ဒီပွဲက မိန်းကလေး ထွက်ပြစရာ မလိုသေး ပါဘူး... ပြီးတော့ သားရှင် ဆိုပြီး သမီး မိန်းကလေးအိမ်ကို သားကိုခဏခဏ ခေါ်ချလာရင် တင့်တယ်ပါ့မလား ဆိုတာလည်း ကြည့်ရသေးတယ်..."

အမိက ကအဖွားကို မျက်နှာချင်းဆိုင်ပြီး ပြောလေသည်။ မြတ်မှာ အိမ်ခန်းလေးထဲ ကနေ ချောင်းကြည့်နေခဲ့ရင်း အန်တီဆက် မျက်နှာထားနှင့် အပြောအဆိုကို အားရသဘောကျ နေမိသည်။ မြတ်အမျှားကြီး အတုခိုးရ ဦးမယ်... ရှေ့ဆက်မယ့် မြတ်ရဲ့ မျက်နှာထားဟာ ဒီလိုပဲ ပိရိခန့်ထယ်နေရမယ်...

"သမီး မိန်းကလေးအိမ်ကို သားယောကျ်ားလေးက ခနခန ဝင်ထွက်နေတယ်လို့ သဘောမထားပါဘူး... လူကြီးချင်း အပြောဆို သင့်မြတ်ပြီးရင် •မိသားဘသား ပီပီ ဝင်ပါ ထွက်ပါ... ရပါတယ်... စေ့စပ်ပြီးပြီဆိုတဲ့ နောက်တော့ တိုင်တိုင်ပင်ပင် ရှိကြတာ ကောင်းတယ် မဟုတ်ဘူးလား... အနည်းဆုံးတော့ .တစ်ယောက် အကြောင်းကို





တစ်ယောက် လေ့လာနိုင်မယ်... ကိုယ် လျော့သင့်တာ... သူလျော့သင့် တာကို မြင်လာကြမယ်... ဒီအိမ်ကိုလည်း ဝင်ထွက် နိုင်ပါတယ်... စနေနေ့ တနင်္ဂနွေနေ့တွေ ကျရင်လည်း အဖွား အိမ်ကို ဝင်ထွက် နိုင်ပါတယ်..."

အဖွားတို့ကတော့ လုပ်ပြီ... ဟု မြတ် တွေးမိသည်။ အဲဒါတမင်ကို ပြောပစ်တာပါ... ဖေဖေကလည်း အဖွားစကားကြောင့် မျက်မှောင်တွန့်သွားကာ တစ်ခုခု ဝင်ပြောဖို့ လုပ်ပြီးမှ ယောက္ခမဟောင်းကြီးကို မဆန့်ကျင်ချင်တာနှင့်ပဲ ဆိတ်ဆိတ်ပြန်နေ လိုက်ပုံရသည်။

"အလွန်သင့်မြတ်တဲ့ ခွင့်ပြုမှုပါပဲ အမေရယ်... ကျေးဇူး တင်ပါတယ်..."

အန်တီဆက် ကလည်း မလျော့ပါ။ တစ်ဖက်မှာ စာချိုးပေချိုးနှင့် လာရင်မလျော့တမ်း... မရှုံးတမ်း ပြန်ပြောနိုင်အောင် စာရွက်တစ်ရွက်နှင့် ရှိသမျှ ဂုဏ်ပုဒ်အကုန်ထုတ်ရေးချထားသည့် ဖေဖေ့ မိတ်ဆွေတရားသူကြီးမှာ သူ့စာရွက်ကလေး သူအသာပြန်သိမ်းလျှက် - ခပ်ငြိမ်ငြိမ်... ။ မမထူးတို့နှင့်ကလိုပဲ လင်မယား ဆုံးမခန်း ခပ်ရှည်ရှည်တွေပါ ထည့်လုပ်သာမှာကို အကြောင်းသိမို့ မြတ်မှာ စိတ်ညစ်ညစ်ကြားကပဲ ပြုံးချင်နေရ ပြန်သည်။

မင်္ဂလာကိစ္စမှာ မကောင်းတစ်ချက်မှ ရှိမ



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်သည့် အန်တီက စနေနေ့ပွဲ အကြောင်းကို ဘာ
အကောင်းအဆိုး မပြောပေမယ့် ဖေဖေကတော့ မကျေနပ်

"ဘယ်လိုကြိုးမှန်းလည်း မသိပါဘူး ကွာ...ကာယကံ
ကလည်း ပါမလာဘူး..."

"အော်... ဒါက တစ်ယောက်နဲ့ တစ်ယောက် ထုံးစံ
မတူကြဘူးလေ ကိုသူရရဲ့... ဟိုတယ်မှာ ပွဲကြီး တ
လုပ်ဦးမယ် ဆိုတာ မကြားဘူးလား"

"အမေကလည်း တစ်မျိုး.. ပါမလာတဲ့ ကောင်လေး
ပဲ ဝင်ပါထွက်ပါနဲ့ ကြိုဆိုနေလိုက်တာ... ကိုယ်
ဘာကိုလည်း မသိဘူး သဘောမကျဘူးကွာ..."

ဖေဖေ့ထက်ပိုပြီး အကြောင်းစုံသိတဲ့ အ
တမင်ပြောတယ် ဆိုတာ ဖေဖေက မရိပ်မိပါ။ အဖွားစကား
ရှက်စရာကြီးဟု သာထင်နေလေသည်။ ဒီလိုနဲ့ပဲ အီလည်
ကြီးပင် ပြီးဆုံးသွား ခဲ့ရသည်။ "အန်တီဆက် ပြောသလို ဟို
မှာ ပွဲလုပ်မှ သတင်းစာထဲ ထည့်ကြရအောင်ပါ..." ဆို
ကိုတော့ မြတ်က အကြိမ်ကြိမ်ပင် တောင်းပန် ယူခဲ့ရ လေသ
မြတ်ဘက်က ကြိုတင်ပြင်ဆင်မှုတွေ မလုပ်ရသေး သ၍ နှောင်
တပ်လှန့်သလို ,မဖြစ်လိုက်စေချင်ပါ။ နှောင်းရဲ့ ပုံစံ
တင်းလိုက်တာနဲ့ ထောင်းကနဲ ပြတ်မယ့် ပုံစံမျိုး
လျှော့လိုက်တင်းလိုက် လုပ်နိုင်မှသာ သူတဖြည်းဖြည်း ခြေ





လက်ပမ်း ကျလာပေမည်။

"မြတ်... သမီး... လာပါဦး.. ဒီကိစ္စကိုတော့ အန်တီ
ဘယ်လိုမှ သည်းမခံနိုင်တော့ဘူးကွယ်..."

စနေနေ့က အဖြစ်အပျက်တွေကို ပြန်စဉ်းစား
မိနေဆဲ အန်တီဆက် ခေါ်သံကြောင့် အခန်းတွင်း ဝင်လာခဲ့
ရသည်။ အန်တီဆက် လက်ထဲမှာတော့ ဒီနေ့ထုတ် သတင်းစာ
တစ်စောင်နှင့်... အတော်ကြီး ဒေါပွနေပုံလည်း ရလေသည်။

ဒေါ်ခင်ဆက်မော်မှာ ဖြစ်ပျက်နေရသော
အခြေအနေ အားလုံးအတွက် မြတ်ကို အားနာ၍ မျက်နှာပူ
တာရယ်... မြတ် ရပ်တည်နေသော အနေအထား အခြေအနေ
တွေကို သဘောကျ.. အချစ်ပို ရတာရယ်နှင့် ခုချိန်မှာ မြတ်က
သမီးရင်း နှောင်းက တစိမ်းလိုတောင် ဖြစ်နေရ ပါသည်။

"ကြည့်ပါဦး မြတ်ရယ်..."

သတင်းစာကြော်ငြာ ကဏ္ဍမှာတော့ ပိုချော
၏ မွေးနေ့မင်္ဂလာ အတွက် ဆုတောင်းထည့်ပေးထားသော
နှောင်း... ။ မြတ်မှာ မြင်လိုက်ရရုံနှင့် တောင့်တောင့်ကြီး ဖြစ်ကာ
ချက်ချင်း မျက်ရည်ဝိုင်း ချင်လာရပါတော့သည်။ "အချစ်ဆုံး
နှောင်း" တဲ့လား နှောင်းရယ်။

အန်တီဆက်က မျက်ရည်ဝိုင်းရင် မကြိုက်
တတ် တာမို့ မြတ်က အချိန်မီပင် ပြန်ထိန်းလိုက်သည်။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဆက် မော်က ရိပ်မိလိုက် လေသည်။

"အန်တီ မနက်ထဲက ရုံးခန်းကို မလာခင်ကတည်းက တွေ့တာ... ဟို တစ်ယောက် ကျောင်းမသွား သေးတာနဲ့ ဘယ်လို ဖြစ်တာလဲလို့တောင် မေးခဲ့သေးတယ်... သူ လုံးဝမထည့်ဘူးတဲ့... ဒါပေမယ့် ပြုံးစေ့စေ့နဲ့ တော်တော် ကျေနပ်နေပုံပဲ... သူလိမ်မယ်တော့ မထင်ဘူး... မြတ် ဘယ်လို ထင်လဲ..."

မြတ်က ခေါင်းကို အသာပဲ ခါပြယိုက် တော့သည်။ သူ မထည့်ဘူးဆိုရင် ကောင်မလေးဖြစ်ဖြစ်... မြတ်ကို အတော်ကြီး စက်ဆုပ်နေပုံရသည့် ကောင်းမလေးရဲ့ သူငယ်ချင်း တွေပဲ ဖြစ်ဖြစ် ထည့်မှာပေါ့။ ဒါကြောင့် အန်တီဆက်လည်း မြတ်ကို ခုမှ ခေါ်တွေ့ပေမယ့် မနက် ရုံးလာကတည်းက သုန်မှုန် နေခဲ့တာကိုး။

"ဒါကို သမီးဖက်က လူကြီးတွေ တွေ့ရင် ဘယ်လောက် မျက်နှာပူစရာ ကောင်းလိမ့်မလဲ... နှောင်း မလုပ်ဘူး ဆိုရင် အဲဒီ မိန်းကလေး လုပ်လိုက်တာပဲ ဖြစ်မယ်... ဒါ အန်တီ့ကို စိန်ခေါ်လိုက်တာပဲ..."

"ဖေဖေတို့က ဘာမှမသိကြပါဘူး အန်တီ... ဒီသတင်းစာ ကိုဖတ်မိခဲ့ရင်တောင် ဘာမှ သိမထားတော့ အန်တီ့ သားအဖြစ် ဆက်စပ်မိကြမှာ မဟုတ်ပါဘူး... နှောင်း





တစ်လုံးပဲပါတော့ မိန်းကလေးချင်း ကြော်ညာပေးတာမျိုး လို့ ယူဆရင်လည်း ဖြစ်ပါတယ်..."

"ဘာပဲဖြစ်ဖြစ်ကွယ်... ဒါကို သည်းခံနေလို့တော့ မဖြစ်ဘူး"

"အန်တီ ဘာလုပ်ချင်လို့လဲ..."

"ဒီနေ့ လှည်းကူးသွားရင် စောပြန်လိုက်ပြီး... အဲဒီ မိန်းကလေး အိမ်ကို သွားမယ်... မြတ်ပါ လိုက်ခဲ့..."

မြတ်က ခေါင်းထဲမှာ တွက်ချက် ပြေးလွှားပြီး စဉ်းစားပါသည်။ မြတ်ကတော့ တဖြည်းဖြည်းနဲ့ ပိုပြီး ဗီလိန် ဆန်လာပြီ...။ ရှိပါစေလေ...။ ဒါဟာ မြတ်ရွေးချယ်ခဲ့တဲ့ လမ်းပဲ...။ ဒေါ်ခင်ဆက်မော်ရဲ့ သွေးမျိုး... ဖြတ်သားခြင်းမျိုး မြတ်မှာ ရှိပစေ...။

❖❖❖❖

မြတ်က ခေါင်းကို ဆတ်ကနဲ ညိတ်ချလိုက် လေသည်။

ကောင်မလေး၏ အိမ်မှာ (------) လမ်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခြံနှင့် အိမ်ကွက်တိ... တစ်ထပ်တိုက်ပြားလေး တစ်လုံး ဖြစ်ပါသည်။ အိမ်ရှေ့ လမ်းမပေါ်မှာ ဒေါ်ခင်ဆက်မော် AUDI 100 ကားကြီး ရပ်လိုက် တာနဲ့မောင်းသူဖက်က မြတ်က မှန်အကြီးကြီးတွေ ကာထားပြီး ခန်းဆီးတွေ ဘေးတွန်းဖယ် ထားသည့် သူတို့ ဧည့်ခန်းထဲ လှမ်းမြင် လိုက်ရပြီ။ သတင်းစာကို အလယ်ချကာ တွန်းထိုးရယ် မောနေကြသူများ အနက် ဒါဒါ့ မျက်နှာလေးပါ မြင်လိုက်ရတော့ မြတ်ရင်ထဲ လေးသွား ရလေသည်။

မောင်းသူဘက်က ဆင်းလိုက်သော မြတ်ကို မိန်းကလေး တစ်အုပ်လုံး ဝိုင်းမြင်ကာ မျက်နှာတွေ ပြောင်းလဲ သွားကြဆဲ... တစ်ဖက်က ဒေါ်ခင်ဆက်မော်ကိုပါ မြင်လိုက် ကြရတော့ လှုပ်လှုပ်ရွရွတွေ ဖြစ်သွားကြတော့သည်။ 'ပိုချော' ဟူသော ကောင်မလေးမှာ မျက်နှာပျက်သထက် ပျက်လာလေ သည်။ မြတ်မှာ မိန်းကလေးချင်း စာနာကြည့်ရလျှင် အင်မတန် သနားစရာ ကောင်းသော ပိုချော၏ အနေအထားကို ဂရုဏာ သက်ချင်ပေမယ့်... ဘေးနားက မျက်နှာတွေကြောင့် နှုတ်ခမ်း တင်းတင်းစေ့ကာ အားလုံးကို ရင်ဆိုင်လိုက်သည်။

"ဒီအိမ်ပဲလား မြတ်..."

"ဟုတ်ကဲ့ အန်တီ... ဟို ဆံပင်ရှည်ရှည်လေးနဲ့ တစ် ယောက် ပဲ"





ပိုချောတို့ တစ်အုပ်လုံး ဒေါသတွေ... အံ့အား ...င့်တာတွေ... အကြံရကြပ် တာတွေ... ခံစားချက် အမျိုးမျိုး ...ငံ ရှိနေကြပြီးမှ ကာယကံရှင် မိန်းကလေးက ထိုင်နေရာမှ ...မြန်ထထွက် လာသည်။ အန်တီဆက် ကတော့ ခြံတံခါး ...လေး၏ ချိတ်ကို ဖြုတ်ကာ ခြံတွင်းသို့ လှမ်းဝင် လိုက်လေပြီ။

အန်တီဆက်ရဲ့ မျက်နှာထားကိုတော့ ...စ်အုပ်လုံး တကယ်လန့် ကြပုံရသည်။ တစ်ယောက်နှင့် ...စ်ယောက် တွန်းသလို ထိုးသလို ရှိနေကြပြီးမှ တစ်ယောက်က ...ပြီး ပိုချော နောက်က ပါလာသည်။ အဲဒီတစ်ယောက်ကပဲ ...ဆောင်ပြီး မေးမြန်းလေသည်။

"ဘာကိစ္စရှိလို့လဲ..."

"ပိုပိုချောရဲ့ မိဘတွေနဲ့ တွေ့ချင်လို့ပါ... ဒေါ်ခင်ဆက် မော်လို့ ပြောပေးပါ..."

မိန်းကလေး နှစ်ယောက်လုံး တွန့်လိမ် သွားကြ ...ည်။ ပိုချောမှာ ဖခင်လုပ်သူ ရုံးက ပြန်မလာသေးသော်ငြား ...ခင်ရော ကြီးဒေါ်ပါ အိမ်ထဲမှာ ရှိနေကြပြီး ခုနကပဲ နှောင်းဆို ...ာ အတန်းထဲက ကောင်မလေး လိုလို ဘာလိုလို ညာထားရ ...သးသဖြင့် ဒီကိစ္စအတွက်တော့ လူကြီးချင်း ဘယ်လိုမှ ရင်ဆိုင် ...ို့ မဖြစ်ပါ။ ဒေါ်ခင်ဆက်မော် လက်ထဲမှာလည်း သတင်းစာကို ...ိုင်လျက်သား။ ပိုဆိုးတာက ထိုကြော်ညာမှာ ပိုချောရဲ့ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတစ်စု... စုထည့်ကြခြင်း သာဖြစ်ပြီး နှောင်းကိုယ်တိုင် ကြော်ညာခဲ့ခြင်း မဟုတ်ခြင်းပေတည်း။

ဘာမှ မသိနားမလည်ကြဘဲနှင့် နှောင်းနှင့် စေ့စပ်ထားသော တစ်ယောက်ကို အနိုင်ရရုံ လုပ်ခဲ့ကြသည့် သူငယ်ချင်းတစ်စုမှာ ဒေါ်ခင်ဆက်မော်ကို ထည့်တွက်ဖို့ လုံးဝ မေ့လျော့ခဲ့ကြသည်။

"ပိုချောတို့ အဖေက ရုံးသွားပါတယ်... အမေလည်း အပြင်သွားတယ်..."

"ကိစ္စမရှိဘူး... ထိုင်စောင့်တာပေါ့... မြတ်... အန်တီတို့ ကားပေါ်ကပဲ စောင့်ကြမယ်..."

ပိုချောမှာ ဝင်မပြောလို့ကို မဖြစ်တော့တာမို့...

"အန်တီ ဘာပြောချင်ပါလဲ... ကျွန်မကို ပြောခဲ့ပါ... မိဘတွေ ပါလာရအောင်ထိ မလိုဘူး ထင်တယ်..."

"မင်းက ပိုပိုချောနော်... လိုတယ်ကွဲ့... မိဘတွေပါ လိုတယ်... ဒီမှာ... ဒါမင်းတော့ သိမလား မသိဘူး... တို့ရဲ့ သားနှောင်းနဲ့ စေ့စပ်ထားတာ... မြတ်သူရတဲ့..."

ကောင်မလေးနှစ်ယောက် ထံမှ ဇောင်းပဲနရွဲ အကြည့်များကို မြတ် ရရှိလိုက်သည်။ သို့သော်လည်း မြတ်က လည်းပဲ ခပ်တည်တည်။





"မင်းတို့ရဲ့ မဟုတ်ကဟုတ်က လုပ်ကြံမှု တစ်ခုကြောင့် သမီး မြတ်ရဲ့ မိဘတွေကို တို့ မျက်နှာချပြီး တောင်းပန် ရတော့မယ်... ဒါမျိုး နောက်ထပ် ထပ်မဖြစ်ရအောင် မင်းတို့ရဲ့ မိဘတွေကို ကြိုပြောပြီး ဆုံးမထား ခိုင်းမှပဲ ရတော့မယ်..."

"အန်တီ ဘာတွေ ပြောနေတာလဲ... ကျွန်မလည်း ဘာမှ မသိပါလား"

ပိုချောက ဟန်ကိုယ့်ဖို့ ဆိုသလို ဖုံးကွယ် ဘူးခံ လိုက်သည်။

"နှောင်းက ဒီထဲက ကြော်ငြာကို သူဘာမှ မသိပါဘူး... သူ လုံးဝမထည့် ရပါဘူး လို့ပြောတယ်... ကိုယ့်ဘာသာ ကိုယ့်မွေးနေ့ ကိုယ်ကြော်ညာချင်ရင် လွတ်လွတ် ကင်းကင်း လုပ်ကြမှာပေါ့ကွဲ့..."

ပိုချော မျက်နှာမှာ နီရဲပျက်ယွင်း လာကာ အကြံရခက်ပြီး တုန်တုန်ရီရီလည်း ဖြစ်လာရသည်။ နှောင်း အပေါ်မှာလည်း စိတ်တို သွားပုံ ရလေသည်။ ဘေးက ကောင်မ လေးက အမြန်ဝင်ပြီး

"အို... အဲဒါ သူဘာမှ မသိဘူး... ကျွန်မတို့ လုပ်တာ..."

"ဒီလိုဆို ပိုဆိုးတာပေါ့... မင်းတို့ မိဘတွေပါ စုံစမ်းပြီး ကိုယ့်သမီးတွေ ဘယ်လောက် စည်းပျက်ကမ်းပျက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသလဲ ဆိုတာ အသိပေးရမယ်..."

ကောင်မလေး ဆွံ့အသွားချိန်မှာ ဒေါ်ခင်ဆက်မော်က အိမ်ထဲက မိန်းကလေးတွေ အားလုံးကို တစ်ယောက်ချင်း စီလိုက်ကြည့်သည်။ စူပုပ်ပုပ်နှင့် မျက်နှာလွှဲထားသော ဒါဒါ့ကို အမြင်မှာတော့ မျက်မှောင်ကုပ်ကျသွားကာ မြတ် ဘက်လှည့်ပြီး...

"မြတ်... ဟိုကလေးမ တစ်ယောက်ဟာ..."

အန်တီဆက် ဘယ်တုန်းကများ သိထားပါလိမ့်... ။ မြတ်က ခေါင်းညိတ်ပြလိုက်ကာ...

"မြတ်ရဲ့ တစ်ဝမ်းကွဲ ညီမ ဒါဒါပါ အန်တီဆက်..."

"ဒါတော့ ဘယ်ကောင်းမလဲကွယ်... မြတ်ပဲ ကြည့်ပြောထားလိုက်ပါ.. အန်တီက အမေဒေါ်မြရင်ကို ဒုက္ခပေးရမယ် ဆိုရင် မကောင်းဘူး"

ထိုအချိန်မှာ ပိုချော မေမေက နောက်ဖက်ခန်းထဲမှ ထွက်လာလေသည်။ ကောင်မလေးတွေ အားလုံး ဧည့်ခန်းထဲမှ ထကာ အထဲလစ်ပြေးကြဖို့ ပြင်သည်။ ပိုချော နောက်က ကောင်မလေးတောင် ချန်မနေ။ ပိုချောမှာတော့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့သည်။

"သမီးရေ.. ဧည့်သည်တွေဆို အထဲခေါ်လေ... ကြွကြွ



ပါဦး ညီမတို့ ဘာကိစ္စ ရှိသလဲ မသိဘူး..."

မြတ်မှာ အန်တီဆက် ဘာမှ မပြောနိုင်ခင်...

"မြတ်က ဒါဒါ့အစ်မပါ အန်တီ..."

"အော်... ဒါဒါ့ကို လာခေါ်တာလား.. ဒါဆို မုန့်စားပြီး မှ ပြန်... ဒါဒါတို့တောင် မစားကြရသေးဘူး..."

"တော်ပါပြီ အန်တီ... ကျေးဇူးပါပဲ... ဒါဆို ဒါဒါ ပြန်လိုက်ခဲ့မလား..."

"မလိုက်ဘူး..."

ဆောင့်ဆောင့်အောင့်အောင့် ဖြေသံ... ။ မြတ်မှာ အန်တီဆက် လက်ကို ဆုတ်ကိုင်လိုက်ကာ "ဒါဆိုရင်တော့ သွားကြရအောင်ပါ အန်တီဆက်ရယ်..." ဟု ပြောပြောဆိုဆို ကားဆီပြန်လှည့်ဖို့ ပြင်ရပါတော့သည်။

အန်တီဆက်က ကျောက်ရုပ်ကြီးလို ငြိမ်သက်နေဆဲ ပိုချောကို စိုက်ကြည့်ကာ ခပ်တိုးတိုးလေသံနှင့်...

"ဘာမှ ထပ်မကြိုးစားပါနဲ့... မင်းနဲ့ လုံးဝသဘောမတူနိုင်ဘူး... ခုတစ်ခါတော့ မြတ်ရဲ့ဆန္ဒကို ထောက်ပြီး မင်းကို လွှတ်လိုက်တယ်..."

မြတ်က အန်တီဆက်ရဲ့ ခါးကို ဖက်သသို့နှင့် တွန်းကာ ကားဆီသို့ ပြန်လှည့် လာခဲ့ကြ ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်... သမီးက ပျော့လွန်းတယ်လို့ အန်တီထင်တယ်..."

အပြန်လမ်းမှာ ဒေါ်ခင်ဆက်မော်က မြတ်ကို ဝေဖန် စကားဆိုသည်။

"မြတ်... မပျော့ပါဘူး အန်တီ... ဒါပေမယ့် သူ နှောင်းကို ချစ်နေရှာမယ် ဆိုရင်တော့ မြတ် ကိုယ်ချင်းစာတယ်... ဒီ ယောကျ်ားတစ်ယောက်ကို လိုချင်နေကြတဲ့ မိန်းကလေး ချင်း အပေါ် မြတ် အနိုင်မယူချင်ပါဘူး အန်တီ... မြတ်ရဲ့ နေရာတစ်ခုကို သူ သိသွားရင် တော်ပြီ...'မဏ္ဍပ်တိုင် တက်ပြတယ် ဆိုတဲ့ စကားက ကြိုက်စရာမကောင်းတဲ့ လူတွေကို ပြောကြတာမျိုး မဟုတ်လား အန်တီရယ်... သမီး... မဏ္ဍပ်တိုင်ပေါ် တက်တဲ့အထိတော့ လုပ်ချင် ပါတယ်... တိုင်ပေါ်ကနေ အောက်ကလူကို ငုံ့ပြီး ရှုံ့ချတာ မျိုး ထိတော့ မလုပ်ချင်ဘူး... မလုပ်ရဲပါဘူး..."

ဒေါ်ခင်ဆက်မော်က မြတ် ပုခုံးလေးကို ရိုက်ကာ တိုးတိုးညှင်းလေး ရယ်သည်။

"ဒါပေမယ့် နှောင်း အပေါ်မှာ ဆိုရင်တော့ မြတ် အနိုင်ယူမယ် အန်တီ... မြတ်ရဲ့ အချစ်တွေနဲ့ သူ့ကို နိုင်အောင် မြတ် လုပ်မယ်..."

နှောင်းမသိသည့်... သိလည်း မသိချင်သည့် မြတ်၏ ချစ်ခြင်းများကို နှောင်းနှင့် အနီးစပ်ဆုံး... အပတ်သက်





ဆုံးသော သူတစ်ဦးကို ပြောပြနေရချိန်မှာ တူညီသော ခံစားမှုနှင့် မြတ် နူးညံ့စွာ ရင်ခုန်သည်။

❖❖❖❖❖

အစောထဲက ဒီခရီးကို မလာခဲ့မိရင် အကောင်းဆုံးဖြစ်မှာပါ။ ခုတော့ လာခဲ့မိပြီးပြီ။ ဒီတော့လည်း မျက်နှာချင်း ဆိုင်ကြီး တိုးပြီပေါ့... အပျော်လွန် နေကြပုံပေါက် နေသည့် နှစ်ဦးသား ကတော့ ပတ်ဝန်းကျင်ကိုလည်း မမြင်နိုင်ပါ။

စက်ရုံက အထည်ချုပ် အလုပ်သမားကောင် မလေးတစ်ယောက် ခွင့်တင်ထားပြီး အလုပ်မဆင်းနိုင်တာ တစ်ပတ်ကျော်ပြီ။ ထပ်ပြီးတော့လည်း ခွင့်ယူလိုသေးသည် ဆိုတော့ သူတို့ကို အုပ်ချုပ်နေရသည့် အလုပ်သမား ဘက်ဆိုင်ရာ စက်ရုံမန်နေဂျာကြီးခမျာ ခေါင်းမခံချင်တော့ပုံနှင့် အန်တီဆက် ဆီ [illegible]င်ပြလိုက်သည့် ကိစ္စဖြစ်ပါသည်။ ထိုကောင်မလေးမှာ [illegible]ယလည်း အိပ်ရာထဲက မထနိုင်သေးတာကို မန်နေဂျာ တလည်း သူ့အိမ်မှာ သွားကြည့်ပြီးပါပြီတဲ့... ။ အန်တီဆက်က ကျန်းမာရေး ထောက်ပံ့ကြေးငွေရယ် လူမမာစာတ်စာတွေရယ် နှင့် မြတ်ကို ကောင်မလေး အိမ်[illegible]ားပြီး အကဲခပ် ခိုင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မှာ လာခဲ့စဉ်ကတော့ အားတက်သရော... ကောင်မလေး အိမ်က ကမာရွတ် (-----) လမ်းထဲမှာ ဆိုတော့ အပြန်ကျ အဖွားတို့ အိမ်ဝင်ပြီး အဖွားနှင့် စကားပြော လိုက်ဦးမည်ဟု တွက်လာခဲ့တာ... ။ အလုပ်ဆင်းရပြီးတဲ့ နောက်ပိုင်း အဖွားအိ ကို စနေ ၊ တနင်္ဂနွေတောင် မှန်မှန်မသွား နိုင်တာ ကြာပြ မဟုတ်လား... ။

ကောင်မလေးနှင့် တွေ့ဆုံစကား ပြောဆို အားပေးပြီး ပြန်ထွက်လာတော့ လှည်းတန်း မီးပွိုင့်ထိ အဆောက်အဦးဝိုင်းကြီး ပထမထပ်က Verendah စားသော ဆိုင်မှာ သူတို့ နှစ်ယောက်ကို တွေ့လိုက်ရ ခြင်းဖြစ်သည် တကယ်တမ်းဆို အောက်က လမ်းပေါ်မှာ ကားမောင်းနေသူဟ အပေါ်အမြင့်ထပ် ဆီက Verendah ကို လှမ်းမြင်နိုင် ဖို့ရာ မဖြစ်နိုင်ပါ။ မြတ် မှာတော့ မီးပွိုင့်မီးနီမှာ ကားရပ်တန် စီလိုက်ရသည် ဆိုရင်ပဲ နတ်ဒေဝါတို့က မြတ်ရဲ့ ခေါင်းကို ဆွဲမ ပင့်မော့လိုက်သလို အပေါ်ထပ်ဆီကို မျက်လုံး ရောက်သွာ ရခြင်း ဖြစ်ပါသည်။

"တစ်ဦး မျက်နှာ တစ်ဦးကြည့်ကာသာ" မြ နေကြတဲ့ နှစ်ဦးသားကို ကြည့်ပြီး မြတ် ရင်ထဲ ဒေါသနှင့် မော ပေါင်းကာ ပူလောင်မောဟိုက် လာရတော့သည်။ ဒီအခြေအနေ ကြီးကို မြတ် ဘယ်နည်းနဲ့မှ လက်မခံ နိုင်ပါဘူး... မြတ် ဘာလု





ရမလဲ...

မီးပွိုင့်မီးစိမ်း၍ မြတ်ယူထားသည့် လမ်းချိုး အတိုင်းအဖွားတို့ အိမ်ဖက် အင်းစိန်လမ်းပေါ်သို့ ချိုးချခဲ့ရသော မြတ်မှာ ကနာမငြိမ်နိုင်... စတီရာယင်ကို လက်နှင့် တောက်ကာ တောက်ကာ ကစားနေရင်းက မြတ်ခေါင်းထဲ အတွေးတစ်ချက် ဝင်းလက်သွားလေသည်။ ဟိုမြင်ကွင်းကို ဘယ်လိုနည်းနဲ့ မှ ဒီတိုင်းကြီး နောက်ချန် ကျောခိုင်း ချန်မထားရစ် ခဲ့နိုင်ပါဘူး...။

မြတ် ကားထဲမှာ အန်တီဆက်ရဲ့ ဆယ်လူလာ ဖုန်း ပါလာခဲ့တာပဲ။ မြတ်က အန်တီဆက်ရဲ့ အိမ်သို့ ဖုန်းကောက် နှိပ်လိုက်သည်။

"အန်တီဆက်လား... ဟင်... မြတ်ပါ..."

"အေး... မြတ်ပြော... ဟိုအလုပ်သမားလေးနဲ့ တွေ့ခဲ့ ပြီးပြီလား.."

"တွေ့ခဲ့ပြီး ပါပြီ.. ဟို... မြတ် ပြောစရာ ရှိလို့ပါ.. ဟို... ဟိုဟာ..."

"သမီး ဘာဖြစ်လဲ ပြောလေ... ခု ဘယ်မှာလဲ..."

"မြတ် အင်းစိန်လမ်းပေါ် မှာ..."

မြတ်က ပြောရင်း ကားကွေ့လို့ ရသည့် အတုံးခြားနေရာ လေးမှ ကားကို မီးပွိုင့်ဘက်သို့ ပြန်ပြီး ဦးတည်



www.burmeseclassic.com

www.burmeseclassic.com



ကွေ့ချ လိုက်သည်။

"မြတ်လေ... နှောင်း တို့ကိုတွေ့..."

"ဘယ်မှာလဲ... "

"လှည်းတန်းမီးပွိုင့်နားက Verendah စားသောက်ဆိုင်မှာ..."

အန်တီဆက် အသံက အသက်ရှူသံ ပြင်းပြင်းနှင့်အတူ တစ်ခန ငြိမ်သက်သွားပြီးမှ...

"မြတ်က ခု အင်းစိန်လမ်းရဲ့ ဘယ်နားလောက်မှာလဲ..."

"ခု... မြတ် ပြန်ကွေ့လာပြီ... လှည်းတန်း မီးပွိုင့်ကို ပြန်ရောက်နေပြီ အန်တီဆက်"

အန်တီဆက်ထံမှ သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာသည်။ အန်တီဆက်က မြတ်ကို နားလည်မှာပါ။ ခုချိန်မှာ မြတ်ကို နားလည်နိုင်တဲ့ လူဆိုလို့ ကမ္ဘာပေါ်မှာ အန်တီဆက် နှင့် ဝင်နီနှစ်ဦးသာ ရှိသည်။ မြတ်က လှည်းတန်းမီးပွိုင့်မှ ဈေးဖက်သို့ ပြန်ချိုးလာပြီး "လင်း ဆေးကုခန်း" ရှေ့က ဝင်းထဲချိုးဝင်ကာ ကားရပ်လို့ ရသည့် တစ်နေရာမှာ ကားကို ရပ်တန့်လိုက်သည်။

"မြတ်... အန်တီ... နှောင်းကို အိမ်ပြန်လာစေချင်တယ်..."

"မြတ်... အဲဒီ ဆိုင်အောက် ရောက်နေပြီ အန်တီ..."



"ကောင်းတယ်... သမီးက အန်တီနဲ့ ဆန္ဒချင်း... အတွေးအခေါ်ချင်း သိပ်ညီတယ် မြတ်... အန်တီ အဲဒါကို သဘောကျတာပဲ... နှောင်းကို အန်တီဆက်က အရေးကြီးလို့ အိမ်ပြန်လာခဲ့ပါလို့ ပြောတယ်လို့ ပြောလိုက်ပါ။ သူမယုံရင် ဖုန်းဆက် ကြည့်ပစေ..."

"ဟုတ်ကဲ့.."

မြတ်က Verendah စားသောက်ဆိုင်ပေါ်သို့ သွက်လက် ဖြတ်လတ်စွာပင် တက်လာပါတော့သည်။ သူတို့ စားပွဲရှိရာသို့ မရောက်ခင် စားပွဲတွေ ကြားဖြတ်သန်းကာ တဖြည်းဖြည်း သွားနေရင်း ထူးခြားချက် တစ်ခုကို မြတ် သိလိုက်ရသည်။ သူတို့ နှစ်ယောက်ဟာ ကြည်နူးပြုံးပျော် နေကြတာမဟုတ်ပါ။ အပြင်းအထန် စစ်ခင်း နေကြခြင်း သာတည်း။

မမျှော်လင့်သော အခြေအနေကြောင့် မြတ် အနည်းငယ် ခြေလှမ်းတုံ့ဆိုင်းသွားချိန်မှာ နှောင်းက မြတ်ကို လှမ်းမြင်သွားသည်။ နှောင်း မျက်နှာမှာ မကြုံစဘူးလောက်အောင် မဲကြုပ်ပုပ်မှိုင်း သွားပြီး စားပွဲကို လက်နှစ်ဖက်နှင့် တွန်းကာ ထိုင်ကို နောက်ဖက် ခြေကန်ရွှေ့ကာ ဝုန်းကနဲ ထရပ်လိုက်လေသည်။ ဒီလို ကြုံဆိုလိုက်တော့ မြတ်က ကုပ်ကုပ်ကလေးနဲ့ ငြိမ်ကျသွားပြီး ငုံ့လျှိုးပြန်ရရောလား နှောင်းရဲ့။ မြတ်က ထရိုက်လိုက်တဲ့ အခြေအနေလောက်ထိ မျှော်လင့်ပြီး တက်လာ ခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားကို ဘယ်လိုထားရမည် ဆိုတာလည်း မြတ်က ခုချိန်မှာ ဝါရင့်ကျွမ်းကျင်လို့ နေပြီ။

"နှောင်း..."

"မင်း ဘာလာလုပ်တာလဲ... မင်းက ဘယ်လို မိန်းမမျိုးလဲ မြတ်သူရ"

"ဒါမျိုး မကြုံဘူး သေးရင်တော့ ထူးထူးဆန်းဆန်း မိန်းမမျိုးပေါ့ နှောင်းရဲ့... ထားလိုက်ပါ အဲဒါ.. နှောင်းကို အန်တီဆက်က တွေ့ချင်နေတယ်... အဲဒါကြောင့် ကျွန်မလိုက်ရှာ နေခဲ့တာ..."

နှောင်းက ခေါင်းကို မိုးပေါ်သို့ ပင့်မော့လှန်ပြီး...

"ဟား... ဟား... ဟား"

ဟု ရယ်လေသည်။ ပိချော ခမျာ တော့ ဖြစ်နေသည့် အခြေအနေကြီးကို လုံးဝ မနှစ်မြို့ပုံ နှင့် လောလောဆယ် ဘာလုပ်လိုက်ရမယ် ဆိုတာတော့ ဆုံးဖြတ်နိုင်သေး ဟန်မတူပါ။ မင်းကို ကိုယ်ချင်းစာ သနားလိုက်ချင်ပါတယ် ကောင်မလေးရယ်... ဒါပေမယ့် အတ္တကြီး တဲ့လူသားပီပီ ကိုယ့်ကိုကိုယ် ပိုသနားနေမိ လို့ပါကွယ်...။

"ပြန်စမ်း မြတ်သူရ.. မင်း ဒီလို ခပ်ပေါပေါတွေ လုပ်တတ်





လိမ့်မယ်လို့ ငါထင်တောင် မထားဘူး.."

"ပြန်စမ်း.." တဲ့ ဘုရားရေ.. ရင့်သီးလွန်းလှပါလား... ။ နှောင်း နဲ့တွေ့ရချိန်တွေဆို ရှက်သလို ကြောက်သလိုနှင့် ဆွံ့အနေတတ်တဲ့ ကောင်မလေးဟာ အခုလို ပူလောင်တက်ကြွနေချိန် မျိုးမှာ မင်း ဟောက်တိုင်း ငုံ့ခံသွားမယ့် မိန်းကလေးမျိုးလို့ မင်းထင်နေလို့လား.. မြတ်က ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ပြီး ဆယ်လူလာ ဖုန်းကို စားပွဲပေါ်တင်ကာ နှောင်းဖက် တိုးပေးလိုက်သည်။

"ဆက်ကြည့်လိုက်... ရှင့် မေမေကို... ကျွန်မ ပြောတာတွေ တစ်လုံးမှ မမေးဘဲနဲ့... ဒီအတိုင်းပဲ ဆက်ကြည့်လိုက်..."

နှောင်းက ဖုန်းကို ဖတ်ကနဲ ကောက်ကိုင်ချိန်မှာ ပိချောက ထိုင်နေရာမှ ထရပ်လိုက်လေသည်။ ခုမှပဲ ဘာလုပ်သင့်တယ် ဆိုတာကို သဘောပေါက်သွားပုံနှင့် သူမ ...စ်လေးက... ကမူးရှူးထိုး... ။

"ပိချော... နေဦး... ပြန်မယ် ဆိုရင်တို့ ပြန်ပို့ပေးမယ်..."

မြတ်မှာ လဲသေချင်လောက်အောင် စိတ်ဓာတ်...သွားရပါသည်။ စိတ်ပျက်စရာ ကောင်းလိုက်တာ။ တယ်လီဖုန်း...ကို ပြန်ယူပြီးရင် မြတ်က သူတို့ နှစ်ယောက် ကားနောက်က ...ကောက်ကောက်လိုက်ပါ၊ ပြီးမှ အန်တီဆက် အိမ်ရောက်ရော



www.burmeseclassic.com

www.burmeseclassic.com



လား လမ်းမှာ မထင်ရင် မထင်သလို သဘော ပုပ်ညစ်ကျယ်ဦး မည့် နှောင်း၏ဒါဏ်တွေကို ပေါကြီးလို တောက်လျှောက် ခံသွားရမှာလား။ ဘယ်တော့မှ ကားနှင့် မတွေသည့် နှောင်းတို့ ကားပါလာလိမ့်မည်ဟု မထင်မိတာ မြတ်အမှားပဲ...။ အဲဒီလို ပေါကြီးမှ အဖြစ်မခံချင်ရင် ကားလေး တစ်စီးနဲ့ နှစ်ယောက်အတူတွဲထွက်သွားတာကို ပြူးကြောင် စိုက်ကြည့် ကျန်ရစ်ရမှာလား... ။

မြတ် အတွေးဆုံးတော့ နှောင်းက ဖုန်းကို 'ဖမ်း'ကနဲ ပိတ်ချ လိုက်ပြီ။

"ပိုချော... ဒီအချိန်မှ ကျောင်းဝင်းထဲ ပြန်ပြီး ကျောင်းကား သွားစောင့်ရင် မှီတော့မှာ မဟုတ်ဘူး... အိမ်ထိ ပြန်ပို့ ပေးမယ်နော်... ကဲ... လာ... သွားကြစို့..."

မြတ် အတွက် ဝမ်းသာရတော့ မလိုလို မြင်ကွင်း တစ်ခုမှာ နှောင်းက ရှေ့က ထွက်သွားလျှက် ခံရခက်နေပုံရသည့် ပိုချောက နောက်ကပါသွားခြင်းပင်တည်း... ။ စိတ်ချမ်းသာ စရာ ကောင်းလိုက်တာ... လက်ကိုင်တာတွေ... ပုခုံးချင်း တိုက်လုလု ယှဉ်လျှောက်ကြတာတွေ နှင့် မြတ်ကို စိတ်မယိုင်စေ...။

နောက်က ကုပ်ချောင်းချောင်းနှင့် ပါလာရသော မြတ်မှာ အောက်ရောက်လို့ ကိုယ့်ကားရှိရာ ကိုယ်သွားမည် အပြု...





"ဘာလုပ်တာလဲ..."

"ဟင်... ဘာလဲ..."

"မင်းစတဲ့ ဇာတ်... မင်းပြီးအောင် ဆက်ကလေ... ပိုချောကို အိမ်လိုက်ပို့... ပြီးရင် ငါ့ကို ပြန်ပို့..."

"ငါ" ဟူသော အသုံးအနှုန်းမှာ ခုလိုတော့ မြတ်နားထဲ ဘယ်နှယ့်မှ မနေ... စကား တစ်ခွန်းလုံး အနေနှင့် ဆို ချိုစိမ့်၍ တောင်နေပါသေး.. သူတို့ နှစ်ယောက်ကို မြတ်က ကားမောင်းပြီး လိုရာပို့ရမယ် ဆိုတဲ့ အစီအစဉ်ကြီးက တစ်မျိုးကြီး ဖြစ်ပေမယ့် မြတ် နှစ်သက်သည်။ ပိုချော ကတော့ မျက်နှာ ဖျက်ပျက်နီနီနှင့် နှောင်းကို လက်ညှိုးလေးနှင့် ကုပ်ကုပ်ပြီး တစ်ခုခုပြောချင် ငြင်းချင်ပုံ ရသည်။ နှောင်းက ခေါင်းခါပြလိုက်ကာ ပိုချောကို လွယ်အိတ်ကိုင်းမှ ဆွဲခေါ် လာခဲ့လေသည်။

လိမ္မာလိုက်တာ... ကောင်လေးရယ်... ဆွဲခေါ်တာတောင် လွယ်အိတ်ကိုင်းက... ။

လမ်းတလျှောက်လုံးမှာတော့ ထင်ထားသည့် အတိုင်း နှောင်းက ကောင်းကောင်းကြီး (သူ့အမေ ပြောပုံအရ ဆို ကလေးဆန်ဆန်) ပညာပြပါတော့သည်။ "ရှေ့နားမှာ ရပ်ဦး..." ဟု ဆိုလိုက်၍ ရပ်ပေးလိုက်လျှင် ပြေးဆင်းပြီး ရေခဲမုန့် နှစ်ခုဝယ်လာကာ ပျော်ပျော်ပါးပါး စားကြတာမျိုး...။ ပိုချော သူငယ်ချင်းအိမ်ကို ဝင်ပြီး စာအုပ်ငှားတာမျိုး... ။ ပြေးလား



www.burmeseclassic.com

www.burmeseclassic.com



ဝါးလား စကားတွေ ဖောင်ဖောင်ကျဲ ရယ်မောနေတာမျိုး... ။ ကောင်မလေး သဘောကျ ဆယ်လူလာဖုန်းကို တတီတီ ကလိကြတာမျိုး လမ်းမှာ ခနခန ရပ်ခိုင်းပြီး မုန့်တစ်မျိုး ကုန်ရင် တစ်မျိုး ဆင်းဝယ်တာ ကတော့ အများဆုံးနဲ့ အဆိုးဆုံး ပါပဲ။ သူတို့ တက္ကစီ တစ်စီး ငှားစီးလာရင် တက္ကစီဒရိုင်ဘာဟာ သူတို့ကို ခုလောက်ထိ သည်းခံနေတော့မှာ မဟုတ်ပါ။

ဒါပေမယ့် နောက်ခန်းမှာ နှစ်ယောက် ထိုင်ပေမယ့် ပူးကပ် မနေကြတာရယ်... မြတ် နောက်က ခုံမှာ နှောင်းက ထိုင်လေတော့ နောက်ကြည့်မှန်ထဲက နေ အကြိမ်ကြိမ် မျက်လုံးချင်းဆုံ ရတာရယ်။ (အေးစက်ကာ ဒေါသပါသော မျက်လုံးများ ဖြစ်ပေမယ့် အဲဒီအဖြစ်ကို မြတ် နှစ်သက်ပါ သည်။) နောက်ပိုင်း တည်ထန်နေတဲ့ မျက်နှာနှင့် နှောင်းကို ပဲ ကြုံရပေမယ့် ခုကျတော့ ရယ်မော နောက်ပြောင် ပျော်ရွှင်သံကို မြင်ကြား နေရတာရယ်... ။ မြတ်မှာ စိတ်ကျေနပ်စရာတွေ ကလည်း တစ်ပုံကြီးပါပဲ... ။

ပိုချော အိမ်ရောက်တော့ ခြံဝမှာ ရပ်ကာ စိတ်တထင့်ထင့် ကျန်ရစ်ရှာပုံရတဲ့ ကလေးမလေးကို လက်ပြ ခေါင်းထွက် နောက်ပြောင် လျှာထုတ်ပြ အလုပ်တွေ များနေပြီး ရှေ့ခန်းသို့လည်း လာမထိုင်... အိုကေလေ... ရှိပစေ... အရေး မကြီးလှပါဘူး။





အတော်ကြီး လှမ်းလာ ပြီးတော့မှ ငြိမ်သက်နေရာကနေ...

"သိပ် သဘောထား ပုပ်တဲ့... အူပုပ်တဲ့ မိန်းမ..."

"ဘာ... ဘယ်သူ့ကို ပြောတာလဲ..."

"မင်းကို ပြောနေတာ... မေမေ့ကိစ္စ ဘယ်လောက် အရေးကြီးကြီး... သေရေးရှင်ရေးပဲ ဆိုဆို... ဒါမင်းထွင်တဲ့ ဇတ်လမ်းပဲ... မြတ်သူရ... မင်း ငါ့ကို ဒီပွဲမှာ နိုင်သွား လိမ့်မယ်လို့များ ထင်နေ သေးသလား..."

မြတ်မှာ ဝမ်းနည်း စိတ်တွေထဲ သတ္တိကို မနည်းကြီး ခေါ်ဆောင် သွင်းယူရပါသည်။

"မင်းကို စတွေ့တုန်းက ဖြူဖြူစင်စင်လေးလို့ ထင်ထား တာ ... ဒီလောက် အူပုပ်လိမ့်မယ် ဆိုတာ တွေးတောင် မတွေး မိဘူး... ဒီ တစ်ခါတော့ တကယ့်ကို အလွဲကြီး လွဲတာပဲ..."

"ပြောလေ နှောင်းရဲ့ ပြောချင်သလောက် ပြော... ကျွန်မ ကတော့ လုံးဝမမှုပေါင်... ရှင် ကျွန်မကို ဖြူစင်တယ်လို့ ထင်ထားတုန်း ကတည်းက... ဒီကိစ္စတွေ ဘာမှ မဖြစ်ကြ သေးခင်ကတည်းက... အူပုပ်တယ် သဘောပုပ်တယ်လို့ စွတ်စွဲခဲ့ဘူးတာပဲ... ခုမှ တစ်ခါ ထပ်ပြောနေလို့တော့ အပိုပဲ... မနာဘူး ရှင့်... ပြောချင်တိုင်း ပြော..."



www.burmeseclassic.com

www.burmeseclassic.com



သူတော်တော် အခံရခက် သွားပုံရသည်။ သူများတော့ ပြောချင်တိုင်း ပြောပြီး သူ့ပြန်ပြောလိုက် ရင်တော့ ဆတ်ဆတ်လူး သွားတတ်တာ.. ဒါ ယောက်ျားစိတ်လား ရှင်..။

"မင်း.. ငါတို့ နှစ်ယောက် ထိုင်နေတာ တွေ့လို့ တမင်လာ လုပ်တာ မဟုတ်လား.."

"ဟုတ်တယ်လေ..."

"တောက်... ငါ သိသားပဲ..."

"လူတိုင်း သိနိုင်တဲ့ ကိစ္စပဲ... မထူးဆန်းဘူး..."

"ဒီလို လုပ်တော့ မင်း ဘာရသလဲ ဟင်... မင်း အကျိုး ဘာရှိလဲ... မေမေနဲ့ မင်းနဲ့ ဟိုတစ်နေ့က သူ့အိမ် သွားကြတဲ့ကိစ္စကိုတောင် ငါ့မှာ ဖြေရှင်းလို့ မပြီးနိုင်သေးဘူး... ခု တစ်ကိစ္စ ထပ်လာပြန်ပြီ.. ငါ မင်းကို အရမ်းအံ့ဩတယ်... နားမလည် နိုင်လောက် အောင်ပဲ..."

အရှင်းကလေးပါ နှောင်းရယ်။ ဦးနှောက် ခြောက်ခံ မနေပါနဲ့။ အဖြေက တစ်ခုတည်းပဲ ရှိပါတယ်... မင်းကို မြတ်က ချစ်နေတယ်လေ... ။

"မင်း ပိုချောကို လိုက်နှောက်ယှက် နေတာလည်း များပြီနော်... ဘယ်အချိန်ထိ နှောက်ယှက် နေဦးမှာလဲ..."

အို... ရှင် လက်လျှော့ စွန့်လွှတ်လိုက်တဲ့ အထိ





ပေါ့ကွယ်။ နှောင်းလည်း ကိုယ့်မျက်ကွယ်ရာမှာ မဟုတ်ဘဲ ကိုယ့် မြင်ကွင်းထဲ မင်းတို့နှစ်ယောက် ရောက်လာခဲ့ရင် အဲဒီ မြင်ကွင်းကို ဖြစ်တဲ့နည်းနဲ့ ကိုယ်ဖျက်ဆီးပစ်မှာပဲ... ။

"မင်းမှာ စာနာတတ်တဲ့ စိတ်ထား မရှိဘူး... ကြောက်စရာ အလွန်ကောင်းတယ်..."

တုံ့ပြန်မှု မရှိဘဲ တစ်ယောက်တည်း ပြောနေရတာမို့ နောက်ဆုံးတော့ သူ နှုတ်ဆိတ် သွားပါသည်။ အတော်ကြီးလည်း စိတ်ကုန် သွားပုံရသည်။ စာနာမှု စာနာမှု ဘာလို့ မရှိရမှာလဲ နှောင်းရယ်။ လူသားတိုင်း အပေါ်မှာ စာနာတဲ့ စိတ်ထား ထားသလို မြတ်ကို မြတ်လည်း လူတကာနဲ့ ယှဉ်ပြီး စာနာကြည့်တယ်လေ... နောက်ဆုံးတော့ ကိုယ့်ကို ကိုယ်ပိုပြီး စာနာလိုက်တော့ တယ်ပေါ့နော်။ နှောင်းရယ် မြတ်နဲ့သာဆိုရင် နှောင်း ဘဝလေး ပျော်စရာများ ကောင်းလေမလားလို့ တစ်ခေါက်လောက်များ ခေါင်းထဲထည့် မစဉ်းစားမိဘူးလား။

❖❦❖❦❖



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ကျောင်းမှာ ဆီမီးသုံးထောင် ပူဇော်ပွဲရှိသည်မို့ နှောင်းတို့ တစ်အုပ်လုံး ဆေးရုံက ဆရာကြီးတွေကို ညနေဖက် သင်တန်းဖျက်ခိုင်းပြီး ဆေးရုံကြီး ဝင်းဖက်မှ လမ်းမတော် ဆေးကျောင်းဖက် လျှောက်လာခဲ့ကြသည်။

"မင်းတို့ နှစ်ယောက်က ဘုရား တကယ် လိုက်ကြမှာလား..."

နှောင်းအမေးကို ထွန်းကြီးနှင့် နိုင်အောင် တို့က ပြိုင်တူ ခေါင်းခါပြလျှက်...

"ပြန်မယ်လေကွာ... ငါက ပိုသေချာတယ်... ကျောင်းမှာ လဖက်ရည်ဆိုင် ခန ထိုင်လိုက်ဦးမယ်... ပြီးရင် ပြန်မယ်... နိုင်အောင်ကမှ တင်ဇာနည်နဲ့ ပပတို့နဲ့ တွေ့ရင် ဟိုပါလေရာ မတွေက သွားချင်လှချည့် ဆိုရင် ပါရင် ပါသွားဦးမယ်... မင်းရော..."

"ငါ လည်း ပြန်တာပေါ့..."

"ဟုတ်တာပေါ့... အချိန်ရတုန်း ရာဇူးဘက် ပြေးလိုက်ဦးမယ်ပေါ့..."

နှောင်းက မရယ်ချင် ရယ်ချင်နှင့် ရယ်ပြလိုက်သည်။ ဘာမှမသိကြတဲ့ ကောင်တွေ... မသိ မသိလိုက်ဘာသာရှိပါစေ။ ကျောင်းထဲ ရောက်လာတော့ နိုင်အောင်ကို လည်ပင်းတရှည်ရှည်နှင့် မျှော်နေဟန် ရှိသော တင်ဇာနည်က ဆီးပြီး





"ခုမှ လာရသလား..."

"ခုမှ ဆရာကြီးက လွှတ်ပေးတာကိုး... နင်တို့ ဘုရား လိုက်ကြ မလို့လား..."

"ဟင့်အင်း... အပြန် အရမ်းနောက်ကျ နေလိမ့်မှာ စိုးတယ်... အိမ်ပဲ ပြန်မှာ... ဒါပေမယ့် စောသေးတယ်... တစ်ခုခု သွားစားကြ ရအောင်ကွာ နိုင်အောင်... နင်လိုက်ကျွေး..."

တင်ဇာနည် စကားကို ပပကလည်း "ဟုတ်တယ်ဟာ... စပါဂတီ စားကြရအောင်..." ဟု ဖြည့်စွက်သည်။ နိုင်အောင်မှာ တွန့်လိမ်ရှုံ့တွ သွားရရင်းက... "ဟာ... ဘယ်ဖြစ်မလဲ..." ငြင်းဆိုသည်။ လကုန်ရက် ရောက်နေပြီမို့ နိုင်အောင်မှာ ဆေးလိပ် သောက်ချင်ရင်တောင် တခြား ကောင်တွေကို ပြူးပြ ရသည့် အဆင့် ရောက်နေပြီး ထွန်းကြီးနှင့် နှောင်းက ဆေးလိပ် မသောက်တတ်ကြပေ... ။

"ထွန်းထွန်း... နင် တို့လည်း လိုက်ခဲ့လေ..."

"မုန့်ဟင်းခါးတို့ လဖက်ရည်တို့ ဆိုရင်တောင် နည်းနည်း စိတ်ပါဦးမယ်... ခုဟာက စပါဂတီ ဆိုတော့... နင်တို့ နှစ်ကောင်ရဲ့ စားနှုန်းလည်း သိနေတော့ ဆောရီးပဲ... ဟဲဟဲ..."

"အောင်မာ... မလိုက်ချင်နေ... နှောင်း... နင်ရော..."



www.burmeseclassic.com

www.burmeseclassic.com



နှောင်းက ခေါင်းခါရမ်း ပြလိုက်သည်။ နိုင်အောင်က တင်ဇာနည်ကို ဝင်ဟန့်လေသည်။

"နင်က အစားတကာ ရှာဖို့ပဲ စိတ်ကူးနေတယ်.. အလိုက်ကျတော့ မသိဘူး.. အချိန်လေးရတုန်း နှောင်းက ရာဇူဘက်ပဲ ပြေးမှာပေါ့ နင်တို့ နှစ်ယောက် နားကပ်ပြီး ဘာလုပ်ရမှာတုန်း..."

"မဟုတ်ပါဘူး... ငါ မသွားပါဘူး.. ငါ ပြန်တော့မယ်..."

နှောင်း မျက်နှာကို တင်ဇာနည်နဲ့ ပပတို့ အလျှင် အမြန်အကဲ ခပ် မျက်စတွေ ဘာတွေ ပစ်ကြကာ..

"တော်ပါပြီဟာ... ထွန်းထွန်းကလည်း ကျွေးမယ်လို့ ပြောထားတဲ့တူတူ ကျောင်းမှာပဲ မုန့်ဟင်းခါးနဲ့ လဖက်ရည်ပဲ သောက်ပါတော့မယ်... နှောင်း... နင်လည်း မပြန်ပါနဲ့ဦး..."

ထွန်းထွန်းခမျာ သူ့စကားနှင့် သူပိတ်မိပြီး အငိုက်မိကာ ပွစိပွစိနှင့် ငါးယောက်သား မုန့်ဟင်းခါး ဆိုင်ဘက် ထွက်လာခဲ့ကြသည်။ တင်ဇာနည်နှင့် ပပက နှောင်းရဲ့ တစ်ဖက်တစ်ချက်ကနေ ပါလာကြကာ ကန်တင်းထဲ ရောက်တော့လည်း နှောင်းကို အလယ်မှာ ထားပြီး ညှပ်ထိုင် လိုက်ကြသည်။

"နင့် မျက်နှာ မကောင်းပါလား.. နင့် ကောင်မလေးနဲ့ အဆင်မပြေဘူးလား... သူ့ဆီလည်း မသွားချင်ဘူးဆိုတော့..."

နှောင်းက ခေါင်းညိတ်ပြ လိုက်သည်။ တင်ဇာနည်က တစ်ချက် မဲ့လိုက်ကာ

"ပြောသားပဲ.. သူလေးက မလွယ်ပါဘူးလို့.. ခု ကောက်ပြန်ပြီပေါ့ ဟုတ်လား.."

"ခုဟာကတော့ ငါ့ဘက်က လွန်တာပါ.."

"ဘယ်သူ လွန်လွန်ပါဟယ်... သူလေးက မျက်စိနှစ်လုံး ပွင့်ကတည်းက ငါဒီနေ့ ဘယ်သူ့ကို ကောက်ရပါ့မလဲလို့ပဲ တွေးနေပုံပါပဲ... နင်တို့ဟာ တစ်နေ့တစ်လေလည်း မဟုတ်... ငါက နင်တော့ ချော့ရတာကိုပဲ ပျော်နေတယ်ထင်ပြီး ဘာမှ မပြောတာပါ.. ငါ သာဆို စိတ်ကတော့ ပျက်လာမှာ တကယ်ပဲ... ငါတို့လည်း မိန်းကလေးပဲ ကောက်သင့် သလောက်တော့ ကောက်ပါတယ်... ခုဟာကတော့ များတယ်ထင်တယ်... ရိုးရိုး အခြေအနေဆိုလည်း ငါဘာမှ မပြောပါဘူး.. ခုဟာက နင့်မှာ တစ်ဖက်မှာလည်း အရမ်းထက်ပြီး စိတ်ဓာတ်ပြင်းထန်တဲ့ အမေ လုပ်သူကို ဆန့်ကျင်ထားရတာ... ကြာရင် နင် ကျိုင်သွားလိမ့်မယ်..."

"မဟုတ်ပါဘူးဟာ... ခုဟာကတော့ ငါ့အမေနဲ့ ဟိုမိန်းမ က သူ့အိမ်သွားလိုက်လို့ပါ.. သူ့သွားပြောတော့ သူလည်း







www.burmeseclassic.com

www.burmeseclassic.com



ဘယ်ခံချင်ပါ့ မလဲ"

ထွန်းကြီးက သိပြီးပြီမို့ ဘာမှ မဖြစ်ပေမယ့် ကျန်သုံးယောက် ကတော့ မျက်လုံးပြူးသွား ကြသည်။

"မြတ်သူရပါ ပါတယ် ဟုတ်လား..."

"ဟုတ်တယ်... ဟိုနေ့ကလည်း တစ်ခါ... ငါတို့ လှည်းတန်းက Verendah မှာ ထိုင်နေကြတုန်း အဲဒီမိန်းမ ပေါက်ချလာပြီး တစ်ခါ လာကျဲသေးတယ်..."

တင်ဇာနည်နှင့် ပပတို့ မျက်နှာများမှာ ပြုံးစေ့စေ့ ... ပပက ပိုပြီး မထိမ်းနိုင် မသိမ်းနိုင် ပြုံးရယ်ကာ...

"သတ္တိရှိလိုက်တာ ဟယ်... ရဲရင့်လိုက်တာ..."

"ဘာရဲရင့်တာလဲ... တလွဲတွေ တွေးပြီး အတုခိုး မမှားကြနဲ့ဦး... ဒါသတ္တိ ရှိတာမဟုတ်ဘူး... ရိုင်းတာ... သဘောပုပ်တာ..."

"နင်ကလည်း ဟယ် ဒီလို မပြောပါနဲ့... မြတ်သူရ ပုံစံက သဘောပုပ်ပုံ မရပါဘူး... ရိုင်းပျမယ့် ပုံလည်း မရှိဘူး..."

"အမလေး... ဘယ်တုန်းက တွေ့ဖူး ကျွမ်းဝင်ဖူးလို့ ဒီလောက် တစ်ဖက်သတ် ပင်းနေရတာလဲ..."

တင်ဇာနည်က မလုံမလဲသာ ပြုံးပေမယ့် ပပကတော့ တဟီးဟီး ရယ်ကာ...





"ဟီး ဟီး ဟီး... တစ်နေ့ကပဲ... ငါတို့ကိုတောင် ဖက်ထုပ်နဲ့ ကော်ရည်နဲ့ တိုက်သွားသေးတယ်..."

"အော်... နင်တို့က ဒီလိုလား... သူ့ပစ္စည်း စားပြီး သူ့ဘက်သားတွေ ဖြစ်နေကြတာကိုး... ထင်သားပဲ... နင်တို့ ဒီလောက် အစားခုပ်တာ... ဟိုကလည်း ခပ်လည်လည် ဆိုတော့ ချက်ချင်း ရိုပ်မိသွားပြီး ဆွဲဆောင်သွားတာပေါ့..."

"ဒီလို မပြောပါနဲ့ဟယ်... ငါတို့က ပါချင်းပါ နင့်စိတ်ချမ်းသာမယ့်ဘက်ကပဲ ပါမှာပေါ့... နင့်အမေက သည်းသည်းလှုပ် သဘောတူနေတဲ့ သူ့ဆိုကတည်းက ငါတို့က နင့် ရည်းစားလောက်တောင် အမြင်ကြည်တာ မဟုတ်ပါဘူး... ခုဟာက ကိုယ်တွေ့မို့ပါ..."

"အဲဒီလို ကိုယ်တွေ့ ဖြစ်နေတုန်း နင်တို့ ပါးစပ်ထဲ ဗိုက်ထဲမှာ ကော်ရည်နဲ့ ဖက်ထုပ်တွေ ရှိနေတယ် မဟုတ်လား..."

"ကော်ရည်နဲ့ ဖက်ထုပ်က မူးယစ်ဆေးဝါးမှ မဟုတ်တာဘဲ ငါတို့ အသိဉာဏ်တွေလည်း ဒီလောက်ကြီး မထိုင်းမှိုင်းသေးပါဘူး ဟဲ့... ငါတို့ နှစ်ယောက်လုံး တစ်ခုကိုတော့ သေသေချာချာကြီးကို မြင်တွေ့နားလည်လိုက် ကြတယ်..."

"ဘာ တစ်ခုလည်း..."



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစေ့စေ့နှင့် အာဝဇ္ဇန်းရွှင်သော ပပကို တင်ဇာနည်က မပြောစေဘဲ တားထားလိုက်သည်။ ဖိုမိုလေးနက်စေ လိုသော သဘောနှင့် သူမကိုယ်တိုင် တည်ကြည်သော ရုပ်ကလေး ဖြစ်ပုံ ပြောင်းကာ... နှောင်း မျက်နှာကို တည့်တည့် စိုက်ကြည့်ရင်း...

"မြတ်သူရက နင့်ကို အရမ်းချစ်နေတယ်..."

နှောင်းက ရင်ထဲမှာ သွက်သွက် ယမ်းသွားရတာကို "ဟာ" ဟု အကျယ်ကြီး အော်ဟစ်လိုက်ရင်း ဖျောက်ဖျက်ပစ်လိုက်သည်။ ထွန်းကြီးနှင့် နိုင်အောင်တို့မှာတော့ ပွဲကြီးပွဲကောင်း တစ်ပွဲ လွတ်သွားရတာကို ကျိတ်မနိုင် ခဲမရနှင့်...

"နင်တို့ ဘယ်လိုလုပ် သိကြသလဲ..."

"မိန်းကလေးချင်းပဲ... ပြီးတော့ ငါတို့လို အကဲခပ် မနေလည်း သိမှာပဲ... ဒီလောက် ဟင်းလင်းကြီး ပေါ်နေတာ... သူဟာ နင့်ကို ဘေးလူအမြင်နဲ့ ကြည့်ရင် သနားစရာ ကောင်းလွန်း လောက်အောက်ကို ချစ်တယ် နှောင်း..."

"သွားစမ်းပါ ကွာ..."

"မသွားပါဘူး... ငါတို့ အရမ်းအံ့ဩတယ် သိလား... ပြီးတော့ ကျေလည်းကျေနပ်တယ်... နင်ကံကောင်းတာပေါ့ ဟာ..."





"ဟာ... ဘာလုပ်ဖို့လဲ... ဘာကံကောင်းတာလဲ... နင်တို့ကို ဘယ်သူက အမေစီစဉ်တဲ့ အတိုင်း လက်ခံပါမယ်လို့ ပြောလို့လဲ"

"လက်ခံတာ မခံတာ တစ်ပိုင်းလေ... ကံကောင်းတာကတော့ ကောင်းတာပဲ"

"နင်လည်း မြတ်သူရကို သံယောဇဉ်တော့ ရှိပါတယ် ဟာ..."

ပပက ဝင်ပြောပြန်သည်။ နှောင်းက ပပကို ···က်ထောင့်နီကြီးနှင့် ကြည့်ကာ...

"ဘယ်သူ ပြောလဲ..."

"ထွန်းထွန်းပေါ့... နင် ညာဖို့ မကြိုးစား ပါနဲ့တော့..."

နှောင်းက ထိုင်ရာမှ ထကာ ကျော်လွှား···န်းကိုင်းပြီး ထွန်းကြီးဇက်ပိုးကို ဖြောင်းကနဲ အုပ်လိုက်သည်။ ···စပ်ကလည်း "ခွေး... နွား" နှင့် မျိုးစုံ ကျိန်ဆဲ နေလေသည်။

"အား... ငါဘယ်မှာ ပြောလို့လဲ... အဲဒီဟာမတွေ ပြောတိုင်း ယုံမနေပါနဲ့... ငါက နှုတ်လုံပါတယ်..."

ပပနှင့် တင်ဇာနည်တို့ ဝိုင်းရယ် လိုက်ကြတာ ···ထွန်းထွန်း ကြောင်အအ ဖြစ်သွားရသည်။ သူ့ဟာက ဖုံးကာ···ပေါ်လာရသည့် အဖြစ်မျိုး မဟုတ်လား... ။



www.burmeseclassic.com

www.burmeseclassic.com



"ပေါ်ပြီ... ပေါ်ပြီ... ဟား ဟား... သိပ်တောင် မအောင့်လိုက်ရဘူး"

နှောင်းက ထိုင်ခုံမှာ ဖြည်းဖြည်း ပြန်ဝင်ထိုင်လိုက်ရင်း လဖက်ရည်ပန်းကန်လေးကို ကိုင်းမှ ကိုင်၍ လှည့်ပတ်ဆော့ ကစားနေရင်းက...

"အတိတ်ကို အတိတ်မှာပဲ ထားခဲ့တာ ကောင်းပါတယ်..."

တင်ဇာနည်နှင့် ပပတို့ "ဟယ်" ဟူသော သံရှည်ဆွဲ အာမေဋိတ်တစ်ခုကို ပြုလိုက်ကြပြီး နောက်စကားဝိုင်းက လူငါးယောက်ဝိုင်းထိုင် နေကြတာနှင့်တောင် မတူအောင် ခြောက်သွေ့တိတ်ဆိတ် သွားလေသည်။ မိန်ကလေးနှစ်ယောက်မှာ နကိုက စိတ်ပျော့ပျော့နှင့်မို့ ဝမ်းတွေ ဘာတွေနည်းလာသလိုတောင် ဖြစ်ကာ သူတို့ သူငယ်ချင်းဖြစ်သူကို ဘယ်ထဘယ်လို စတင် နှစ်သိမ့်ရမည် မသိနိုင်အောင် ဖြစ်နေကြတော့သည်။

ဝမ်းနည်းစရာ ကောင်းလိုက်တာကွယ်... တစ်ဖက်ကလည်း သံယောဇဉ်ရှိနေ... တစ်ဖက်ကတော့ သေအောင် ချစ်မြတ်နိုး နေချိန်မှာ ကံကြမ္မာရဲ့ ဖန်တီးမှုကြောင့် မျက်နှာချင်းဆိုင် မရအောင် ဖြစ်သွားရသည့် အဖြစ်မျိုးတဲ့... ဒီထက်ပိုဆိုးတာက မျက်နှာ ထောက်ထားစရာ ကြားလူ ရှိနေပြီဖြစ်သော အဖြစ်မျိုးပင်တည်း...။





ငြိမ်သက်သွားကြသော ငါးယောက်ထဲမှာ နှောင်းက စတင်လှုပ်ရှားလာကာ ပန်းကန်လုံးထဲမှ လဖက်ရည်ကို တစ်ကျိုက်တည်းနှင့် အားလုံးအကုန် သောက်ချလိုက်ပြီး...

"ကဲ... မိန်းကလေးတွေ... နင်တို့က အင်မတန် နူတ်လုံတဲ့ဟာမျိုးတွေ ဆိုတော့ ခုပြောကြတာတွေကိုလည်း... သူကျွေးတဲ့ မုန့်ကို မြိုပြီး သူ့ပြန်ပြောလိုက် ကြဦးပေါ့..."

တင်ဇာနည်နှင့် ပပက ပြိုင်တူ ခေါင်းခါရမ်းလိုက်ကြသည်။

"ငါတို့ လုံးဝမပြောပါဘူး ဟယ်... ကတိပေး ပါတယ်..."

"ဒါဆို ပြန်တော့မယ်..."

နှောင်း ထပြန်သွားတော့ မချောလေး နှစ်ယောက်မှာ မျက်နှာငယ်လေးတွေ ကိုယ်စီနှင့်...

"သနားပါတယ် ဟယ်..."

"မသနားပါဘူး... ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးထား တာပဲ"

"ဟဲ့... အစုတ်ပလုပ်... နင်က ကိုယ်ချင်းမစာ မပြောပါနဲ့ ဟိုမှာက ချစ်သူချင်း မပေါင်းရတာမျိုး... နင် တင်ဇာနည်နဲ့ မပေါင်းရရင် ဘယ်နှယ့် နေမလဲ နိုင်အောင်ရဲ့..."

"ဘာ ချစ်သူချင်းလဲ... ဟုတ်မှ မဟုတ်တာ... သံယောဇဉ်ရှိတယ်ပဲ ပြောတာ... ချစ်တယ်လို့ တစ်ခွန်း ပါသေးလို့



www.burmeseclassic.com

www.burmeseclassic.com



လား… ဟိုပိုချောဆိုတဲ့ ကောင်မလေးကိုမှ ချစ်တယ်လို့ ဖွင့်ပြောထားတာ… အဲဒါကမှ ချစ်သူချင်း… အားလုံးပြေလည်တယ်… နင်တို့ဘာမှ ဝင်ပြီး ခံစားမနေကြနဲ့…”

“ဟင်… မထင်ပါဘူး… သူ အဲဒီကောင်မလေးကို ချစ်ရဲ့လား မသိဘူး… သူ့ပုံစံနဲ့ ဆက်ဆံ ပြောဆိုပုံတွေက တစ်မျိုးပဲ…”

“ဟာ… စုံထောက်ကြီးတွေ ကျနေတာပဲ… ပြဿနာ မဟုတ်တာကို ပြဿနာ ရှာနေကြပြန်ပြီ…”

“မြတ်သူရက နှောင်းကို သိပ်ချစ်တာ တဲ့”

“အဲဒီတော့ ဘာဖြစ်လဲ… ဒီလောက်တောင် သနားပြီး မလုံလောက်သေးဘူး ထင်ရင် နင်တို့ပါ ကူချစ်ပေးလိုက်ကြလေ…”

“သေနာ… မသာ စုတ်…”

နှောင်းမှာတော့ သူငယ်ချင်း အုပ်စုကြီးကို ကျောခိုင်း ထွက်လာကာ လမ်းတစ်လျှောက်လုံး မြတ်သူရအကြောင်းတွေကို စဉ်းစား လာမိပါသည်။ မြတ်သူရကို တစ်နည်းနည်းနဲ့ ဒုက္ခရောက်သွားအောင် လုပ်ဖို့ သူနေ့တိုင်း ကြံမိသည်။ နေ့တိုင်းလည်း အကြံဉာဏ်ကောင်းတွေ သူရခဲ့သည်။ ဒါပေမယ့် တကယ်တမ်း ကျတော့ သူ မလုပ်ရက်ခဲ့ပါ။ မြတ်သူရရဲ့ စိတ်မျိုးဟာ… ကိုယ်လိုချင်တာ တစ်ခုကို မရရအောင် ယူမည် ဆိုတဲ့





စိတ်မျိုး… ။ ဒါမျိုး ကိုယ်မှာတော့ မရှိခဲ့ဘူးလား… ။ ရှိတာပါပဲ… ။ နှောင်း ငယ်ငယ်က ဆိုရင် အစ်မ ဖြစ်သူ ‘သက်’ ရဲ့ အရုပ်ကိုမှ လိုချင်ပြီး မရမချင်း ဂျီကျကြီးစား ခဲ့တာ… ။ ရခဲ့ရင်တော့ ခနကြာရင် ရိုးအီသွားပြီး မက်မက်မောမော မရှိတော့သလောက်… မရဘူး ဆိုရင်တော့ အလစ်မှာ အတင်းဝင် ဖျက်ဆီးပစ်တာမျိုး တွေကို လုပ်ခဲ့တာပါ… ။

မြတ်သူရက နှောင်းကို အရမ်းချစ်နေတယ် တဲ့…

တစ်ခါမှ ခေါင်းထဲ မရောက်ဘူးတဲ့ ကိစ္စမို့ ကြားလိုက်ရသော အခါမှာ ဟုတ်မဟုတ်ကို နည်းနည်းတော့ စိတ်လှုပ်ရှားစွာ သိချင်သည်။ သို့သော် သိတော့လည်း ဘာဖြစ်ရမလဲ… ဘာမှ မထူးခြားပါဘူး…

နှောင်းဟာ ပစ်ထားလို့ ရတဲ့… ဖျက်ဆီးလို့ ရတဲ့ သက်မဲ့ အရုပ်ကလေးမှ မဟုတ်တာဘဲ… ။ ကိုယ်ပိုင် ရွေးချယ် လျှောက်လှမ်းခွင့် အပြည့်ရှိသော လူသားတစ်ယောက်သာ ဖြစ်သည်။

❁❀❁❀❁



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

"မယုံဘူး ကို... ပိုချောက သိပ်အများကြီးလည်း မပြော ချင်ဘူး... တစ်ခွန်းပဲ... မယုံဘူး..."

"ပိုချောကမှ တို့ကို မယုံရင် တို့ ဘာသွားလုပ်လို့ ရတော့ မှာလဲ"

"ဘာမှ မလုပ်နဲ့ပေါ့... ဘယ်သူမှ ဘာမှ မလုပ်နိုင်ဘူး... ပိုနေမြ... ကျားနေမြ... ဒီအတိုင်းကြီးပဲ အီးရော... အီးရော ကြီးပေါ့"

"ဟာကွာ... ကျွတ်... ခက်တာပဲ..."

တစ်ဖက်လှည့် ထိုင်သွားသော နှောင်း ကျောပြင်ကို ကြည့်ပြီး ပိုချောမှာ ဒေါသတွေ အလိပ်လိုက်... အလိပ်လိုက် ထလာ ရပါသည်။ 'လုပ်ချင်တာ လုပ်စမ်း' ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလို့ကတော့ ဒင်းတစ်ကိုယ်လုံး သွေးချင်းချင်းနီသွားအောင် ကုတ်ဖွဲ့ ဆွဲထုတ်ပြီးမှ ... သူ့ ခေါင်းကို အနီးနား က တခုခုနှင့် ထုချေ ပစ်ချင်တာ...

ဘယ်နှယ့်လဲ... ပိုချော ဖက်ကလည်း စဉ်းစားကြည့်ကြဦးလေ... စကော့ဈေးထဲမှာ စတွေ့ကြကတည်းက သူ့ကို 'နှောင်း' မှန်း ပိုချောသိသည်။ ကေ အက်(စ) အမ် က ဒေါ်ခင်ဆက်မော်ရဲ့ တစ်ဦးတည်းသော သား ... နောက်ဆုံးနှစ် ဆေးတက္ကသိုလ်ကျောင်းသားဟူသည် သူ့ဂုဏ်ပုဒ်သည် ၄နောက်တင်ရွှတ်တတ်တာနှင့် ပေါင်းလိုက်သော အခါ ပိုချောတို့ မိန်းကလေးတွေကြားထဲ... ပါးစပ်ထဲ ရေပန်းစားလာ တော့တာပေါ့... ပြီးကျတော့ သူက ချောမောနေတာမျိုး မဟုတ်ပေမယ့် ကြည့်ကောင်း ပြီး အဆင့်မြင့်သော ရုပ်ရည်မျိုးလည်း ပိုင်သည်လေ... ။

သူငယ်ချင်းမတွေ ကြားထဲ ပိုချောတို့ မျက်နှာပွင့်ခဲ့ရသည်။ စကော့ဈေးထဲမှာ တစ်ခါ၊ အပြင်မှာ တစ်ခါ တွေ့လိုက် ကြပြီးတော့ ပိုချောကပဲ သူ့ကို စတင်ကာ ဖုန်းဆက်လိုက်ပါသည်။ သူကလည်း ဝမ်းသာအားရ ကြိုကြိုဆိုဆိုပေါ့... ဘာမှ မကြာ မြင့်လိုက်ချိန်မှာ သူ့ဆီက ချစ်စကားကို ရလိုက်တော့ ပိုချောမှာ အံ့ဩဝမ်းသာ လိုက်ရပါ သေးသည်။ မျှော်တော့ မျှော်တာပေါ့ နော်... ဒါပေမယ့် ကြာဦးမယ်လို့ ထင်တာပေါ့...





သမီးရည်းစား ချစ်သူတွေရယ်လို့ ဖြစ်သွားကြပြီးမှ သူ့အကြောင်းကို ဂဃနဏ သိရတာပါ။ "မှန်းချက်နှင့် နှမ်းထွက်မကိုက်" ဆိုတာ ဒီနေရာမှာ သုံးရမယ့် စကားအစစ်ပါပဲ... ။ သူများတကာ စုံတွဲတွေနှင့် မတူတာကို ဘယ်လို ပြောပြရမလဲ တောင်မသိ။

လမ်းမတော် ဆေးတက္ကသိုလ်နှင့် ကမာရွတ် ရန်ကုန်တက္ကသိုလ်တို့၏ အကွာအဝေးကြောင့် အမြဲတွေ့ခွင့် မရနိုင်တာကို ကိုယ်တစ်ယောက်တည်း ဆိုရင်တော့ "စာတွေများလို့ပဲလေ... ပျက်လို့ မရလို့ပဲလေ" ဟု ခွင့်လွှတ်ပေးမိ ရမလို ရှိသော်လည်း အုပ်စုထဲမှာ ပိုချော၏သူငယ်ချင်းမ တစ်ယောက်က လမ်းမတော်က ဆေးကျောင်းသားကိုပဲ မေတ္တာမျှထားပြီး ထိုသကောင့်သားက အချိန်မှန်မှန် ပေါ်လာတတ်သော အခါ ပိုချောမှာ ကိုယ့်မျက်နှာ ကိုယ် ဘယ်နားသွားထားလို့ သွားထားရမှန်းကို မသိတော့တာပါ။

ကားနှင့် ဆိုင်ကယ် နှစ်မျိုးတောင် ရှိနေမှန်း သိထားသော်လည်း တစ်နေရာ သွားချင်ရင် ဘတ်(စ်)ကို အားကိုးရတာ... ခြေကျင်ကျိတ်ရတာ... သူများကား ကပ်စီးဖို့ ခွင့်တောင်းရတာ... ဒါတွေကို ထုတ်ဖော်ပြီး ပြဿနာ လုပ်ပြန်တော့ ပိုချောပဲ ဂုဏ်မက်မကြီး ဖြစ်ရသေးသည်။

မှတ်မှတ်ရရ ပိုချောရဲ့ ဆံပင်အုပ် ဖားဖားကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခါကိုင်ကြည့်ဘူးတာက လွဲပြီး တခြားဘယ်နေရာကိုမှ လက်ဖျားနဲ့တောင် မထိတာ... ကားလမ်းတွေ ဘာတွေပြေးကူး ဖို့ ဆွဲခေါ်စရာ ရှိရင်တောင် လွယ်အိတ်တို့ စလင်းဘက်တို့ ကြိုးတွေကသာ ကိုင်ဆွဲတတ်တာ... အဲဒါတော့... "ကျွန်မကို ထိပါရှင့်" လို့ ဖွင့်ပြောနေရမှာလား... "ရှိုးသားလှပါဘိ" လို့ အမှတ်မပေးချင်အောင်ပင် စိမ်းကားသည့် သဘောကို နှယ်နေတာပါ။

နောက်ပိုင်း သူ့အမေကြီး သိသွားပြီး သဘော မတူတာတွေ... ကန့်ကွက် ဆူပူတာတွေ... ဖြစ်လာတော့ နည်းပါး လှသော နှစ်ဦးသား တွေ့ချိန်ဟာ ပိုပြီး ရှပ်ဆိုးလာရ တော့တာ ပါပဲ... မိန်းကလေးတစ်ယောက် ဟာ အဲဒီလို သတင်းတွေ ကြားပြီး... ကိုယ့်ရည်းစားက စေ့စပ်လိုက်တယ် ဆိုရင် ဘယ်သူ မှတော့ ငြိမ်မနေကြဘူး ထင်ပါသည်။ ပိုချောက ပိုပြီးဆောင့် အောင့် စူချိတ်လျှင်... အမယ်... ဒင်းကလည်း မိုးမှောင် ကျအုံ့ မှိုင်းနေလိုက်သေး... ။

သူ့ အမေကြီးနှင့် သူနှင့်စေ့စပ်ထားသော မိန်းမ အိမ်ရောက်ချ လာတာကို ဘာမှမတုန့် ပြန်လိုက်နိုင်တဲ့ အဝမှာ ကိုယ်နိုင်ရာ သူ့ပဲ ဖိထောင်းရတာ... ကိုယ်အပြစ်လား... ဒါကို သူက သူမသိလိုက်ဘဲ ပိုချော သူငယ်ချင်းတွေ သတင်းစာထဲ ထည့်ချလိုက်ကြတာကို မခံနိုင်ပြန် ဖြစ်နေတော့သည်။





ချော့တာကတော့ ချော့ပါသည်။ ပိုချောက နေ့တိုင်းကောက်... သူကနေ့ တိုင်းချော့... ။ ချော့စကားကို လည်း နားထောင် ကြပါဦး။

"မကောက်နဲ့ကွာ... နေ့တိုင်းပဲ ကောက်နေတာပဲ စိတ်ညစ် စရာကြီး... ပျော်စရာကို မရှိဘူး..."

"ပိုချောကောက်တဲ့ ကိစ္စက တို့ဘာမှ မတတ်နိုင်တဲ့ ကိစ္စ လေ... တို့မဟုတ်တဲ့ သူတွေ သူတို့ သဘော သူတို့ဆောင် ပြီး လုပ်ကြတာ... မဆိုင်တဲ့ တို့ကို လာကောက်နေတော့ ဘယ်လိုလုပ်ရမှာလဲ..."

"ကဲ... ကဲ... မကောက်တော့နဲ့တော့ ဟုတ်လား... လာ... မုန့်သွား စားကြမယ်... "

ကဲ... ဒီလို ကောက်တိုင်းသာ မုန့်စားခြင်းနဲ့ အဆုံးသတ်ရရင် ပိုချောမှာ ဖက်တီးမကြီး ဖြစ်လာဖို့ပဲ ရှိတော့ တာပေါ့... ။ သူနှင့် စေ့စပ်ထားသော မိန်းမကိုတော့ ပိုချောက ကမ္ဘာပေါ်မှာ အမုန်းဆုံးဖြစ်သည်။ အဲဒီမိန်းမဟာ ပိုချောနှင့် နှောင်းတို့ကိုပဲ အမြဲအကဲခတ် နောက်ယောင်ခံ နေသလိုမျိုး ကားတစ်စီးနှင့် တော်ကြာ နောက်ရောက်နေပြန်ရော... တော့ကြာ ပေါက်ချလာတတ် ပြန်ရော... ။မျက်နှာထား တည်တည်နှင့် ဒီလောက် မျက်နှာပြောင် တိုက်ဝန့်နေတာ... သူက ပြင်းပြင်း ထန်ထန် ပြတ်ပြတ်သားသားကြီး မလုပ်ထား လို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ခုနောက်ပိုင်း ပိုဆိုးလာသေး.. တွေ့ကြရင် မျက်နှာထားကြီး တင်းမထားတော့ဘဲ ပုံမှန်ခပ်အေးအေး သာဆို တော့ တစ်ဖက်က ပိုအတင့်ရဲ လာတော့မပေါ့.. ပိုချောမှာ "သူများ စိတ်ယိုင်ချင်လာသလား" ဟု တွေးမိပြီး ဒင်းအပေါ် ယုံတောင် မယုံကြည်ချင် တော့ပါ။

အမှန်အတိုင်း ပြောရရင် အမြေပြန်ဖေး လိုက်စဉ်က သူ့အပေါ် သိပ်ချစ်သည့် စိတ်ကို မရှိသေးတာပါ။ သူဟာ ကေ အက်(စ) အမ် ရဲ့ တစ်ဦးတည်းသော သား ဆေးကျောင်းသား ဖြစ်နေတာရယ်... မိန်းကလေးတွေ ပါးစပ်ဖျား မှာ ရှိသည့်သူ ဆိုတော့ ကိုယ့်ကို အချင်းချင်းကတောင် အားကျ ယူရမှာရယ်... ပြောင်နောက်ရွှတ် နေသူ ဆိုတော့ သူနဲ့သာဆို အနည်းဆုံး ပျော်တော့ ပျော်ရမည်ဟု တွက်မိ တာရယ်နှင့် သူကလည်း ဖုတ်ပူမီးတိုက်... ကသုတ်ကရက်ကြီး အမြဲတောင်း နေတော့ သေချာတောင် ခေါင်းထဲ မရောက် သေးဘဲ ခေါင်းညိတ် လိုက်မိတာမျိုး ဖြစ်သည်။ မဆိုးပါ... စစချင်းတုန်းကတော့ သူနဲ့ ဆိုးကျိုးတွေကို မရိပ်မိသေးဘဲ ပျော်ခဲ့... ရင်ခုန်ခဲ့ ရသား...။ ခုတော့ဖြင့် အညွန့်တက်... အညှောက်ပေါက်စ ရင်ခုန်စွဲလမ်း စိတ်ကလေးဟာ သူရော... သူ့အမေရော... ဟိုမိန်းမ တစ်ယောက်ပါ အပိုင်းပိုင်း ပိုင်းချိုး ကြတာနှင့် ကျိုးကြေမွလို့နေပြီ ပြန်လည် နလံထူနိုင် ပါ့မလားလို့တောင် ကိုယ့်ဘာသာ သံသယ ရှိရပါသည်။





"ယောက်ျားလေးဘက်က သဘောမတူတဲ့ မိန်းကလေး ဆိုတာ ဘယ်လောက် အောက်တန်းကျသလဲ..."

"ပိုချော ကလည်းကွာ... ဒါပဲ ပြောနေတာပဲ"

"ပြောရမှာပေါ့ စကတည်းက သဘောမတူခဲ့တာ ခုထိပဲ ဟာ... တူလာပြီ ဆိုရင်တော့ ဘယ်သူက စကားလုပ် ပြောတော့မှာလဲ..."

ပြောရင်းက အချက် တစ်ချက်ကိုပါ သွား ခြေးစား လိုက်မိသည်။ အိုး... ဒါကို ပိုချော ခေါင်းထဲ ခုမှ ဝင်မိ ဟာ... ဒင်းဟာ ပထမဆုံး တစ်နေ့ ဖုန်းထဲကနေ "ချစ်တယ်" လို့ တစ်ကြိမ်ဆိုပြီး ကတည်းက အဲဒီ စကားလုံးကို နောက်ထပ် တစ်ကြိမ် ယောင်လို့တောင် မကြားရ တော့ပါလား.. ။ အမြဲ အတင်း တောင်းနေတာတောင် သူများဆီကသာ အဲဒီ စကားလုံး ကို အတင်းညှစ်ထုတ် နေပြီး သူ့ဆီက နောက်ထပ် တစ်လုံး လောက်တောင် ထပ်ထွက်လို့လား...။

ဘုရား... ဘုရား... ။အမလေး... တော်တော် ဆုတ်သည့် သူပါလား.. မုန်းစရာကြီး ပါလား.. သူ ပိုချောကို တကယ်ချစ် နေတာမှ ဟုတ်ပါရဲ့လား..

"ကိုနေသ်... ကို... ပိုချောကို တကယ်ကော ချစ်ခဲ့ လို့လား..."

"ဟာ... လုပ်ပြန်ပြီ တစ်မျိုး... ပေါက်ကရတွေ မပြော ပါနဲ့ကွာ.. တို့ ကိုယ်တိုင် ဖုန်းထဲမှာ ပြောခဲ့တာ.. ပိုချောကို



www.burmeseclassic.com

www.burmeseclassic.com



ပဲ ပြောခဲ့တာပဲ..."

"ဟုတ်တယ်... အဲဒီတုန်းက တစ်ခါပဲ ကြားလိုက် ရတယ်... နောက် ဘယ်တော့မှ ထပ်မကြားရတော့တာ ခုထိပဲ..."

"အော်... ကြားချင်ရင် ပြောမှာပေါ့... ချစ်တယ်... ချစ်တယ်... ချစ်တယ်... ချစ်တယ်... ကဲကွာ..."

ပိုချောမှာ ခါတိုင်းလိုတောင် ရယ်ချင်စိတ် မရှိပါ။ သူ့ စကားသံဟာ အသက်မပါ လိုက်တာမှ... လွန်ခဲ့တဲ့ အနှစ်(၆၀)လောက်က သေပြီး အရိုးဆွေးပြီး သူကို အရိုးမှုန့်တွေကို ကော်နဲ့ ပြန်ကပ် ပြန်ဆက်ပြီး ပြောခိုင်းထား သလိုမျိုးပင်တည်း။ အဲဒါလေးလောက် ကိုမှ အကဲမခတ်နိုင်ရအောင်လည်း ပိုချောက မိန်းမအ ကြီးမဟုတ်သေးပါဘူး... ။

"ဟော... ဟိုမှာ... ပေါ်လာပြန်ပြီ... ဟို မိန်းမ..."

"ဘယ်မှာ လဲ..."

ထိုင်နေရာ ကတောင် ခုန်ပြီးထကာ ဘေးဘီဝဲယာတွေကို အငမ်းမရ အားတက်သရောကြီး ဝေ့ဝဲရှာဖွေနေတော့ ပိုချောမှာ နှောင်းဆိုသည့် သူကို စိုက်ကြည့်ပြီး တဖြည်းဖြည်း တစစ်စစ် နာကျင်ကြေကွဲ လာရပါတော့သည်။

"နည်းနည်းလေး မှတောင် နောက်လို့ မရဘူး... အတွင်းအစ္ဆတ္တ စိတ်သဘောက ဘွားကနဲကို ပေါ်လာတာပဲ...





ဘယ်လောက်တောင် မျှော်လင့်နေသလဲ မသိဘူး... ရှေ့မှာ တစ်ယောက်လုံးကြီး ရှိနေတာတောင် ဒီလောက်ဆိုတော့ ကွယ်ရာမှာဆို စိတ်ရောလူပါ ဖောက်ပြားချင်တိုင်း ဖောက်ပြား နေမှာပဲ..."

"ပိုချောကကွာ... မဟုတ်တာတွေ..."

နှောင်းက ခုံမှာ အေးအေးဆေးဆေး ပြန်ဝင်ထိုင်ပြီး ပြောလိုက်ပေမယ့် ပိုချောရဲ့ ဒေါသ ဒီကရီက ပိုပြီး မြင့်မားလာရကာ စားပွဲကို လွယ်အိတ်နှင့် ဖြန်းကနဲ ရိုက်ထည့်လိုက်ပြီး...

"ဘာလို့ မဟုတ်ရမှာလဲ... ဖောက်ပြားချင်တဲ့ယောကျ်ား..."

နှောင်းမှာ ပိုချောရဲ့ အသံကျယ်ကျယ် ကြောင့် ဘေးနား ဟိုဒီကို ကြည့်ကာ... ခပ်ရှက်ရှက်နှင့်... "ဟာ..." ဟု ညည်းညူ လိုက်မိပါသည်။

"ဘာ... ဟာလဲ... စိတ်ညစ်တယ် ပေါ့... ဒီမိန်းမနဲ့ တွေ့ရတာ ပျော်စရာ တစ်ကွက်မှ မရှိဘူးပေါ့... သိပ်စိတ်ကုန်စရာ ကောင်းတဲ့ မိန်းမပေါ့ ဟုတ်လား... ဟိုတစ်ယောက်ကလည်း သူများတကာ ရည်စားကို ဒီလို ပြောင်းလဲသွားအောင် ဘယ်လိုများ ဆွဲဆောင်ယူလိုက်သလဲ မသိပါဘူး... သူ့ရုပ်ရည် သူ့ဂုဏ်လေးနဲ့များ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ရှားသလား… အဲဒီလိုကျပ်ကျပ် လိုက်ပြီး စိတ်ပုပ် စိတ်ယုတ် မာထားနေရင်… နတ်ကောင်းနတ်မြတ် တွေကလည်း ကြည့်နေကြမှာ မဟုတ်ပါဘူး… တစ်နေ့ တော့ သူဘေးတွေ့ မှာပဲ…”

“ဟာ… ပိုချောရာ… ဘာတွေ ပြောနေပြန်ပြီလဲ… မင်း အဲဒီလိုတော့ သူများကို လျှောက်ပြောမနေပါနဲ့…”

နှောင်းမှာ ပါးစပ်ကို လုံးဝ ပိတ်ထားမိရင် အကောင်းသားမှာ… မနေနိုင် မထိုင်နိုင် တစ်ခွန်းဝင် ကန့်ကွက် မိပြန်ပါသည်။ မြတ်သူရမှာ မေမေ့သဘောအတိုင်း… သူ့ သဘော အတိုင်း သူဖြစ်ရာကို ဖြစ်အောင် လုပ်ယူသွားမည်။ မာကျော သော စိတ်ထားကာ တစ်ဖက်သားကို လုံးဝဂရုမစိုက် တာမျိုး လည်း ရှိချင်ရှိမည်။ သို့သော် ဖြူစင်သော မျက်နှာနှင့် လိုက်အောင် သူတပါးအပေါ် ကျိန်ဆဲတာမျိုး… မကောင်းတာ ဆုတောင်း တာမျိုး လုပ်မှာ မဟုတ်ပါ။ နှောင်းက ပိုချောကိုလည်း အဲဒီလိုပဲ ရှိစေချင်ပါသည်။

“ဟင်… တွေ့လား… တွေ့လား… ဆတ်ဆတ် ထိမခံ… သူဟာမ ထိတော့ သူများကို ပက်ကနဲကို ပြန်ပြောချ တာပဲ… အဲဒီလို မခံနိုင်ဖြစ်နေရင် ပိုတောင် ပြောဦး မယ်… သူများ ပစ္စည်း လိုချင်တဲ့လူဟာ ဘဝမှာ ဘာမှ မရပါစေနဲ့… ကြံလိုက်တိုင်း ပျက်ပါစေ… သူများ





စိတ်မချမ်းသာရ သလို… သူလည်း အမြဲစိတ် ဆင်းရဲရ ပါစေ…”

နှောင်းက စိတ်ပျက်လက်ပျက်နှင့် ခေါင်းငုံ့ နှုတ်ပိတ်လျှက်သာ နေလိုက်ပါသည်။ ပြောလေ… ဆိုးလေ ဖြစ်မယ့် ကောင်မလေး ကြာလေ စိတ်ကုန်စရာ ကောင်းလေ… တစ်ခါ တစ်လေ ဘာလုပ်ရမှန်းကို မသိတော့ရင် ကိုယ့်ခေါင်း ကိုယ်ပဲ တိုင်နဲ့ ပြေးဆောင့်လိုက်ချင် ပါတော့သည်။

သို့သော်… ဒါဟာ ‘မည်သူ မပြု မိမိမှုသာ ဖြစ်သည်။ ကိုယ်ဖန်တီးထားတဲ့ ဇာတ်လမ်းပဲ… ပြီးတော့ ကိုယ့် အပြစ်က မကင်းရုံမက လုံးလုံးကြီးကို ကိုယ့်အပြစ်ပါပဲ… ကိုယ်ဟာ အရှည်ကို မျှော်တွေးခြင်း မရှိဘဲ ဆုံးဖြတ်ချက် တစ်ခုကို ကမူးရှူးထိုး ချခဲ့ခြင်းဖြင့် ဒီကောင်မလေးကို ဒုက္ခပေးခဲ့သူ ဖြစ်သည်။ စိတ်ထဲမှာ ဘယ်လိုမှ မရှိပါဘဲ… လွယ်ကူသော နှုတ်ထွက်စကား တစ်ခုနှင့် မိန်းကလေး တစ်ယောက်ကို ကိုယ့်ရည်းစား အဖြစ် ရောက်ရှိအောင် အတင်း ကာရော လုပ်ခဲ့မိသူ တစ်ဦး ဖြစ်ပါသည်။

ပထမပိုင်းမှာတော့ ကိုယ့်စိတ်ကိုယ်လိမ်ကာ ပျော်ရွှင်ခဲ့သည်။ အကျေနပ်ကြီး ကျေနပ်ခဲ့သည်။ နောက်ပိုင်း ရောက်လေ ကိုယ့်ကို ကိုယ်ပြန်အထင်သေးပြီး မုန်းတီးမိလေ…။ ဒါပေမယ့် ကိုယ်ဟာ ယောကျ်ားကောင်း တစ်ယောက်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ချက်နဲ့ မဟုတ်ခဲ့ရင် ထစ်ချက်နဲ့ ဟုတ်အောင်တော့ ကြိုးစားနေခဲ့သားပဲ မဟုတ်လား... ။

ကိုယ့်အတွက်နဲ့ မိန်းကလေး တစ်ယောက် ဒုက္ခမရောက်ရလေအောင် သူမကို လက်ဖျားနှင့်တောင် ထိခဲ့လို့လား... အများအမြင်မှာ သူငယ်ချင်းမောင်နှမလိုပဲ ရှိခဲ့လို့ သူမလေးရဲ့ သူငယ်ချင်း ကောင်ကလေး တွေကတောင် အံ့ဩယူရပါသည်ဟု သူမကိုယ်တိုင်ပဲ ပြောတာပဲ။ ပြီးတော့ ကျွမ်ိပြီ ဖြစ်သော... ကိုယ့်ရဲ့နှုတ်ထွက်စကား တစ်ခုအတွက် တာဝန်မယူဘဲ နေလို့လား... ခုချိန်ထိ တစ်စက်မှ မလျှော့သေးတဲ့ မိခင်ဖြစ်သူကို အပြီးသတ်ဆန့်ကျင်ကာ... အချိန်တန်ရင် သူမနဲ့ပဲ လက်တွဲသွားကြဖို့ထိ ဆုံးဖြတ်ပြီးသားပါ။ ခုလည်း တစ်ခါ တစ်လေ အမေနဲ့ စကားပြိုင်ပြောရရင် သူမဘက်က လုံးလုံးကြီး ရပ်ပြီး တော့ကို အတိုက်အခံလုပ် ပြောခဲ့တာပဲ မဟုတ်လား...

အဲဒါတွေ ပြောပြလည်း တစ်စက်လေးမှ နားလည် အသိအမှတ်ပြုခဲ့တာမျိုး မရှိပါ။ ခုလည်း မဆိုင်သည့်သူ ဆွဲထည့်ကာ ဝစီကံနှင့် စော်ကားမော်ကား လုပ်နေပြန်ပါပြီ။ နှောင်းကတော့ ပြောလို့ဝအောင် နှုတ်ပိတ်၍သာ နေပေးလိုက်ပါတော့သည်။ သူမဘာသာ ဝအောင်ပြောပြီး ခနတဖြုတ် နှုတ်ဆိတ်သွားပြီးမှ...

"တွေ့လား... ပြောလိုက်ရင် သူကပဲ တစ်ပြန်စီး





ယောက်ျားကြီးတန်မဲ့ စိတ်လုပ်နေပြန်ပြီ..."

"ပိုချော ပြောချင်တာ အကုန် ပြောနိုင်အောင် ပိတ်ထား ပေးတာလေ... ပြီး ပြီးလား... ပြီးရင် ဘာဖြစ်ချင်လဲ... ဘာလုပ်ချင်လဲ တင်ခါတည်း ပြော... အကုန်လုပ်ပေးမယ်... အဲဒါ ဆိုရင်တော့ တို့ဘက်က လုံးဝမလွန်တော့ဘူး ထင်တယ်..."

ပိုချောမှာ ရုတ်တရက်တော့ အံ့အားသင့်စိတ်နှင့် နှုတ်ဆိတ်သွားပြီး ခနကြာမှ...

"အဲဒီ မိန်းမကို မြင်ရင် ခုလို အေးဆေးမနေရဘူး... မြင်တာနဲ့ သွားပြီးနင်ပဲငဆ ပြောချပစ်ရမယ်..."

စိတ်ပျက်သော်လည်း "ကောင်းပြီ" ဟု ဝန်ခံလိုက်သည်။

"ပြီးတော့..."

ပိုချောက ခပ်မဲ့မဲ့လေး ပြုံးလိုက်ကာ...

"ဒီအမေ... ဒီမိန်းမကို ဆန့်ကျင်ပြီး... ပိုချောကို လက်တွဲရဲတဲ့ သတ္တိရော ရှိရဲ့လား... လက်တွဲဖို့ ခေါင်းထဲရော ထည့်ဖူးရဲ့လား..."

"အဲဒါ စကတည်းက တို့ စဉ်းစားထား ပြီးသားပဲ"

"အဲဒါဆိုရင် နောက်လည်း ဆန့်ကျင်ရမှာပဲ... ခုလည်း



www.burmeseclassic.com

www.burmeseclassic.com

ဆန့်ကျင်ရမှာပဲ မထူးဘူး.. ခုပဲ ဆန့်ကျင် လိုက်ကြစို့..."

"ဟင်... ဘာ.., ဘာ..."

လုံးဝနားမရှင်းလိုက်သဖြင့် ပြူးပြူးပြာပြာနှင့် 'ထိတ်' ကနဲလည်း ဖြစ်သွားမိသည်။

"ပိုချော အိမ်ကလည်း.. ယောကျ်ားလေးဖက်က သဘောမတူဘူး ဆိုရင် သူတို့လည်း သဘောတူကြမှာ မဟုတ်ပါဘူး.. ဒီတော့ မထူးဘူးလေ... အားလုံးကို မေ့ထားခဲ့ပြီး... ပိုချောတို့ နှစ်ယောက် လက်တွဲကြစို့..."

"အခု... အခုပဲ... ဟုတ်လား..."

"ဟုတ်တယ်လေ.. ဘာလဲ... တွန့်ပြီပေါ့.. စိတ်မပါဘူးပေါ့.. ဟုတ်လား..."

"မဟုတ်ပါဘူး... ပိုချော ပြန်မစဉ်းစားတော့ ဘူးနော်"

"မစဉ်းစားဘူး..."

နှောင်းက မိန်းကလေး မသိအောင် သက်ပြင်းကြီးကို ရင်ထဲမှာ ကျိတ်ချလိုက်ရသဖြင့် ရင်ထဲ ခပ်အောင့်အောင့်တောင် ဖြစ်သွားရသည်။ သူရော ပိုချောရော ပညာလည်း မပြည့်စုံကြသေး.. ပြီးတော့ နေရေး... စားရေး သောက်ရေး.. အားလုံးပေါင်းစုံ... အကုန်အကုန်... ။ ပိုချောမှာ နှောင်းထက်တောင် ပိုပြီး မစဉ်းမစား နွတ်ထွက်လွယ်လွန်း လှသူပါတကား...





ခုချိန်မှာ အကျိုးအကြောင်းကို ထရှင်းပြနေရင် ကြောက်စရာကောင်းလှသော အသံကျယ်ကြီးနှင့် ရှင်းမရအောင် ရှုပ်ကုန်တော့မည်။ နှောင်းဟာ အသိုင်းအဝိုင်း ကျယ်ကျယ်ပြန့်ပြန့်တစ်ခုမှာ သုံးမရအောင်ကို နာမည်ပျက်ယွင်း အဖတ်ဆည် မရဖြစ်ဦးတော့မည်။

"အိုကေလေ... ကဲ... ဘယ်လို စီစဉ်ကြမလဲ..."

ဖွတ်မိုက် ပြောချလိုက်ရပြီး နှောင်းစိတ်ထဲမှာ လေးလံဖိစီး သွားရလေတော့သည်။ စိတ်ညစ်လှသည့် ကြားကအမေ့မျက်နှာကို တစ်ချက် မြင်ဖြစ်အောင် မြင်လိုက် မိသေးသည်။

❊❊❊❊❊

အိမ်ထဲသို့ လှမ်းဝင်လိုက်သည် ဆိုရင်ပဲ ဧည့်ခန်း အလွန်... မေမေ အလုပ်လုပ်သည့် အခန်းလေးထဲမှာ မေမေ့ကို လှမ်းမြင် လိုက်သည်။ စားပွဲတစ်လုံးမှာ ထိုင်ရင်းတစ်စုံတစ်ရာ ကို ရေးချွတ်နေပုံရသော မေမေသည် တစ်ချက်တစ်ချက်မှာ တော့ ဘေးနားက ပန်းကန်ကို ခပ်စားလိုက်သည်... ရေနွေး ကြမ်းခွက်ကို ကောက်သောက်လိုက်... ။

တံခါးပြူတင်းတွေ အကုန်ပိတ်ထားပြီး အဲကွန်းဖွင့်ထားတာမို့ စိမ့်စိမ့်လေး အေးနေသော အခန်းသည် သင်းထုံထုံရနံ့လေး တစ်မျိုးလည်း စွဲလျှက် ရှိလေသည်။ သိလိုက်ပါပြီ။ မေမေ ဒီနေ့ ငါးထမင်းဆိမ့် လုပ်စားပြန်ပြီပေါ့...။ ဒီပွားရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းရှင် မေမေဟာ ချက်ရေးပြုတ်ရေးမှာလည်း အိပ်စပါတ်မို့ လင်ယောကျ်ား သားသမီးတို့ကို အလုပ်ရှုပ်လွန်း သည့် ကြားက အချိန်ရရင် ရသလို ကောင်းနိုးရာရာလေးတွေ စီစဉ်ကျွေးတတ်သေးတာ ဖြစ်သည်။ ငါးထမင်းဆိမ့် ဆိုရင်တော့ သူမတူအောင် လက်ရာ အပြောင်မြောက်ဆုံး... ။

"နှောင်း... ပြန်လာပြီလား... ထမင်းစားခန်းထဲမှာ ငါးထမင်းဆိမ့် လုပ်ထားတာ ရှိတယ်... ဂျုံးမြစ်တို့ နံနံပင်တို့ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူတို့ လိုရင် ကော်ငမလေးတွေကို ယူခိုင်း..."

ခုတလောမှာ သိပ်ဆန့်ကျင်ဖို့ စိတ်ကူးထဲ မရှိသည့် နှောင်း အပေါ်ထပ်သို့ပင် မတက်တော့ဘဲ ထမင်းစားခန်းထဲ တန်းဝင် လိုက်ပါသည်။ အီထုံထုံ ရနံ့ကလည်း အတော်ကြီးကို ဆွဲဆောင်နေပြီ။ နောင်ဆိုရင် ဒီလို ငါးထမင်းဆိမ့် မျိုးစားရလမ်း မမြင်တော့...။ အော်... ဘာတွေများ စဉ်းစား နေမိပါသလဲ... ဒီအိမ်၊ ဒီခြံ၊ ဒီအသိုင်းအဝိုင်း တစ်ခုလုံးကြီးကို စွန့်လွှတ်ဖို့ စဉ်းစားပြီးချိန်မှာ ငါးထမင်းဆိမ့် ကျမှ ကွက်လွမ်း နေလို့ ဘယ်ဖြစ်ပါ့မလဲ...။

ထမင်းစားခန်းထဲ ရောက်တော့ ရေခဲသေတ္တာဘေးက အရိပ်တစ်ခုကို အမြင်မှာ နှောင်း တုန့်ကနဲ ဖြစ်သွားရသည်။ လက်ထဲကိုင်လာသည့် စက္ကူအိတ်ကိုလည်း နောက်ဖေး





သို့ ပစ်ဖွက် လိုက်မိလေသည်။

နှောင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသလို မြတ်လည်း ဘာလုပ်ရမှန်းမသိ အခြေအနေပျက်သွား ရပါ သည်။ မြတ်က ထမင်းစားပွဲမှာ ထိုင်ပြီး ငါးထမင်းဆိမ့် စားနေ ခဲ့တာ။ ခုမှ ခနထပြီး ရေခဲသေတ္တာထဲမှ ငရုတ်သီးစိမ်း ထယူလိုက် ခြင်း ဖြစ်ပါသည်။ ငရုတ်သီးစိမ်း ယူတာလောက်တော့ မီးဖိုထဲက ကောင်မလေးတွေကို အော်ခေါ် မနေချင်တော့ပါ။ ကိုယ့်ဘာသာ မြတ်ကနဲ ထယူလိုက်လဲပြီးတာပဲ မဟုတ်လား... ခုတော့ နှောင်းနဲ့မှ ပင်ပင်းတိုးနေပြီ။

သူဟာ မြတ်ကို မိန်းကလေးတန်မဲ့ အရှက်မရှိ ယောကျ်ားလေး အိမ်မှာ ကိုယ့်အိမ်ကိုယ့်ယာလို နေထိုင်သည်ဟု စွပ်စွဲ ထားဖူးတာမို့ ရေခဲသေတ္တာဖွင့်ပြီး ငရုတ်သီးယူခြင်းသည်လည်း ဖြစ်မှုကြီး တစ်ခုပါပဲ... ပြီးတော့လည်း ဆက်ထိုင်စား ရမှာလား... လက်စသပ် ထွက်ပြေးရမှာလား... မြတ် မသေချာ...။ သူ့ ကြည့်ရတာလည်း စားမလို့ ဝင်လာပုံပါပဲ... ။ မြတ်မှာ တုန့်ပြန်မှု ကောင်းကောင်း ပြန်မရမည် မှန်းသိရက်နှင့် "စား မလို့လား" ဟုလည်း မမေး လိုက်ရပါ။

"စားလက်စကြီး မဟုတ်လား... ဆက်ထိုင်စားလေ..."

ပြောရင်းက သူပါ ခုံတစ်လုံး ဆွဲထိုင်ပန်းကန်ပြား တစ်ခုထဲ ငါးထမင်းနှစ်လုံး ခပ်ထည့်လိုက်တာမို့ မြတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နားနှင့် မျက်စိကိုတောင် မယုံကြည်ချင်... မတ်တပ်ကြီး အိပ်မက် မက်နေမိသလိုပါပဲ... ။အိပ်မက် မဟုတ်မှန်း သေချာတော့မှ ကိုယ့်ခုံထက် ခပ်ဖြေးဖြေး ဝင်ထိုင်လိုက်သည်။

နှောင်း အဖို့ကတော့ ဘဝအတွက် အရေးအကြီးဆုံး ဆုံးဖြတ်ချက် တစ်ခုကို ချပြီး ချိန်မို့ ဘယ်သူနှင့်မှလည်း အတိုက်အခံ မလုပ်လို... ပြီးတော့ အရေးမကြီးသည့် အသေးအဖွဲ့ ပြဿနာလေးတွေလည်း ရှာမနေချင်တော့ပါ။ ပြီးကျတော့ နှောင်းကိုယ်တိုင် ဘာကြောင့်မှန်း မသိလုပ်ခဲ့မိသည့် အလုပ်တစ်ခုကလည်း ဒီနေ့ ရှိနေခဲ့သည်လေ... ။

ဘဝတစ်ခုကို ထူထောင်တော့မည် ဆိုတော့ မပြည့်စုံနိုင်မှန်း သိရက်... တိုလီမိုလီ ဟိုဟာဒီဟာလေးတွေ ဖြည့်တင်းထားသည့် အနေနှင့် ဒီနေ့ စကော့ဈေးသို့ ဈေးဝယ်သွားခဲ့ပါသည်။ ထိုပစ္စည်းများနှင့် နှောင်းရဲ့ အကျီအချို့ကိုလည်း ထွန်းကြီးထံ ပို့ထားခဲ့ ပြီးပြီ။ နှောင်းလက်ထဲ ကျန်ခဲ့သော အရာကား အညိုရောင် စာအိတ်တစ်လုံး ပင်တည်း... ဘာကြောင့် ရယ်မှန်း ကိုယ့်ကိုကိုယ် မသေချာလိုက်ခင် နှောင်းရဲ့ မသိစိတ်က ဒီပစ္စည်း လေးကို ဝယ်မိရက်သား ဖြစ်နေခဲ့ပြီ။

ဝယ်မိပြီးမှ ကိုယ့်ဘာသာ အံ့တွေသြ... သံသယစိတ်တွေ ဝင်နှင့် အဲဒါလေးကို လက်ထဲကိုင်ထားပြီးတော့ ဘာဆက်လုပ်ရမည်မှန်း မသိ... ပို့ချောကိုလည်း မပေးပစ်လိုက်ချင်... တခြား သူငယ်ချင်းတွေဆီလည်း မချန်ထားခဲ့ရက်... ဆိုင်ပြန်ပေးလို့လည်း မရ။ နောက်ဆုံးတော့ လက်ထဲဆုပ်ကိုင်လျှက်သား အိမ်ထိ ပါလာခဲ့ ရပါတော့သည်။

မြတ်သူရကို မြင်မြင်ချင်း လက်နှစ်ဖက် နောက်ပစ် ဖွက်ပစ်လိုက်သော အရာမှာ ထို စာအိတ်ညိုကလေး ပင်ဖြစ်သည်။ ကဲ... ဘယ်သူ့ ဘာမှုရမှာလဲ... ဘာကြောင့် ဖွက်ပြနေရမှာလဲ... ကိုယ်လုပ်ခဲ့ ပြီးတဲ့အလုပ်ပဲ ထင်ထင်ပေါ်ပေါ်ပေါ့...။

နှောင်းက စာအိတ်ညိုလေးကို ပေါင်ပေါ်တင်ထားရာက ထမင်းစား စားပွဲပေါ်တင်လိုက်သည်။ 'ဒေါက်' ကနဲ မြည်သွားတော့ ငုံ့စားနေသည့် မြတ်က မျက်စိစွေကာ ကြည့်လေသည်။ ဝယ်တုန်းကလည်း မထင်မှတ်စွာ... ခုလည်း မြတ်သူရရဲ့ မျက်လုံးစွေစွေလေးကို မြင်လိုက်ရချိန်မှာ လုံးဝ... လုံးဝ မထင်မှတ်စွာ ရုတ်တရက်ကြီး စာအိတ်ညိုလေးကို ကောက်ကိုင်လိုက်ကာ...

"ရော့..."

"ဟင်..."

မြတ်မှာ တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းကနဲ ထသွားအောင်ပင် တုန်လှုပ်သွားရပါသည်။

"ဘာလဲ... ကျွန်မ ဖို့လား..."





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..."

အမလေး... မြတ်တော့ ရင်ခုန်အံ့အား သင့်ရလွန်းတာနှင့်ပဲ သေရတော့မည် ထင်သည်နော်... ။ စက္ကူအိတ်ကို အသာမပြီး အထဲက ပစ္စည်းကို ကြည့်လိုက်မိချိန် မှာတော့ မြတ်ဟာ တကယ့်ကို သေဆုံးသွား ခဲ့ပါပြီ။ မြတ်ရဲ့ ဝိညာဉ်လေးဟာ အိမ်ခေါင်မိုး နံရံထက် လွင့်ပျံပြီး မြတ်ရဲ့ ရုပ်ကြီးကို ပြန်ငုံ့ကြည့်နေသလိုလို... ။

မြတ်ရဲ့ မျက်နှာလေးက အင်မတန် သနားစရာ ဖြစ်နေပါပါ့လား... နှောင်းကို လှမ်းကြည့်လိုက်သော မြတ်ရဲ့ မျက်နှာလေးကို မြတ် ကိုယ်တိုင် ပြန်မြင်နေသလို ဖြစ် ကာ ကိုယ့်ကိုကိုယ် သနားရလွန်းလို့ ငိုတောင်ငိုချင် လာရပါ တော့သည်။

နှောင်းကလည်း မျက်နှာ အရမ်းပျက်နေသည့် အပြင် မြတ်သူရ ကို ခပ်အေးအေးပဲ ပြန်ကြည့်နေမိသည်။

"နှောင်း... ဝယ်လာတာ လား..."

"ဟုတ်တယ်... ဒီနေ့ စကော့ဈေးထဲ ရောက်ဖြစ်လို့..."

"ဘာ... ဘာအကြောင်းနဲ့ ဝယ်လာတာလဲဟင်... မြတ် မြတ်ကို ဘာတွေ တောင်းဆိုချင်လို့လဲ..."

အော်... သနားစရာ ကောင်းလိုက်ပါဘိ အေးလေ... နှောင်းနဲ့ မြတ်သူရတို့ရဲ့ အခြေအနေက ဒီတိုင်းကြီး





အမှတ်တရ ဝယ်ပေးလိမ့်မယ်လို့ ယူဆချင်စရာမှ မရှိဘဲ... ။

"ဘာရယ်မဟုတ်ပါဘူး... အဲဒီ ဆိုင်နားရောက်တော့ မြတ်သူရ ခုထိ မဝယ်ဖြစ်သေးတဲ့ ကလစ်လေးကို တွေ့လိုက်တာနဲ့ ဝယ်ဖြစ်သွားတာ... ပေးမယ်... မပေး မယ်တောင် မစဉ်းစား ထားပါဘူး... ခု ဒီမှာ တိုက်တိုက် ဆိုင်ဆိုင်ကြီး ဆုံ ဖြစ်ကြတာနဲ့..."

မြတ်မှာ ချက်ချင်းဆိုသလိုပင် ဆံပင်က သီးမွှေးကွင်းလေးကို ဆွဲဖြုတ်ကာ ညှပ်ကလစ်လေးကို တပ်ထား လိုက်သည်။ မြတ်ကသာ သေတော့မလို ဖြစ်နေပါသည်။ သူကတော့ အေးအေးဆေးဆေး ဘာမှ မဖြစ်ပုံနှင့် ပါတကား... မြတ်က သက်ပြင်း ကျိတ်ချပြီး မြတ်ရှေ့ကိုပဲ ရောက်နေသည့် ဆီချက်ပန်းကန်၊ ငရုတ်သီးကြော်ထောင်း ပန်းကန်၊ ခရမ်းချဉ် အနှစ် အချဉ် ပန်းကန်တို့ကို နှောင်းရှေ့သို့ ခပ်သွက်သွက် တိုးရွှေ့ ပေးလိုက်ရင်းက... ရလာသည့် အခွင့်အရေးကိုလည်း လက်လွှတ် မခံ... ။

"နှောင်း... ရှင် ပိန်သွားတယ်နော်..."

"ဟုတ်မှာပေါ့... စာမေးပွဲတွေ ဆက်နေတယ်..."

"ကျွန်မနဲ့ အန်တီဆက်တောင် မနှလေး သွားရဦးမယ်..."

"ဟင်... ဘယ်တော့လဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ခု ရက်တွင်းပဲ..."

"သန်ဘက်ခါတော့ မဟုတ်ပါဘူးနော်..."

"မသိဘူး... ဘာဖြစ်လို့လဲ..."

"အင်း... ဘာမှ မဟုတ်ပါဘူး... မနက်ဖြန် စာမေးပွဲ တစ်ခု ရှိသေးတယ် လေ..."

'ဘာဆိုင်လဲ...' ဟု တွေးမိလိုက်ပေမယ့် စောဒက မတက်ရဲပါ။ နှောင်းနှင့် ခုလို အခြေအချ စကားတွေ ပြောဖြစ်နေရတာ မြတ်ပျော်သည်။ နှောင်းဟာ အန်တီဆက်ကို ရှဲ့ပြီး မြတ်ကို သူငယ်ချင်းတောင် မတော်နိုင်ပါဟု ပြောထားခဲ့ တာမဟုတ်လား...။ နှောင်းနှင့် မြတ်မှာ အန်တီဆက်၏ အသိစိတ် တွင်သာ သူငယ်ချင်း ဖြစ်လျှက် တကယ်တမ်းကျတော့ သူငယ် ချင်း ဆိုတဲ့ သက်တမ်းက ဘာမှ ရှိလိုက်တာ မဟုတ်...။ မုန့် အတူစားဖြစ်တုန်း တစ်ခါကလွဲပြီး ဒီလိုစကားထိုင်ပြော နေကြ တာမျိုးလည်း လုပ်ဖူးကြတာမဟုတ်... ။ မြတ် အရမ်းပျော် ပါသည်။ သေပျော်ပါပြီ ဆိုတာ ဒါမျိုးပဲ နေမှာပေါ့... နောက်နေ့ တွေကျ အခြေအနေဘယ်လို ပြောင်းပြီး ပြန်မာကျောလိမ့် မယ် မပြောနိုင်သော နှောင်းနှင့် ခုလို ပြေပြေလည်လည်လေး ပြောလိုက်ကြပြီးမှ သေသွားသည် ဆိုရင်တောင် ဒါက်ငြိမ်း ခံရမှာနဲ့စာရင် သေပျော်ပြီ။

မြတ်ပျော်နေသလို နှောင်းကလည်း မြိုင်





ရတာ ကြာပြီဖြစ်သော ကြည်လင်နေသည့် မျက်နှာလေး... လွင်ချို့ နေသည့် စကားသံလေးတွေကို မြင်ရကြားရတဲ့ အဖြစ်ကို နှစ်ခြိုက် နေမိသည်။ ဒေါသတွေ မောဟတွေမပါဘဲ စကား ပြောကြရတာ ရင်ထဲမှာ အေးစက်ငြိမ်းချမ်းလို့ နေလေသည်။

ခုမှ ကြည့်မိတော့ မြတ်သူရဟာ ခါတိုင်း မြင် နေကျ ပါတိတ်အကျီလေးတွေပေါ်မှာ ခပ်ပါးပါး လက်ရှည် တစ်ထပ်နှင့် ပြီးတော့ လည်ပင်းမှာလည်း ခေါင်းစီးစကပ်(ဖ်)လို ဘာမျိုးလေး တစ်ခုပတ်လို့... ။

"ကြည့်ရတာ နေမကောင်းတဲ့ ပုံကြီးနဲ့... ခရီး ထွက်ဦး မလို့လား"

"နေကောင်းပါတယ်... မနေ့က စက်ရုံထဲမှာ မုန့်ဟင်းခါး ဆွမ်းကျွေး ရှိလို့ သွားရင်း လူများသွားတာနဲ့..."

"လူများတော့..."

"ကျွန်မက လူများများနဲ့ မတည့်ဘူး... လူများများ ရှုန်းရင်း ဆန်ခတ်ဆိုရင် ဖုန်တွေဘာတွေလည်း ထတယ် မဟုတ် လား... စားကြသောက်ကြဖို့ နေရာအတွက် လှည်းတာ ကျဉ်းတာလည်း ပါတော့ လည်းချောင်းနာ သွားတာလေ... အဲဒါ ဓာတ်ဆက်ပြီး ဖျားမှာစိုးလို့ ဒီလိုနေ နေတာ... ခရီးက မထွက်လို့ မဖြစ်ဘူး... ဟိုတစ်ခါ ကျွန်မ ပါမသွား တာ အန်တီဆက်အတွက်လည်း အရမ်း ကသိတယ်တဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"အော်... အော်..."

ဒါကြောင့်လည်း မေမေ့ အချစ်တော်တုံးကလေး ဖြစ်ပေတာကိုး သူတို့ ခရီးထွက်ကြမယ့် ရက်နဲ့... နှောင်းထွက်ခွာမယ့်ရက်နဲ့ အဆင်မှ ပြေပါ့မလား။ အိမ်က ဟောင်းလောင်း ဖြစ်ကျန်မည်။ နေ့ရက်ကလည်း ကံဆိုးရင် တိုက်ဆိုင်နိုင်သေးသည်။ ဒါမှ မဟုတ် မေမေဟာ နှောင်းရဲ့ သတင်းကို သူများ တစ်မြို့တစ်ရွာ ရောက်မှကြားရတာတို့။ နှောင်းရဲ့ သတင်းကြောင့် ခရီးမထွက် ဖြစ်တော့တာတို့ ရှိခဲ့ရင်ဖော။

ဟာ... အပြီးပြတ် ဖြတ်ပါပြီ ဆိုမှ... ဘာပူပင် နေသေးသလဲ... မဖြေ မဖြစ်သော စာမေးပွဲ တစ်ရက်ကြားခံ နေ၍ သန်ဘက်ခါသို့ ရွှေ့ထားရတာကိုပင် စိတ်ကောက်ချင် နေသေးသော ပိုချောက ခုရက်တွေမှာ နေ့စဉ်နှင့် အမျှသွားတွေ့နေတာကိုတောင်... 'ငိုင်တွေတွေရုပ်' တို့... 'နီးလေ ရွံ့လေဖြစ်နေပြီ'တို့... 'ပျော်ရွှင်တဲ့ ရုပ်လည်း တစ်စက်မှ မရှိဘူး' တို့... မျိုးစုံအောင် ဂျီကျနေသေးတာ... ခုနေ နှောင်းစဉ်းစား မိတာတွေသိသွားလို့ကတော့ ကောက်ချိတ် လိမ်ကွေးလို့ နေပြန် ဦးမည်...။

ပျော်ရွှင်တဲ့ ရုပ်မရှိတာကတော့ ပိုချော ပြောတာ မှန်ပါသည်။ ပျော်မှ မပျော်ဘဲ...။ အဆန်းတကြယ်နှင့် ရင်ခုန်ရသည် စိတ်မျိုးတောင် မရှိ။ နှောင်းတို့ နှစ်ယောက်တို့က မျက်ကန်းတစ္ဆေ မကြောက်သလို မပြေလည်နိုင်သည့် ကိစ္စကြီးတစ်ခုကို ဖွတ်တိုးကြတော့ မှာပဲ...



"ကျွန်မသာ ပြောနေ... နှောင်း ပုံစံကသာ လူမမာပုံကြီး ပေါက်နေတာ... ညှိုးတိညှိုးမှိုင်နဲ့... အရင်ကလို ပြောင်နေ့ောက် ပျော်ရွှင်တတ်တဲ့ ပုံစံမျိုးပျောက် နေတယ်..."

"စာကျက်နေလို့ပါ... ဒါနဲ့ ကျွန်တော့် မေမေက မြတ်သူရကို အတော်ချစ်ခင် အားကိုး ပုံရတယ်နော်..."

မြတ်က မျက်နှာကြီး နီရဲကာ ပြန်မဖြေပါ။

"တကယ်လို့ပေါ့လေ... ကျွန်တော်တို့ သားအမိ နှစ်ယောက်ကြားမှာ တော်တော်ကြီးကြီးမားမား မပြေလည်တာ တစ်ခုခုရှိရင် မြတ်သူရဟာ ကျွန်တော့် အမေအတွက် ဖြေသိမ့်စရာ တစ်ခု ဖြစ်ချင် ဖြစ်နေမှာပေါ့ ဟုတ်လား..."

"ဟင်... မသိပါဘူး... ရှင် ဘာတွေပြောနေတာလဲ ... နှောင်း..."

"ကျွန်တော်နဲ့ ကျွန်တော့်အမေက မတဲ့ဘူးလေ... နောင်တစ်သက်လုံးလည်း တွဲတော့မှာ မဟုတ်ပါဘူး..."

"အို... မဦးမချွတ်... ပေါက်ကရတွေ..."

နှောင်းက ခပ်တိုးတိုးနှင့် တဟားဟား ရယ်တ်သည်။ ထွန်းကြီး... ထွန်းကြီး... မင်းပြောတာ သိပ်မှန်ယ်... "ပိုချောကို အကြောင်းပြချက် တစ်ခုခုပြပြီး ဆွဲထားလိုက်... ရုတ်တရက်ကြီး မဆုံးဖြတ်နဲ့ဦး... မြတ်သူရဆိုတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



မင်းငါးမိနစ်လောက်ဖြစ်ဖြစ် စကားပြောကြည့်လိုက်... ပြီးမှ မင်း အေးအေး ဆေးဆေး ပြန်ပြီး ဆုံးဖြတ်ချင် ဆုံးဖြတ်..."တဲ့...

ဟင်း... ။ ခုတော့ ငါးမိနစ်မက ထိုင်လိုက်မိတော့ 'ယောကျ်ား' ဆိုတာကို ပြချင်တဲ့ စိတ်တွေလည်း တဖြည်းဖြည်း ယိုင်နဲ့ ချိလာရပြီ။ ကြာရင် မလွယ်ဘူးကွ... ။

နှောင်းကထမင်းကို လက်စသတ်ပြီး ထိုင်နေရာ ရုတ်တရက် ထထွက်လာခဲ့သည်။ ကျော်ခိုင်းထွက်သွားသော နှောင်းရင်ထဲမှာ တစ်ခုခုပါသွားခဲ့သလို ထိုင်ပြီးငေးမော ကျန်ရစ် ရသည့် မြတ်ရင်ထဲမှာလည်း... ဖွင့်မမေးရဲသည့် ရင်ခုန်စရာ မေးခွန်းများစွာ ကျန်ရစ်သည်။

❋❦❋❦❋

"မမြတ်ရယ်... ဒါဒါ သိပြီသိလား... မမြတ် ပြောတာ သိပ်မှန်တယ်... နှောင်းဟာ ပိုချောကို မချစ်ဘူး... သိပ်သိသာတာပဲ... " တဲ့။

"အဲဒါ အခု ပိုချောကလည်း စိတ်နာနာနဲ့ ဖွတ်နှစ်တော့မယ်... ဒါဒါသိတယ်... သူတို့နှစ်ယောက်လုံး ဒုက္ခရောက်ကြမှာပဲ... နှစ်ဖက် အသိုင်းအဝိုင်းထဲကနေ ဆန့်ကျင်ထွက်ပြီးတြတဲ့ လူနှစ်ယောက်ဟာ တစ်ယာက်တို့





တစ်ယောက် သိပ်ချစ်နေကြမှ တစ်သက်လုံး အဆင်ပြေမှာ... သူတို့ နှစ်ယောက်က နှစ်ယောက်လုံး တစ်ယောက်ကို တစ်ယောက် ချစ်မှ မချစ်ကြတာ..." တဲ့... ။

"ဒါဒါကတော့ အကျိုးအကြောင်းတွေ ပြောပြောပြီး တအားဖျက်တာပဲ... မရဘူး... အဲဒါ... ဘာလုပ်ရမလဲ ဆိုတာ မမြတ် အသိဆုံးပဲ နေမှာပါ... သူတို့ ပဲခူးမှာ လက်မှတ်သွားထိုးကြလိမ့်မယ်... ပြီးရင် နှောင်း သူငယ်ချင်းရဲ့အိမ် အဲဒီ ပဲခူးမှာပဲ နေကြလိမ့်မယ်..." တဲ့... ။

"မနက် ကိုးနာရီ... ကျောင်းရှေ့မှာ ဆုံပြီး နှောင်းရဲ့ Citreon ကားလေးနဲ့ပဲ ကျောင်းက စထွက်ကြမယ်..." တဲ့...။

မြတ်မှာ ထောက်ကြံ့စစ်သချိုင်း ရှေ့နားလောက်မှာ ကားကို လမ်းဦးတိုက်ထိုးရပ်ထားလျှက် ရှေ့က ဖြတ်သွားသမျှ ကားတို့ကို မျက်တောင်မခတ်စတမ်း ကြည့်နေမိသည်မှာ မနက် ရှစ်နာရီခွဲထဲကဆိုတော့ ကစ်နာရီလောက် ရှိသွားပါပြီ။

နှောင်း... နှောင်း... အသက်အရွယ် အသိဉာဏ်နဲ့မှမလိုက် မိုက်မဲလှချည်ရဲ့ နှောင်းရယ်... ။ဒါကြောင့် ဟိုတစ်နေ့က ထူးကို ထူးခြားပါသည် ဟု ထင်သား...။ မြတ်မှာ ရင်နာရရုံမက ရင်ကွဲချင်သလိုလို တောင်ဖြစ်နေရပါပြီ။ မိန်းကလေး တစ်ယောက်ကို ကိုယ်ချစ်လည်း မချစ်ပါဘဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ထိ အဖြစ် ခံ... ခိုးပြေးတော့မယ့် အထိ ရောက်ရသလား... "သူတို့ တစ်ယောက်နဲ့ တစ်ယောက်ချစ် မနေကြပါဘူး" ဆိုတဲ့ စကား ကတော့ ကွဲအက်လုလုရင်ကို ဒေါက်နှင့် ကျားကန်တားဆီး ပေးထားသလိုမျိုး ဖြစ်စေပါသည်လေ... ။

နှောင်းရယ်... မြတ်လေ လိုက်မဖျက်တော့ပါဘူး... လူဆိုတာ နဖူးစာပါလာပြီးသားပါတဲ့.. ဒါကြောင့် အန်တီ ဆက်ကိုတောင် မြတ်ဖွင့်မပြောခဲ့ဘူး နှောင်းရယ်။ ဒါပေမယ့် မြတ်နှောင်းကို နောက်ဆုံးတွေ့ချင်တယ်... နှောင်းတို့ လက်မှတ်ထိုးကြတာကို အဝေးက ကြည့်ချင်တယ်... နောက်ဆုံး နှောင်း ဘယ်ရောက် နေတယ်ဆိုတာကို သိရဖို့ နှောင်းတို့နေမယ့် အိမ်ကို သိရမှ ဖြစ်မယ်... ။ ဘဝတစ်ခု စတင်ချိန်မှာ အကူအညီတွေ အများကြီး လိုအပ်နေမယ့် နှောင်းကို ကူညီ နိုင်ဖို့ နှောင်းရှိတဲ့ နေရာကို မြတ်သိထားမှ ဖြစ်လိမ့်မယ်... ။

ဒါဒါရယ် ခွင့်လွှတ်တော့ ... မမြတ် မဖျက်တော့ဘူး... နောက်ဆုံး အခြေအနေ တစ်ခုထိ စဉ်းစားပြီး သူတို့ လိုက်ဖျက်ဖို့ထက် လိုက်ကူညီဖို့သာ မမြတ် လုပ်တော့ မယ်...။

နောက်ထပ် ဆယ်မိနစ်လောက် ထပ်စောင့် လိုက်အပြီးမှာ ရန်ကုန်ထဲဖက်က အပြင်းမောင်းနှင်လာသော Citreon အနီရဲလေးကို မြတ် လှမ်းတွေ့လိုက်ရတော့သည်။ ကားထဲမှာတော့ ပြုံးပျော်နေရမည့် မျက်နှာနှစ်ခုမှာ ရန်ဖြစ်ထားပြီး ပါလာကြလေသည်။





"နောက်ထပ် ငါးမိနစ်လောက်များ ထပ်နောက်ကျလို့ကတော့ ပိုချောက ရပ်စောင့်မနေတော့ဘဲ ပြန်တော့မလို့..."

"တို့ အမေပရက်ရှာတွေ သိပ်တက်နေတယ် ပိုချော ရယ်... ခုတောင် ဆရာဝန် ခေါ်ဆေးတိုက်ပြီး အိပ်ရာထဲ လှဲနေတုန်းပဲ ရှိသေးတယ်... တို့ ထွက်လာခဲ့တာပဲ..."

"သားတော်မောင် သွားတော့မယ်ဆိုတာ သိလို့ အဲဒီနည်းနဲ့ တားထားတာနေမှာပေါ့..."

"ဟာ... မဟုတ်ပါဘူးကွာ... တို့ အစီအစဉ်ကို မေမေ မသိပါဘူး... နေပါဦး ပိုချောက အိမ်ကထွက် လာတာ ဘာပစ္စည်းမှ ပါမလာပါလား"

"အော်... ဟုတ်တယ်... ကျောင်းသွားဖို့ မနက်ခင်းထွက်သလို ထွက်လာရတာကို သားရေအိတ်ကြီး လွယ်ချလာခဲ့ရမလား... ဒီတိုင်းပဲ ခြေလွတ်လက်လွတ် ထွက်ခဲ့ရတာပေါ့.. ပဲခူးရောက်မှ အစစအရာရာ လိုအပ်တာ အကုန် ပြန်ဝယ် ယူရမှာပေါ့..."

နှောင်းက စိတ်ထဲကနေပြီး ခေါင်းရမ်း လိုက်မိသည်။ ခုပဲ ဘဝကို စတင်ကြတော့မည်။ မလိုတာတွေ မသုံးမိအောင်... စကတည်းက ကြိုတင် ပြင်ဆင်လာရင် မကောင်းဘူးလား... ။

"အချိန်က သုံးရက်တောင် ရှိထားတာပဲ... တို့ဆို ထွန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီ အားလုံးပို့ထားပြီး ပဲခူးကို ပို့ခိုင်းထားပြီ..."

"ယောက်ျားလေးနဲ့ မိန်းကလေး တူပါ့မလား.. ယောက်ျားလေးမှာ အိမ်က မသိအောင် လုပ်ဖို့ အခွင့်အလမ်းတွေ အများကြီး ရှိတယ်... ဘာလဲ... ဝယ်ပေးရရင် ပိုက်ဆံကုန်မှာ စိုးလို့လား..."

နှောင်းက ခေါင်းပဲ အသာခါပြရင်း နှုတ်ဆိတ်ထားလိုက်ပါသည်။ ဖြစ်အောင်ကို လုပ်တော့မည်ဟု ဆုံးဖြတ်ထားပြီသား ကိစ္စတစ်ခုမှာ ပျော်ရွှင် စိတ်ချမ်းသာမှုတွေ မရှိရင်တောင် အောင်ဟစ်ကြူးစု စိတ်ဆင်းရဲ နေရတာမျိုးတွေတော့ ဖြင့် မရှိစေချင်ပါ.. ။ နှောင်းတို့ ကားလေး စစ်သချိုင်းကို ဖြတ်ကျော်လိုက်တာနှင့် မြတ်ရဲ့ ကားလေးကလည်း နည်းနည်းသာခြားပြီး ဝိုကနဲ ပါလာပါတော့သည်။

နှောင်းစိတ်ထဲမှာတော့ ကားသာ မောင်းနေရ.. အိမ်မှာ ရှုံ့မဲ့ပြီး ကျန်ရစ်သည့် အမေလုပ်သူကို မြင်ယောင်နေမိသည်။ ကျန်းကျန်းမာမာ၊ ဖြတ်ဖြတ်လတ်လတ် ရှိလှသော မေမေဟာ တစ်ခါတစ်ခါ သွေးတိုးပြီဆိုရင်တော့ ခေါင်းတွေ မခံနိုင်အောင်ကိုက်ကာ ညည်းညည်းညူညူ ရှိရလှသည်။ နှောင်းဟာ အမြဲတမ်း ဖြတ်လတ်တက်ကြွနေတတ်သည့် မေမေ့ ကျန်းမာရေးကို ဘယ်တုန်းကမှ မပူပင်ခဲ့ဘူးပါ။ ဆေးကျောင်းသား နောက်ဆုံးနှစ်သာ ရောက်ပါရော.. မေမေ့ကို ပရက်ရှာ တိုင်းပေးတာနှစ်ခါလောက်ထက် မပိုဘူးပါ.. ။ မေမေ သွေးမတိုး





လို့တော့ မဟုတ်ပါ.. တိုးလာရင် သူ့ဖာသာသူ Digital စက်ကလေးနှင့် တိုင်းသွားခဲ့တာချည်း။

ခုတလောမှာတော့ နှောင်း ကပဲခွဲခွာသွားရခါနီး ဂရုထားနေမိလို့လား မသိ။ သုံးလေးရက် အတွင်းနေ့တိုင်းနီးပါး သွေးတိုးနေပါသည်။ နှောင်း စိတ်ပူပါသည်။ နှောင်းတစ်သက်လုံး ဒီအမေရဲ့ အကြင်နာအောက်မှာ မပူမပင် နေခဲ့ရတာ... ကိုယ် ကိုယ်တိုင် အိမ်ဦးစီး တစ်ယောက်ဖြစ်ရတော့မည်ဆိုမှ ပြန်စဉ်းစား သတိထားမိ လာရသည်။ ဒီသားတစ်ယောက်ရဲ့ နှုတ်ကထွက်သမျှ ဖြည့်ဆည်းပေးနိုင်အောင် စီးပွားကျုံးရှာခဲ့ရသော ဒီအမေဟာ ဒီသားတစ်ယောက်ရဲ့ အရွဲ့တိုက် ဂျစ်ကန်ခြင်းကိုလည်း နေ့စဉ်နဲ့ အမျှခံခဲ့ရရှာတာ.. ဘယ်လောက်များ အမောဆို့ လိုက်မှာပါလိမ့်... ။

ကိုယ်တိုင် ခံရသောအခါ ကိုယ်ချင်းစာမိသည်။ နှောင်းဟာ ပိုချော အတွက် အမြဲစဉ်းစား လုပ်ဆောင်ပေးခဲ့ ပေမယ့် ပိုချောဆီကတော့ ညူစူ စိတ်ကောက်ခြင်းတွေကိုပဲ ပြန်ရခဲ့တော့ ဘယ်လောက်များ စိတ်ညစ်လိုက်ရပါသလဲ။ မေမေ့ ခမျာတော့ မိဘမေတ္တာလည်း အပိုဆောင်း ဖြည့်စွက်ပေးထားရလေတော့ ပိုပြီး စိတ်ထိခိုက်ရှာမည်။ မေမေဟာ စိတ်ဓာတ် ပြင်းထန်ပြီး ဘယ်သူ့ကိုမှ ငုံ့မနေတတ်ဘဲ သူဖြစ်ရာကိုသာ ဆောင်ရွက်တတ်တာမျိုးကိုလည်း ခုချိန်မှာတော့ နှောင်းဟာ အပြစ်မမြင်ချင်ပါပြီ။ နှောင်းလည်း ဒီလိုစိတ်ဓာတ်မျိုး ရှိဟာပဲ..



www.burmeseclassic.com

www.burmeseclassic.com

ခုဆိုကြည့် အိပ်ရာထဲ လှဲကျန်ရစ်သည့် အမေတစ်ယောက် သက်သာရဲ့လား ကျန်းမာရဲ့လား... ပိုများ ဆိုးလာမလား... ဘာတစ်ခုမှ ပြန်ငဲ့ကြည့်ခဲ့ခြင်း မရှိဘဲ... ကိုယ့်ကိစ္စကိုပဲ ဦးတည် ထွက်ချ လာခဲ့တာ။

နှောင်းမှာ စိတ်ဓာတ် တက်ကြွနေချိန်တွေကျ အမှန် အမှားဘာမှ မမြင်နိုင်ဘဲ စိတ်ဓာတ်ကျချိန် ကျမှ ကိုယ်မှားခဲ့တာတွေကို တရေးရေး ပြန်မြင်တတ်သည့် လူတို့၏ ထုံးစံအတိုင်း ခုမှပင် နောင်တတွေရချင် နေရပါတော့သည်။ ခုကြုံတွေ့ နေရတဲ့ ကိစ္စတွေမှာ မေမေနှင့် သူ အေးအေး ဆေးဆေး ရင်ဆိုင် ဖြေရှင်း နိုင်ခဲ့ပါရက်... သူမလုပ်ခဲ့ မိပါ လား...။

"ဘာတွေ စွတ်ငိုင် နေတာလဲ... ဖျင်းလိုက်တာကွာ... ဘာလဲ နောင်တတွေ စွတ်ရနေပြီပေါ့ လေ..."

"မဟုတ်ပါဘူး ကွာ... တို့မေမေ့ကို သတိရနေတာ..."

"ဘာလဲ... မေမေ့စကား နားမထောင်ခဲ့မိတာ မှားပါပြီ လို့လား..."

"မဟုတ်ဘူးလေ ပိုချောရယ်... တို့နှစ်ယောက်က မိဘတွေကို စွန့်ခဲ့ပြီး... ဘယ်တော့မှ ပြန်တွေ့ခွင့်ရမလဲ မသိနိုင်တဲ့ အခြေအနေမှာ နှစ်ဖက်စလုံးက မိဘတွေကို သတိရသင့်တာပေါ့... ပိုချောလည်း ညနေကျောင်းဆင်းချိန်ကျ ပိုချော ပြန်မရောက်ရင် ပိုချော မေမေ ဘယ်လိုများ နေမလဲ





ဘာညာတွေ ကြည့်နေဆင့်ကာပေါ့.."

ပိုချောက နှောင်းရဲ့ စကားကို ခေါင်းထဲ သိပ်ထည့်ပုံမရပါ..

"ဟာ... နေဦး... နေဦး... ရပ်ဦး... ဟိုမှာ ရှားရှားပါးပါး အချဉ်ထုပ်ဆိုင်... တော်ကြာ ရှေ့မှာ မတွေ့တော့ရင် ခက်နေမယ်... ရပ်ပေးဦး..."ဟု ဆိုကာ... ကားရပ် လိုက်သည်နှင့် "ငှက်သွင်ပျံကြွမတတ်သော်" ဟူသော ပုံစံမျိုးနှင့် အညီပြေးဆင်းချ သွားလေသည်။

နှောင်းမှာတော့ ကားထဲ ကျန်ရစ်ရရင်း... ဟို ကြည့်ဒီကြည့်... ။ ဟောဗျာ... ဟိုး ရှေ့နား မလှမ်းမကမ်းမှာ ကားထိုးရပ်သွားတာ မြတ်သူရပါလား... ။ ဟာ... ဘာလဲကွာ... ဘာများ လိုက်လုပ်ပြန်ပလဲ... ။ သူ့ဖာသာထွက်လာတာတော့ မဖြစ်နိုင်... ဒါ နှောင်းတို့ နောက်ကို လိုက်ချလာတာ အစစ်ပဲ... ကျွတ်... စိတ်ပျက်ရတဲ့ ကြားတည်း... ပိုချောသာ တွေ့သွားလို့ကတော့ ပြီးမဆုံးနိုင်တော့သော ထိုးနှက်ချက်တွေကို ရင်ဆိုင် ရတော့မှာပဲ... ။

အဓိပ္ပါယ်မရှိ သိပ်လုပ်ချင်တဲ့ မိန်းမ... ။ သူ လိုက်လာတော့ရော နှောင်းတို့ အစီအစဉ်ကို သူက ဖျက်လို့ ရမှာတဲ့လား... ဒါဆို မေမေရော နှောင်းကိစ္စကို သိနှင့်နေ သလား...။ သတင်းကြိုရထားလို့ မေမေနှင့် မြတ်သူရ တိုင်ပင်ပြီး ကြံစည်ကြတာလား... ။ မဖြစ်နိုင်ပါ။ မေမေနေမကောင်းတာက



www.burmeseclassic.com

www.burmeseclassic.com

တကယ်ပဲဟာ... ဒင်းသာ ဘယ်ကဘယ်လိုများ... သတင်းရသွားရပါလိမ့်... ။ ဒင်းက ထင်တာထက်တောင် ပိုလည်နေပါလား။

ထိုအချိန်မှာပင် အချဉ်ထုပ်ဆိုင်က ပြန်ထွက်လာသော ပိုချောက ကားဆီသို့ ပြန်လျှောက်လာရင်း... ခပ်လှမ်းလှမ်းက ကားကို မြင်သွားပုံရကာ မျက်မှောင်ကုပ်သွားလေသည်...။ သေချာအောင် စူးစူးစိုက်စိုက်ကြီး ခန စိုက်ကြည့်လိုက်အပြီးမှာတော့ ပိုချော၏ နုနယ်လှပသော မျက်နှာ ကလေးက စူပုပ် ထော်လန်၍ သွားပြီတည်း။ ကားဆီသို့ ဆောင့်ဆောင့်နှင့် ပြန်ရောက်လာပြီး...

"ဟို မိန်းမက ဘယ်လို ဖြစ်ရတာလဲ..."

နှောင်းမှာ ကိုယ့် ကိုယ်တိုင်လည်း စိတ်တို နေရချိန်မို့ လက်နှစ်ဖက်ဆန့် ပြကာ ပုခုံးပါ တွန့်ပြလိုက်ရင်း...

"မသိဘူး လေ..."

"မသိလို့ မရဘူးလေ... သူများတကာ သမီးရည်းစား ခိုးပြေးတာတောင် နောက်က ကားတစ်စီးနဲ့ ပါလာရအောင် ဘာလဲ... နှောင်းက မိန်းမနှစ်ယောက် တစ်ခါတည်း ခိုးပြေးတာလား..."

"ဟာ... ပိုချောက ဘာတွေ ပြောနေတာလဲ..."

နှောင်းလည်း စိတ်တိုလာ ရပြီ... ။

"ဘာပြောရမလဲ ခုဖြစ်နေတာကို ပြောနေတာပေါ့...





ဘာကိစ္စ အဲဒီမိန်းမကို ဒီနေ့ သွားမယ်ဆိုတဲ့ အကြောင်း သံတော်ဦးသွားတင် ထားရတာလဲ..."

"ဟာ... စဉ်းစဉ်းစားစားလည်း ပြောစမ်းပါဦး... ဘယ်သူက သွားပြောမှာလဲ..."

"ဒါဆို အဲဒီမိန်းမက ဘယ်လိုလုပ်ပြီး ပါလာရတာလဲ..."

"ဘယ်လို လုပ်သိမလဲ..."

"ဘာလို့ အော်ရတာလဲ... သူ့ဘက်ကလည်း အလုပ် မဟုတ်သေးတယ်... သူကလည်း... အော်သေးတယ်..."

"ပိုချောလည်း အော်နေတာပဲ... ပြီးတော့ အဲဒါတို့ဘက်က လည်းမဟုတ်ဘူး..."

"ပြီးရောနော်... အဲဒါဆို ဒီလောက်အရှက် မရှိလိုက် လုပ်နေတဲ့ မိန်းမကို သွားပြောပစ်လိုက်မယ်..."

"ဟာ... နေဦး... နေဦး..."

နှောင်းက တားလိုက်သဖြင့် ပိုချောက နှောင်းကို သရော်တော်တော် ကြည့်ကာ...

"ဘယ်လို ဖြစ်ရတာလဲ..."

"ပိုချော မသွားနဲ့... တို့သွားပြောမယ်..."

"အေး... ပြောမယ်ဆို အပြတ် ပြောခဲ့နော်... ခြေသလုံး ဖက်ပြီး တောင်းပန်လာရတာမျိုး ဖြစ်မလာစေနဲ့..."



www.burmeseclassic.com

www.burmeseclassic.com



နှောင်းက ဒေါသထွက်ထွက်နှင့် တံခါးကို 'ဝုန်း' ကနဲ ဆောင့်ပိတ်ကာ ထွက်လာခဲ့သည်။ ခုချိန်မှာ နှောင်းရဲ့ ဒေါသက ပိုချောအပေါ်မှာရော မြတ်သူရအပေါ်မှာပါ ရှိသည်။ သို့သော် ပိုချောကိုတော့ ဘာမှ ပြောခွင့်မရှိပါ.. သူက ကိုယ်ကိုယ်တိုင် ခိုးလာသည့် မိန်းကလေး တစ်ယောက် ဖြစ်နေသည် လေ... ဟို တစ်ယောက်သာ... ဒင်းက နှောင်းသူ့ကားဘက် လျှောက်လာတော့ ဒင်းကို ဒင်းလည်လှ လုံလှပြီ ထင်ပြီး ကားတံခါး မှန်အနက်တွေကို တင်လိုက်သေး... ။

"ဒေါက်... ဒေါက်... ဒေါက်..."

တံခါးသွား ခေါက်လိုက်တော့ မှန်ချပြီး ပေါ်လာ သည့် မျက်နှာက မျက်နှာငယ်လေး.. တောက်... ။

"မင်း ဘယ်လို ဖြစ်တာလဲ... လွှန်လွှန်းပြီနော် မြတ်သူရ"

"ဟို... ဟို... မဟုတ်ပါဘူး နှောင်းရယ်... ကျွန်မ..."

"ဘာမှ ပြောမနေနဲ့... မင်းနောက်ဆုံး အချိန်ထိ လိုက်နှောက်ယှက် ဖျက်ဆီးနေတာ... မင်းများ အနိုင်ရဦးမယ် လို့ ထင်နေလို့လား..."

"အိုး..."

မြတ်မှာ ပါးနှစ်ဖက်လုံး တွတ်တွတ်ရဲထာ အရှိက်ကို ပိတ်ထိုးခံ လိုက်ရသလို ဖြစ်သွား ရပါသည်။ ပြောရက် လိုက်တာ နှောင်းရယ်... မငိုမိအောင် ထိန်းပေမယ့်... ထိမ်းချုပ်





မရသည့် ရှိုက်သံတစ်ခုနှင့်...

"နှောင်းကို ကျွန်မ ကူညီချင်လို့ပါ နှောင်းရယ်... နှောင်းတို့ လက်မှတ် ထိုးကြမယ်ဆိုတာ ကျွန်မသိပါတယ်... ကျွန်မ မနှောက်ယှက်ပါဘူး.. နှောင်း ဘယ်မှာ ရှိနေမလဲ ဆိုတာ သိရပြီးရင် ကျွန်မပြန်မှာပါ.. နှောင်တစ်ချိန် တစ်ခုခု လိုအပ်လာခဲ့ရင် နှောင်းကို ကျွန်မ အမြန်ဆုံး ဆက်သွယ် နိုင်အောင်ပါ.. အန်တီဆက်နဲ့ နှောင်းတို့ရဲ့ ကြားမှာ ကျွန်မ ပေါင်းကူးလုပ်ချင်လို့ပါ..."

"မင်း ဘာပြောပြော မင်းပါစပ်က ထွက်တာ မှန်သမျှ ငါမယုံဘူး... မင်းကြောင့် ငါဟိုတစ်ဖက်မှာ ဘယ် လောက်မျက်နှာပူ ဖြေရှင်းရခက်သလဲ... ပြန်... ခုချက်ချင်း ပြန်တော့..."

"နှောင်းတို့ နေကြမယ့် အိမ်လိပ်စာတော့ ပြောပြလိုက်ပါ နှောင်း... ကျွန်မ တင်ဇာနည်နဲ့ ပပကို မသိမသာ အစ်အောက်ပြီး မေးပြီးပါပြီ.. သူတို့ ဘာမှ သိပုံမရကြ လို့ပါ..."

ဘယ်သိပါ့မလဲ... နှောင်းက နိုင်အောင်ကို တောင် အသိမပေးခဲ့တာ။

"မလိုဘူး... ငါဒီထက် စိတ်မတိုခင် မင်းပြန်တော့... မင်းမှာ အရှက် ရှိသေးတယ် ဆိုရင် မင်း ငါ့ရှေ့က မြန်မြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com

သွားပေတော့"

နှောင်းက မြတ်သူရ စကားမပြန်နိုင်ခင် ချက်ချင်း လှည့်ထွက် လာခဲ့သည်။ ငါ့စကားလုံး တွေက မိန်းကလေး တစ်ယောက်အတွက် သိပ်ကြမ်း သိပ်ရိုင်းနေမယ် ဆိုတာ သိပေမယ့် မတတ်နိုင်ဘူး မြတ်သူရ... ကိုယ်ယောကျာ်း ပီသပါရစေ။ ကိုယ် ကိုယ်တိုင် ကည်ဆောက်ဖန်တီး ဖြစ်ခဲ့တဲ့ လှေနံ တစ်ဖက်ကိုပဲ ယိမ်းယိုင် နင်းချပရစေတော့... ။

ကားဆီ ပြန်ရောက်တော့ ပိုချောက တစ်ခန်း ထပြန်သည်။

"အတော်ကြီး ပြောပစ်ခဲ့ပုံ ရတယ်နော်... ခုထိကားက တုတ်တုတ်မှ မလှုပ်ဘူး..."

နှောင်းစိတ်ထဲ "တောက်" တစ်ချက် ပြင်းထန်စွာ ခေါက်လိုက်သည်။

"ဘယ်လိုတဲ့လဲ... အဲဒီမိန်းမက"

"ပြန်လို့ ပြောခဲ့ပြီးပြီ... ပြန်လိမ့် မှာပေါ့... သူ့ကို ဂရုစိုက်နေစရာ မလိုပါဘူး... တို့ သွားစရာ ရှိတာပဲ ဆက်သွားကြမယ်..."

"မသွားဘူး..."

"ဟာ... ဘာလဲ... တို့ ထွက်သွားပြီးရင် သူဖာသာ ရန်ကုန်ဘက်ပြန်လိမ့်မှာပေါ့..."





"ကား ပြန်လှည့်လိုက်... ပိုချောတို့လည်း ရန်ကုန် ပြန်မယ်..."

"ပိုချောရာ စွတ်ကောက် မနေစမ်းပါနဲ့... ဟိုမှာ ထွန်းကြီးတို့ စောင့်နေတယ်လေ... တို့အားလုံး ပြင်ဆင်ထား ပြီးပြီ..."

"ဘာပဲဖြစ်ဖြစ်... ပြန်လှည့်ဆိုလှည့်... ။ သိသားပဲ... အစောကတည်းက... ဒါကြောင့် အဝတ်အိတ်တောင် မယူခဲ့တာ..."

"ဘာ... မင်း ဘာတွေ ပြောနေတာလဲ..."

"မင်းတွေ ဘာတွေနဲ့ စွတ်အော် မနေပါနဲ့... ဟို မိန်းမပဲခံနေမှာ... ကျွန်မကတော့ မခံနိုင်ဘူး... ဒီနေ့ကိစ္စက ရှင့်စိတ်ကို စမ်းကြည့်တာ... သိပြီလား... ခုတော့ စမ်းသပ်ချက်က ပဲခူး မပြောနဲ့ လှည်းကူး နားတောင် မရောက်ဘူး... ထင်တာထက်တောင် စောနေသေး... ကျိတ်မနိုင်ခဲမရ... ယူကျုံးမရ အပူလုံးကြွပြီး... ကိုယ်ယူ ရမှာကို သေရမှာထက် ကြောက်နေတဲ့ လူတစ်ယောက်ကိုများ ကျွန်မက ခေါင်းထဲ ထည့်မယ်ထင်နေလား... ဒါဟာ နောက်ဆုံးအကြိမ် စမ်းကြည့်တာပဲ... အဖြေလည်း ပေါ်ပါပြီ... ကြိုသိထားသလိုပဲပေါ့... ရှင်ဟာ ဘာကြီးပဲ ဖြစ်နေဖြစ်နေ... ပိုချောတို့က ကိုယ့်ကို နှစ်နှစ် ကာကာ မရှိတဲ့ လူနဲ့ဆိုတင့်တောင်းတင့်တယ် ယူရမယ် ဆိုရင်တောင်မယူဘူး... ခိုးပြေးဖို့ဆို ဝေးရော..."



www.burmeseclassic.com

www.burmeseclassic.com



"ပိုချော... တို့ ပြောပါရစေဦး..."

"လုံးဝ မပြောနဲ့... ကားလှည့်ဆို လှည့်လေ..."

အဲဒီအချိန်မှာ မြတ်သူရရဲ့ ကားက ရန်ကုန်ဘက် 'ဝူး' ကနဲ ပြန်လှည့် သွားတာ မြင်လိုက်ရသည်။

"မိန်းမတစ်ယောက်ကို တကယ်လည်း မချစ်ဘဲနဲ့ ချစ်စကား ပြောတဲ့ ယောကျ်ား... တစ်ဖက်ကို ရွှဲ့ပြချင်လို့ ဟန်ဆောင်တွဲခဲ့တဲ့ယောကျ်ား... သိပ်ရွံဖို့ကောင်းတာပဲ..."

မှန်နေတာမို့ ဘာမှ ပြန်မပြောဘဲ ငုံ့ခံ နေလိုက်ပါသည်။

"မိဘ သဘောမတူဘူး ဆိုရင် တူလာတဲ့ထိ ကြိုးစားညှိမယ် စိတ်မကူးဘူး... ခိုးကြစို့ ဆိုတော့လည်း လွယ်လွယ်ပဲ... ရှင်ဟာလေ ယောကျ်ားမှ ဟုတ်ရဲ့လား... အလကားလူ... ရွံဖို့ကောင်းတဲ့လူ..."

ကိုယ့်ကိစ္စ တစ်ခုကို ယောကျ်ားပီသချင်စိတ်နှင့် စမိမှတော့ ဆုံးရတော့မည် ဆိုပြီး ဒီထိ ဇွတ်မှိတ်ဆုံးဖြတ်ခဲ့ခြင်းဆိုတာကို ရှင်းမပြချင်တော့ပါ... ။

"ဘာငိုင်နေတာလဲ... ပြန်လှည့်ဆို လှည့်လေ... ရှက်ယမ်းတွေ ယမ်းပြီး ရှေ့ဆက် မောင်းမယ် မစဉ်းစားနဲ့... အလိုမတူဘဲ ကားတင်ပါတယ် ဆိုပြီး အော်ကို အော်မှာ... ပဲခူး ရောက်ရောက်... ပူတာအိုထိ ရောက် ရောက်...





ရောက်တဲ့ နေရာမှာ အမှုဖွင့် တရားစွဲမယ်"

ပိုချော၏ စကားတွေက နှောင်း နားရွက်ထဲ သံစို့နှင့် နှက်သလို အခံရခက်စေသည်။ သူ့ အပြောအရဆို ရင် ကိုယ်ဟာ လုံးဝ ဘာတန်ဖိုးမှ မရှိတော့သည့် အလကား ယောကျ်ား တစ်ယောက်လည်း ဖြစ်ရပါပြီ...

ကားကို ရန်ကုန်ဘက် ပြန်လှည့်လိုက် တော့ ပိုချောထံမှ မခံချိမခံသာ ဖြစ်စရာ ကောင်းလွန်းသော ရယ်သံလေး ထွက်ပေါ်လာ လေသည်။ ရယ်... ရယ်... ကြိုက်သလောက် ရယ်ပါ။ ရှက်ရလွန်းသည့် စိတ်သာခံမနေရင် ကိုယ့်ထက်ပြတ်သားရဲတဲ့ ဒီကောင်မလေးကို ထိုင်ပြီးတောင် ရှစ်ခိုးဦးချ လိုက်ချင်တာပါ...။

နှောင်း စိတ်ထဲ နည်းနည်းပေါ့ သွားသည်။ မေမေနှင့် ပြန်တွေ့ ရတော့မည်။

❋❋❋❋❋

"ငါ့ကို သူလုံးဝ အတွေ့မခံဘူးကွာ... ပြီးဆုံးသွားပြီလို့ မှတ်လိုက်တော့တဲ့... သူ့ သူငယ်ချင်းက တဆင့် ပြောခိုင်းလိုက်တယ်..."

"အဲဒါဆိုလည်း ရှင်းရှင်းလေးပဲဟာ... မှတ်လိုက်ပေါ့ အဲဒီလိုပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးလေ ကွာ... ငါ့မှာ သူကျေနပ်အောင်ထိ တောင်းပန် ရှင်းပြဖို့ တာဝန်ရှိတာပဲ..."

"တော်စမ်းပါ နှောင်းရာ... မင်း စိတ်ထဲ လုံးဝမပါဘဲ အဲဒီတာဝန်တွေ... အသိစိတ်တွေနဲ့ ဒီလောက်ကြီး သံသရာ ရှည်ခဲ့တာတောင် လွန်လှပြီ... ရပ်တန်းက ရပ်လိုက်တော့ ... ပြီးသွားပြီလို့ ပြောလွှတ်လိုက်တာပဲ... မင်းက ဘာများ ရှည်ချင်သေးတာလဲ..."

"ငါ့ စိတ်ထဲမှာ အပြစ်မကင်း သလိုပဲကွာ... မိန်းကလေး တစ်ယောက်ကို"

"မင်းနဲ့ သူနဲ့ ခိုးဖြစ်ပြီးမှ ပြန်ပို့ထားတာမှ မဟုတ်ဘဲ... သူကလည်း စကတည်းက ရည်ရွယ်ချက် မရှိဘဲ မင်းကို တမင်စမ်းခဲ့တာပါလို့ ပြောပြီးပြီ... မင်းမှာ အပြစ်ရှိမယ် ဆိုရင် စကတည်းက စိတ်မပါဘဲ သွားစခဲ့တာ တစ်ခုပဲ..."

ထွန်းထွန်းက စူပုပ် မဲညိုနေသော နှောင်း၏ မျက်နှာကို ကြည့်ကာ သနားကလည်း သနား... ဖနောင့်နဲ့ကလည်း ထပေါက်ချင်... ပြီးသင့်ပြီဖြစ်တဲ့ ဟာကို ခုထိ မပြီးစီးနိုင်... ။ ကိုယ် ကိုယ်တိုင် ဖြတ်တောက်ပစ် ရတာမဟုတ်ပါဘဲနှင့် တစ်ဖက်က သူ့အလိုလို ဖြတ်တောက်သွားခဲ့တာကိုပဲ သူက မပြီးဘဲ ထပ်ဆက်နေချင် ပြန်သေးသည်။

ခုထက်ထိ အပြစ်မကင်း နိုင်သေးတဲ့ ပုံကြီးနှင့်...





"ဒီမှာ နှောင်း... အဲဒီ ကောင်မလေးနဲ့ အကြောင်းကို ဆက်မတွေးနဲ့တော့ကွာ... ပြီးပြီလို့ သဘောထားလိုက်... အေး... မပြီးသေးတာက သတ်သတ် တစ်ဇာတ်လမ်း..."

နှောင်းက ထွန်းထွန်းကို မျက်စိစွေပြီး ဖြတ်ကနဲ ကြည့်သည်။

'မင်း ဘာဆိုလိုချင်တယ် ဆိုတာ ငါသိပါတယ်ကွာ...' ဟူသည့် ပုံစံနှင့် မကျေမနပ် အကြည့် ... ဘေးနားမှ ထိုင်နေရပြီး 'ဝင်မပြောကြနဲ့' ဟု ထွန်းထွန်းက မှာထားသဖြင့် နှုတ်ပိတ်နေရသော တင်ဇာနည်နှင့် ပပတို့မှာ စိတ်ထဲက မရိုးမရွ ဖြစ်လာကြရကာ... ထွန်းထွန်းကို 'ပြောလိုက်လေဟယ်' ဟု ကွက်ကြည့်ကွက်ကြည့်... ။ ထွန်းထွန်းကတော့ အချိန်ယူနေပုံ ရသည်။

"မင်း..."

"ဘာမှ မပြောနဲ့လေကွာ... ခုချိန်မှာ ငါ့ခေါင်းထဲ ဘာမှ မထည့်ချင်ဘူး..."

ပပက မထိမ်းနိုင် မသိမ်းနိုင် ဖြစ်လာတော့ကာ...

"မနေ့က မြတ်သူရ အိမ် ပြန်မရောက်ဘူး ဟဲ့..."

နှောင်း ဆတ်ကနဲ ဖြစ်သွားသည်။

"အဲဒါ နင်တို့ ဘယ်လိုလုပ် သိလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ မြတ်သူရ သူငယ်ချင်း ဝင်နီနဲ့လည်း ဖုန်းပြောပြီးပြီ... ပြီးတော့ ညက အန်တီဆက်လည်း ပြောယာခတ်နေတာပဲ လေ... နှင်က ဒီမနက် ဟိုတစ်ယောက်ဆီ ထထွက်သွားလို့ မသိတာ... ငါတို့ အားလုံးသိကြတာပဲ..."

နှောင်းမှာ ညက ထွန်းထွန်းအိမ်မှာ အိပ် သဖြင့် အိမ်က အကြောင်းဘာမှ မသိပါ။ နှောင်းနှင့် ထွန်းထွန်းတို့ တောင် မွန်းလွဲကျော်မှ ထွန်းထွန်းအိမ်မှာ ပြန်ဆုံကြရတာ... ထွန်းထွန်း ကပဲ သူ့အိမ်မှာ နှောင်းရှိနေမည် ဖြစ်ကြောင်း မေမေ့ထံ အကြောင်း ကြား ပေးခဲ့လေသည်။

"ခုကော..."

"ဘယ်သိမလဲ... သိချင်သွားကြည့်ပေါ့ဟဲ့..."

နှောင်းက သတိလက်လွတ်စွာ ထိုင်နေရာမှ ဖြတ်ကနဲ ထရပ်မိလိုက်သည်။

"ဘယ်လဲ..."

နှောင်း ပြန်မဖြေပါ... သူငယ်ချင်း အုပ်စုကြီးကို ကျောခိုင်းပြီး ထွက်ခဲ့တော့သည်။ ပပကတော့... "ကဲ... မရှင်းဘူး လား... ငါ့ကို ပါးစပ်ပိတ်ခိုင်းထားကြတာ... ခုတော့ ငါဝင်ပြော လိုက်တော့ တစ်ခွန်းထဲပဲ... ဟိုတစ်ယောက်သာ ပြောနေရင် နောက် ရာစုနှစ်တစ်နှစ် ကို ရောက်သွားမယ် အဖြေက ပေါ် မှာမဟုတ်ဘူး... ဒါ... ဒါပဲ ဝေ့လည်နေမှာပဲ"





ဟု ပြောရင်း ဂုဏ်ယူစွာ ကျန်ရစ်သည်။

ထွန်းထွန်းကတော့... 'နှင် ဒီကောင့် အကြောင်း မသိပါဘူး... ခုဒီလောက်လွယ်လွယ်နဲ့ ထထွက်သွားတာ ငါရှေ့က စကားတွေ ခံထားလို့ပေါ့... ။ နို့မို့ဆို ဟိုဘက်မှာ အားနာတာ တွေ အပြစ်မကင်းတာတွေက ခုထိကိုပြီးဦးမှာ မဟုတ်သေးဘူး... အဲဒီကောင်က အဲဒီလိုကောင်... ဖြတ်တယ်ဆိုလည်း ပြတ်ပြတ်ပဲ... မပြတ်ဘူးဆိုလည်း အီလေးကြီးဆွဲပြီး မပြီးတော့တဲ့ကောင်..." ဟု ဝင်ပြောနေသည်။

နှောင်းမှာတော့ ထွက်မယ့်သာ ထွက်ခဲ့ရသည်။ အိမ်ပြန်ရ မလား... မြတ်သူရ အိမ်ပဲ လိုက်သွားရမလား... ကိုယ့် အတွက်ကြောင့် သက်သက်ဟု မပြောနိုင်ပေမယ့်... ကိုယ့်နဲ့ မကင်းဘဲနဲ့ သူ့ခမျာ ညက တစ်ညလုံးတောင် အိမ် ပြန်မရောက်ခဲ့ပါဘူးတဲ့... နှောင်း ပြောချ ပစ်လိုက်တာကို ရှက်လည်း ရှက်... အခံရလည်းခက်ပြီး... ချက်ချင်းကြီး ရန်ကုန် မပြန် ဖြစ်တော့ဘဲ တစ်နေရာမှာ ခိုခဲ့တာ နေမှာပါပဲ... ။ ခုလောက်ဆို မြတ်သူရ တို့ အိမ်က မိဘဆွေမျိုးများဟာ နှောင်းကို အမှန့်ချေပြီး သတ်ပစ်ချင်နေကြလောက်ပြီ။ အဲဒီလို တွေးလိုက်မိတာနှင့်ပဲ မြတ်တို့ အိမ်ပဲ သွားလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်မိသည်။ အမှုန့် ချေရုံမကလို့ ဘာပဲလုပ်လုပ်... လုပ်ကြပါစေတော့... ခုချိန်မှာ အဲဒီလို ဝိုင်းပြောကြတာကို ခံလိုက်ရမှာ နှောင်းအနေနှင့် နေရ ထိုင်ရ သက်သာ သွားလိမ့် မည် ထင်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ခုထက်ထိ တောင် ပြန်မရောက်သေး ဘူး ဆိုရင်... နှောင်းလည်း တတပ် တအား ဝင်ရှာလိုက်ချင်သည်။

ကားများ ပျက်နေခဲ့လို့လား... ထောက်ကြံ့ အလွန်ဆိုတဲ့ နေရာဟာ မဝေးလှဘူးလို့ ဆိုနိုင်သော်လည်း မိန်းကလေးတစ်ယောက်နှင့် ကားတစ်စီးလုံး အိမ်ပြန်မရောက်တဲ့ အဖြစ်ကတော့ စိတ်ပူပန်စရာ ကောင်းလှလေသည်။ ဒါမှ မဟုတ်ရင်တော့ ရန်ကုန်ပြန်ရောက်ပါရက်... အိမ်ပြန်မ ရောက်တာ မျိုးလား... သိပ်မဖြစ်နိုင်ဘူး" ထင်သည်။ ဝင်နီတော့င် ဘာမှ မသိပါဘူး ဆိုတော့... ။ နှောင်းရင်ထဲ စိုးရိမ်တကြီးနှင့် ပူပြင်းလာရသည်။

မနေ့က မနက်အိမ်က ထွက်လာကတည်းက ပါလာခဲ့သော ကားလေးကြောင့်သာ သွားရလာရတာ အဆင်ချော လှသည်။

မြတ်သူရတို့ အိမ်ရောက်တော့ ချက်ချင်းကြီး မဝင်ဖြစ်သေးဘဲ ခြံအပြင်ဘက်မှာ ကားရပ်ပြီး ငိုင်တွေနေမိသည်။ ခြံထဲမှ မြတ်သူရ၏ အဖွားအေ ဒေါ်မြရင်နှင့် နှောင်းမြင်နေကျ 'ဒါဒါ' ဟူသည့် ကောင်မလေးတို့ ထွက်လာကြလေသည်။ အော်... ခုမှပဲ ပြန်ဆက်စပ်မိတာ... ဟုတ်တာပဲ... ပိုချော သူငယ်ချင်း ဒါဒါဟာ မြတ်သူရရဲ့ ညီမဝမ်းကွဲလေးပဲ... အဲဒီကောင် မလေးက စတွေ့ခါစလောက်ကသာ ခင်ခင်မင်မင် ရှိပုံရပြီး နောက်ပိုင်းကျတော့ နှောင်းကို တွေ့ရင် ရန်သူကြီးလို ဖြစ်လာ





ခဲ့တဲ့ ကလေးမ... ။

အဲဒီ ဒါဒါ ကပဲ နှောင်းကို ဦးစွာ မြင်သွားလေသည်။ ဒါဒါ့ မျက်နှာလေးဟာ ကြောက်စရာ မကောင်းလောက်အောင် တင်းမာသွားပြီး ဘေးနားက သူ့အဖွားကို နှောင်းဘက် လက်ညှိုးညွှန်ကာ ပြလိုက်သည်။

အဖွားကြီးကတော့ ခပ်အေးအေးပင် နှောင်းဘက်လှည့်ကြည့် လိုက်ပြီးမှ နှောင်း ကားရှိရာဘက် လျှောက်လှမ်းလာသည်... နှောင်းက ကားပေါ်က ဆင်းကာ ကြိုစောင့် နေလိုက်သည်။

"သူငယ်..."

"အဖွား... မြတ်သူရ အိမ်ပြန် မရောက်လို့ဆို..."

"ခုတော့ ရောက်ပါပြီကွယ်... မနေ့က ထောက်ကြံ့ဘက် သွားရတဲ့လေ... အဲဒီမှာ ညနေစောင်းပြီး ကားကလည်း ပျက်... လိုင်းကားလည်း မရနဲ့... နောက်ဆုံးတော့ ထောက်ကြံ့က သူငယ်ချင်း တစ်ယောက်အိမ် မရ ရအောင် လိုက်ရှာပြီး အိပ်လိုက်ရသတဲ့... တော်သေး တာပေါ့ကွယ်... သူငယ်ချင်း အိမ် ရှိနေပေလို့... "

နှောင်းက ဒါဒါ့ဘက်သို့ မလုံမလဲ ကြည့်လိုက်သည်။ အဖွားကတော့ အလုပ်ကိစ္စဟု ထင်ချင်ထင်နိုင်မည်။ ဒါကတော့ အကြောင်းစုံကို သိနေနှင့်မှာပါပဲ... သူမရဲ့ အကြည့်



www.burmeseclassic.com

www.burmeseclassic.com



တို့က စူးစူးရဲရဲ.. ။

မြတ်သူရဟာ ညနေစောင်းသည်ထိ အိမ်မပြန်ဘဲ ဘယ်နားသွား ရပ်နေခဲ့ပါလိမ့်.. စက်ရုံသွားနေ တာတော့လည်း မဟုတ်နိုင်။ နှောင်း ရှေ့မှာတင် လှည်းကူးဘက် မဟုတ်ဘဲ ရန်ကုန်ဘက် ပြန်လှည့်သွားခဲ့တာပဲ။

"ဝင်ဦးလေ..."

"အဖွားတို့ ပြန်မယ်ဆိုရင် ကျွန်တော် ပြန်လိုက်ပို့ပေးမယ်လေ..."

"မလိုဘူး.. မလိုဘူး.. အဖွားတို့က တက္ကစီကို အမြဲလုပ်ကျွေးနေတာ.. အထဲသာ ဝင်ချင်ဝင်လိုက်.. မြတ် ကလေးနေမကောင်းရှာဘူး.. ဖျား နေရှာတယ်..."

"ဟိုတစ်နေ့ထဲက လည်ချောင်းတွေနာပြီး သူဖျားမလို့ဖြစ်နေခဲ့တာ.. ခုတော့ ဖျားရှာပြီ.."

အပြစ်ရှိသူ တစ်ယောက်လို အုံ့မှိုင်းနေသည့် နှောင်းကို ဒါဒါက တစ်ချက်ကြည့်ကာ...

"မမြတ်က ဖုန်းဆက်ပြီး တောင်းပန်လိုက်တယ်..."

"ဘာကိုလဲ... ဘယ်သူ့ကိုလဲ..."

ဒါဒါက ပြန်မဖြေတော့ပါ.. ဒါပေမယ့် နှောင်း သိလိုက်ပါပြီ မြတ်က ပိုချောကို တောင်းပန်လိုက်ပြီပဲ... မြတ်ခမျာ ဘယ်လိုပဲ မျက်နှာချပြီး တောင်းပန် တောင်းပန် ပိုချော





ပြန်ပြီး ထူးခြားလာတော့မှာ မဟုတ်ပါ။ နှောင်းမှာတော့ အဲဒီအဖြစ်အတွက်ပိုပြီး မျက်နှာပူ အားနာရလေသည်။

"အေး.. အေး.. ဒါဆို အဖွားတို့ ပြန်မယ်ကွယ်... သင့်သင့်မြတ်မြတ် နေကြ... ကြားရဲ့လား.."

"ဟုတ်ကဲ့..."

နှောင်းက ဒါဒါ့ကို လှမ်းကြည့်လိုက် မိပြန်သည်။ ဒါ ဒင်းကလေး လက်ချက်ပဲနေမှာ.. ။အဖွားတို့ ထွက်သွားတော့မှ နှောင်းက ကားပေါ်ပြန်တက်ပြီး ကားကို ခြံထဲသို့ မောင်းဝင်ခဲ့ပါသည်။ ကားပေါ်ကတောင် မဆင်းရသေး ခြံထဲက Audi(100) ကားကို တွေ့လိုက်ထဲက မေမေ ရောက် နေပြီဆိုတာ နှောင်းသိလိုက် ပြီ။ ဟိုအဖွားကြီးဟာ ဒါကိုကျတော့ ဘာလို့များ ပြောမသွား ပါလိမ့်... စိတ်ပျက် လိုက်တာ။ နှောင်းက ကားကို ပြန်ကွေ့ထွက်ဖို့ ပြင်လိုက်စဉ်...

"နှောင်း..."

မေမေနှင့် မြတ်သူရတို့က အိမ်ဝသို့ ရောက်လာကြပြီ။

"မြတ် သတင်းကြားလို့ လာမေးတာလား.. လာလေ..."

မြတ်သူရ မျက်နှာက အပြုံးမှာ ငြိမ်းအေးသော အပြုံးဟု ယူဆ၍ရနိုင်သော်လည်း "ဘယ်လိုများ စိတ်ကူးပေါက်လာရပါသလဲ ရှင်..." ဟု မေးချင်ရိပ်သန်း နေသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ယူဆ၍ လည်း ရနေသည်။ သို့သော် မေမေ့ မျက်နှာက အပြုံးမှာမူကား... နှောင်းကို လုံးလုံးကြီး လှောင်ပြောင်လိုက်ချင်သော မျက်နှာနှင့် အပြုံးမျိုးပင်တည်း... ။

မေမေ့ကိုတော့ အပြစ်မမြင် လိုတော့ပါ... မေမေဟာ ထိုအဖြစ်ကို ဝမ်းပန်းတသာလည်း ရှိရှာမည်။ သူ့ရဲ့ နိုင်ခြေသန်းသော အခြေအနေကိုလည်း ဂုဏ်ယူ၍ နေမည်။ နှောင်းရဲ့ ရှုံးခြေ သန်းသောအခြေအနေကိုလည်း ဂရုဏာ သက်စွာ စီးကြည့်လို့ နေချင်မည်။

နှောင်းကတော့ အပြုံးနှစ်ခုနှင့် မွန်းကျပ်ပိတ်လှောင်လာကာ ကားကို မြူန်းကနဲပင် ပြန်ကွေ့ထွက်ခဲ့ ပါတော့သည်။

"နှောင်း..."

မေမေ့ခေါ်သံက နောက်မှ ကပ်ပါလာသည်ဟု နှောင်းထင်သည်။ နှောင်းကတော့ ကျောခိုင်းခဲ့ပါချေပြီ။

ဒေါ်ခင်ဆက်မော်က မျက်နှာလေး ငယ်ကျန်ရစ်သော... မြတ် လက်ကလေးကို အသာဆွဲကိုင်လိုက်ကာ...

"မြတ်... မေတ္တာဆိုတာ အရာရာကို အောင်နိုင်ပါတယ် သမီးရယ်... သမီးကို နှောင်းက သမီးချစ်သလိုပဲ ချစ်ရှာပါတယ်..."

"အို... အန်တီဆက်... ဟုတ်ရဲ့လား အန်တီဆက်ရယ်..."





မြတ်မှာ ဟန်ကလေးမှုပင် မဆောင်နိုင်ပါ။ မြတ် အိမ်ဝင်းထဲထိ သူကား မောင်းပြီး ရောက်လာခဲ့တာကို မြတ် တုန်လှုပ်သည်။ အပြုံးနှင့် ဆီးကြိုပါလျက် ကမူးရှူးထိုးကြီး ပြန်ထွက်သွားတဲ့ အဖြစ်ကိုလည်း မြတ် တုန်လှုပ်ပါသည်။ သို့သော် အန်တီဆက်ရဲ့ စကားတစ်ခွန်းကိုကား အတုန်လှုပ်ဆုံးပါတကား...။

"အန်တီ အစောကြီးကတည်းက ရိပ်မိပါတယ် သမီးရယ်... နှောင်းက ဟိုးကတည်းက သမီးအပေါ် သံယောဇဉ် ရှိတယ်... ပြီးတော့ သူတဖြည်းဖြည်း တွယ်တာလာခဲ့တာ... နှောင်းအကြောင်း အန်တီ သိပါတယ်... သူက သူများက ဒါဆို... သူက ဟိုဟာ လုပ်ရမှ နေသာတဲ့ကောင်... ပြေးပြီ ဆိုရင်တော့ လိုက်ချင်တဲ့ သူပါကွယ်..."

အန်တီဆက် ပြောပုံအရဆို မြတ်က ပြေးရတော့မှာလား နှောင်း... ။ အားကြိုးမာန်တက်ကြီး ပြေးပြီးခြေကုန်လက်ပမ်းကြလှော့ကမှ နောက်က လိုက်တဲ့ လူပါမလာမှန်းသိလိုက်ရရင် အမောဆို့ ရချည်ရဲ့ နှောင်းရယ်...။

နှောင်းရဲ့ ကားလေး ခြံထဲဝင်လာရုံနဲ့ မြတ်ကဘာမှ ရိပ်မိသိရှိမထားတဲ့ အန်တီဆက်လို အားလုံးကို ပစ်မယုံလိုက်ရဲတော့ပါဘူး... အရာရာကို အရှုံးပေးပြီးသားလူတစ်ယောက်ကို ထပ်ပြီး ဖိနှိပ်ပြောချဖို့ နှောင်း ရောက်လာတာပဲ မဟုတ်လား... အန်တီဆက်ကိုပါ မြင်လိုက်ရမှ ကြောခွင့်



www.burmeseclassic.com

www.burmeseclassic.com



မသာဘဲ ပြန်ချသွားခဲ့တာ မဟုတ်လား။ နှောင်းနဲ့ ပိုချောနဲ့ ကိစ္စ ပျက်သွားကြတာ ဒါဒါကတဆင့် မြတ်ကြားရပါတယ်... ဒီနေရာမှာတော့ မြတ်ဟာ ဗီလိန်မဖြစ်ပါရစေနဲ့တော့ နှောင်းရယ်... မြတ် မဖျက်ဆီး... မတားမြစ်ခဲ့ပါဘူး...

မုန်းတီး နာကြည်း နေတာတွေ ရပ်ပါတော့ ပြေပါစေတော့ နှောင်းရယ်... ။ မြတ်ဟာ နှောင်းကို အဝေးကပဲ ပါရမီ ဖြည့်ဆည်းတော့မယ့် သူပါကွယ်...

❀❀❀❀❀

တကယ်တမ်း စဉ်းစားကြည့်တော့ နှောင်းဟာ သူမလေးကို သိပ်ချစ် နေမိပါပေါ့လား... တွေးကြည့်လေ... စိတ်ဆင်းရဲစရာ ကောင်းရလေ... ။မင်းကို ကိုယ်ချစ် လိုက်ရတာ မြတ်သူရရယ်... ။ ဘာမှ လုပ်လို့မရတော့ ချိန်ကျမှ ထသိလိုက်ရတဲ့ မေတ္တာတရားဟာ... မေတ္တာ ဆိုပေမယ့် ပူလောင် လှချည်လား...

သူမလေးကတော့ လှောင်ရယ်ချင်မည်။ ပြီးတော့ ရက်ရက်စက်စက်ကို ငြင်းပယ်ပစ်လိုက် နိုင်ပေသည်။

မင်းကို ချစ်တယ်... သိပ်ချစ်နေပြီ...

သူမကို ချစ်ရသည့် စိတ်ကြောင့် နှောင်းရင်ထဲ





မှာ ပူလောင်ကျပ်တည်းပြီး နေရလေသည်။ လူကလည်း ဘာမှ လုပ်ချင်ကိုင်ချင် စိတ်မရှိတဲ့ ဘဝမှာ ဆေးရုံကိုတောင်မှ သွားတစ်ချက်... မသွားတစ်ချက်... 'နှောင်း' ဆိုတဲ့ အတိုင်း အရာရာကို နှောင်းမှပဲသိခွင့်ရတဲ့ ဘဝကြီးဟာ စိတ်ပျက်စရာ ကောင်းလွန်းလှပါလား... ။

ခုလည်း သူငယ်ချင်းတွေအားလုံး အဆောင် (၇-၈)ရဲ့ စာသင်ခန်းလေးထဲမှာ X-ray(ဓာတ်မှန်) သင်ခန်းစာကို သင်ကြားနေကြလိမ့်မည်။ တခြား ဆေးရုံများ မှာ ကျနေကြသူတွေတောင် ဓာတ်မှန်သင်မည့်နေ့ဟု သတင်းကြားတာနှင့် သူတို့ ဆေးရုံတွေကတောင် လစ်လာကြပြီး ဒီ အခန်းကျဉ်းလေးထဲမှာ လာတက်နေကြချိန်မှာ နှောင်းကတော့ မိုက်မဲစွာပင် ဆေးရုံကြီးအောက်က ကန်တင်း "မေတ္တာမွှန်" ထဲမှာ တစ်ယောက်တည်း လာထိုင်နေမိသည်။

လူဆိုတာ မှားမှန်းသိရင် သိတဲ့အချိန်မှာ ပြင်လိုက်... အချိန်မနှောင်းသေးပါဘူး ဆိုပေမယ့် နှောင်းအဖို့ကတော့ နှောင်းခဲ့ပြီ။ ပြင်ယူလိုက်ပေမယ့် ကိုယ်လိုချင်တဲ့ လမ်းကြောင်းပေါ် ပြန်ရောက်မလာ နိုင်တော့ဘူးလေ...

"နှောင်း..."

"ဟော့ကောင်ကွာ... X-ray ကတစ်ရက်... တစ်ရက်ကျမှ စုသင်တာ... မင်းမို့ အလွတ်ခံတယ်..."

"တခြား ဝါဒ်တွေလည်း သင်ပြီးကြပြီတဲ့... အားလေ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဂန္ဓီကိုတော့ ယှူမသင်ရသေးဘူးတဲ့... သူတို့ X-ray အိတ်တွေ လှမ်းတောင်းထားတယ်လို့ ပြောတယ်... အဲဒီရက်ကျမှပဲ မင်း ဂန္ဓီလိုက်တက်ပေတော့..."

တစ်ယောက် တစ်ပေါက်တွေ ပြောကြရင်း နိုင်အောင်နှင့် ထွန်းကြီးတို့ မေတ္တာမွန်ထဲ ရောက်လာကြသည်။ တင်ဇာနည်နှင့် ပပတို့ ပါမလာကြတာကတော့ အတော် စိတ်ချမ်းသာစရာ ဖြစ်သည်။

"ဟိတ်ကောင် ထကွာ... လာကွာ... ထိုင်ငေါင်မနေနဲ့... ကျက်သရေ တုံးတယ်... လာ... သွားကြမယ်..."

"ဘယ်လဲကွာ... မင်းတို့က သိပ်ရှုပ်တာပဲ..."

"ရှုပ်ပေးမှ မင်းနဲ့ ဖြစ်မှာ... နို့မို့ဆို လုပ်စရာ ရှိတာလည်း မလုပ်... တစ်ယောက်တည်း လေပြီး မင်းသွက်သွက် ခါသွားလိမ့်မယ်... ကဲ... ကဲ... လာ... ဆရာသမား... ဘယ်မှ သွားစရာ မရှိရင် စကော့ ဈေးထဲသွားမယ်... ပပတို့ တောင် ထွက်သွားကြပြီ... ငါတို့က မင်းငုံ့နေတာနဲ့ ကျန်ရစ်တာ..."

"ဟာ... အေး အေး နေပါရစေကွာ... ငါ မြင်လိုက်ရင် အပြစ် ပြောဖို့ပဲ ချောင်းနေကြတဲ့ အဲဒီပရစ်မနှစ်ကောင်နဲ့တော့ မတွေ့ပါရစေနဲ့..."

"သူတို့က သပ်သပ်သွားတာပါ... မင်းကလည်းကွာ သူတို့





မပါလည်းဘဲ ငါတို့ချည်း စကော့ဈေးထဲသွား အကွက်ရှာနေကြပဲဟာ..."

စကော့ဈေးထဲသွား... သူငယ်ချင်း ဆိုင်ဝင်ထိုင်... မျက်စိထဲ အချိုးမပြေစွာ ရောက်လာကြသည့် ကလေးမတွေကို ဝိုင်းစကြနှင့် ပျော်ခဲ့ရဖူးတာတွေကို ပြန်သတိရသည်။

"ဘာလဲ... မင်းက စကော့ဈေးကို မသွားရဲတော့ ဘူးလား"

"ဘာဆိုင်လဲ"

"အဲဒီ ဈေးကြီးဟာလည်း မင်းရဲ့ ဇာတ်လမ်းထဲမှာ အစအဖြစ် ပါခဲ့ဘူးတယ်လေ..."

"မဆိုင်တာပဲကွာ... ကဲလာ... သွားကြမယ်..."

သူကောင့်သားနှစ်ကောင် ခုမှ စိတ်ချမ်းသာသွားကြ ပုံရသည်။မေတ္တာမွန် ရွှေ့ရပ်ထားသော နှောင်းရဲ့ကားလေးထဲ အပြေးအလွှား ဝင်ထိုင်ကြရင်းက...

"မင်း... မြတ်သူရနဲ့ တွေသေးလား..."

"ဟင့်အင်း... တော်ပြီကွာ... မပြောပါနဲ့တော့"

"ဘာလို့ မပြောရမှာလဲ... သူကလည်း မင်းကို ချစ်တယ်... မင်းအမေလည်း သဘောတူတယ်... မင်း ကိုယ်၌ကလည်း စွတ်ယိုင်နေပြီ... ရှင်းမရအောင် ရှုပ်နေ တာကျွံနေတာတွေလည်း မရှိတော့ဘူး... အဲဒါများ ဘာလို့နှောင့်နှေးနေရသလဲကွ... ငါသာ ဆိုရင်တော့ အဲဒီအိမ်ကို



www.burmeseclassic.com

www.burmeseclassic.com

နေ့တိုင်းသွားနေပြီ...”

“မင်း အမေကကော ဘာမှ မပြောဘူးလား...”

“မေမေက ငါ့ကိုလွှတ်ထားတယ်... ငါနဲ့ မေမေနဲ့ခု နောက်ပိုင်း ဆက်ဆံရေး ပြေလည်ပါတယ်...”

“မင်းဘက်က အချိုးပြောင်းလိုက်လို့ မဟုတ်လား... အဲဒီလိုပဲပေါ့... မြတ်သူရနဲ့ ပတ်သက်ပြီးလည်း မင်းနည်းနည်းလေးပဲ အချိုးပြောင်းကြည့်လိုက်...”

နှောင်းက ခေါင်းခါလိုက်သည်။

“သူ့အပြုံးကို ငါကြောက်တယ်..”

“ပြုံးတာများ ကြောက်ရတယ်လို့... မဲ့ပြတာမှ မဟုတ်ဘဲကွ... မဲ့ပြနေရင်တောင် သူ့ရင်ထဲမှာတော့ မင်းအတွက် တစ်ခုခု ရှိပါတယ်ကွာ... ။

“ငါ သူ့ကို ပြန်ကပ်ဖို့ စိတ်မလုံဘူး...”

“ဟော့ကောင် တစ်ခုပဲပြော မင်းသူ့ကို ချစ်သလား... မချစ်ဘူးလား...”

နှောင်းမှာ ခုမှပင် ထွက်ပေါက် ရှာတွေ့သွားသလို ဖြစ်ကာ...

“ချစ်တယ်ကွာ... ငါ သူ့ကို သိပ်ချစ်တယ်...”

“ဟုတ်ပြီ... ဒီလိုမှပေါ့ကွ... ဒါဆိုပြီး ပြီပဲ...”





“ငါ သူ့ဆီပြန်သွားကာမှ သူက ခါလွှတ်လိုက်ရင် ငါတော့ သွားပြီ...”

“ဘာကိစ္စ သွားရမှာလဲ... ဒုံရင်းဒုံရင်းပေါ့... ခု အခြေအနေထက် ဘာမှ ပိုဆိုးမသွားဘူး... စိတ်မလုံတာတွေ ဘာတွေလဲ မလိုပါဘူး... မျက်နှာပြောင် တိုက်ဝန့်မှ အဆင်ပြေမှာမျိုးဆိုရင် တိုက်ရမှာပဲ...”

နှောင်းမှာ ဒီနှစ်ကောင်ရဲ့ ကောင်းမှုနဲ့ ခုမှ လန်းဆန်းတက်ကြွလာသလိုဖြစ်ကာ... စိတ်ဓာတ်လည်း တက်လာမိ ပါသည်။ တရစပ် ပြောနေသော ထွန်းကြီး ပုခုံးကို ပုတ်လိုက်ရင်းက...

“ဒါဆို မင်းလည်း ပပကို မျက်နှာပြောင်တိုက်လေကွာ...”

“ဟာ... အဲဒါ ဘာဆိုင်သလဲကွ... ရှစ်(ထ်)”

နှောင်းတို့အားလုံး လွတ်လပ်ပေါ့ပါးစွာ ဝိုင်းရယ် လိုက်ကြသည်။ ဈေးရောက်တော့ မရောက်တာကြာပြီဖြစ်သည့် သူငယ်ချင်း သန်းဆွေ၏ ဂျင်းဘောင်းဘီဆိုင်မှာ ထိုင်... ခါတိုင်းလိုပဲ ဘေးပါတိတ်ဆိုင်က တရုပ်မလေး သုံးယောက်နဲ့... နိုင်အောင်တို့ထွန်းကြီးတို့က ဟေးလားဝါးလား နှင့် အဖွဲ့တွေကျ... ဖြတ်သန်းသွားသမျှကိုလည်း မျက်စိစားပွဲ ထိုင်ချင်... တင်ဇာနည်တွေသွားမှာလည်း ကြောက်နေရသော နိုင်အောင့်ကို ပြောင်ကြနှင့်... နှောင်း ရင်ထဲကပူလောင်မှုတွေ လျော့ပါးသက်သာလာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်... နှောင်း... ဟိုမှာ... ဟိုမှာ... ဟိုတစ်ယောက်ကို ကြည့်စမ်း..."

သန်းဆွေပြတဲ့ ဆိုင်ကို လှမ်းကြည့်လိုက်မိတော့ ဟိုးအရင် နှောင်းတို့ အမေ၊ ကြီးဒေါ်တွေ လက်ထက်က ခေတ်စားခဲ့သော ဘီဟိုက်ဆံထုံးခေါ် ဆံပင်များကို ခြစ်ဖွပြီး ခပ်မြင့်မြင့်လေး ထောင်တက်ထားသော ဆံပင်နှင့်... အောက်ကို ကျလာသည့် ဆံပင်အချို့ကကျတော့ ပုခုံးထိ ဖြောင့်ဖြောင့်ဆင်းလာပြီးမှ ပုခုံးနှင့် အထိတွင်အပေါ်သို့ ဝဲပျံပြီး ပြန်ကော့တက်သွားသည့် ပုံစံနှင့် မိန်းကလေးတစ်ယောက်... သန်းဆွေ ပြလိုက်စဉ်ကတော့ ဆံပင်ပုံစံ ရယ်ရတာကလွဲပြီး ဘာမှ မဖြစ်သေး... သို့သော်...

အလကား ပေးနေရသလား ထင်ရအောင် တိုးကျပ်ပြီး လမ်းပိတ်နေသည့် မျက်နှာချင်းဆိုင် အကျီဆိုင်နှစ်ဆိုင်ကြားမှ အဖြတ်တွင် သူ့ဆံပင် ဘီဟိုက် အပွအထောင်ကို ကောင်းလေးတစ်ယောက်၏ ကက်(ပ်)ဦးထုပ် လျှာအချွန်နှင့် သွားတိုးမိနေပါတော့သည်။

"ဟား... ဟား... ဟား... ဟား..."

နှောင်းတို့ တစ်သိုက်လုံးမှာ အားနာဖို့ သတိမရတော့ဘဲ ရွှင်မြူးလွတ်လပ်စွာ အကျယ်ကြီးတွေ အော်ရယ်လိုက်မိကြသည်။ ထွန်းကြီးမှာတော့ လက်ညှိုးတထိုးထိုးနှင့်အဆိုးဆုံး...





ကောင်မလေး၏ အဖွအထောင် ဘီဟိုက်မြင့်မြင့်ကြီးမှာ ဘေးနားသို့ တိမ်းစောင်းသွားပြီး... ဦးထုပ်နှင့်ထိုးမိသော နေရာတွင် ထိပ်ပေါက်ကြီး ပေါ်လာပါတော့သည်။

ကောင်မလေးမှာ ရုတ်တရက် ကြောင်တက်ပြီး သူ့ဆံပင်ကြီး သူပြန်ကိုင် ကြည့်လိုက်စဉ်မှာ... သူ့ဆံပင်ကို ဦးထုပ်နှင့် ထိုးသော ကောင်လေးမှာတော့ 'အသထိုင်ရဲ' မြင်းနှင့် စပ်ထားသလား ထင်ရအောင် လျှင်မြန်လှသော အရှိန်အဟုန်ဖြင့် ဘေးတန်းလမ်းချိုးလေး တစ်ခုထဲ ရုတ်တရက် ကွေ့ချိုးပျောက်ကွယ်သွားတော့သည်။

ဘေးနားက ကျပ်တောက်နေကြသော လူစုများထဲမှ သိလိုက်ကြသည့် သူများကလည်း ပြုံးစေ့စေ့... အဲဒီကောင်မလေး၏ သူငယ်ချင်းများပင် မဖုံးနိုင် မဖိနိုင်အောင် ရယ်ကျဲကျဲ...။ သို့သော်... ဘယ်သူ့တရားခံရှာရမှန်း မသိဖြစ်နေသည့် ကောင်မလေး၏ မျက်ဝန်းများကတော့ နှောင်းတို့ အုပ်စုရှိရာသို့ "ဒိုင်း" ကနဲ ရောက်လာ ပါတော့သည်။

"ဟင်... နင်တို့က ဘယ်လိုဖြစ်နေတာလဲ... နှမချင်း မစာနာ..."

သန်းဆွေ၏ ဆိုင်ရှေ့သို့ အရောက်ပြေး လာပြီး ပြောချလိုက်တော့ တစ်အုပ်စုလုံး ပြူးတူးပြဲတဲတွေ ဖြစ်ကုန်ကြရသည်။ နှောင်းတို့ အုပ်စုဆီကိုမှ ဆိုက်ဆိုက် မြိုက်မြိုက် ရောက် လာခဲ့သည့်ပြင်... လက်ညှိုးတထိုးထိုးရှိခဲ့သည့် ထွန်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကျော်လွန်ပြီး သူအမိကထား စွတ်စွဲလိုက်သူမှာ နှောင်းပင်တည်း။

"ဟာ... ဘာလဲ... ဘာတွေ လာပြောနေတာလဲ..."

"နင်တို့ တမင်လုပ်တာ မဟုတ်လား..."

"တမင်... ဘာတမင်လည်း.. ခင်ဗျား ဘာသာ ဟိုလူနဲ့ ဝင်တိုက်တာပဲ..."

"အဲဒီ တစ်ယောက်က နင်တို့အုပ်စုထဲက ပဲဟာ..."

"ဘယ်က ဟုတ်ရမှာလဲ... ဒုက္ခပါပဲ..."

"ဒုက္ခတွေ... သုခတွေ လုပ်မနေနဲ့... ငါ့ဆံပင်က ခုလေး တင်မှ ဆိုင်က လုပ်ပြီး ထွက်လာခဲ့တာ..."

"ဒါဆို အဲဒီဆိုင် ပြန်သွားလိုက်ပေါ့... သူ့ဆိုင်က လက်ရာက မသေသပ်တဲ့ ကိစ္စပဲ..."

နှောင်းမှာ စိတ်ရှုပ်ရှုပ်၍ "ကမ်းနားသွား ထိုင်နေ..ာမှ ရေထဲမှာ သပွတ်အူကြီး မျောလာတယ်" ဟူသည့် ဇာတ်လမ်းလို... ကိုယ်တိုင်က စိတ်မကြည်လင်နေဆဲမှာ စွာပတေး လန့်လှသော မိန်းမမျိုးနှင့် ထပ်တွေ့တာမို့ ဒေါသ လည်း ထွက်လာရပြီ။ တကယ်လုပ်သွားသူ ရယ်မိသူအားလုံး ကတော့ လွတ်နေပြီး ကိုယ့်တစ်ယောက်တည်းကသာ အကြီး အကျယ် ဖြေရှင်းနေရပါလား... သို့သော်... ကိုယ်တိုင်က အကျယ်ကြီး အော်ရယ်မိတာရယ်... သူခံစား နေရမည့် ရှက်ဒုက္ခ ကို ကိုယ်ချင်းစာကြည့်မိတာရယ်နှင့် ကိုယ့်ဒေါသကို ထိမ်းချုပ်





ထားရတော့ မျက်နှာထားမှာကား မချိုမချဉ်...

"အဲဒီလို ဆိုင်ကို ပြန်သွားဖို့အတွက် နင်တို့ကို လေကုန်ခံပြီး စကားလာပြောနေရတာပေါ့.. ငါ့ ဆံပင်ဖိုး နင်တို့ လျော်ပေး..."

"ဟာ... ဘာဆိုင်လဲ... အသလွတ်ကြီး..."

"ဆိုင်တယ်... ဆိုင်တယ်... နင်တို့ အုပ်စုထဲကကောင်ကို တမင်လွှတ်ပြီး ငါ့ကို လုပ်တာ... ခုနက အဲဒီ ဦးထုပ်အနီနဲ့ ကောင်ကို ဒီဆိုင်ရှေ့မှာ ငါလှမ်းတွေ့လိုက်တယ်... နင်တို့ မလိမ်နဲ့..."

ထိုစွာလန်မလေး၏ သူငယ်ချင်းတွေက သူတို့ ကောင်မလေးကို သူတို့ဆွဲ... နှောင်းဘက်ကလည်း ထွန်းကြီးတို့ရော... သန်းဆွေတို့ ပါဝင်ပါလာကြပြီး ရုတ်ရုတ်သဲသဲ ဖြစ်နေကြချိန်မှာ နှောင်းမျက်လုံးများက ဆိုင်တစ်ဆိုင်နှင့် တစ်ဆိုင်ကြားက ... ဆိုင်တန်းတွေဘက်ကူး သောလမ်းတိုလေး ကြားမှ မြင်ကွင်း တစ်ခုကို သွားမြင်သည်။

မြတ်သူရ...

မြင်လိုက်တာနှင့် ဆတ်ကနဲ ဖြစ်သွားသော နှောင်းကို ကြည့်ကာ မြတ်သူရက ရပ်နေရာမှ ချာကနဲ နောက်ပြန်လှည့်ထွက်သွားလေသည်။ သူမလေး ဘေးနားမှာ ပါလာသော ဝင်နီကလည်း ဘာတွေမှန်းမသိ တတွတ်တွတ်... နှောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရှေ့ ပိတ်ရပ်နေသော ဘီဟိုက်ဆံထုံးကို ဘာမှ ဂရုမစိုက်နိုင်တော့ဘဲ တိုးတိုက်ထွက်ကာ မြတ်သူရတို့နောက် အပြေးလိုက်ခဲ့ပါတော့သည်။

နှောင်းတို့ဆိုင်တန်းရဲ့ ညာဘက်ထဲကို ကွေ့ချိုးဝင်သွားသော မြတ်တို့က နှောင်းမှီလာသော အချိန်မှာ ဝင်နီနှင့် နှစ်ယောက် လက်တွဲပြီး အမြန်ပြေးနေကြလေသည်... မြင်တာနဲ့ ထွက်ပြေးရအောင် နှောင်းက သူရဲသဘက်လား... ခုနက ဘီဟိုက်မ ကို စိတ်တိုရတာနှင့် ပေါင်းပြီး နှောင်းမှာ ရှူးရှူးရှဲရှဲ ဖြစ်လာရသည်။

"မြတ်သူရ... ခနနေဦး..."

ပြေးမလွတ်တော့မှန်း သိမှ မချောနှစ်ယောက်က ရပ်တန့်လှည့်ကြည့် ရင်ဆိုင်ကြကာ...

"နှောင်း... မြတ်ကို တစ်ခုခု ပြောရင် နင့်ကို အန်တီဆက်နဲ့ကို တိုင်ပြောမှာနော်..."

ဝင်နီက အရင်မာမာထန်ထန်နှင့် စကားစသည်။ ဘာလဲ... ဘာပြောရသေးလို့လဲ... ။ နှောင်းအတွက် ခုချိန်မှာ အရေးကြီးတာက ခုနက ဘီဟိုက်မကလေးသည် နှောင်းနှင့် ပြဿနာ မဟုတ်ရပါကြောင်း... နှောင်းဟာ မြတ်ကို "ချစ်မိပြီ" လို့ သေချာတဲ့ အချိန်က စပြီး အခြားမိန်းကလေးတွေ ဘယ်သူ့ကိုမှ ပြောင်ပြောင်နောက်နောက် မနေချင်တော့ကြောင်း... မြတ်တွေ့ချိန်မှာ နှောင်းနဲ့ သူအချီအချနှစ်ယောက်





တည်း ဖြစ်နေရတဲ့ အကြောင်းရင်းတွေကို ရှင်းပြလိုစိတ်နှင့် ပြေးလွှားပြီး လိုက်ခဲ့ရခြင်း ဖြစ်ပါသည်။

"ငါတို့ဘာသာ ငါတို့ ဈေးလာကြတာနော်... နင်နဲ့ ဘာမှ မဆိုင်ဘူး..."

ထင်ရာမြင်ရာတွေချည်းစွတ်ပြော နေသော ဝင်နီ့ ကို လှည့်လို့တောင်မှ အရေးမစိုက်တော့ဘဲ မျက်နှာ ခပ်လွှဲလွှဲနှင့် ခေါင်းငုံ့ထားသော မြတ်ကိုပဲ ငွတ်ကြည့်ကာ ဝင်နီ့အသံကို တိုး ပေါက်အောင်"မြတ်သူရ" ဟု ကျယ်ကျယ် အော်ပေးလိုက်သည်။

"နှောင်း... ကျွန်မ ရှင့်နောက်ကို လိုက်ချောင်းတာ မဟုတ်ပါဘူး... ရှင့်ကို နှောက်ယှက်တားဆီးဖို့လည်း ကျွန်မဘာမှ မကြိုးစားတော့ပါဘူး... ရှင့်ကိုပဲ အနိုင်တွေ ပေးပြီး ကျွန်မဘေးထွက်နေခဲ့ပြီးပါပြီ..."

"ဟာ... ဘာတွေလဲ... မဟုတ်ဘူး... မဟုတ်ဘူး..."

"ကျွန်မမှာလည်း မိန်းကလေး တစ်ယောက်ရဲ့ အရှက်နဲ့ သိက္ခာရှိပါသေးတယ်... ကျွန်မနှောင်းနဲ့ ဈေးပွဲတော်တုန်းက အခြေအနေမျိုး ပြန်ဖြစ်ချင်တာတောင် ထပ်ပြီး မကြိုးစားတော့ဘဲ နေခဲ့တာပါ... ခုကိစ္စက မတော်တဆ တိုက်ဆိုင်တာ... ကျွန်မရဲ့ လက်ကျန်အရှက်သိက္ခာအပိုင်းအစလေးတွေကို ရိုက်ချိုးချေမွ ပစ်မယ့်ရှင့် ရဲ့စကားလုံးတွေကိုလည်း မကြားပါရစေနဲ့တော့ နှောင်းရယ်..."

www.burmeseclassic.com



ပြောပြီး ပြီးချင်း ဝင်နီလက်ကို ဆွဲကာ မြတ်ကန်ပင် ထွက်ခွာသွားတော့ နှောင်းမှာ စကားတစ်လုံးမှ မဆိုလိုက်ရဘဲ မောဟိုက် ကျန်ရစ်ရပါသည်။

မြတ်ဟာ ကိုယ့်ကို လုံးဝဥဿုံကြီး ပြောင်းပြန်ကြီး မှားယွင်းစွာ အမိပ္ပါယ်ကောက်လွဲနေခဲ့ပြီ။ နှောင်းပါးစပ်ဟလိုက်တာနဲ့ သူမလေးကို ထိခိုက်နာကျင် စေတော့မည်ဟုသာ တရားသေ ပုံသေတွက်ထားပြီး နေပြီ။

ခေါင်းမာပြီး ကိုယ်ဖြစ်ချင်တာကို မရရ အောင် မဖြစ်ဖြစ်အောင် လိုက်လုပ်တတ်သည့်... မေမေ့ လက်စွဲတော် အချစ်တုံးကလေး ဖြစ်လာခဲ့သည်ထိ ဦးနှောက် ပြေးခဲ့ တော်ခဲ့... ထက်ခဲ့သည့် မြတ်ဟာ ယခုအချိန်မှာတော့ နှောင်းရဲ့ မျက်နှာရိပ်ကို သေချာ ဖတ်ရှုပြီး အဓိပ္ပါယ် မဖော် တတ်တော့ဘူးလား..

ဈေးပွဲတော်တုန်းက (စတင် တွေ့မြင်ခဲ့ ကြသည့်) အခြေအနေမျိုးကို ပြန်လိုချင်ခဲ့သူလေးဟာ ကြီးမား များပြားတဲ့ နှောင်းရဲ့ ချစ်မြတ်နိုးခြင်းတွေကိုရော အလို မရှိနိုင်တော့ဘူးလား။ နှောင်းကတော့ ခုမှပင်... မသိချင်... မလိုချင်တော့ကာမှ... ထုတ်ဖော် ဖွင့်ပြ ပေးအပ်ချင်စိတ်တွေ အဆမတန် များလာကာ ရင်ထဲမှာ မဆန့်နိုင်တော့ လောက်အောင် ဖြစ်လာရတော့သည်။

မြတ်ကို ဘယ်လိုနည်းနဲ့ အသစ်တဖန် ပြန်ပြီး စရမလဲ... ။

❖❖❖❖❖



## အခန်း (၆)

မြတ်က အဖွား အကျီလေးတွေကို တစ်ထည်ချင်း လက်လေးနှင့် စိမ်ပြေနပြေ ပွတ်ကာ လျှော်နေရင်း မျက်နှာလေးက မပြုံးတုံ့တုံ့.. ပြုံးတုံ့တုံ့... ။

သူက မြတ်ကို ချစ်သည်တဲ့ ကွယ်... ။

"မြတ်ရယ်... သူဘာပြောမလဲ ဆိုတာလည်း နင်က နားထောင်ကြည့်လိုက်ပါဦး... သူ့ခမျာ သနားစရာပုံလေး.. သိရဲ့လား.. ငါ့လိုစမြင်ကတည်းက ရေစက်ပါပြီး အမြင်ကပ်ခဲ့ရတဲ့ လူတောင် ခုသူ့ကြည့်ပြီးပဲ ငိုရတော့ မလိုလို..."

"ဟင်... နင်က အပိုတွေပါ.."

"လုံးဝ အပိုမပြောဘူး... သူကလေ နင့်ကို ရှင်းပြချင်လွန်းလို့ ပြေးလာတာပါတဲ့... အဲဒီမှာ ငါရောနင်ရော ဆီးပြီး ပြောချပစ်လိုက်တော့ သူဘယ်လောက် ခံသွားမလဲ...



www.burmeseclassic.com

www.burmeseclassic.com

နင် ထင်သလို နင့်ကို ပြောချပစ်ဖို့ လာခဲ့တာ မဟုတ်ပါဘူး တဲ့ ဟယ်...”

“ငါက အမြဲခံရတာပါ ဝင်နီရယ်... သူ့တုန်းက ကျတော့ သူက အမြဲပြောရက်ခဲ့တာပါ...”

“အေးလေ... ဒါပေမယ့် နင်က အဲဒါတွေကို နာလုံးပေါက် နေသေးလို့လား... ငါတော့တယ် မထင်ပါဘူး...”

မြတ်က ရှင်ပြစိတ်ကို မထိမ်းနိုင်စွာ “ဟင်း ဟင်း” ဟု အသံလေး ထွက်ပြီးရယ်ခဲ့မိတော့ ဝင်နီက “မိန်းမ.. ငါကတော့ အဟုတ်မှတ်လို့ ဖြောင့်ဖြပေးနေရတာ... ဒင်းက... ဟင်း” ဟု ဆူဆောင့်သော အသံနှင့် ဆိုသည်။

“ငါ ကြားချင်လို့ပါ ဝင်နီရယ်... နှောင်းက ငါ့ကို ချစ်တယ် တဲ့လား...”

“မိန်းမ... ငါ မသိတော့ဘူး... ကြားချင်ရင် ကိုယ်တိုင် မေးပေတော့... ငါ ဘယ်ကို လွှတ်လိုက်ရမလဲ...”

“ဟယ်... ရှက်စရာကြီး... ဘယ်ကိုမှ မလွှတ်လိုက်နဲ့”

“ခက်တာက... နင်အလုပ်ဝင်နေတဲ့ နေရာကလည်း သူ့အမေ ရုံးခန်းကြီး ဖြစ်နေတော့ တစ်မျိုးကြီးပဲ... ရယ်ချင် စရာကြီး... ရုံးကို လာရမှာ ကျတော့လည်း ခွကျကျကြီး...”

“အောင်မာ... ခွကျကျ... ခွတက်တက်... နင့်အပူ ပါသလား ... သူ့ဘာသာ မအောင့်နိုင်ရင် လာလိမ့်





မပေါ့...”

မြတ်နှင့် ဝင်နီ အခြေအချ ပြောခဲ့ရတာတွေကို ပြန်အမှတ်ရသည်။ အဲဒီလို ပြောပြီး နောက်တစ်နေ့မှာပဲ မြတ်တို့ ရုံးခန်း အပြင်ဘက် ပလက်ဖောင်းမှာ ရုံးဆင်းခါနီး အချိန် ကားလာ ထိုးရပ်ပြီး သူ ရောက်လာ ခဲ့ပါသည်။

မြတ်တို့ ရုံးခန်းက မြေညီထပ်မို့ အခန်းတွင်း ပြင်ဝင်လိုက်ထွက်လိုက် အလုပ်ရှုပ်နေရသော မြတ်မှာ လမ်းမ ကြီးပေါ်လည်း တစ်ချက်တစ်ချက်မှာ အကြည့်ရောက်သွားရ လျှင်ပဲ သူ့ရဲ့ Citreon ကားအနီလေးကို တွေ့ပြီ။

“ဟယ်တော့... တကယ် လာတယ်တော့...”

“မမြတ်... ဘာဖြစ်လို့လဲ...”

ကွန်ပျူတာကိုင်သည့် ကလေးမလေးက တောင် အထူးတဆန်း မေးယူရအောင် မြတ်ထံမှ အသံကျယ် ကြီး ထွက်သွားသည်။

“ဟင့်အင်း... ဘာမှ မဖြစ်ပါဘူး...”

ဒီလိုသာ ဆိုတယ်... မြတ်မျက်လုံးတွေ ကတော့ လမ်းမဘက်မှာ ချည်းမို့ ကောင်မလေးက လိုက်ကြည့် ပြီး ရုံးခန်းရှေ့တည့်တည့်က Audi (100) ကားနှင့် အပြိုင် Citreon အနီကို တွေ့သောအခါ “အော်” ဟု တစ်ခွန်းဆိုပြီး ပြုံးစနဲ့နဲ့ နှင့် ရှိလေသည်။ သူတို့ရဲ့ အမြင်အကြားမှာတော့ စေ့စပ်ပြီး ကြ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော မြတ်တို့ နှစ်ယောက်ဟာ တစ်ခုခု ကြောင့် မပြေမလည် ဖြစ်နေ ကြသည်ဟု ထင်ထားကြမည်ပေါ့..

မြတ်မှာCitreon ကားနီကို တွေ့သောအခါမှာ မြတ်ဘက်သို့ လှည့်ကြည့်လိုက်မည့် အန်တီဆက်ရဲ့ မျက်နှာကို ရင်မဆိုင်ရဲပါ။ လုံးဝ ဝင်မပါတော့ဘဲ အေးအေးလေး ဘေးထွက်နေလိုက်သည့် အန်တီဆက်က "အော်.. နှောင်းကို လာကြိုဖို့ ချိန်းထားတာလား" ဆိုရင် သွားပြီ.. ။ ရှက်ရလွန်းလို့ လဲလဲပြီး သေပစ်လိုက်ဖို့ပဲ ရှိပါသည်။

ဒါကြောင့် မြတ်က အန်တီဆက်တော့ အရင်မြင်ပြီး မြတ်ကို တစ်မျိုးလေးကြည့်တာကို မခံနိုင်၊ ကိုယ်ကပဲ ဦးအောင် ပြောပစ်လိုက်ဖို့ ရည်ရွယ်ကာ.. အန်တီဆက်ရဲ့ ရုံးခန်းထဲ တံခါးခေါက် ဝင်ချသွားခဲ့ကာ..

"အန်တီဆက်..."

"အော်... မြတ်လာလေ... ဟိုကောင်မလေး ကွန်ပျူတာ ရိုက်နေတာ ပြီးပြီလား.. Printer ထဲက ထုတ်မယ် ဆိုရင် သရီးကော်ပီ ထုတ်ခိုင်း လိုက်နော်... အန်တီ လက်ခံ တစ်စောင် သိမ်းထားချင်လို့... အင်း.. ဘယ်နှစ် နာရီ တောင် ထိုးနေပြီလည်း မသိဘူး.."

မြတ်က အန်တီဆက်ရဲ့ စကားကို ဖြတ်ကာ "အပြင်မှာ နှောင်း ရောက်နေတယ်..."ဟု ပြောလိုက်သည်။ စကားသံကလည်း တစ်မျိုးကြီး.. မြတ် မျက်နှာကလည်း





တစ်မျိုးကြီး ဖြစ်နေတာကို သတိထားမိ သွားသော အန်တီဆက်က... 'အင်း' ဟု သံရှည် တစ်ချက် ဆွဲလိုက်ကာ

"ကဲ... ထိုင်ပါဦး သမီး.."

မြတ်က ဝင်ထိုင်လိုက်သည်။

"နှောင်း.. ဒီနေ့.. ဒါမှမဟုတ် တစ်နေ့နေ့တော့ လာမယ် ဆိုတာ အန်တီသိပါတယ်... သူက သမီးနဲ့ စကား ပြော ချင်နေတယ်..."

မြတ်က ခေါင်းကြီးငုံ့ကာ အကြောင်းမပြန်။

"နှောင်းက သမီးကို တောင်းလည်း တောင်းပန်ချင် နေတယ်... ပြီးတော့ အန်တီဆက် ပြောခဲ့ဘူးသလို သူက သမီးကို ချစ်နေရှာတာပါ မြတ်ရယ်... ခု သူက အတော် လိမ္မာလာပါပြီ.. အန်တီနဲ့လည်း အဆင် ပြေတယ်... သမီးကို တကယ်တမ်း သူအရမ်းချစ် နေတော့လည်း အန်တီ့ဆန္ဒကို လိုက်လျောရမှာပါလား ဆိုတဲ့ အတွေး လုံးဝ မဝင်တော့ဘူးပေါ့.. သမီး ပြန်ချင်ရင် ပြန်လိုက် လေ... သူ သမီးကို အိမ်လိုက်ပို့ လိမ့်မပေါ့.."

"ဟို... ဟို... အန်တီဆက်ရယ်... ဒီနေ့တော့..."

"သမီးက သူနဲ့ မတွေ့ချင် ဘူးလား.."

မြတ် အရမ်းတွေ့ချင် ပါတယ်... ပြီးတော့ ဘေးလူတွေ တစ်ယောက်တစ်လှည့် ဝိုင်းပြောကြတာမျိုးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘဲ သူကိုယ်တိုင်... သူ့နှုတ်ဖျား ကပြောလာမယ့်... စကားတွေကို လည်း မြတ်ကြားချင်ပါတယ်... ဒါပေမယ့် မြတ် အဆင်သင့် မဖြစ်သေးဘူး... သူ ပေးထားတဲ့ မြတ် ရင်ထဲက ရင်ကွဲနာ ဒါဏ်ရာက မကျက်သေးပါဘူး ထင်ပါတယ် အန်တီဆက်ရယ်...။

ဝမ်းသာလည်း ဖြတ်ကနဲ... ဝမ်းနည်းလည်း ဖြတ်ကနဲ ဖြစ်တတ်တဲ့ နုနယ်လှတဲ့ နှလုံးသားနဲ့တော့ သူ့ကို ရင်မဆိုင်ရဲပါဘူး...

"အေးလေ... အန်တီကိုယ်တိုင်က သမီးကို ပြေးရမယ်လို့ သင်ပေးထားတာကိုး... ဟား ဟား ဟား... ကောင်းတယ်... ကောင်းတယ်... အပြင်က တစ်ယောက် ယောက်ကို သွားပြောခိုင်းလိုက်မယ်... အမေကို တစ်သက်လုံး နိုင်ချင်လာတဲ့ကောင်... မြတ်နဲ့ကျမှ ထိပစေ... ဟားဟား ဟား..."

"တီ..."

ဘဲလ်လေးနှိပ်ပြီး ရောက်‹ ာသည့် ကောင်လေးတစ်ယောက်ကို ထွက်ပြောခိုင်းလိုက်တာကို မြတ် ငေးကြည့်နေခဲ့ မိသည်။ သူ စိတ်တော့ ညစ်သွားမှာနော်... မြတ်ကိုလည်း ကြီးကျယ်လှချည့်... အညှိုးမပြေလှချည့်လို့ ထင်နေမလား။

စိတ်ညစ်လည်း ညစ်ပါစေ။ ခံစားချက် ချင်းတူမှ အချစ်ချင်း ညီမယ်ဆိုတာ ဟုတ်မယ် ထင်တာပဲနော်။ မြတ်က တော့ သူ့ရဲ့ အကြိမ်ကြိမ် အဖန်ဖန် သည်းခံနိုင်စိတ်ကို စောင့်ကြည့် ချင်နေမိသည်။ ကောင်လေး ခုလောက်ဆို အတော်ကြီးနာတင်းနေ





လောက်ပြီ။

ဒီတနင်္ဂနွေနေ့တော့ သူက မြတ်တောင် မသိရသေး။ အဖွားထံလာပြီး တနင်္ဂနွေနေ့ သူလာမည် ဆိုတာကိုခွင့်တောင်း သွားခဲ့ပြီ။ မြတ်မှာ မနေ့ညက မြတ်ရောက်လာမှ မှန်က ပြောပြခဲ့တာမို့။ ဒီနေ့ တစ်မနက်လုံး မိုးလင်းထဲက ရင် တခုန်ခုန်။ မျက်နှာလေးကတော့ ပြုံးတုံ့တုံ့... သူရဲ့ သည်းခံနိုင်စွမ်းကိုလည်း ချီးကျူးမိ ပါသည်။ အဖွားကတော့ ရှေးခေတ် လူကြီးပီပီ ကူလီကူမာတွေ မကြိုက်တာမို့ သူရောက်လာတာကို မတွေ့ချင်ကြောင်း ပြောပြီး ရှောင်လို့ ရတော့မည် မထင်ပါ... ဒီနေ့မှာတော့ သူနဲ့ မြတ် တကယ်ကိုဟာ မျက်နှာ ချင်းဆိုင် ကြရပါပြီ။

"မမြတ်... အကျီလေးနှစ်ထည်လောက်ကို မပြီးသေးဘူးလား... ရေချိုးအဝတ်လဲ ထားမလုပ်တော့ ဘူးလား"

ရေချိုးခန်း အဝက လက်ဆေး ကြွေဘေစင်လေး ထက်မှာ ဘုရားပန်းအိုးများ နှင့်အတူ ဒါဒါက ပေါ်လာသည်။

"မလိုပါဘူး ဟယ်... အပိုတွေ... အရှိ... အရှိအတိုင်းပေါ့"

ပြောသာ ပြောလိုက်ရ မြတ်က မနက် အစောပြီ  ၂ ဒင်းတို့ ညီအစ်မ တစ်သိုက်တွေ မပြောနိုင်... မသိနိုင်ခင်... ရေမိုးချိုး ဖီးလိမ်း... အဖွား စိတ်ကြိုက်လည်း ဖြစ်အောင်... သူအရင်တစ်ခါက ရှုံ့ချထားသည့် အဖွားကြီး ပုံစံမျိုးလည်း ပေါက်မနေအောင် အ ႆကြိုးစား ရွေးချယ် ဝတ်စား



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးပြီ။

"ဒါနဲ့ သပြေက ပြောတော့ မနက်မိုးမလင်းခင် ရေချိုးခန်းထဲက ရေသံ တဝုန်းဝုန်းကြား နေရတယ်တဲ့..."

"သွားဟယ်... အစုတ်ပလုတ်တွေ..."

မြတ်က ရှက်ရှက်နှင့် အဖွားအကျီ လုံချည်များကို ရေညှစ် ပလတ်စတစ် ဇလုံလေးထဲထည့်ကာ လှမ်းဖို့ ဝရံတာဘက်ထွက် ခဲ့ပါသည်။ မြတ်နောက်မှ ဒါဒါက ဘုရားပန်းအိုးများကိုင်ကာ ပါလာလေသည်။ ဧည့်ခန်းထဲမှာတော့ စပ်စုချင် စွမ်းအားတွေကြီး နေကြသည့် သပြေနှင့် ခင်ဦး တို့နှစ်ယောက် အလုပ်မရှိအလုပ်ရှာကာ အချိန်ဖြုန်းနေကြဆဲ.. မှန်ကတော့ အဖွားကိုလည်းကြောက်ရသေးတာမို့ မနေ့က ခြောက်ပြီးသား အဖွားအကျီတွေကိုမီးပူတိုက်မယောင် ဘာယောင်ပြုကာ အခန်းအတွင်းနှင့် အပြင်ဝင်ချည်ထွက်ချည် ဖြစ်နေသည်။

မြတ်က အားလုံးကို ဂရုမစိုက်ဘဲ ကျောခိုင်းကာ ဝရံတာထက်မှာ အကျီများ ပုဝါများကို ရေစင်စင် တစ်ခါထပ်ညှစ် နေဆဲ...

"ဟယ်... ဟယ်... မမြတ်ရေ..."

ဒါဒါ့အော်သံနှင့် ခုန်ဆွဆွ ပြေးသွားလာသံနှင့်အတူ ဒါဒါက မြတ်အပါးသို့ ဖြတ်ကနဲ ရောက်လာသည်။ ဘုရားပန်းအိုးတွေတော့ ဘယ်တင်ထားခဲ့သည် မသိ... ။ ဝရံတာမှ ကိုယ်ကိုင်း... လက်ကျော်ထုတ်ကာ ရှေ့သို့ ဆန့်တန်းလိုက်ဆဲ





ခင်ဦးကပါ အပြေးအလွှား ရောက်ရှိလာကာ လက်ထုတ် လိုက်ပြီ..

"ငါရပြီ.. ငါရပြီ.. ငါမိထားတာ နော် ဒါဒါ.."

"ဟင့်... ဟင့်အင်း သူ့အောက်က ပျံတက်လာတာကို ဒါဒါ အရင်မြင်တာ..."

"အို... ဘယ်သူ အရင်မြင်မြင် အရင်ဆွဲတဲ့လူ အရင်ရပဲ... ပေးလွှတ်... လွှတ်... ကြိုးရှုပ်ကုန်မယ်... အတင်းမလုနဲ့"

နှစ်ယောက်သား ဝုန်းဒိုင်းကျဲအောင် သူ့ဟာငါ့ဟာနှင့် လုယက်နေကြသော အရာကား.. နီပြာဝါစိမ်းအရောင်စုံလှသော မိုးပျံ ပူဖောင်းတွဲကြီးပင်တည်း.. ။

မြတ်က ထိတ်လန့်တကြား အော်ဟစ်လိုက်ကာ လက်ထဲက အကျီနှစ်ထည်ကို တန်းပေါ် ပစ်တင်ပြီး တိုက်အောက် ဖက်ကို ငုံ့ကြည့်လိုက်သည်။ တိုက်အောက်ဖက်မှ တီရှပ်အဖြူနှင့် ဂျင်းဘောင်းဘီအပြာနုတို့က မြတ်မျက်ဝန်းထဲသာယာနာပျော်ဖွယ်ရာ ထင်းကနဲ ဝင်ရောက်လေသည်။ သူရောက်လာခဲ့ပါပြီကော...။

မြတ်က ရုတ်တရက် လှစ်ကနဲ ပြုံးကာ အပေါ်သို့ မော့ကြည့်နေသည့် သူ့ပေါ်ကို တည့်တည့်ကြီးကျအောင်လုံထဲက ရေတွေကို သွန်ချပစ်လိုက်ပါတော့သည်။

"ဟား.. ဟား... စိုကုန်ပြီ"

မြတ်က အသံကျယ်ကြီးနှင့် ရယ်မောလိုက်ကာ

www.burmeseclassic.com



အိမ်အတွင်းခန်းထဲသို့ တဒိုင်းဒိုင်း မြည်အောင်ပင် ပြေးဝင်လာခဲ့သည်။ အဖွားအိမ်မှ ညအိပ်ဖို့ ထည့်ယူလာသည့် မြွတ်ရဲ့အိတ်ထဲက မျက်နှာသုတ်ပုဝါကို ထုတ်... ခုန မှုန်မီးပွတိုက်မယောင် ပြုထားသည့် မီးပွ ပွပွနှင့် ဟိုဖိသည်ဖိလုပ်... ။ မှုန်နှင့်ဒါဒါတို့ နှစ်ဦးပိုင် မုန်တင်ခုံကိုလည်း ပြေးလွှားမွှေနှောက် ဖွရှုပ်ကာ... ရေမွှေး ပုလင်းငယ်တစ်ခု ဆွဲယူပြီး "ရှူး... ရှူး" နှင့် ပက်ဖျန်း လိုက်ပါသေးသည်။

ဒီနောက်မှာတော့ မျက်နှာသုတ်ပုဝါလေးကို ဖွဖွကိုင်ကာ ဧည့်ခန်းထဲ ပြန်ဝင်လာပြီး အိမ်ရှေ့ခန်း တံခါးတို့ဆီ ဖွင့်လိုက်သည်။

ကဲ... ရှင်လာနိုင်ပြီ... ချစ်စရာ ကောင်းလောက်အောင် တောက်ပနေတဲ့ နံနက်ခင်းလေး တစ်ခုကလည်း သာယာလှပလို့ နေပြီ။ နုပျိုသစ်လွင် အနာ အဆာကင်းသော နှလုံးသားတစ်ခုထဲ... ချစ်ခြင်းမေတ္တာတွေ အပြည့်အဝ ဖြည့်သိပ်ကာ... မြွတ်ကလည်း ရှင့်ကို အဆင်သင့် စောင့်ကြိုလို့ နေပြီနှောင်း...

ရှင်... တကယ် ဝင်လာနိုင်ပါပြီ... ။

ပုဏ္ဏမိ



www.burmeseclassic.com